# စစ်သူကြီး

# ဖဂပဟာသဓာ

ဦးသိန်းမောင်



# စစ်သူကြီးမဟောသဓာ

## ဦးဆန်းမောင်

〈 ပြုစုသည် 〉

ဘာသာရေးစာပေခွင့်ပြုချက် ၉၀၉၉

ချင်းတွင်းစာပေ

ချင်းတွင်း၊ စာပေတိုက်

၁၈၀၊ ၄၇-လမ်း၊ ရန်ကုန်မြို့။

ဇွန်၊ ၁၉၉၃

A

**ပထမအကြိမ်**

၁၉၇၆–ဩဂုတ်လ

အုပ်ရေ ၂၀၀၀

[redacted]

**မျက်နှာဖုံးပန်းချီ**
ဦးစံတိုး

**အတွင်းသရုပ်ဖော်ပန်းချီ**
မောင်ဇော်ဝင်း

**မျက်နှာဖုံးအရောင်ရိုက်**
ချင်းတွင်းတိုက်

**ဘလောက်**

ဘသစ်နှင့်သားများ

**စာအုပ်ချုပ်**
မောင်မြင့်၊ ၃၄ လမ်း

**တန်ဖိုး ၈ ကျပ်**

ဦးသိန်းတန် (မြ–၀၀၁၉) သီဟရတနာပုံနှိပ်တိုက်၊ အမှတ် ၁၄၄–အနော်ရထာလမ်း၊ ရန်ကုန်မြို့တွင်ရိုက်နှိပ်၍ ဦးတင့်ဆန်း (မြ–၀၉၁၁) ငမိုးရိပ်စာပေ၊ နယ်နီ ၃-လမ်း၊ ဃ-ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်ကထုတ်ဝေသည်။

# မာတိကာ


| | | |
|---|---|---|
| ဦးလေးမြိုင်၏အမှာ | .... | ၅ |
| စာရေးသူ၏ဆန္ဒ | .... | ၇ |
| မြို့သစ်စီရင်ခြင်း | .... | ၉ |
| ကျေးသူလျှိုစေလွှတ်ခြင်း | .... | ၁၂ |
| မင်းအများကို စူဠနီဗြဟ္မဒတ်မင်းကြီးသိမ်းယူခြင်း | .... | ၂၂ |
| ၉၉-ယောက်သော မင်းတို့အသက်ကိုကယ်ခြင်း | .... | ၃၀ |
| မိထိလာပြည်ကိုစစ်ချီခြင်း | .... | ၃၄ |
| မိထိလာပြည်ကိုဝိုင်းဝန်းတိုက်ခိုက်ခြင်း | .... | ၄၆ |
| မဟောသဓာ ပထမအကြိမ်စစ်နိုင်ခြင်း | .... | ၅၉ |
| ဒုတိယအကြိမ် စစ်နိုင်ပြန်ခြင်း | .... | ၇၀ |
| ကေဝဋ်ပုရောဟိတ်အောင်သွယ်သွားခြင်း | .... | ၈၇ |
| ဒုတိယအကြိမ် ကျေးသူလျှိုလွှတ်ခြင်း | .... | ၁၁၄ |
| လျှို့ဝှက်ဥမင်တည်ဆောက်ရန်ကြံခြင်း | .... | ၁၃၀ |
| ဥပကာရီမြို့တည်ခြင်း | ... | ၁၅၈ |
| စူဠနီဗြဟ္မဒတ်မင်းစစ်ရှုံးခြင်း | .... | ၁၉၂ |
| မဟောသဓာ ပြည်တော်ပြန်ခြင်း | .... | ၂၀၇ |
| မဟောသဓာ ပဉ္စာလရာဇ်မင်းထံအမှုထမ်းခြင်း | .... | ၂၃၀ |
| ရေစောင့်ဘီလူးဥပမာဖြင့်အလိုစမ်းခြင်း | .... | ၂၄၅ |

ဥစ္စာဟူသည် မျက်လှည့်မျိုး
ပညာဟူသည် မြတ်ရွှေအိုး

# ငြိမ်းချမ်းစေရးဖန်တီးသူ

လေးမြိုင်

ဇာတ်ကြီးဆယ်ဘွဲ့သည် သူ့အကြောင်းနှင့်သူ စိတ်ဝင်စားဘွယ်ရာရှိကြသည်ချည့် ဖြစ်၏။ ဖတ်ချင်စဘွယ် မှတ်သားနာယူဘွယ်လည်း အသီးသီးရှိကြပေ၏။ထိုအထဲတွင်မဟောသဓာဇာတ်တော်သည် ပို၍စိတ်ဝင် စားဘွယ် ရှိသည်။ ပို၍မှတ်သား နာယူဘွယ် ရှိသည်။ ယင်းသို့လျှင် အမှတ်အစွဲ ရှိထားခဲ့ပေ၏။

ကျွန်ုပ်တို့ ငယ်စဉ်ကာလ ဘုန်းတော်ကြီး ကျောင်းသားဘဝ၌ မဟောသဓာဇာတ်ကို အကြိမ်ကြိမ် ဖတ်ရှုမိခဲ့သည်။ ရှေးအရေးအသားမျိုး ဖြစ်၍ ကောင်းစွာ နားမလည်သော်လည်း ထပ်ကာထပ်ကာပင် ဖတ်မိခဲ့သည်။ မူရင်းဇာတ်လမ်းနှင့် အကြောင်းအရာက ဆွဲဆောင်မှု ရှိသောကြောင့်ဟု ပြန်လည် သုံးသပ်မိပေသည်။

ယခု ကျမ်းပြုဆရာ ဦးဆန်းမောင်သည် မဟောသဓာဇာတ်တော်ကို သူ၏ ရေးဟန်ဖြင့် ပြန်လည်ရေးဖွဲ့၍ တင်ဆက်ထားလေသည်။ ဖတ်သူတိုင်း အလွယ်တကူ သိသာရှင်းလင်းနိုင်သည့် အရေးအသားဖြင့် တင်ဆက်ထားခြင်း ဖြစ်လေသည်။

ပထမပိုင်းဖြစ်သော '**မဟောသဓာဖြတ်ထုံးများ**'တွင် တရားစီရင်ခန်းများ၊ ပညာစမ်းခန်းများကို စိတ်ဝင်စားစွာ ဖတ်ရှုရ၏။ လူတော်လူကောင်း ခေါင်းဆောင်ကောင်း လုပ်မည့်သူများအတွက် စံနမူနာ ပြုရမည့် အချက်အလက်များစွာကိုလည်း တွေ့ရှိရ၏။

ယခု ဒုတိယပိုင်းဖြစ်သော 'စစ်သူကြီးမဟာသစော' တွင်လည်း ဖတ်ချင်စဖွယ် စိတ်ဝင်စားဘွယ်တို့ကို တွေ့ရှိရလေသည်။ မဟာသစောသည် ရိုးရိုးစစ်သူကြီးမဟုတ်ပေ။ သူခမိန်စစ်သူကြီး ဖြစ်လေသည်။ ထို့ကြောင့်လည်း စစ်ပွဲအရပ်ရပ်၌ လှလှပပ အောင်နိုင်ခဲ့လေသည်။ မဟာသစော၏ စစ်ဆင်မှုသည် ကျူးကျော်စစ် မဟုတ်ပေ။ လွှမ်းမိုးဖိနှိပ်သည့် စစ်လည်း မဟုတ်ပေ။ ခုခံစစ်သာလျှင် ဖြစ်လေသည်။ တွန်းလှန်ဖယ်ရှားသော စစ်သာလျှင် ဖြစ်လေသည်။

အဆမတန် အင်အားကြီးမား လှသော ရန်သူစစ်တပ်ကြီးကို ဖရိုဖရဲ ပြိုကွဲစေသည်မှာ မဟာသစော၏ စစ်စွမ်းရည်ကြောင့် ဖြစ်သည်။ ယုတ္တိမတန်သော စိတ်ကူးယဉ် ဖော်ပြချက်မျိုး မဟုတ်ပေ။ သေနင်္ဂဗျူဟာအရာ၌ ကျိုးကြောင်းဆက်သသော လက္ခဏာကို တွေးဆမြော်မြင်၍ သိနိုင်ပေသည်။

မဟာသစောသည် စစ်မဖြစ်ရေးကို အစဉ့်ရှေးရှုသူ ဖြစ်၏။ မလွှဲမရှောင်သာ၍ စစ်ကိုရင်ဆိုင် ရသော်လည်း တရားသော စစ်၊ ကာယတင်ရေးစစ် ဖြစ်ခအောင် ဖန်တီးနိုင်စွမ်း သူလည်း ဖြစ်၏။ ဘုရင်အချင်းချင်းသော်လည်းကောင်း၊ နိုင်ငံအချင်းချင်းသော်လည်းကောင်း၊ စစ်တပ် အချင်းချင်း သော်လည်းကောင်း ရန်ငြိုးကြီးစွာဖြင့် မကျေနိုင် မချမ်းနိုင် ရှိနေကြသည်ကို အလုံးစုံ ပြေငြိမ်းအောင် စွမ်းဆောင်နိုင်သည်မှာ မဟာသစော၏ ထူးခြားလှသော အရည်အချင်းပင် ဖြစ်လေသည်။

ယင်းသည် မဟာသစော၏ အရည်အချင်း၊ မဟာသစော၏ လုပ်ဆောင်ချက်၊ မဟာသစော၏ စိတ်ဓာတ်များ ဖြစ်သည် စာဖတ်သူ၏ နှလုံးသားတွင် ထင်ဟပ် လာပေလိမ့်မည်။ သို့မှလည်း ဤစာအုပ်ကို ပြုစုသူ ဦးဆန်းမောင်၏ ရည်မှန်းချက် ပြီးမြောက်မည်ဖြစ်သည်။

လေးမြိုင်

## စာရေးသူ၏ဆန္ဒ

ဤ'စစ်သူကြီး မဟောသဓာ'သည် 'မဟောသဓာဖြတ်ထုံးများ'နှင့်တဆက်တည်းဖြစ်သော ဂေါတမဗုဒ္ဓအလောင်းတော် 'မဟောသဓာ'၏အကြောင်းအရာများပင်ဖြစ်ပါသည်။မဟောသဓာ သုခမိန်၏အကြောင်းအရာဖြစ်သော်လည်း ဤစာအုပ်ပါ အချိန်အခါ အခြေအနေနှင့် ပြုလုပ်ကြံဆောင်မှုများမှာ 'ဖြတ်ထုံးများ'တွင် ပါသော အချိန်အခါ အခြေအနေနှင့် ပြုလုပ်ကြံဆောင်ပုံချင်းမတူ ခြားနားသည်။

မဟောသဓာဖြတ်ထုံးများတွင် ငယ်ရွယ်စဉ်မှစ၍ တရားစီရင်ခြင်း၊ တရားစီရင်ရာတွင် တိကျမှန်ကန်မှုရအောင် ကြံဆောင်ပြုလုပ်ခြင်း၊ သေနက၊ ပက္ကုသ၊ ကာမိန္ဒ၊ဒေဝိန္ဒစသော သုခမိန်ကြီးလေးဦးနှင့် ပညာပြိုင်ဆိုင်ခြင်းများ၊ အမရာအား လူပျိုလှည့်ရာတွင် ပညာစမ်းခန်း စသည်တို့ဖြင့် တမျိုးတဖုံ စိတ်ဝင်စားဘွယ်ရာ၊ မှတ်သားဘွယ်ရာ၊ ဗဟုသုတရယူဘွယ်ရာများကို ဖတ်ရှုလေ့လာရမည်ဖြစ်ပါသည်။

ယခု စစ်သူကြီးမဟောသဓာ မှာ အလောင်းတော်မဟောသဓာဖြစ်သည်။ အကြံဉာဏ်ကောင်းသူ၊ ပညာကြီးသူသာမဟုတ်ဘဲ အသွင်အလွှန် သူရသတ္တိနှင့်ပြည့်စုံသော စစ်သူကြီး အဖြစ်နှင့်၎င်း၊ အလွှန်အလွှန် ပညာဉာဏ်အမြော်အမြင်ကြီးမားသော သုခမိန်အဖြစ်နှင့်၎င်း၊ သိပ္ပံခေတ်၏ ရှေ့ပြေးပိသုကာကြီး တဦးအဖြစ်နှင့်၎င်း ဖတ်ရှုလေ့လာ ရမည်ဖြစ်ပါသည်။

ထိုမျှသာမကသေး သူလျှိုလုပ်ငန်းကို ကျွမ်းကျင်စွာ ကိုင်တွယ် ညွှန်ကြားနိုင်သူ၊ စစ်ပရိယာယ်တွင် အံ့မခန်းကြွယ်ဝ

ကျွမ်းကျင်သူ၊ ငြိမ်းချမ်းရေးကို ရယူတည်ဆောက်နိုင်သူအဖြစ်နှင့်လည်း မှတ်သားရမည်ဖြစ်ပါသည်။ သို့ကြောင့် ဤ **စစ်သူကြီး မဟောသဓာ** ကို **မဟောသဓာဖြတ်ထုံးများ** နှင့် ခြားနားသည်ဟု ဆိုရခြင်းဖြစ်၏။


ယင်းသို့ အချိန်အခါ၊ အခြေအနေနှင့် ပြုလုပ်ဆောင်ရွက်ပုံခြင်းမတူ ခြားနားသည်ကို အကြောင်းပြု၍ မူရင်းဖြစ်သော **မဟောသဓာဇာတ်တော်ကြီး**ဝတ္ထု စာအုပ်တွင် ပထမပိုင်း ဒုတိယပိုင်း ဟူ၍ နှစ်ပိုင်းခွဲခြား ဖေါ်ပြထားသည်ကို တွေ့ရသည်။

ကျွန်တော့်အနေနှင့် အလောင်းတော် မဟောသဓာအကြောင်း ပြန်လည်ပြုစုရာတွင် စာဖတ်သူများအတွက် အထူးစိတ်ဝင်စားစေလိုသောဆန္ဒ ရည်ရွယ်ချက်ဖြင့် ပထမပိုင်းကို **မဟောသဓာဖြတ်ထုံးများ** ဟူ၍၎င်း၊ ဒုတိယပိုင်းကို **စစ်သူကြီး မဟောသဓာ** ဟူ၍၎င်း၊ ခေါင်းစဉ်ခွဲခြားကာ တအုပ်စီ သီးခြားထုတ်ဝေလိုက်ရပါသည်။

## ကျေးဇူးတင်ရှိခြင်း

အလောင်းတော် မဟောသဓာ၏အကြောင်းပြန်လည်ပြုစုရာတွင် အားပေးတိုက်တွန်းကူညီကြသော ဦးစံအောင် (အာမခံစနစ်အဖွဲ့) ကိုစံတိုး (ပန်းချီ) တို့အပြင် ချင်းတွင်းစာပေတိုက်နှင့်၊ အားပေးတိုက်တွန်းရုံသာမက စာမူကြမ်းများကိုတည်းဖြတ်သုတ်သင်ပေးကာ အမှာစာများကိုပါ ရေးသားကူညီသော ဦးလေးမြိုင် (ငွေတာရီမဂ္ဂဇင်းအယ်ဒီတာ) တို့အား အထူးပင် ကျေးဇူးဥပကာရတင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။

**ဦးဆန်းမောင်**



# မြို့သစ်စီရင်ခြင်း

မဟာသမ္မတသုခမိန်သည် ဝိဒေဟရာဇ်မင်းကြီးက မိမိအား စစ်ဘုရင်သေနာပတိရာထူးကို ခန့်ထားကာ တိုင်းပြည်အုပ်ချုပ်မှုကို ပေးအပ်ခြင်းခံရပြီးနောက် မိထိလာနေပြည်တော်ကို အသစ်တဖန် ပြုပြင်မွမ်းမံရန်အတွက် ပြည်သူ ပြည်သားတို့အား စုဝေးစေကာ ဆိုင်ရာဆိုင်ရာခန့်ထား၍ မြို့ကိုချဲ့ထွင် ပြင်ဆင်မွမ်းမံလေသည်။

ထိုသို့ပြုပြင်ရာ၌ မူလ နန်းမြို့ရိုး အပြင်တွင်မြို့ရိုးတဆပ်ဘည်ဆောက်၍ မြို့ငယ်တခုဖန်တီးသည်။ ၎င်းမြို့ငယ်၏ မြို့ရိုးတွင်လည်း မူလမြို့ရိုးကြီးအတိုင်း တံခါး ပစ္စင်၊ ပြအိုး၊ တန်ဆောင်း၊ သူရဲပြေး၊ သူရဲခို၊ ရင်လျှောက်စသည်ဖြင့် မြို့အဆောက်အဦအင်္ဂါနှင့်အညီ စီရင်တပ်ဆင်စေသည်။ မြို့ရိုးအပြင်တွင် ရန်သူတို့ကို ဟန့်တားနိုင်စေရန် ခလုတ် ဆူးငြောင့်တို့နှင့် ပြီးသော ကျုံးခြောက်တထပ်၊ ရွှံ့ညွှန်တို့ဖြင့်ပြီးသော ကျုံးစိုဘဆပ်၊ ငါးမန်းမိကျောင်း

များဖြင့်ပြီးသော ရေကျုံးတထပ်၊ ပေါင်းကျုံးသုံးထပ်ဖြင့် မြို့ကို ကာရံထားသည်။

မြို့တွင်း၌လည်း အိမ်ဟောင်းများမရှိစေဘဲ အိမ်သစ်တွေချည့် တည်ဆောက်စေ၏။ မြို့အတွင်း၌ များစွာသော ၄-ထောင့် ကန်များကို တူးစေကာ မပြိုမပျက်နိုင်ရန်အတွက် ရေထွက်ပေါက်ပြွန်များတပ်ဆင်ထားသည်။ကန်ထဲတွင် စျွာန်ရရသော မျှား ဟိမဝန္တာမှ ဆောင်ယူပေးသော ကုမုဒြာကြာစေ့တို့ကို ကြဲပက်၍ စိုက်ပျိုးစေ၏။ မြို့ပြင်ရှိ ခရီးသည်တို့တည်းခိုစရာ စရပ်ဟောင်း စရပ်ဆွေးတို့ကို ဖျက်ပြီး စရပ်အသစ်များကို ဆောက်စေလေသည်။ ဤသို့ဖြင့် မိတ္ထိလာမြို့တော်ကို တပါးရန်သူများ မဖြိုမဖျက် မတိုက်မခိုက်နိုင်အောင် မဟောသဓာ စီရင်လေသည်။ မဟောသဓာ၏ အစီအရင်ကြောင့် ခမ်းနား စည်ပင်နေသော မိတ္ထိလာပြည်ကို တိုင်းတပါးမှ ကုန်သည်များ ရေကြောင်း ကုန်းကြောင်းများဖြင့် လာရောက်၍ ကုန်ကူးသန်းရောင်းဝယ် ဖလှယ်ဖေါက်ကားခြင်း ပြုကြသဖြင့် တိုင်းသူပြည်သားများ လုပ်ငန်းကိုင်တာ ဖွံ့ဖြိုးလျက် စီးပွားဥစ္စာ တိုးတက်ကြ၏။ မဟောသဓာသည် တိုင်းတပါးမှ ရောက်လာကြသော ကုန်သည်တို့ကို ရွှေတော်တို့ တဦးချင်းခေါ် ယူတွေ့ဆုံပြီး အလ္လာပသလ္လာပစကားကို ပြောဆိုရင်း ၎င်းတို့တိုင်းပြည်တွင် အုပ်ချုပ်သောမင်းများ မည်သည့် ဥစ္စာ ရတနာမျိုးကို နှစ်သက်မြတ်နိုးတတ်ကြောင်း မေးမြန်းစုံစမ်း၏။ ကုန်သည်တို့ဆီမှ ရရှိသော သတင်းကိုမှတ်သား၏။ ကုန်သည်များအား ဧည့်ဝတ် ကျေပွန်စွာ ပေးကမ်းကျွေးမွေး၍ ဧည့်ဝတ်ပြု၏။

ဤသို့ဖြင့် မဟောသဓာသုခမိန်သည် တရားသော ထီးဆောင်းမင်းတို့အကြောင်းကို ကုန်သည်တို့ထံမှ ကြားသိမှတ်သားပြီးသော်

သူ၏ ဖွားဖက်တော်တထောင်ထဲတွင် အရာရာ လျင်မြန်ဖျပ်လတ်၍ စကားအရာ၌လည်း ပရိယာယ်ကြွယ်ကာ အကင်းပါးသော ဉာဏ်လျင်သော ဖွားဖက်တရာကို ရွေးချယ်ကာ တရာသော ထီးဆောင်းမင်းတို့ နှစ်သက်ရာဖြစ်သော လက်ဆောင် ပဏ္ဏာများကို ပေးဆက်စေ၏။ ထိုမင်းများထံတွင် အမှုထမ်းနိုင်ရန် ကြိုးစား ချဉ်းကပ်ရမည်။ အမှုထမ်းခွင့်ရလျှင် မိတ္ထီလာပြည်အတွက် သူလျှို လုပ်ရမည့်ဟု စေလွှတ်လေ၏။

ရဲရင့်ဖျပ်လတ်၍ သစ္စာရှိသော ဖွားဖက်တရာတို့သည် မဟောသဓာ စေလွှတ်သည့်အတိုင်း လက်ဆောင် ပဏ္ဏာတို့ကိုယူ၍ တရာသော ထီးဆောင်းမင်းတို့ထံ လက်ဆောင် ပဏ္ဏာများ ပေးဆက် ချဉ်းကပ်ကြ၏။ ထိုမင်းများက မေးမြန်း စုံစမ်းသောအခါ မိတ္ထီလာပြည်ကဟု မပြောဘဲ တခြားတိုင်းနိုင်ငံက ဖြစ်ကြောင်းလွှဲပြောင်းပြောဆိုကြ၏။ ထိုထီးဆောင်းမင်းများ၏ ဂုဏ်ပုဒ်များကို ထုတ်ဖော် ချီးကျူးကာ ကျွန်ရင်း အဖြစ်နှင့် အမှုထမ်း လိုပါကြောင်း တင်လျှောက်ကြ၏။ တရာသော ထီးဆောင်းမင်းတို့သည်လည်း မဟောသဓာ၏ သူလျှိုများတွင် ကျွမ်းကျင်သော ပရိယာယ် ရှိကြသည်ကို နားမလည် သောကြောင့် ၎င်းတို့ပြောတိုင်း အကြွင်းမဲ့ယုံကြည်ကြကာ ရာထူးကောင်းပေး၍ ခန့်ထားကြလေသည်။ အတွင်းတော်များ၌ ခစားခွင့်ရကြသည်။ မဟောသဓာ၏ သူလျှိုများသည် ထိုမင်းများထံတွင် သေသပ်ပိပိရိစွာ ခစားလျက်နေကြလေသည်။



# ကျေးသူလျှိုစေလွှတ်ခြင်း

ကပ္ပိလတိုင်း ဥတ္တရပဉ္စာလရာဇ်ပြည်၌ သခ်ပါလ အမည်ရှိသော စူဠနီဗြဟ္မဒတ်မင်းသည် မင်းပြု၏။ ထိုစူဠနီဗြဟ္မဒတ်မင်းတွင် အဆိုး အကောင်း၊ အကျိုးအကြောင်းတို့ကို ဆင်ခြင် ညွှန်ကြား အကြံ ပေးနေသော မင်းတိုင်ပင် ပရောဟိတ်ပညာရှိ အမတ်ကြီးလည်းရှိ ၏။ ထိုအမတ်ကြီးကား ကေဝဋ္ဋပုဏ္ဏားဖြစ်သည်။

အခါတပါးတွင် စူဠနီဗြဟ္မဒတ်မင်းသည် စစ်ဆင် စစ်မြင်း စစ်သည်သက်နက်များကို ပြင်ဆင်လျက်ရှိ၏။ ထိုမင်းထံရောက်နေ သော သူလျှိုသည် စူဠနီဗြဟ္မဒတ်မင်း၏ ပြင်ဆင်လှုပ်ရှားနေသည် ကို မဟောသဓာထံ အစီရင်ခံစာပို့၍ အသိပေး၏။ သတိဝီရိယ နှင့် နေထိုင်ရန်ကိုပါ အစီရင်ခံစာ၌ ရေးသား မှာကြား၏။

မဟောသဓာသုခမိန်တွင် လူတော်လူကောင်း သူလျှိုများနှင့် မခြား တတ်သိကျွမ်းကျင်နားလည်သော ကျေးသား (ကြက်တူ ရွေး)တကောင်ရှိ၏။ မဟောသဓာသည် ထိုကျေးသားအား မိမိ

အိပ်ခန်းတွင် ရွှေလှော်ချိုင့်ဖြင့်ထား၍ စားကောင်းသောက်ဖွယ် တို့ကိုလည်း မပြတ်ကျွေးကာ ယုယမြတ်နိုးစွာ မွေးမြူထားလေ သည်။

ကျေးသားသည် မဟောသဓာစေခိုင်းရာကို တသွေမတိမ်း ရအောင် ဆောင်ရွက်နိုင်စွမ်းလည်းရှိ၏။ ဆောင်လည်းဆောင်ရွက် သည်။ ထိုကျေးသည် အကြောင်းတစုံတရာရှိ၍ စေလွှတ်စုံစမ်း စေလျှင် မဟောသဓာတဦးတည်းသာ ကြားသိအပ်သောကိစ္စ အကြောင်းရာဖြစ်လျှင် ထိုကိစ္စစုံစမ်း ထောက်လှမ်းပြီး ပြန်လာ သောအခါ မဟောသဓာ၏ ပုခုံးပေါ်၌နား၍ နှစ်ကိုယ်ကြား ပြန်လည်အစီရင်ခံ၏။ အမရာဒေဝီပါ သိထိုက်သော အကြောင်း အရာဖြစ်က မဟောသဓာ၏ ရင်ခွင်၌နား၍ ပြန်ကြားအစီရင်ခံ၏။ မဟောသဓာ၏ အခြွေအရံ ပရိသတ်များပါ သိအပ်သည့် အကြောင်းအရာဖြစ်လျှင် အိမ်ကြမ်းပြင်တွင်နား၍ အများသိ အောင် ပြန်ကြားပြောဆိုလေသည်။

ပဉ္စာလရာဇ်ပြည်မှ သူလျှိုသတင်းပေးပို့ချက်ကို ရရှိသော သောအခါ မဟောသဓာသည် ထိုမင်း၏ အကြံအစည်ကို သိနိုင် ရန် မိမိ၏တမန်သူလျှို ကျေးသားအား—

"ချစ်သား.... ပဉ္စာလရာဇ်ပြည်မှာ စစ်မှုလှုပ်ရှား နေတယ်လို့ ငါကြားတယ်၊ အဲဒီစစ်မှု လှုပ်ရှားတာနဲ့ ပတ်သက်ပြီး သင်သွား စုံစမ်းထောက်လှမ်းပါ၊ ပဉ္စာလရာဇ်ပြည်ကိုမသွားခင်၊ တရာသော ထီးဆောင်းမင်းများထံ ငါပို့လွှတ်ထားတဲ့ သူလျှိုတို့အိမ်ကို သွားပြီး အဲဒီမင်းများရဲ့ အခြေအနေကိုလဲ စုံစမ်းပါ၊ အကြောင်း ထူးရှိရင် ငါ့ထံအမြန်ပြန်လာပြီး အကြောင်းကြားပါ"ဟုဆိုကာ သူလျှိုကျေးသားအား စေလွှတ်လိုက်လေ၏။

မဟောသဓာ၏ သူလျှိုတမန် ကျေးသားသည်

"ကောင်းပါပြီအရှင်၊ အရှင်သခင် မှာကြားစေခိုင်းသမျှကို ချစ်သားမှတ်သားပြီး တာဝန်ကျေပွန်အောင် ဆောင်ရွက်ပါမည်" ဟု ဆိုကာ မဟောသဓာ၏ အိမ်တော် အရှေ့ပြတင်းမှ ထွက်ခွာပျံသန်းသွားလေသည်။ ကျေးသားသည် မိမိအရှင်သခင် မှာကြားလိုက်သည့်အတိုင်း တရာသော ထီးဆောင်းမင်းတို့ထံ ရောက်ရှိနေသော သူလျှိုများထံသွား၍ လှည့်လည်စုံစမ်းပြီးနောက် ပဉ္စာလရာဇ်ပြည်သို့ ရောက်ရှိသွားလေ၏။

ကျေးသား ပဉ္စာလရာဇ်ပြည်သို့ ရောက်နေခိုက်တွင် စူဠနီဗြဟ္မဒတ်မင်း၏ ပုရောဟိတ်အမတ်ကြီးဖြစ်သော ကေဝဋ္ဋပုဏ္ဏားသည် အိပ်ရာမှနိုးထစ နံနက်ဦးတွင် မိမိ၏ကြီးကျယ်ခန်းနားသော စည်းစိမ်ဥစ္စာ ဂုဏ်အရှိန်အဝါတို့ကို နှစ်သိမ့်စွာ တစိမ့်စိမ့်တွေးရင်း ကြည်နူးဝမ်းသာနေရာမှ "အင်း....ငါ့ရဲ့ ဒီစည်းစိမ် ဂုဏ်အရှိန်အဝါတွေကို မင်းကြီးပေးလို့သာ ရနေတာပါကလား၊ မင်းကြီးရဲ့ ကျေးဇူးတော်ကို ငါပညာစွမ်းနဲ့ ကျေပွန်အောင် ဆပ်မှသာ တာဝန်ကျေပေလိမ့်မယ်" ဟု တွေးကာ မင်းကြီးအား ကျေးဇူးဆပ်ရန်နည်းလမ်းကို ကြံဆရှာဖွေ တွေးတောနေသည်။

ယင်းသို့တွေးတောရာမှ ကေဝဋ္ဋပုဏ္ဏားတွင် အကြံတခုရလာသည်။ ဤအကြံမှာ ဇမ္ဗူဒိပ်ကျွန်းတွင်ရှိသော တရာသောထီးဆောင်းမင်းတို့အား တိုက်ခိုက်သိမ်းပိုက်ပြီးလျှင် စူဠနီဗြဟ္မဒတ်မင်းကြီးအား လက်နက်နိုင်ငံထူထောင်စေကာ ဧကရာဇ်ဘုရင်အဖြစ်ခံယူစေရန် အကြံပင်ဖြစ်လေသည်။ ဤသို့ပြုခြင်းဖြင့် မိမိလည်း ဇမ္ဗူဒိပ်ကျွန်းကြီးကို အစိုးရတော်မူသော ဧကရာဇ်ဘုရင်၏ ပုရောဟိတ်ဖြစ်ရတာ ယခုထက်အဆရာထောင် ဂုဏ်အရှိန်အဝါ

မြင့်မားခမ်းနား ကြီးကျယ် လာပေ မည်ဟု ကြည် နူး ဝမ်း သာ စွာပင် တွေးကြံဆုံးဖြတ်လိုက်လေသည်။

ကေဝဋ္ဋပုရောဟိတ် အမတ်ကြီးသည် ထိုအကြံကို ရသည်နှင့် ချက်ချင်းမှာပင် ပရောဟိတ် အမတ်တို့၏ အဆောင်အယောင်ကို လဲလှယ်ဝတ်ဆင်ကာ မင်းကြီးရှိရာ နန်းတော်သို့ ဝင်ရောက်ခစား လေ၏။ ပြီးလျှင်မင်းကြီးအား—

"အရှင်မင်းကြီး... ညက ကောင်းစွာ အိပ်စက်ရပါသလား"ဟု ပဋိသန္တာရစကားဖြင့် နှုတ်ခွန်းဆက်သ၏။မင်းကြီးက ကောင်းစွာ အိပ်စက်ရကြောင်း ပြန်ကြားမိန့်ဆိုလျှင်—

"ကျွန်ုပ်လာခြင်းမှာ မင်းကြီးနဲ့ တိုင်ပင်စကား ဆိုဘို့ရှိပါ တယ်" ဟု လျှောက်ကြား၏။

"တိုင်ပင်စရာရှိရင် တိုင်ပင်ပါ အမတ်ကြီး"

မင်းကြီးက ခွင့်ပြုသည်။

"အရှင်မင်းကြီး....အခု ကျွန်ုပ်တိုင်ပင်လိုတဲ့စကားဟာ အလွန် လျှို့ဝှက်နက်နဲတဲ့ အကြောင်းအရာ ဖြစ်ပါတယ်၊ တပါးသော သူရဲ့နား ကြားလို့မသင့်ပါ၊ နန်းတော်မှာ လုံခြုံစိတ်ချရမှုမရှိပါ၊ မင်းကြီးနဲ့ ကျွန်ုပ် တိုင်ပင်မယ့်စကားက မင်းကြီးနဲ့ ကျွန်ုပ် နား လေးဖက်သာ ကြားသင့်ပါတယ်၊ ဆိတ်ကွယ်ရာအရပ်မှာ နှစ်ကိုယ် ထဲ တိုင်ပင်သင့်တဲ့စကားဖြစ်လို့ ဥယျာဉ်တော်ကိုထွက်ပြီး တိုင်ပင် မှသာ သင့်တော်မှာဖြစ်ပါတယ်"ဟု လျှောက်ကြားလေ၏။

"ကောင်းပြီ ပုရောဟိတ် ဆရာအမတ်ကြီး"

မင်းကြီးသည် ကေဝဋ္ဋပုဏ္ဏား၏ လျှောက်တင်ချက်ကို နှစ် သက်လက်ခံပြီး များစွာသော အစောင့်အရှောက် အခြံအရံတို့ကို

စီစဉ်လျက် ကေဝဠ်ပုရောဟိတ်နှင့်အတူ ဥယျာဉ်တော်သို့ ထွက်ကြလေ၏။ ဥယျာဉ်တော်သို့ရောက်လျှင် အခြံအရံများအား လုံခြုံရေးအတွက် အစောင့်အဖြစ် စီမံချထားပြီးသော် ကောင်းစွာ ခင်းကျင်းထားသော အင်ကြင်းပင်အောက်တွင် မင်းနှင့်အမတ် အတူထိုင်ကြ၏။

"ကဲ ဆရာပုရောဟိတ်....လုံခြုံစိတ်ချရပါပြီ၊ တိုင်ပင်စရာရှိတာ တိုင်ပင်ပါ"

မင်းကြီးကပင် စတင်၍မိန့်ဆို၏။

"အရှင်မင်းကြီး....ကျွန်ုပ်စကား ကျွန်ုပ်အကြံကို လိုက်နာတော်မူစေချင်ပါတယ်၊ကျွန်ုပ်အကြံ၊ကျွန်ုပ်စကားဟာဖြင့်အရှင်မင်းကြီး ဘုန်းကျက်သရေ တိုးတက်ရုံသာမက ဒီဇမ္ဗူဒိပ်ကျွန်းမှာရှိကြတဲ့ တရာသော ထီးဆောင်းမင်းတို့ရဲ့ အရှင်သခင် ကေရာဇ်ဖြစ်ရမယ့် အကြံသာ ဖြစ်ပါတယ်"

ကေဝဠ်ပုရောဟိတ်၏ စကားကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် ချက်ချင်းလောဘစိတ်နိုးကြားလာကာ မျက်နှာကြည်လင်ရွှင်လန်းစွာဖြင့်—

"အမတ်ကြီးပြောပါ၊ အမတ်ကြီးစကား၊ အမတ်ကြီးအကြံကို ငါလိုက်နာဘို့ အသင့်ရှိနေတယ်"ဟု မိန့်ဆိုလေ၏။

မင်းကြီး၏ အမိန့်စကားကိုကြားလျှင် ကေဝဠ်ပုရောဟိတ်မှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြန်၏။

"အရှင်မင်းကြီး....ကျွန်ုပ်တို့ ပဥ္စာလရာဇ် နိုင်ငံတော်မှာ များစွာသော စစ်သည်ရဲမက်ဗိုလ်ပါ ဆင်မြင်းရထားနဲ့ စစ်အင်္ဂါအင်အားအပြည့်ရှိနေပါတယ်၊ ညီတော် ဓနုသေခကဲ့သို့သော စစ်ပရိ

ယာယ် ကြွယ်ဝကျွမ်းကျင်တဲ့ သေနာပတိတပ်မှူးကြီးလဲ ရှိနေပါ တယ်၊ ကျွန်ုပ်ကဲ့သို့ အရာရာ မြော်မြင်တွေးဆ အကြံပေးနိုင်တဲ့ ပရောဟိတ်ကြီးလဲ ရှိနေပါတယ်၊ အရှင်မင်းကြီး အနေနဲ့ ဇီဇမ္ဗူ ဒိပ်ကျွန်းမှာရှိတဲ့ ထီးဆောင်းမင်းများကို တိုက်ယူရမှာ ဘယ်သို့မှ အခက်အခဲမရှိနိုင်ပါ။ အရှင်မင်းကြီး.... အဲဒီလို တရာသော ထီး ဆောင်းမင်းများကို တိုက်ခိုက်သိမ်းယူမယ့် နည်းလမ်းကို ကျွန်ုပ် ဆက်လက် လျှောက်ကြားပါမယ် နားဆင်တော်မူပါ။ ပထမဆုံး အဲနေနဲ့ အင်အားသေးငယ်တဲ့နိုင်ငံကို ကျွန်ုပ်တို့တပ်များနဲ့ စတင် ဝိုင်းရံထားရပါမယ်၊ အဲဒီလို ဝိုင်းရံလိုက်ရင် တိုင်းငယ် ပြည်ငယ် မင်းနဲ့ ပြည်သူ ပြည်သားများ အထိတ်တလန့် ဖြစ်ကြပါလိမ့် မယ်၊ အဲဒီလို ထိတ်လန့် အားငယ်နေတုန်း ကျွန်ုပ်က မြို့တွင်း ဝင်ပြီး မင်းနဲ့ တွေ့ဆုံမယ်၊ တိုင်းသားပြည်သူ လူအပေါင်းတို့ ဒုက္ခမရောက်စေအောင် ငြိမ်းချမ်းစွာအညံ့ခံပါ၊ ငါတို့မင်း ကြီးထံ သစ္စာခံပါလို့ ဆွေးနွေးမယ်၊ အဲဒီမင်းဟာလဲ လက်နက် စစ်အင်အား မမျှတာကြောင့် တင်းမခံနိုင်ဘဲ အရှင်မင်းကြီး လက်အောက် ခိုဝင်လာရပါလိမ့်မယ်”

“အရှင်မင်းကြီး.... အဲလိုနည်းနဲ့ တိုင်းငယ်မြို့ငယ်တွေကို စတင် သိမ်းသွင်းမယ်၊ တိုင်းငယ်ပြည်ငယ်တွေကရတဲ့ လက်နက် စစ်အင် အားနဲ့ စုစည်းပြီး တိုင်းကြီးပြည်ကြီးတွေမှာရှိတဲ့ ထီးဆောင်း မင်းတွေကို ခြိမ်းခြောက်သိမ်းသွင်းမယ်ဆိုရင် ဘယ်နိုင်ငံကမှ ခုခံ သမှု မပြုနိုင်တော့ဘဲ အရှင်မင်းကြီးဟာ တရာသောထီးဆောင်း မင်းများရဲ့ အရှင်သခင် ဧကရာဇ်ဘုရင် ဖြစ်လာရပါလိမ့်မယ်”

ကေဝဋ္ဋပုရောဟိတ်၏ လျှောက်တင်ချက်ကို ကြားလျှင် စူဠနီ ဗြဟ္မဒတ်မင်းသည် အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်၏။

"ဆရာပုရောဟိတ်... ဆရာ့မှာ ဒီလို အကြံကောင်း ဉာဏ်ကောင်းတွေရှိတဲ့အတွက် ငါပုရောဟိတ် အရာမှာ ထားပြီး ဆရာတင်ခဲ့တာဘဲ၊ ဆရာ့အကြံအတိုင်း ငါဆောင်ရွက်မယ်"ဟု မိန့်၏။

မိမိအကြံကို မင်းကြီးနှစ်သက်လက်ခံသည်ကို ကြားသိရသောအခါ ကေဝဋ္ဋပုရောဟိတ်သည် ဝမ်းသာ အားတက်လာလျက်....

"အရှင်မင်းကြီး နားဆင်ပါဦး၊ ကျွန်ုပ်အနေနဲ့ လောလောဆယ် အရေးသာမဟုတ်၊ အရှင်မင်းကြီး အရှည်သဖြင့် ကောင်းစားရေး နောင်ရေးကိုပါ တွေးကြံပြီး ဖြစ်ပါတယ်။ မင်းတို့မည်သည် သူတပါးလက်အောက်မှာ ကြာရှည်အသံ့ခံပြီး မနေချင်ကြပါ၊ ဒါကြောင့် တရာသော မင်းတို့ကို အရှင်မင်းကြီးသိမ်းပိုက်ထားရာမှာ ရက်ရှည် ကြာလာတဲ့အခါ ထောင်ကား ပုန်ကန်မှုများ ပေါ်ပေါက် လာနိုင်ပါတယ်၊ အဲဒီလို မပေါ်ပေါက်ရအောင် တရာသော ထီးဆောင်းမင်းများကို သိမ်းပိုက် ရရှိပြီးနောက် တရာသော ထီးဆောင်းမင်း အားလုံးကို ပဉ္စာလရာဇ်နေပြည်တော်ကို သိမ်းကျုံးခေါ်ခဲ့ရပါမယ်၊ အဲဒီ ထီးဆောင်းမင်းတရာကို ဉယျာဉ်တော်မှာ နေရာချထားပေးပြီး အောင်ပွဲခံတဲ့အနေနဲ့ သေသောက်ပွဲကြီး ကျင်းပရပါမယ်၊ သေရည်အိုးတွေထဲမှာ အဆိပ်များထဲ့ပြီး ထီးဆောင်းမင်းများကို-တိုက်ကျွေး သတ်ဖြတ်ပစ်ရပါမယ်၊ ဒါမှသာ နောင်ရေးစိတ်အေးရပြီး အရှင်မင်းကြီးအနေနဲ့ ဇမ္ဗူဒိပ်တကျွန်းလုံးကို အစိုးရတော်မူသော ဧကရာဇ်ဘုရင်အဖြစ်နဲ့ နှစ်ရှည်ကြာများ စိတ်အေးချမ်းသာ စိုးစံနိုင်မှာဖြစ်ပါတယ်"ဟု လျှောက်ကြား၏။

ကေဝဋ္ဋပုရောဟိတ်တင်သည်ကို မင်းကြီး ကြားလျှင် ဝမ်း

မြောက်စွာ လက်ခံ၏။ ထိုအခါ ကေဝဋ္ဋပုရောဟိတ်က ထပ်မံလျှောက်ထားပြန်၏။

"အရှင်မင်းကြီး....အခု မင်းကြီးနဲ့ ကျွန်ုပ်တို့တိုင်ပင်တဲ့စကားကို ဘယ်သူမှ ကြားလို့မသင့်တော်ပါ၊ အခု ကျွန်ုပ်တို့ ဥယျာဉ်တော်က ထွက်ခွာကြပါစို့"

မဟောသဓာစေလွှတ်သော ကျေးသူလျှိုသည် မင်းနှင့် ပုရောဟိတ်တို့၏ အရိပ်အကဲကို စောင့်ကြည့်နေခဲ့ရာ၊ မင်းနှင့်ပုရောဟိတ်တို့ များစွာသော အခြံအရံနှင့် ဥယျာဉ်တော်သို့ထွက်ကြသည်ကို မြင်လျှင် မသိကျသဖြင့် ဥယျာဉ်တော်သို့ ပျံသန်းလိုက်ပါခဲ့ပြီး ဘယ်သူတဦးတယောက်မျှ မသိမမြင်နိုင်အောင် အင်ကြင်းရွက်များအကြား၌ တိုးဝင် ပုန်းခိုနေလိုက်သည်။ သို့ကြောင့်လည်း ကျေးသူလျှိုသည် မင်းနှင့်အမတ်တို့ တိုင်ပင်ကြသော စကားများကို အလုံးစုံကြားရ၏။

မင်းနှင့် ပုရောဟိတ် အမတ်ကြီးတို့သည် ထိုင်ရာမှ ထကြ၏။ ထိုအခါ ကျေးသူလျှိုသည် ကေဝဋ္ဋပုရောဟိတ် ခေါင်းပေါ်တည့်တည့်တွင် သစ်ခက်ကို တွဲလွဲခိုကာ ကေဝဋ္ဋပုရောဟိတ်ထိပ်ပေါ်သို့ မစင်စွန့်ချ၏။ ကေဝဋ္ဋပုရောဟိတ်က မော့ကြည့်လိုက်သောအခါ ပါးစပ်တည့်တည့်သို့ နောက်ထပ်မစင်စွန့်ပြန်၏။ ပြီးနောက် ကျေးတို့၏ ဘာသာဘာဝ "ကျစ်ကျစ်" နှင့် အော်ပြီး အင်ကြင်းခက်များအကြားမှ ထွက်ကာ လှည့်လည်ပျံဝဲနေ၏။ ယင်းသို့ ပျံဝဲရင်းဖြင့် လူတို့ဘာသာစကားနှင့်—

"ဟယ်-ကေဝဋ္ဋပုဏ္ဏား....သင်တို့တိုင်ပင်တဲ့ စကားကို သင်က နားလေးဖက်သာ ကြားတယ်လို့ ထင်ခဲ့တယ်၊ သင့် တိုင်ပင်စကား ငါလဲကြားရတဲ့အတွက် နားခြောက်ဖက် တိုင်ပင်ရာ ရောက်ပြီ။

ပြီး ငါက တဆင့် ငါ့အရှင်နားကို ကြားစေမယ်၊ ငါ့အရှင်က တဆင့် နားအရာအထောင်ကို ကြားစေမယ်''ဟု ဟစ်အော်ကြွေး ကြော်လေသည်။

မင်းကြီးနှင့်ပုရောဟိတ်သည် ကျေးသား၏ ကြွေးကြော်သံကို ကြားရသောအခါ အံ့သြခြင်းဖြစ်ကြရပြီး မင်းချင်းဗိုလ်ပါများ အား ကျေးသားကို ပစ်ခတ်သတ်ဖြတ်ဖမ်းဆီးရန် ဟစ်အော်အမိန့် ပေးကြ၏။ ကျေးသားသည် ကောင်းကင်အမြင့်သို့ ပျံတက်သွား ပြီးနောက် ဝိဒေဟရာဇ်နိုင်ငံ မိတ္ထိလာပြည်ဖက်သို့ တိုက်ရိုက်မပြန် ဘဲ အခြားသို့ဝေ့ပျံပြီးမှ မိတ္ထိလာပြည်သို့ပျံသွားလေသည်။ စူဠနီ ဗြဟ္မဒတ်မင်းနှင့် အခြွေအရံဗိုလ်ပါများလည်း နန်းတော်သို့ဝင် ကြတော့၏။

မိတ္ထိလာပြည်သို့ရောက်လျှင် ကျေးသူလျှိုသည် မဟောသဓာ ၏ အိမ်ပြတင်းမှဝင်၍ မဟောသဓာ၏ ပုခုံးထက်၌နား၏။ မဟော သဓာသည် ကျေးသားအား အိမ်ပေါ်အထက်ထပ်သို့ ခေါ် ဆောင်ခဲ့ကာ စုံစမ်းမေးမြန်း၏။ ကျေးသားကလည်း တရာသော ထီးဆောင်းမင်းတို့ထံ လှည့်လည်စုံစမ်းရာတွင် စိုးရိမ်ဘွယ်ထူးခြား မှု ဘာမျှမတွေ့ရ၊ အားလုံးပင် အေးချမ်းစွာ နေကြကြောင်း၊ ကပ္ပိလတိုင်း၊ ဥတ္တရပဉ္စာလရာဇ်ပြည်၊ စူဠနီဗြဟ္မဒတ်နှင့် ၎င်း၏ ပုရောဟိတ် ကေဝဋ္ဋပုဏ္ဏားတို့ အကြံမှာ ကြက်သီးမွေးညင်းထ လောက်အောင်ပင် ကြောက်မက်ဘွယ် ကောင်းကြောင်းများကို အစချီလျက်၊ မင်းနှင့်ပုဏ္ဏားတို့ တိုင်ပင်ကြပုံကို အလုံးစုံ အသေး စိပ်၍ ပြန်လည်လျှောက်ကြားလေသည်။

သူလျှိုကျေးသား၏ လျှောက်ကြားချက် အသေအချာခွတ်

သားပြီးလျှင် မဟောသဓာသည် ပုခုံးထက်တွင် နားနေသော ကျေးသားကိုယူကာ ရင်ခွင်၌ပိုက်၍ ကျောကိုသပ်ပေးပြီးလျှင်—

"ချစ်သား.... အမှုထမ်းခဲ့တာဟာဖြင့် တာဝန်ကျေပွန်လှပေတယ်၊ ပျားရည်ထောပတ်တို့နဲ့ နယ်ထားတဲ့ သလေးပေါက်ပေါက်စားပြီး အနားယူချေတော့" ဟု ဆိုကာ ရွှေလှောင်ချိုင့်သို့ ပို့ပေးလိုက်လေ၏။

မဟောသဓာဆင်ခြင်မိသည်မှာ စူဠနီဗြဟ္မဒတ်မင်းနှင့် ကေဝဋ္ဋပုရောဟိတ်သည် နယ်ချဲ့၍ ဇမ္ဗူဒိပ်တကျွန်းလုံးအပေါ် ၎င်းတို့အာဏာစက် လွှမ်းမိုးနိုင်ရန် ကြံစည်ကြခြင်းဖြစ်သည်။ တရာသော ထီးဆောင်းမင်းများအား ၎င်းတို့လက်အောက်သို့ သိမ်းသွင်းပြီးလျှင် မိမိတို့မိတ္ထိလာနိုင်ငံကိုလည်း ထိုကြီးမားသော အင်အားဖြင့် လာရောက်ဝိုင်းရံ တိုက်ခိုက်ပေလိမ့်မည်။ ထိုအခါတွင် စူဠနီဗြဟ္မဒတ်မင်း၏ တပ်များအတွက် စားနပ်ရိက္ခာ အထောက်အပံ့ မဖြစ်စေနိုင်ရန် စီစဉ်မှဖြစ်မည်ဟု တွေးကာ၊ မြို့တွင်းရှိ ဆင်းရဲသူ ဆင်းရဲသားများအား မြို့ပြင်သို့ထွက်၍ နေစေကာ မြို့ပြင်နေ ကြွယ်ဝသူများအား မြို့တွင်းသို့ ရွှေ့နေထိုင်စေသည်။

ပြီးဘဖန် မြို့တွင်းရှိကျိုပုတ်တို့၌ ဆန်စပါးများကို ပြည့်အောင်ထည့်စေခြင်း၊ထင်းမီးများကိုသိုလှောင်ခြင်း၊ ယင်းအပြင် စစ်သည်များကို လေ့ကျင့်ခြင်း လက်နက်ပြင်ဆင်ခြင်းများအပြင် အခြားသော ကာကွယ်ရေးလုပ်ငန်းများနှင့် အခြားနည်းပရိယာယ်များကိုလည်း အသင့်စီစဉ် ပြင်ဆင်ထားလေသည်။

ဥ ၂ ၆ ၈



## မင်းအများကို စူဠနီဗြဟ္မဒတ်မင်း သိမ်းယူခြင်း

စူဠနီဗြဟ္မဒတ်မင်းသည် ကေဝဋ္ဋပုရောဟိတ်နှင့်အတူ များစွာသောစစ်သည်တို့ကို အုပ်ချုပ်ကွပ်ကဲလျက် ပဉ္စာလရာဇ်နေပြည်တော်မှ ထွက်ခွာခဲ့လေသည်။

ကြီးမားများပြားသော စစ်သည်၊ စစ်မြင်း၊ စစ်ရထား၊ စစ်ဆင်တို့ဖြင့် မင်းကြီးထွက်ခွာလာသည်ကို ခရီးတလျှောက်မှ မြင်တွေ့ရသူများမှာ အထိတ်တလန့် ဖြစ်ကြရလေသည်။ မင်းကြီးသည် ကေဝဋ္ဋပုရောဟိတ်၏ အစီအစဉ်အတိုင်း အင်အားသေးငယ်သော မင်းတပါး၏မြို့ကို မိမိ၏စစ်သည်အလုံးအရင်းဖြင့် ဝိုင်းရံပိတ်ဆို့လိုက်လေသည်။ ဝိုင်းရံခြင်းခံရသော မင်းမှာလည်း စူဠနီဗြဟ္မဒတ်မင်း၏ စစ်သည်အင်အားကို မြင်တွေ့သောအခါ ဖိန့်ဖိန့်တုန်မျှ ထိတ်လန့်ကြောက်ရွံ့နေရှာ၏။

ထိုသို့ရှိစဉ် ကေဝဋ္ဋပုရောဟိတ်သည် တံခါးငယ်မှ မြို့တွင်းသို့ ဝင်ကာ ဝိုင်းရံခြင်းခံနေရသော မင်းနှင့်တွေ့ဆုံလျက်—

"အရှင်မင်းကြီး....ကျွန်ုပ်တို့အရှင်သခင်ဟာ စစ်သည်ဗိုလ်ပါ အလုံးအရင်းနဲ့ အရှင်မင်းကြီးနန်းမြို့ကို ဝိုင်းရံထားပါပြီ၊ အရှင်မင်းကြီးနိုင်ငံကို မဝိုင်းရံမိကတဲက တခြားတခြားသော နိုင်ငံတွေကို ခုအတိုင်း ဝိုင်းရံသိမ်းယူခဲ့ပြီးပါပြီ၊ ဘယ်နိုင်ငံကမှ အကျွန်ုပ်တို့အရှင်ကို မခုခံကြဘဲ လက်နက်ချ အညံ့ခံကြပါတယ်၊ ကျွန်ုပ်တို့အရှင်ကို ထိုက်လျောက်ရာ ပဏ္ဏာလက်ဆောင်များ ပေးဆက်ပြီး အသက်ချမ်းသာရာရနိုင်ကြောင်း အသနားခံကြပါတယ်၊ ကျွန်ုပ်တို့အရှင်ဟာဆိုရင် ဇမ္ဗူဒိပ်တကျွန်းလုံးမှာရှိကြတဲ့ တရာသောထီးဆောင်းမင်းတို့ကို သိမ်းယူအုပ်စိုးပြီး ကေရာဇ်ဘွဲ့ကို ခံယူဘို့ကလဲ့ပြီး သတ္တဝါတို့အသက်ကို သတ်ဖြတ်လိုတဲ့ ဆန္ဒမရှိပါ၊ ဒါ့ကြောင့် အားလုံးသော ပြည့်ရှင်မင်းများကို အသက်ချမ်းသာခွင့် ပေးခဲ့ပါတယ်။ အရှင်မင်းကြီးဆန္ဒ ဘယ်လိုရှိပါသလဲ၊ သိပါရစေဟု" ဟု လျှောက်ထား၏။

ထိုမင်းမှာ စူဠနီဗြဟ္မဒတ်မင်း၏တပ်များ ဝိုင်းရံခြင်းခံထားရသဖြင့် ထိတ်လန့်နေသော်ငြားလည်း မင်းမာန်က ရှိနေသေးသဖြင့် ချက်ချင်း အညံ့ခံရမည်ကို ရှက်၍ ကေဝဋ္ဋပုဏ္ဏား မေးသည်ကို မဖြေဘဲ စဉ်းစားနေ၏။ ထိုအခါ ကေဝဋ္ဋပုဏ္ဏားက—

"အရှင်မင်းကြီး....ကျွန်ုပ်တို့အရှင်ကို အံတုခုခံမယ်ကြံရင် မှားပါလိမ့်မယ်၊ အရှင်မင်းကြီးလို အင်အားသေးငယ်သော နိုင်ငံကို မဆိုထားနဲ့ အရှင်မင်းကြီးထက် အင်အားအဆ အရာအထောင်သာတဲ့ မင်းများဟာ ကျွန်ုပ်တို့အရှင်ရဲ့ အင်အားကို မခုခံနိုင်လို့ အညံ့ခံကြတယ်ဆိုတာကို အရှင်မင်းကြီး ယုံကြည်တော်မမူရင်လဲ ခုခံပါ၊ ကျွန်ုပ်အနေနဲ့ ပြောသင့်ပြောထိုက်တဲ့စကားကို လာပြောခြင်းသာ ဖြစ်ပါတယ်" ဟု ပရိယာယ်နှင့် ခြိမ်းခြောက်လေရာ

ထိုပြည့်ရှင်မင်းမှာ တင်းခံမနေရဲတော့ဘဲ လက်နက်ချ အညံ့ခံရန် သဘောတူလေတော့၏။

စူဠနီဗြဟ္မဒတ်မင်းကြီးသည် အညံ့ခံသောမင်းနှင့် ၎င်း၏တပ်ကိုသိမ်းယူကာ ထိုတပ်ကို ၎င်းမင်းကိုယ်တိုင် အုပ်ချုပ်ကွပ်ကဲစေပြီး မိမိရှိရင်းစွဲတပ်နှင့်ပေါင်းကာ အခြားမင်း နေပြည်တပြည်ကို သွားရောက်ဝိုင်းရံပြန်လေ၏။ ထိုမင်းသည်လည်း ကေဝဋ္ဋပုရောဟိတ်၏ ပရိယာယ်စကားကို ယုံစားသည်တကြောင်း၊ စူဠနီဗြဟ္မဒတ်မင်း၏ အင်အားကြီးမားလှစွာသောတပ်နှင့် ဝိုင်းရံခြင်း မခံဝံ့သည် တကြောင်းကြောင့် လက်နက်ချ အညံ့ခံကာ ပဉ္စာလရာဇ်နိုင်ငံ၏ လက်အောက်ခံနိုင်ငံအဖြစ် ခံယူလေသည်။ စူဠနီဗြဟ္မဒတ်မင်းသည် ထိုမင်းနှင့် ထိုမင်း၏တပ်ကို သိမ်းယူကာ အထက်နည်းအတိုင်း ၎င်း၏တပ်မတော်ကြီးနှင့်ပေါင်း၍ အခြားမင်းနေပြည်ကို သွားရောက်ဝိုင်းရံပြန်၏။

ဤသို့ဖြင့် တပြည်ပြီးတပြည်၊ တမင်းပြီးတမင်း သိမ်းယူခဲ့ရာ ၇-နှစ် ၇-လ ၇-ရက် ကြာသောအခါတွင် ၉၉-ပါးသော မင်းများနှင့် ၎င်းတို့တိုင်းပြည်များကို သိမ်းယူ ရရှိလေသည်။

ပဉ္စာလရာဇ်နိုင်ငံတွင် မဟောသဓာစေလွှတ်ထားသော သူလျှိုသည် စူဠနီဗြဟ္မဒတ်မင်း အတွင်းတော်တွင် အမတ်တဦး အဖြစ် အမှုထမ်းနေသည် ဖြစ်သောကြောင့် မင်းကြီးနှင့် ကေဝဋ္ဋပုရောဟိတ်တို့ လက်နက်နိုင်ငံ ထူထောင်နေခြင်း၊ ၉၉-ပါးသော မင်းများအား သိမ်းယူခဲ့ခြင်းတို့ကိုသိ၏။ သို့ကြောင့် ထိုအကြောင်းအရာများကို မဟောသဓာထံ သတင်းပို့သည်။ ပြီး မကြာမီတွင် ဝိဒေဟရာဇ်နိုင်ငံကိုပါ တိုက်ခိုက် သိမ်းယူလိမ့်မည် ထင်ကြောင်း သတိဝိရိယကြီးစွာ ထားရှိရန်တို့ကိုပါ အမှာအထားပြုလေသည်။

မဟောသဓာသည် ထိုသူလျှိုအား တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သည့်အတွက် ဂုဏ်ပြုကြောင်း၊ ဆက်လက်ပြီး သတိမလစ်စေဘဲ စုံစမ်းထောက်လှမ်းစေလိုကြောင်းများကို အမှာပါး၍ ညွှန်ကြားလိုက်သည်။

စူဠနီဗြဟ္မဒတ်မင်းသည် ၉၉-ပါးသော မင်းများနှင့် ၎င်းတို့၏တပ်၊ ၎င်းတို့၏ နေပြည်များကို သိမ်းယူ ရရှိထားခြင်းအတွက် အလွန်အားတက်ဝမ်းသာ ဖြစ်နေကာ အလွန်လည်း မာန်တက်နေသည်။ မင်းကြီးသည် ၉၉-နေပြည်ကို သိမ်းယူ ပြီးနောက် ဝိဒေဟရာဇ်နေပြည်ကိုပါ တဆက်တည်းသိမ်းယူရန် ကေဝဋ္ဋပုရောဟိတ်အားတိုင်ပင်၏။ ကေဝဋ္ဋပုရောဟိတ်သည် မဟောသဓာသုခမိန်၏ ဉာဏ်ပညာအစွမ်းကို ကြားသိထားသည့်တကြောင်း၊ ရှေးရေးကိုတွေးကာ ဆင်ခြင်တတ်သည်တကြောင်းကြောင့် အကယ်၍ ဝိဒေဟရာဇ်တိုင်း၊ မိတ္ထိလာပြည်ကို တိုက်ခိုက်ရာတွင် စစ်သူကြီး မဟောသဓာ၏စွမ်းရည်ကို မနိုင်၍ ရှုံးရလေသော် ကိုးဆယ့်ကိုးပါးသော မင်းတို့နှင့် ၎င်းတို့၏ ပရိသတ် အလယ်တွင် မိမိတို့ ရှက်ဖွယ်ဖြစ်ရမည်ကို တွေးလျက်—

"အရှင်မင်းကြီး ...ဝိဒေဟရာဇ်ပြည်ကို သိမ်းယူတို့ လွယ်မယ် မထင်ပါ၊ စစ်သူကြီး မဟောသဓာ ဆိုသူဟာဖြင့် ဉာဏ်ပညာအလွန်ကြီးမားပြီး စစ်ပရိယာယ်၊ စကားပရိယာယ်၊ မင်းပရိယာယ်စတဲ့ အသွယ်သွယ်သော ပရိယာယ်များကိုလဲ အလွန်ကျွမ်းကျင်လိမ္မာတယ်လို့ ကြားရပါတယ်။ ပြီးတော့ ရွှေဂူ ပတ္တမြားဂူတို့ကို စောင့်တဲ့ ကေသရာဇာခြင်္သေ့မင်းတို့ ရဲရင့်ခြင်း မျိုးလဲရှိတယ်လို့ ကြားရပါတယ်။ စစ်သူကြီး မဟောသဓာဟာ တပါးသော မင်းများကို သိမ်းသွင်းသလို လှည့်ဖျား သိမ်းသွင်းလို့ ရမဲ့

ပုဂ္ဂိုလ်မျိုးလဲ မဟုတ်ပါ၊ ဒါကြောင့် အခု လောလောဆယ်မှာ မဟောသဓာရှိရာ ဝိဒေဟရာဇ်တိုင်း မိတ္ထိလာပြည်ကို မသိမ်းယူစေချင်သေးပါ။

“အရှင်မင်းကြီး....ဒီမိတ္ထိလာပြည်ဂျင်ကလယ်ကို မသိမ်းယူတဲ့အတွက် အရှင်မင်းကြီး ကေရာဇ်ဘွဲ့ မခံယူနိုင်စရာ အကြောင်းမရှိ၊ အခု ဇမ္ဗူဒိပ်ကျွန်းတခုလုံးကို အရှင်မင်းကြီးလက်တွင်း ကျရောက်နေပြီ မဟုတ်လား၊ ဒီမျှကြီးကျယ်သော နယ်ပယ်ကို ပိုင်စိုးနေပြီမို့ ကေရာဇ်ဘုရင်အဖြစ် ခံယူနိုင်ပါပြီ။ အရှင်မင်းကြီး မိတ္ထိလာပြည်ကို အခုမသိမ်းယူသော်လဲ အရှင်မင်းကြီးရဲ့ ဘုန်းသမ္ဘာတော်ကြောင့် မိတ္ထိလာပြည်ဟာ တစတစ ကျဉ်းကျပ်သွားပြီး ဝိဒေဟရာဇ်မင်းကြီးနဲ့ စစ်သူကြီး မဟောသဓာတို့ကိုယ်တိုင် အရှင်မင်းကြီးထံ ဦးခိုက်အညံ့ဝင်လာရမှာ ဖြစ်ပါတယ်၊ အရှင်မင်းကြီး.... ရှေ့လောမကြီးပါနဲ့ သည်းခံ စောင့်ဆိုင်းပါ” ဟု တင်လျှောက်၏။

မင်းကြီးသည် ကေဝဋ္ဋပုရောဟိတ်တင်လျှောက်သည်ကို လက်ခံသင့် မသင့် စဉ်းစားနေစဉ် ၉၉-ပါးသော မင်းများသည် မိမိတို့ကို အုပ်စိုးသူ အရှင်သခင်အား မျက်နှာလို မျက်နှာရ လုပ်ချင်ကြသဖြင့်—

“အရှင်မင်းကြီး....ကေဝဋ္ဋဆရာပြောတိုင်း မနာခံပါနဲ့၊ မိတ္ထိလာပြည်ကလေးကို ခုတဆက်ထဲသာ သိမ်းယူဘို့ သင့်ပါတယ်” ဟု အကြံပေးသောမင်းက ပေးသည်၊

“မှန်ပါတယ် အရှင်မင်းကြီး၊ မဟောသဓာ ဘယ်လောက်ဘဲ ပညာကြီးကြီး၊ ဥာဏ်ကြီးကြီး၊ ကျွန်ုပ်တို့ တဆယ့်ရှစ် ခေါဘဏီ တပ်မကြီးနဲ့ နင်းလိုက်ရင် မိတ္ထိလာပြည်ကလေး မှုံမှုံတောင်

ကြေသွားနိုင်ပါတယ်၊ ဒါကြောင့် တလက်စထဲ ဝိဒေဟရာဇ်တိုင်း မိတ္ထိလာပြည်ကို သိမ်းယူတော်မူပြီး အရှင်မင်းကြီး ကေရာဇ်ဘွဲ့ကို ခံယူတော်မူပါ”ဟု လျှောက်သောမင်းက လျှောက်သည်။

မင်းကြီးလည်း ပုရောဟိတ်စကား နားထောင်ရ ကောင်းမလား၊ မိမိလက်အောက် မင်းတို့စကား နားထောင်ရ ကောင်းမလားနှင့် အစဉ်းစားခက်ပြီး ချီတုံချတုံဖြစ်နေသည်။ ထိုစဉ် လက်အောက်ခံ မင်းအများက မိတ္ထိလာပြည်ကို မင်းကြီးမပါဘဲ မိမိတို့ချည့် တိုက်ခိုက်သိမ်းယူ ဆက်သပါမည်၊ ပြီးလျှင် အောင်ပွဲခံ၍ အောင်သေသောက် ပွဲတော်ကြီး ကျင်းပပေးပါဟု လျှောက်တင်ကြလေ၏။

ထိုမင်းတို့ လျှောက်တင်သည့်စကား မင်းကြီးနားယောင်သွားမည်ကို ကေဝဋ္ဋပုရောဟိတ် စိုးရိမ်မိသည်။ သူ့အနေနှင့် ကတော့ မိတ္ထိလာပြည်ကို ယော်သည်ဟုအထင်မသေးလို၊ ပြည်ပင်ငယ်သော်ငြား ဥပါယ်တမျဉ် ဥာဏ်ပညာအရာ၌ ကြီးမားသော မဟောသဓာပညာရှိသည် ထိုပြည်၌ ရှိ၏။ ယင်းသည်ပင် တိုင်းကြီး ပြည်ကြီးထက် အင်အားကောင်းနေသည်ဟု မြင်မိသည်။ သို့ကြောင့် လက်အောက်ခံမင်းတို့စကား နားမယောင်မိ လျှောက်တင်၏၊

“အရှင်မင်းကြီး ... ကို ဆယ့်ကိုးယောက်သော မင်းကြီးများ လျှောက်တင်ကြတာကို နားမယောင်ပါနဲ့”ဟု ဆိုကာ လက်အောက်ခံမင်းများဖက်သို့လှည့်၍—


“အရှင်မင်းကြီးတို့....ဘာမဟုတ်တဲ့ ဒီမိတ္ထိလာပြည်ကလေးကို ဘယ်လိုကြောင့် ဒီမျှအရေးတကြီး လိုချင်နေကြပါသလဲ၊ ဒီပြည်ငယ်ကလေးကို အပင်ပန်းခံပြီး တိုက်နေစရာမလိုပါဘူး၊ ဝိဒေဟရာဇ်မင်းကြီးနဲ့ မဟောသဓာစစ်သူကြီးဟာ ကျွန်ုပ်တို့ ဘုရင်မင်း

မြတ်ရဲ့ဘုန်းတော်ကို မခံဝံ့တာနဲ့ မကြာခင်မှာဘဲ အညံ့ခံဝင်ရောက်လာမှာပါ၊ အရှင်မင်းကြီးတို့ ဘာမှ စိုးရိမ် ကြောင့်ကြတော် မမူကြပါနဲ့''ဟုဆိုကာ စူဠနီဗြဟ္မဒတ် မင်းကြီးဖက် လှည့်ပြန်၍—

''အရှင်မင်းမြတ်....ကျွန်ုပ်တို့ အောင်ပွဲဟာ ကြီးကျယ်လှပါတယ်၊ ဒါကြောင့် ထီးဆောင်းမင်းအပေါင်းနဲ့အတူ နေပြည်တော်ကို ကြွချီတော်မူပါ၊ နေပြည်တော်ရောက်ပြီးရင် ကြီးစွာသောအောင်ပွဲကိုဆင်ယင်တော်မူပါ၊ အောင်သေဖသောက်ပွဲတော်အခမ်းအနားကြီး ကျင်းပတော်မူပါ''ဟု လျှောက်ထား၏။

စူဠနီဗြဟ္မဒတ်မင်းကြီးသည် ကေဝဋ္ဋပုရောဟိတ် တင်လျှောက်သည့်အတိုင်း စစ်သည်ဗိုလ်ပါများကို စုရုံးလျက် ၉၉-ယောက်သော ထီးဆောင်းမင်းများခြံရံကာ ပဉ္စာလရာဇ် နေပြည်တော်သို့ ပြန်လေသည်။ မဟောသဓာ၏ သူလျှိုအမတ်သည် စူဠနီဗြဟ္မဒတ်မင်းက ဝိဒေဟရာဇ်နိုင်ငံကိုပါအခြား ၉၉-နိုင်ငံနည်းတူ တဆက်တည်း သိမ်းယူမည်ပြုသည်တွင် ကေဝဋ္ဋပုရောဟိတ်သည် မဟောသဓာ၏ဉာဏ်ပညာအရည်အချင်းကို ထိတ်လန့်သဖြင့် တိုက်ခိုက်သိမ်းယူရန်မသင့်ကြောင်းတားမြစ်ခြင်း၊ ၉၉-ပါးသော မင်းများကစိတ်အားမာန်ကြွလျက် တိုက်ခိုက်သိမ်းယူရန် လျှောက်ထားသည်ကိုပင် ကေဝဋ္ဋပုရောဟိတ်တားမြစ်သဖြင့် မတိုက်ပဲ တပ်ခေါက်၍နေပြည်တော်သို့ ပြန်ခြင်းများကို သတင်းပို့၏။ ပြီးနောက် ဤသို့တပ်ခေါက် ပြန်သွားသောကြောင့် စိတ်ချ လက်ချ မနေရန်နှင့်နောင်တွင် မည်သို့ ကြံဦးမည် မသိနိုင်ကြောင်းများကိုပါ သတိပေးစကား ရေးသားပေးပို့လိုက်သည်။

မဟောသဓာလည်းအကြောင်းစုံကိုသတင်းပေးပို့သည့်အတွက် ဝမ်းသာကြောင်း၊ တာဝန်နှင့်ဝတ္တရား ကျေပွန်၍ ချီးကျူးကြောင်း၊ ဆက်လက်၍ တာဝန်ကျေပွန်စွာ ဆောင်ရွက်စေလိုကြောင်းဖြင့် သူလျှိုအမတ်ထံ ပြန်ကြားလိုက်လေ၏။



# ၉၉—ယောက်သော မင်းတို့၏ အသက်ကို ကယ်ဆယ်ခြင်း

ပဉ္စာလရာဇ်နေပြည်တော်သို့ ရောက်ရှိပြီးလျှင် စူဠနီဗြဟ္မဒတ် မင်းကြီးသည် ကေဝဋ္ဋပုရောဟိတ်အားခေါ်၍-

“ဆရာအမတ်ကြီး....အခု ငါတို့နေပြည်တော်ကို ရောက်ကြပြီ၊ ဘာလုပ်ရင် ကောင်းမလဲ”ဟု မေး၏။ ထိုအခါ ကေဝဋ္ဋပုရောဟိတ်က—

“အရှင်မင်းကြီး....ကျွန်ုပ်တို့ အစီအစဉ်ရှိခဲ့တဲ့အတိုင်း ဥယျာဉ်တော်မှာ အောင်ပွဲခံပြီး ကိုးဆယ့် ကိုးယောက်သော မင်းတို့ကို အောင်သေရည်တိုက်ကျွေးပြီး လုပ်ကြံရပါမယ်”ဟု လျှောက်ထားလေ၏။

မင်းကြီးလည်း ပုရောဟိတ်လျှောက်ထားသည့်အတိုင်း ဆောင်ရွက်ရန် ဥယျာဉ်တော်တွင် ပွဲသဘင် ကျင်းပရေးအတွက် သက်

ဆိုင်ရာမှူးမတ်များအား စီစဉ်လေ၏။ပြီးလျှင် များစွာသော သေ ရည်အိုးတို့၌ သေအရက်ကိုထည့်စေကာ ငါးအမဲကြက်ငှက်စသော စားသောက်ဖွယ်ရာများကိုပါ စီစဉ်ရန် အမိန့်မှတ်လေ၏။

ယင်းပွဲတော်ကြီးအတွက် စီစဉ်ဆောင်ရွက် တာဝန်ယူရသော မှူးမတ်တို့သည် ဥယျာဉ်တော်တွင် မဏ္ဍပ်ကန္နားများ ဆောက်လုပ် ခြင်း၊ မဏ္ဍပ်ကန္နားများကိုလှပစွာ ဆင်ယင်မွမ်းမံခြင်း၊ ကိုးဆယ့် ကိုးယောက်သော မင်းများအတွက် ထီးဖြူများ စိုက်ထူလျက် ရာဇပလ္လင်များကိုထားရှိခြင်း၊ စူဠနီဗြဟ္မဒတ်မင်းကြီးအတွက် ရာဇ ပလ္လင်ကို အထူးအခြားပြု၍ မွမ်းမံခြင်းများ ပြုလုပ်ကြလေသည်။

ပဥ္စာလရာဇ်နိုင်ငံသို့ရောက်ရှိနေသော မဟောသဓာ၏ သူလျှို အမတ်သည် ထိုသို့ ဥယျာဉ်ပွဲသဘင်ကျင်းပရန် စီစဉ် နေသည်ကို မဟောသဓာထံသတင်းပို့၏။ မဟောသဓာသည် ထိုသေသောက် ပွဲသဘင်ကို မည်သည့်နေ့ရက်၌ ကျင်းပမည် ဖြစ်ကြောင်း သိ အောင်စုံစမ်းပြီး အမြန်ဆုံးအကြောင်း ပြန်ကြားရမည်ဟု အမှာ ပြုလိုက်၏။

သူလျှိုအမတ်လည်း မဟောသဓာမှာကြားသည့်အတိုင်း စူဠနီ ဗြဟ္မဒတ်မင်း သေသောက်ပွဲ ကျင်းပမည့် နေ့ရက် အချိန်တို့ကို ရအောင်စုံစမ်းပြီး မဟောသဓာထံ ပြန်ကြားသတင်း ပို့လိုက်လေ သည်။

ပဥ္စာလရာဇ်နိုင်ငံသို့ရောက်ရှိနေသောသူလျှိုမှာ ထူးခြားသော အစီအစဉ်နှင့် လှုပ်ရှားမှုများအခြေအနေကိုများသာ သတင်းပို့နိုင် ၏။မင်းကြီးနှင့်ပုရောဟိတ်တို့တိုင်ပင်ထားကြသည်ကိုကား သူမသိ ၍ မပို့နိုင်။ သို့သော်ကိစ္စမရှိ။ မဟောသဓာသည် ကျေးသူလျှို အားစေလွှတ်၍ သတင်းရယူပြီးပြီ မဟုတ်လော။

သို့ကြောင့် ယခု ဥယျာဉ်ပွဲသဘင်မှာ ကောင်းသောပွဲသဘင် မဟုတ်ဘဲ၊ ၉၉-ခယောက်သောထီးဆောင်းမင်းတို့အား သတ်ဖြတ်မည့် ပွဲဖြစ်ကြောင်း မဟောသဓာသိထားသည်။ ယင်းသို့ သိထားသည့်အတွက် ထိုမင်းမျ‌ား၏ အသက်ကို ကယ်ဆယ်ရန် မဟောသဓာဆောင်ရွက်မည်ဟု အကြံပြုလေသည်။

မဟောသဓာသည် ဖွားဖက် သူရဲကောင်း တထောင်တို့အား ခေါ်ယူကာ လုပ်ဆောင်ဘွယ်ရာ အစီအစဉ်များကို အသေးစိတ်မှာထားညွှန်ကြားလျက် ပဥ္စာလရာဇ်နိုင်ငံကိုစေလွှတ် လိုက်သည်။ သူရဲကောင်းတထောင်တို့သည် မဟောသဓာ စေခိုင်း ညွှန်ကြားနာယူမှတ်သားကာ စူဠနီဗြဟ္မဒတ်မင်း၏ ဥယျာဉ်တော်သို့ ရှေးရှုချီတက်ခဲ့ကြ၏။

သူရဲကောင်းတထောင်တို့သည် ဥယျာဉ်တော်သို့ ရောက်လေလျှင် စူဠနီဗြဟ္မဒတ်မင်းနှင့် အနီးကပ်ဆုံး ရာဇပလ္လင်၌ မူလခင်းကျင်းထားသည်များကို ဖယ်၍ သူတို့ ယူဆောင်လာသော ခင်းကျင်းဖွယ်ရာ အဖြာဖြာတို့ကို ခင်းကျင်းကြလေသည်။ အစောင့်များက တားသောအခါ—

"ဒါ ငါတို့ဝိဒေဟရာဇ်မင်းကြီးနေရာ" ဟုဆိုကာ ထိုနေရာကို အတင်းအဓမ္မ လုယူကြ၏။

ပွဲသဘင်ကို စီမံအုပ်ချုပ်သူများ၊ အစောင့်အရှောက်များက—

"ဟေ့-မင်းတို့ ဝိဒေဟရာဇ်မင်းက တိုင်းငယ်ပြည်ငယ်က မထင်ရှားတဲ့မင်းကွ၊ ငါတို့ဘုရင် ဧကရာဇ်မင်းမြတ်အနား မကပ်နဲ့၊ ထိုက်တန်ရာ အဝေးကိုသွား" ဟု နှင်ထုတ်ကြ၏။ မဟောသဓာ၏ သူရဲကောင်းတို့ကလည်း—

"ငါတို့ ဝိဒေဟရာဇ်မင်း ထက်မြတ်တဲ့မင်းဟာ ဗြဟ္မဒတ်မင်းကြီးတပါးထဲသာရှိတယ်။ ကျန်တဲ့မင်းတွေဟာ ငါတို့မင်းကြီးထက် ဘယ်သူမှမမြတ်ဘူး၊ ဒါကြောင့် ဗြဟ္မဒတ်မင်းကြီးအနားမှာ ငါတို့ ဝိဒေဟရာဇ်မင်းကြီးသာ နေရမယ်" ဟု ပြန်ပြောပြီး ဆက်လက်ခင်းကျင်းမြဲ ခင်းကျင်းသည်။

ထိုအခါ ပဉ္စာလရာဇ် မှူးမတ်စစ်သည်များသည် မဟောသဓာ၏ သူရဲကောင်းများကို တွန်းထိုးပုတ်ခတ် နှင်လွှတ်ကြ၏။ ဤတွင် မဟောသဓာ၏ သူရဲကောင်း များသည် သေရည် အိုးများကို တလုံးမကျန် ရိုက်ခွဲကြပြီး စားဖွယ်သောက်ဖွယ် အားလုံးကို ဖျက်ဆီးပစ်ကြသည်။ ယင်းကဲ့သို့ မမျှော်လင့်သော အဖြစ်နှင့် ကြုံရသောကြောင့် ပဉ္စာလရာဇ် မှူးမတ်စစ်သည်တို့ ယုတ္တရက်ဘာလုပ်ရမည်မသိ၊ ကြောင်ပြီးကြည့်နေမိကြသည်။ မဟောသဓာ၏ သူရဲကောင်းများ လုပ်ကိုင်ဆောင်ရွက်ပုံကလည်း ရဲရင့်လျင်မြန်လွန်းလှ၏။ သူရဲကောင်းများသည် ဖျက်ဆီးစရာများကို ဖျက်ဆီးပြီးနောက်—

"ငါတို့ဟာ ဝိဒေဟရာဇ်နိုင်ငံက မဟောသဓာ စစ်သူကြီးစေလွှတ်လိုက်တဲ့ သူရဲကောင်းများဖြစ်တယ်၊ ငါတို့ကိုဖမ်းရဲရင်ဖမ်းကြ၊ ငါတို့အကြောင်း သိမယ်" ဟု ပြိုင်တူ ကြွေးကြော်ကြုံးဝါးကြကာ ဥယျာဉ်တော်မှ ထွက်ခွာသွားကြလေသတည်း။



# စူဠနီဗြဟ္မဒတ်မင်း မိထ္ထိလာပြည်သို့ စစ်ချီခြင်း

စူဠနီဗြဟ္မဒတ်မင်းကြီးသည် မိမိစီစဉ်ထားသော သေသောက်ပွဲအခမ်းအနားကို မဟောသဓာ၏ သူရဲကောင်းများက လာရောက်ဖျက်ဆီးသွားသည်ဆိုသောသတင်းကို ကြားရသောအခါ အမျက်ဒေါသ ထောင်းထောင်းထလျက်ရှိ၏။ ၉၉-ယောက်သော ထီးဆောင်းမင်းများကလည်း မိမိတို့၏ကြီးစွာသော သေသောက်ပွဲသဘင်ကြီးအား မဟောသဓာ၏လူများ လာရောက်ဖျက်ဆီးခံရသောကြောင့် မခံမရပ်နိုင်ရှိနေကြသည်။ မူးမတ်ဗိုလ်ပါအပေါင်းသည်လည်း အောင်ပွဲသဘင်ကြီးတွင် ပျော်ရွှင်မြူးတူးခြင်း မပြုရသည့်အတွက် မိထ္ထိလာပြည်သားတို့ အပေါ် အမျက်ပွားကာ ကျိတ်ခဲမကျေ ရှိနေကြလေသည်။

ဗြဟ္မဒတ်မင်းကြီးသည် ထီးဆောင်းမင်းများကို ခေါ်ယူစုဝေးစေလျက် ဤသို့မိန့်မြွက်၏။

"အချင်းတို့....ငါတို့စီစဉ်ထားတဲ့ မဟာအောင်ပွဲ သဘင်ကြီးကို မိတ္ထီလာပြည်သားများ လာရောက်ဖျက်ဆီးသွားကြပြီ။ ဒါဟာ ငါကဲ့သို့သော ကေရဇ်ဘုရင်နဲ့ သင်တို့အားလုံးကို ရန်စစိမ်ခေါ်တာ အမှန်ဖြစ်တယ်။ ငါတို့ ဒီလိုအတိုင်း ငုံခံနေရင် ညံ့ရာကျမယ်၊ ဒါကြောင့် ဝိဒေဟရာဇ်နိုင်ငံကို တိုက်ခိုက်သိမ်းယူတော်မူပြီး ဝိဒေဟရာဇ်မင်းကြီးကို အရှင်ဖမ်း၊ ငါကိုယ်တော်တိုင် လည်ပင်းကို သန်လျက်နဲ့ ဖြတ်ပြီးမှ ဒင်းရဲ့ အလောင်း ကောင်ကိုနင်းပြီး အောင်သေသောက်ပွဲကြီး ကျင်းပမယ်၊ စစ်သည်ဗိုလ်ပါတို့ကိုစုရုံးကြ၊ စစ်ပြင်ကြ"

မင်းကြီး မိန့်မြွက်သည်ကိုကြားလျှင် ၉၉-ယောက်သော ထီးဆောင်းမင်းတို့သည်လည်း တက်ကြွသောမာန်၊ မခံချင်စိတ် ဒေါသဖြင့် ၎င်းတို့၏တပ်များကို အသီးသီး စုရုံးပြင်ဆင်ကြလေသည်။ ယင်းသို့ တပ်များစုရုံးပြင်ဆင်နေဆဲတွင် စူဠနီဗြဟ္မဒတ်မင်းကြီးသည် ကေဝဋ္ဋပုရောဟိတ်အားခေါ်၍ နှစ်ယောက်ချင်း မေးမြန်းတိုင်ပင်၏။

"ဆရာအမတ်ကြီး... အခု ငါတို့မိတ္ထီလာမင်းရဲ့ အစော်ကားကို ခံခဲ့ရပြီ၊ ဆရာအမတ်ကြီးနဲ့ ငါတို့ တိုင်ပင်ထားတဲ့ကိစ္စလဲ ပျက်ခဲ့ရပြီ၊ မိတ္ထီလာဟာ ငါ့ရဲ့ရန်သူဖြစ်ပြီ၊ ဒါကြောင့် မိတ္ထီလာကို ငါတို့ချီတက်တိုက်ခိုက်မယ်၊ ဒီအရေးအတွက် ဆရာပုရောဟိတ် ဘယ်လိုသဘောရသလဲ"

ကေဝဋ္ဋပုရောဟိတ်သည် ပဉ္စာလရာဇ် စစ်သည်များသာမက ၉၉-ယောက်သော မင်းများ၏ စစ်သည်အင်အား ပါရှိနေသော မိမိတို့ပြည်သို့ သူရဲတထောင်မျှနှင့် လာရောက်ပြီး သေသောက်ပွဲတော်ကြီးကို ဖျက်ဆီးဝံ့သော စစ်သူကြီးမဟောသဓာ၏ အကြံ

ဉာဏ်၊ပရိယာယ်နှင့် သူရသတ္တိတို့ကို တွေးချင့်ပြီးသော် ဤသို့ လျှောက်ထား၏။

"အရှင်မင်းကြီး....သူရဲတထောင်ကိုစေလွှတ်၍ သေအိုးအရက်အိုးများကို ဖျက်ဆီးစေတာဟာ ဝိဒေဟရာဇ်မင်းကြီးရဲ့ အကြံဉာဏ်မဟုတ်ပါ၊ မဟောသဓာ၏ အကြံဉာဏ်သာ ဖြစ်ပါတယ်၊ မဟောသဓာစစ်သူကြီးဟာ ဘုန်းကမ္ဘာပညာဉာဏ် ကြီးမားသူဖြစ်ပါတယ်၊ ဒါ့ကြောင့် မိတ္ထိလာပြည်ကို တိုက်ခိုက်သိမ်းယူဘို့ လွယ်မယ်မဟုတ်ပါ၊ အကယ်၍ တိုက်ခိုက်သိမ်းယူလို့မရရင် ကျွန်ုပ်တို့သာ အရှက်တကွဲအကျိုးနဲ့ ဖြစ်ရပါလိမ့်မယ်၊ ဒါကြောင့် မိတ္ထိလာကိုမတိုက်ဘဲ သည်းခံတော်မူစေချင်ပါတယ်"

ကေဝဋ္ဋပုရောဟိတ် တင်လျှောက်သည်ကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းကြီး မျက်နှာတင်းမာသွား၏။

"ဒီမှာ-ဆရာအမတ်ကြီး....သင်ဟာ ဝိဒေဟရာဇ်ရဲ့ စစ်သူကြီး မဟောသဓာကို အလွန်ကြောက်နေပါလား၊ သင်ကြောက်ရင် ငါ့ခြီရာကိုမလိုက်နဲ့ ငါကတော့ ဝိဒေဟရာဇ်မင်းရဲ့ လည်ချောင်းသွေးနဲ့ ခြေဆေးရမှုဖြစ်မယ်၊ အခုဘဲ တပ်မတော်ကို ချီတော်မူမယ်"

စူဠနီဗြဟ္မဒတ်မင်းကြီးသည် နယ်ပယ်ချဲ့ရာတွင် အောင်ပွဲရခဲ့သည်တကြောင်း၊ မဟောသဓာ၏ ဉာဏ်ပညာကို အထင်မကြီးသည်ကတကြောင်း၊ မိတ္ထိလာပြည်ငယ် ဂျင်ကလယ်ကို အထင်သေးသည်ကတကြောင်း၊ မိမိ၌ရှိနေသော တဆယ့်ရှစ် ခေါဘဏီမျှသော တပ်မတော်ကြီး၏ အင်အားကို ယုံကြည်စိတ်ချကာ မာန်တက်လျက် ရှိနေသည်ကတကြောင်းတို့ကြောင့် ကေဝဋ္ဋပုရော

ဟိတ်၏ အကြံပေးမှုကို လက်မခံဘဲ ၉၉- ယောက် သော ထီးဆောင်းမင်းတို့ခြံရံလျက် မိတ္ထိလာပြည်သို့ စစ်ချီလေသည်။

ကေဝဋ္ဋပုရောဟိတ်မှာ မိမိတားမြစ်သည်ကို မင်းကြီးမနာယူ ငြားသော်လည်း စစ်ထွက်ရာသို့ မလိုက်ဘဲ မနေဝံ့သော ကြောင့် မင်းကြီးနှင့်အတူလိုက်ပါခဲ့ရ၏။

မဟောသဓာစေလွှတ်ထားသော သူလျှိုများသည် စူဠနီဗြဟ္မဒတ်မင်းကြီး မိတ္ထိလာပြည်သို့ တဆယ့်ရှစ်ခေါဘိဏီတပ်ကြီးဖြင့် တိုက်ခိုက်သိမ်းယူရန်စစ်ချီလာကြောင်း သတင်းပို့ကြ၏။ သူလျှိုများမှာ တရာသောထီးဆောင်းမင်းများထံစေလွှတ်ထားသည်ဖြစ်၍ စူဠနီဗြဟ္မဒတ်မင်းစစ်ချီရာတွင် အတူပါလာကြသည်။ သို့ကြောင့် ယခုအခါ မည်သည့်အရပ် မည်သည့်ဒေသသို့ စစ်ဦးရောက်ပြီ၊ မည်သည့်အရပ် မည်သည့်နေရာတွင် မည်သည့်မင်း၏တပ် ရှိသည် စသော သတင်းပို့ချက်အတွင်းရေးများကို မဟောသဓာ သိနှင့်နေရ၏။ မဟောသဓာကြားသိသမျှကိုလည်း ဝိဒေဟရာဇ်မင်းကြီး ကြားသိနေရလေသည်။

စူဠနီဗြဟ္မဒတ်မင်း၏တပ်မတော်ကြီးသည် ညအချိန်၌ မိတ္ထိလာပြည်သို့ ဆိုက်ရောက်လာကာ အဝန်းခုနစ်ယူဇနာကျယ်သော မိတ္ထိလာပြည်ကို ဆင်တတပ်၊ မြင်းတတပ်၊ ရထားတတပ် ဝန်းရံစေကာ၊ ထိုဆင်မြင်းရထားတို့၏သင့်လျော်ရာအကြားအကြားတို့၌ တဆယ့်ရှစ်ခေါဘိဏီသော တပ်သားများကို ချထားနေရာယူစေလျက် မီးရှူးမီးတိုင်များကို ထွန်းညှိလိုက်သောအခါ နေ့နှင့်မခြား လင်းထိန်သွားကာ ကြီးမားသောတပ်မဟာကြီးကို မိတ္ထိလာပြည်သူပြည်သားများအား တွေ့မြင်စေသည်။

မိတ္ထီလာပြည်ကို ဝိုင်းရံထားသော တပ်ခမဟာကြီးသည် နေရာအရပ်ရပ်မှ စည်မောင်း ပတ်သာ ဒူရိယာမျိုးစုံတို့ကို တီးမှုတ်လျက်ကခုန်မြူးထူးကြလေသည်။ အချို့သောစစ်သည်များက လက်ပန်းပေါက်ခတ်၍ လက်ခုပ်ရေးပြုကြသည်။ အချို့သောစစ်သည်များက ဓားရေးလှံခင်းမြင်းစီးလှေကျင့်လျက် စစ်ရေးပြုကြသည်။

"ဝိဒေဟရာဇ်မင်းကြီးကို ဘယ့်နှယ်ဖမ်းမယ်"

"ဒီ့နှယ်ဖမ်းမယ်"

"ဝိဒေဟရာဇ်မင်းကြီးခေါင်းကို ဘယ့်နှယ်ဖြတ်မယ်"

"ဒီ့နှယ်ဖြတ်မယ်"

"မိတ္ထီလာပြည်ကို ဘယ့်နှယ်သိမ်းမယ်"

"ဒီ့နှယ်သိမ်းမယ်"

"မဟောသဓာကို ဘယ့်နှယ်ဖမ်းမယ်"

"ဒီ့နှယ်ဖမ်းမယ်"

"မဟောသဓာခေါင်းကို ဘယ့်နှယ်ဖြတ်မယ်"

"ဒီ့နှယ်ဖြတ်မယ်"

"ရဲမက်တို့"

"ထိုးကြ-ခုတ်ကြ-ပစ်ခတ်ကြ"

စစ်စည် စစ်မောင်းသံများ၊ ဒူရိယာ တီးခတ်သံများ၊ ခြိမ်းခြောက်ကြွေးကြော်သံများမှာ တခဲနက်ထွက်ပေါ်နေလျက် မြေကြီးတုန်ခါအက်ကွဲတော့မည်လား ထင်ရသည်။ ကြောက်မက်ဖွယ်သောအသံကြီးများသည် မိတ္ထီလာပြည်သူပြည်သားတို့အား အိပ်ရာမှလန့်နိုးစေသည်။ မြို့သူမြို့သားများ အထိတ်ထိတ်အလန့်လန့်ဖြစ်ကုန်ကြသည်။

သေနကအမှူးပြုသော သုခမိန်ကြီး ၄–ဦးသည်လည်း အိပ်ရာမှ လန့်နိုးကာ တဦးအိမ်သို့တဦး အပြေးအလွှားသွားပြီး-

"ဘာဖြစ်တာလဲ"

"ဘယ်လိုဟာလဲ"

"ဘာတွေဖြစ်ကုန်တာလဲ"စသည်ဖြင့် ကြောက်လန့်တုန်ယင်စွာ မေးမြန်းကြသည်၊

ယင်းသို့ မေးမြန်းသော်ငြားလည်း စူဠနီဗြဟ္မဒတ်မင်း၏ တပ်မဟာကြီးချီလာမည်ကို ကြိုတင်သိထားခြင်းမရှိသဖြင့် တဦးကို တဦး အဖြေမပေးနိုင်ကြ။ ဤဘွင် ဝိဒေဟရာဇ်မင်းကြီးထံ ပြေးသွားကြသည်။ မင်းကြီးလည်း ကြောက်မက်ဘွယ်ရာအသံများကြောင့် အိပ်ရာမှနိုးထနေ၏။

အမတ်သုခမိန် ၄-ယောက်သည် မင်းကြီးရှေ့တော်သို့ရောက်သည်တွင် သေနကသုခမိန်က ...

"အရှင်မင်းကြီး....အနုမြို့တော်ကို ဝိုင်းရံ၍အော်ဟစ် ဆူညံနေတဲ့ အုတ်အုတ်ကျက်ကျက် အသံတွေဟာ ဘာသံတွေလဲ ဆိုတာ စုံစမ်းတော်မူသင့်ပါတယ်"ဟု လျှောက်ထား၏။

ဝိဒေဟရာဇ်မင်းကြီးလည်း သုခမိန်အမတ်ကြီး လျှောက်ထားလေသောအခါ မိမိသကင်းကြားထားသည့် အတိုင်း စူဠနီဗြဟ္မဒတ်မင်းကြီး ချီတက်လာကာ မြို့ကိုဝိုင်းရံခြင်းလားဟု တွေးမိပြီး၊ နန်းတော် လေသာပြူတင်းကို ဖွင့်၍ ကြည့်လိုက်သည်။ ထုထယ်အင်အား ကြီးမားလှစွာသော စစ်သည် စစ်မြင်း စစ်ဆင် စစ်ရထားနှင့် မီးရှူးတိုင်တို့၏ အလင်းရောင်တွင် တပြောင်ပြောင် တလက်လက်တောက်ပနေသော မားလုံ့လေးမြှားလက်နက်များကို

ကိုင်သောင်ကာ အားမာန်တက်ကြွစွာ ဟစ်အော်ကြွေးကြော်နေကြသော စစ်တပ်ကြီးကို မြင်တွေ့လိုက်ရသောအခါ မင်းကြီးကြက်သီးဖြန်းဖြန်းထလျက် တုန်ခါသွားလေတော့သည်။

"ဆရာသုခမိန်တို့....ငါတို့ မိတ္ထီလာပြည်ကို စူဠနီဗြဟ္မဒတ်မင်းက အင်အားကြီးမားတဲ့ စစ်တပ်ကြီးနဲ့ ဝိုင်းရံထားပြီ၊ အဲဒီစစ်တပ်ကြီးကိုငါတို့ ဘယ်လိုမှ တားဆီးဆို့ပိတ် တွန်းလှန် နိုင်တော့မည်မဟုတ်ပါ ထွက်ပြေးလွတ်မြောက်စရာလဲ လမ်းပေါက်မရှိတော့ပါ၊ နံနက်မိုးသောက် အလင်းရောက်တာနဲ့ တပြိုင်နက် ငါတို့ရော၊ တိုင်းသူပြည်သားများရော၊ စူဠနီဗြဟ္မဒတ်မင်းရဲ့ လက်တွင်းမှာ စင်းစင်းသေကြရတော့မယ်"

မင်းကြီး တုန်ယင်သောအသံနှင့် ညည်းညူကာ ပြောလိုက်လေရာ သုခမိန် ၄-ဦးသည်လည်း မည်သို့မျှ မကြံတတ်ကြတော့ဘဲ ကိုယ်များ အေးစက် တောင့်တင်း သွားကြလေသည်။ သွေးဆုတ်ဖြူရော်သော မျက်နှာများဖြင့် ကျောက်ရုပ်ကြီးများနှယ် ငြိမ်သက်နေကြလေသည်။

စစ်သူကြီးမဟောသဓာသည် စစ်သေနာပတိဝတ်စုံကို အပြည့်အစုံ ဝတ်ရုံဆင်မြန်းလျက်ကြောက်ရွံ့ခြင်းလုံးဝမရှိသော ကေသရာဇာ ခြင်္သေ့မင်း၏ အသွင်ဖြင့် မိမိ၏တပ်များအား လုံခြုံရေးအတွက် အစောင့်အရှောက်အခိုင်အမာ ခန့်ထားစီရင်၏။ မဟောသဓာ၏ စစ်သည်ရဲမက်များသည် သေနာပတိ၏ ကြောက်ရွံ့ခြင်းကင်းသော သွင်ပြင်ကို တွေ့မြင်ရသောအခါ စစ်သွေး စစ်မာန်တက်ကြွလာကြပြီး မြေကြီးတုန်မျှ ဆူညံနေကြသော ရန်သူစစ်အင်အားကို ခြအုံပုရွက်အုံမျှသာ သဘောထားလျက် မိမိတို့ မြို့တော်ကို တလက်မမျှ ကျူးကျော်မခံဟု သန္နိဋ္ဌာန်ချကာ ခုခံ

တွန်းလှန်ရန် အသင့်ပြင်ဆင်ထားကြလေ၏။ မဟောသဓာသည် မိမိတပ်များကို နေသားတကျ စီစဉ်ချထားပြီးနောက် မြို့ချုပ် မြို့အုပ် အုပ်ချုပ်ရေးအဖွဲ့နှင့် မင်းလုလင်များကို စုဝေးစေကာ မြို့သူမြို့သားများအား အထိတ်အလန့်မရှိရအောင် ချုပ်ကိုင်ထိန်းသိမ်းစေပြီးမှ ဝိဒေဟရာဇ်မင်းကြီး ရှေ့တော်သို့ ဝင်၏။

မဟောသဓာကို မြင်သောအခါ ကျောက်ရုပ်ကြီးများနှယ် ငြိမ်သက်နေကြသော မင်းကြီးနှင့် သုခမိန် ၄-ယောက် အသက်ဝင် လှုပ်ရှားသွားကြသည်။ မင်းကြီးသည် မဟောသဓာအား စစ်သေနာပတိကြီး၏ ဝတ်စုံဖြင့် မြင်တွေ့လိုက်သဖြင့် အားတက်သွား၏။ 'ဤအရေးအခင်းတွင် ငါ၏သားတော် မဟောသဓာမှတပါး အခြား အားကိုးဘွယ်မရှိ'ဟု တွေးမိ၏။

"သားတော် မဟောသဓာ....အခု ငါတို့ မြို့တော်ကို စူဠနီဗြဟ္မဒတ်မင်းရဲ့ အလွန်အင်အားကြီးမားလှတဲ့ တဆယ့်ရှစ်ခေါဘဏီတပ်ကြီးနဲ့ ဝိုင်းရံထားပြီး ဒီအတိုင်းဆိုရင် ငါနဲ့အတူ မိတ္ထိလာပြည်သူပြည်သားအားလုံး နံနက်မိုးသောက် အလင်းရောက်တာနဲ့ တပြိုင်နက် စူဠနီဗြဟ္မဒတ်မင်း၏ တပ်ရဲ့ နင်းဖြေတာကို စိစိညက်ညက် ကြေအောင်ခံရတော့မှာ မလွဲပြီ။ ဒီအဖြစ်ဆိုးမှလွတ်မြောက်အောင် ကယ်တင်နိုင်မဲ့ သူမှာ ငါ့သား သုခမိန် တယောက်ဘဲရှိမယ်လို့ ခမည်းတော်ထင်တယ်၊ သားတော် ဘယ်လိုကြံမလဲ ပြောပါအုံး"

မင်းကြီးသည် အလွန်အမင်း ထိတ်လန့်ကြောက်ရွံ့လျက်ရှိရာမှ မဟောသဓာသုခမိန်ကို အားကိုးခြင်းကြီးစွာဖြင့် ပြောရှာလေသည်။

မဟောသဓာသည် မင်းကြီး အလွန်ထိတ်လန့် ကြောက်ရွံ့နေသည်ကိုသိရသောအခါ စကြာဝဠာ အနန္တတွင် ဘာဆိုဘာကိုမျှ ကြောက်ရွံ့စရာမရှိဆိုသောပုံစံဖြင့် ကိုယ်နေဟန်ထားကို ခန့်ငြားရဲရင့်စွာ ပြင်လိုက်ပြီး--

"ခမည်းတော်....စိတ်အေးချမ်းသာ စံနေတော်မူပါ၊ ခါတိုင်း စံမြန်းသလို နန်းမသုံးဆောင်မှာ လှည့်လည်စံမြန်းပြီး အပန်းဖြေတော်မူပါ၊ သားတော်တယောက်လုံးရှိရက်နဲ့ မိတ္တိလာပြည် သူတပါးလက်အောက် ရောက်ရမယ်ဆိုရင် ရာဇဝင် ရိုင်းပါလိမ့်မယ်၊ အရှင်မင်းကြီးသားတော်ရဲ့ ပညာစွမ်းကို ယုံကြည်တော်မူပါ၊ တဆယ့်ရှစ်ခေါဘဏီမျှ အထုအထယ်ကြီးမားလှတဲ့ ပဥ္စာလရာဇ်စစ်သည်အပေါင်းကို သားတော်က ကျီးအုပ်ကို အုပ်ခဲနဲ့ ရွယ်ပြီး လွှန့်ချောက်သလို၊ တောအရပ်မှာ မျောက်အုပ်ကို လေးခြားနဲ့ ရွယ်ပြီး ချောက်လှန့်သလို တဆယ့်ရှစ် ခေါဘဏီ တပ်ကြီးဟာ ကိုယ်ဝတ်ပုဆိုးတောင် မပါဘဲပြေးအောင် ချောက်လှန့်ပစ်လိုက်ပါမယ်၊ အရှင်မင်းကြီးစိတ်ချတော်မူပါ"

မဟောသဓာသည် ဝိဒေဟရာဇ်မင်းကြီးအား နှစ်သိမ့်စေပြီးလျှင် ရှေ့တော်မှထွက်ခွာခဲ့၏။ ပြီးလျှင် မင်းချင်းတို့အား ခေါ်ယူပြီး မြို့တွင်း၌ စည်မောင်းလည်စေသည်။

မြို့သူမြို့သားများမှာ မြို့အုပ်မြို့ချုပ်များ၏ ကွပ်ကဲထိန်းသိမ်းမှုကြောင့် ငြိမ်နေကြရသော်လည်း စိတ်တွင်အေးချမ်းခြင်းမရှိ။ မြို့ပြင်မှ တိုက်စည်တိုက်မောင်းသံများနှင့်အတူ ခြိမ်းချောက်ကြွေးကြော်သံများကို ကြားနေကြရလေရာ အနေမဖြောင့်ရှိကြသည်။ ထိတ်လန့်ကြောက်ရွံ့နေကြသည်။ ယင်းသို့ရှိစဉ် စည်မောင်းလည်သံကြားသဖြင့် နားစွင့်၍ထောင်ကြသည်။

"တိုင်းသူပြည်သား လူအများတို့လေး....ဝိဒေဟရာဇ်မင်းကြီး၏ သားတော် သေနာပတိစစ်သူကြီး မဟောသဓာ အမိန့်တော်ရှိလိုက်သည်မှာ၊အပြင်မှဝိုင်းရံဆူညံနေတဲ့ အသံတွေနဲ့ပတ်သက်ပြီး ဘာမှစိုးရိမ်ကြောက်လန့်ခြင်း မဖြစ်ကြလေနဲ့၊ ယနေ့မှစ၍ လှပစွာ ဝတ်ဆင်ပြီး သနပ်ခါး နံ့သာများလိမ်းကျံကာ၊ ငါးပါးသော ဒူရိယာများကို တီးမှုတ်ကခုန်ကြ၊ ပွဲလမ်းသဘင် ဆင်ယင်ကျင်းပကြ၊ အစွမ်းကုန်မြူးရွှင်ကြ၊ မိတ္ထိလာပြည်တွင်းမှာ စားနပ်ရိက္ခာအလုံအလောက်ရှိတယ်၊ တိုင်းသူပြည်သားများ စားနပ်ရိက္ခာအတွက် သားတော် မဟောသဓာက လုံးဝတာဝန်ယူမယ်၊ ယခုစစ်ပွဲမှာ သေနာပတိစစ်သူကြီး မဟောသဓာရဲ့ အစွမ်းကိုတိုင်းသူပြည်သားများ မကြာခင် မြင်တွေ့ရလိမ့်မယ်"

ထိုစည်မောင်းလည်သံ ကြားကြ ရသော အခါ တိုင်းသူပြည်သား အားလုံး ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိကြတော့ဘဲ မဟောသဓာ၏ အမိန့်အတိုင်း ရွှင်မြူးကခုန်ကြသည်။ ပွဲလမ်းသဘင်များ ခင်းကျင်းကပြကြသည်။ အပြင်မှရန်သူများ ဝိုင်းရံထားသည်ဟုပင် အမှတ်မထားသကဲ့သို့ ရှိနေကြလေသည်။

မိတ္ထိလာပြည်ကို ရန်သူများ ပတ်ပတ်လည် ဝိုင်းရံထားသည့် တိုင်းတံခါးမကြီးများကိုသာပိတ်၍ တံခါးငယ်များကို ဖွင့်ထားသည်ဖြစ်သောကြောင့် ပဉ္စာလရာဇ်စစ်သားများ မြို့တွင်းသို့ဝင်ထွက်သွားလာကြသည်။ မဟောသဓာ၏ စစ်သားများသည် မိမိတို့အား ရန်ပြုသူများကိုသာ သုတ်သင်၍ ရန်မပြုသော ရန်သူစစ်သားများအား ဘေးမဲ့ပေးထားကြ၏။

ရန်သူစစ်သားများသည် မြို့တွင်းသို့ဝင်ကာ ပွဲလမ်းသဘင်များကို ကြည့်ရှုကြ၏။ အင်အားကြီးမားသော ပဉ္စာလရာဇ်

စစ်သည်များက ဝိုင်းရံထားပါလျက် မိတ္ထိလာပြည်သူပြည်သားများ သေမည့်ဘေးကို စိုးစဉ်းမျှ ကြောက်ရွံ့ခြင်းမရှိဘဲ ပျော်ရွှင်မြူးတူးနေသည်ကို မြင်တွေ့ရသောအခါ တဖက်မှ ရန်သူစစ်သားများ နားမလည်နိုင်အောင် ဖြစ်နေကြရလေသည်။

စူဠနီဗြဟ္မဒတ်မင်းကြီးသည် မြို့တွင်းမှပြန်လာသော စစ်သားများထံမှ မိတ္ထိလာပြည်သူပြည်သားများ အထူးရွှင်မြူးကခုန်နေကြသည်ဆိုသော သတင်းကို ကြားသိရသောအခါ ‘ငါကဲ့သို့သော ဧကရာဇ်မင်းသည် တဆယ့်ရှစ်ခေါ်ဘဏီတပ်မဟာကြီးနှင့် မြို့ကို ဝိုင်းရံထားပါလျက်ကနှင့် သေဘေးကိုမကြောက်ဘဲ ဤပြည်သူပြည်သားများ ပျော်ရွှင်မြူးတူးနေကြသည်မှာ အကြောင်းမည်သို့ရှိမည်နည်း’ ဟု တွေးပြီး အနီးရှိအမတ်များကို မေးမြန်းစုံစမ်း၏။

ထိုအခါ မဟောသဓာ သူလျှိုထားသော အမတ်က သူများထက်ဦးစွာ တင်လျှောက်သည်။

“အရှင်မင်းကြီး.... ကျွန်ုပ်တို့အနေနဲ့ မြို့တွင်းအခြေအနေကို လေ့လာစုံစမ်းဘို့တွက် တံခါးငယ်မှ မြို့တွင်းကို ဝင်ရောက်ခဲ့ကြပါတယ်။ မြို့သူမြို့သားများ ကခုန် မြူးတူး နေတာ တွေ့တော့ သင်တို့မြို့ကို သိမ်းယူဘို့အတွက် ငါတို့အရှင် ဧကရာဇ်မင်းကြီးက တဆယ့်ရှစ်ခေါ်ဘဏီတပ်ကြီးနဲ့ ဝိုင်းရံထားတာကို သင်တို့မသိကြဘူးလားလို့ မေးပါတယ်။ ဒီတော့ မြို့သူမြို့သားများက ငါတို့အရှင် ဝိဒေဟရာဇ်မင်းကြီးဟာ ထီးနန်းကိုမစိုးစံမီ မင်းသားငယ်ဘဝကစပြီး ခုလိုတရာသော ထီးဆောင်းမင်းများက မိတ္ထိလာပြည်ကြီးကို ဝန်းရံပြီး ခစားကြရစေမယ်လို့ စိတ်တော်ရှိခဲ့ပါတယ်၊ အခု ငါတို့အရှင်မင်းကြီးရဲ့ အလိုတော်ပြည့်တော်မူတဲ့

အတွက် ဝမ်းသာလွန်းလို့ ပျော်ပွဲသဘင်များ ခင်းကျင်းပျော်မြူး နေကြတယ်လို့ ဖြေကြပါတယ်၊ ပြီးတဖန် အခုအခါမှာ ငါတို့ အရှင်ဘုရင်ဧကရာဇ်မင်းမြတ်ဟာ ရွှေနန်းတော်ဦးကင်းမှာ မူးမတ် အပေါင်းခြံရံပြီး ထူးမြတ်လှစွာသော အောင်ပွဲကိုခံယူတော်မူကာ အောင်သေ သောက်တော်မူနေပါတယ်၊ တိုင်းသူပြည်သားတို့လဲ အစွမ်းကုန် ပျော်မြူးကြလို့ စည်မောင်းလည်ထားပါတယ်လို့ ပြောကြပါတယ်"

မဟောသဓာ၏သူလျှိုအမတ် ပြောသည်ကိုကြားလျှင်မင်းကြီး သည်၊ ဒေါသအမျက် ချောင်းချောင်းထွက်လျက် မိတ္ထီလာပြည် အား ချက်ချင်းတိုက်ခိုက်သိမ်းယူရန် စီစဉ်လေတော့၏။



# မိတ္ထီလာပြည်ကို ဝိုင်းဝန်းတိုက်ခိုက်ခြင်း

စူဠနီဗြဟ္မဒတ်မင်းသည် တပ်မှူးဗိုလ်မှူးများကို ရှေ့တော်သို့ ခေါ်တော်မူပြီးလျှင်—

“ရဲမက်တို့… လှည်းဘီးစက်နဲ့ သခွားသီးတွေကို နင်းချေသလို၊ အခုတင် မိတ္ထီလာပြည်ကို တိုက်ခိုက်နင်းချေကြရမယ်၊ ပြည်သူပြည်သားတွေရဲ့ ဦးခေါင်းတွေကို တလုံးမကျန် ဖြတ်ယူကြရမယ်။ မြို့ရိုးမြို့တာမှန်သမျှ၊ အဆောက်အဦမှန်သမျှ မြေလှန်ဖျက်ဆီးပစ်ရမယ်၊ ငါ့အမိန့်တော်အတိုင်း အမြန်ဆုံးတိုက်ခိုက်ကြ” ဟု အမိန့်ချမှတ်လေ၏။

တပ်မှူးဗိုလ်မှူးတို့လည်း မိမိဆိုင်ရာ၊ ဆိုင်ရာတပ်များကိုဦးစီးကွပ်ကဲလျက် မြို့အနီးသို့ ချဉ်းကပ်လာကြလေသည်။

မဟောသဓာ၏ စစ်သည်ရဲမက်များသည် မြို့အခြေသို့ချဉ်းကပ်လာသော ရန်သူတပ်များအား ရှပ်ရှပ်ချွံချွံ ခုခံပစ်ခတ်ကြ၏။

မဟောသဓာစစ်သူကြီးသည် မြို့ပတ်လည်ကို အသာထိုင်ရှိမြင်းက-သောရထားဖြင့် လှည့်လည်ကာ မိမိ၏ စစ်သည်များကို ညွှန်ကြားကွပ်ကဲနေ၏။ ပဉ္စာလရာဇ် စစ်သည်များနှင့်စာသော် မဟောသဓာ၏ စစ်သည်များမှာ မြင့်မိုရ်တောင်နှင့် တောင်ပို့ငယ်တမျှ ကွာခြားသေးငယ်၏။ သို့သော် စစ်သေနာပတိကြီး မဟောသဓာ၏ ရဲရင့်သောသွင်ပြင်ကို မြင်တွေ့ရခြင်း၊ မဟောသဓာစစ်သူကြီး၏ စီမံကွပ်ကဲမှုများ အကွက်စေ့ခြင်း စသည်တို့ကြောင့် မိမိတို့ဖက်တွင် အင်အားနဲသည်ဟု မထင်မှတ်ဘဲ တဖက်စစ်သည် အင်အားကို ပုရွက်ခြပိုးများနှယ်သာ သဘောထားပြီး ရှပ်ရှပ် ချွံချွံ ခုခံကြလေရာ ရန်သူတပ်များ မြို့အခြေသို့မကပ်နိုင်ကြ။ လန့်၍လန့်၍ ဆုတ်ခွာနေပြေးကြလေသည်။

ပဉ္စာလရာဇ်တပ်မှူးများသည် ရှေ့တပ်များလန်ပြေးလာလျှင်၊ နောက်တပ်ကိုဆင့်၍လွှတ်ကာ မိတ္ထိလာမြို့ရိုးကို ချိုးဖေါက်နိုင်ရန် ကြိုးစားကြ၏။ သို့သော်လည်း မအောင်မြင်။ ဆက်၍လွှတ်သောတပ်တိုင်း အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေး သွားကြရလေ၏။

မဟောသဓာ၏ စစ်သည်ရဲမက်များသည် အရံမြို့ရိုးငယ်ပေါ်တွင် သေရည်အိုးများ၊ အမဲကြော်၊ ငါးကြော်များကို တင်၍ထားကာ—

“ပဉ္စာလရာဇ်တပ်က အငတ်တွေ၊ စားချင်သောက်ချင်ရင် လာကြယူကြ”ဟု ဟစ်အော်ကာ လှောင်ပြောင်ကြသည်။

အချို့သောစစ်သည်ရဲမက်များက တဖက်ရန်သူတပ်သားများအား လှမ်းဆဲကြ၊ လက်သီးဆုပ်ပြ၊ ကတောင်မြှောက်ပြနှင့်ရန်စကြသည်။ ရန်သူတပ်သားများ ဒေါသဖြစ်ပြီး မြို့ရိုးနားချဉ်းကပ်

လာလျှင် ခဲအုတ်ကျောက်တို့နှင့်ပေါက်ခြင်း၊ မြှားနှင့်ပစ်လွှတ်ခြင်း၊ လုံလျှင်နှင့်ပစ်ခြင်း၊ ဓားတို့နှင့်ပစ်ပေါက်ခြင်းများကြောင့် ရန်သူစစ်သည် အများအပြား ကျဆုံးရလေသည်။

စူဠနိဗြဟ္မဒတ်မင်းကြီးသည် တဆယ့်ရှစ် ခေါဘိဏီမျှသော တပ်မဟာကြီးဖြင့် ၅-ရက်တိုင်တိုင် ဝိုင်းရံတိုက်ခိုက်သော်လည်း မိတ္ထိလာပြည်မှာ ကျောက်တောင်ကြီးပမာ မပြိုမပျက်ကြံ့ကြံ့ခံလျက် ပုံမပျက်ဟန်မပျက် ရှိနေသည်ကို မြင်တွေ့ရသောအခါ စိတ်တွင် အားမလိုအားမရ ဖြစ်သည်နှင့် ကေဝဋ္ဋပုရောဟိတ်အား ခေါ်၍ မည်သို့မည်ပုံ တိုက်ခိုက်သင့်သည်ကို မေးမြန်း၏။ ထိုအခါ ပုရောဟိတ် အမတ်ကြီးက—

"အရှင်မင်းကြီး.... ကျွန်ုပ်တို့အနေနဲ့ ငါးရက်တိုင်တိုင် ဝိုင်းရံတိုက်ခိုက်သော်လည်း မိတ္ထိလာပြည်ဟာ ကျောက်တောင်ကြီးကို ဇီးစေ့နှင့် အပေါက်ခံရသလို ကြံ့ကြံ့ခိုင်ခိုင်ဘဲ ရပ်တည်နေပါတယ်၊ကျွန်ုပ်တို့ရဲ့ စစ်သည်သူ ရဲ သူခက်များဟာလဲ မြို့အခြေကို ဘယ်လိုမှမကပ်ဝံ့ဘဲ ရှိနေကြပါတယ်၊ ဒါကြောင့် အကြမ်းနည်း တိုက်ခိုက်ခြင်းဖြင့် အောင်မြင်စရာ နည်းလမ်းမမြင်ပါ" ဟု တင်လျှောက်၏။

အမတ်ကြီး တင်လျှောက်သည်ကိုကြားလျှင် မင်းကြီးမျက်နှာ တင်းမာသွား၏။ ကေဝဋ္ဋပုရောဟိတ်သည် မိမိတင်လျှောက်ချက်ကို မင်းကြီးမနှစ်သက်မှန်း သိသည်နှင့်—

"အရှင်မင်းကြီး....ကျွန်ုပ်တင်လျှောက်တာဟာ စိတ်ပျက်ပြီး တပ်တော်ကို ဆုတ်ခွာသွားဘို့မဟုတ်ပါ၊ ကျွန်ုပ်အကြံ ဉာဏ်စွမ်းနဲ့ မိတ္ထိလာကို သိမ်းယူနိုင်ပါတယ်"ဟုလျှောက်၏။

ထိုအခါ မင်းကြီးမျက်နှာ ကြည်လင်လာပြီး—
"ဘယ်လိုကြံမလဲ"ဟု မေး၏။

"အရှင်မင်းကြီး... မြို့ဆိုတာ အပြင်မှာသာ ရေရှိပါတယ်၊ မြို့တွင်းမှာ ရေလုံလောက်အောင် မရနိုင်ပါ၊ ဒါ့ကြောင့် မြို့သူမြို့သားများ မြို့အပြင်ကရေကို မခပ်ယူရအောင် ကြပ်မတ်တားမြစ်ရပါမယ်၊ ဝိုင်းရံပိတ်ဆို့ထားရပါမယ်၊ ဒီကြားက ထွက်လာပြီး ရေခပ်ရင်လဲ နောင်မြို့ပြင် မထွက်လာရဲအောင် ဖမ်းဆီးနှိပ်စက်လွှတ်ရပါမယ်၊ ဒီလိုကြာကြာထားရင် တမြို့လုံး ရေပြတ်ပြီး ရေငတ်တဲ့ဘေးကြောင့် မတိုက်မယူရဘဲနဲ့၊ မိတ္ထီလာပြည်ဟာ အရှင်မင်းကြီးထံ အညံ့ခံဝင်ရောက် လာရပါလိမ့်မယ်"

"အို....ဆရာပုရောဟိတ်....သင့်ဦးခေါင်းဟာ တန်ဖိုးရှိလှပါကလား၊ သင့်ဦးနှောက်တွင် ကြံရည်ဖန်ရည် ပြည့်ဝပါကလား၊ သင့်ကို ငါပုရောဟိတ်အရာထားရတာ အကျိုးရှိလှပါတယ်၊ သင့်အကြံအတိုင်း ငါဆောင်ရွက်မယ်"

မင်းကြီးအားရဝမ်းသာ မိန့်တော်မူပြီးလျှင် တပ်မှူးဗိုလ်မှူးများကိုခေါ်၍ ပုရောဟိတ်မင်း အကြံပေးသည့် အတိုင်း စီမံညွှန်ကြားလေ၏။

မဟောသဓာသုခမိန်သည် မိမိ၏ တပ်သားများအား အပြင်မှ ပစ်လွှတ်သောမြှား၌စာပါလာက မိမိထံအမြန်ပို့ဆက် ရမည်ဟု အမိန့်ထုတ်ထား၏။ သူ၏ တပ်သားတယောက်သည် မြှားနှင့်စာကို ယူဆောင်ဆက်သလာ၏။ထိုစာသည် မဟောသဓာ၏ သူလျှိုတဦးထံမှ စာဖြစ်၏။ စာပါ အကြောင်းအရာကတော့ မိတ္ထီလာမြို့သူမြို့သားများအား ရေမရရန် စူဠနီဗြဟ္မဒတ်မင်းက ပိတ်ဆို့ထားကြောင်းဖြစ်၏။

ထိုစာကို ရရှိသောအခါ မဟောသဓာပြုံး၏။ သူသည် ရှေ့ရေးကို တွေးဆ မြော်မြင်တတ်သည် ဖြစ်သောကြောင့် ကြိုတင် စီစဉ်မှုများပြုလုပ်ထား၏။ သူစီစဉ်ပုံမှာ အတောင် ခြောက်ဆယ် ခန့်ရှိသော ဝါးပိုးထက်ခြမ်းခွဲပြီး အဆစ်အဖုများကို ထွင်းဖယ် လျက် နဂိုအတိုင်းပြန်၍ ဝါးနှစ်ခြမ်းကိုထပ်ကာ ကြိမ်ကြိုးများနှင့် အတင်းအကြပ် စည်းနှောင်ပြီးလျှင်၊ ရွှံစေးနှစ်တို့နှင့်လိမ်းကျံ၏။ ပြီးသော် ကမုဒြကြာစေ့ကို ဝါး၌စိုက်ပျိုးထားလေရာ ကြာရိုး တို့မှာ ဝါးတဆုံးအထိရှည်ယုံမက အပေါ်သို့ တတောင်ခန့်မျှစွန်း ထွက်ပြီး အပွင့်များ ပွင့်လျက်ရှိနေ၏။

မဟောသဓာသည် ကြာပင်များကို နှုတ်ယူကာ "စူဠနီဗြဟ္မ ဒတ်မင်း မြင်အောင်ပြုလုပ်ကြ"ဟု စေခိုင်းလိုက်၏။သူ၏ စစ်သည် များသည် အတောင်ခြောက်ဆယ်ကျော်ရှိသော ကြာရိုးများကို ခွေလျက် မြို့တံတိုင်းပေါ်သို့တက်ပြီးလျှင် ပဉ္စာလရာဇ် စစ်သည် တို့အား—

"ဟေ့-ပဉ္စာလရာဇ်စစ်သည်တွေ.. သင်တို့အနေနဲ့ ငတ်ိုနေပြည် တော်အနီးမှာ ငတ်သေတာတော့ မဖြစ်စေရဘူး၊ ရော့ ဟောဒီ ကြာရိုးတွေကိုစားကြ၊ ကြာဝတ်ဆံတွေကို စားကြ"ဟုဆိုကာ ကြာရိုးခွေကြီးများကို ပဉ္စာလရာဇ်စစ်သည်များက အရောက် ပစ် ချပေးကြလေသည်။

ယင်းကြာရိုးခွေကြီးများကို မဟောသဓာ၏ သူလျှိုအမတ် လက်အောက် ငယ်သားများက ကောက်ယူကာ ၎င်းတို့ အရှင် သခင်အား ပေးဆက်ကြလေသည်။ သူလျှိုအမတ်လည်း ကြာရိုး ခွေကြီးများကို စူဠနီဗြဟ္မဒတ်မင်းကြီးထံ ယူဆောင်သွားပြီး—

"ကျွန်ုပ်တို့အနေနဲ့ ဒီမျှရှည်သော ကြာရိုးကိုတကြိမ်တခါမျှ

မမြင်ဘူးပါ၊ အံ့ဩဘွယ်ရာကြာရိုးကို အရှင်မင်းကြီး ရှုစားတော်မူပါ”ဟု မင်းကြီးအားပြ၏။

စူဠနီဗြဟ္မဒတ်မင်းသည် ကြာရိုးသိလို၍ တောင်ခိုင်းသဖြင့် တောင် ပြရာတွင် သူလျှိုအမတ်သည် ရှိသည်ထက်ပို၍ အကောင်အရေအတွက်များအောင် တောင်၏။ ပြီးလျှင်—

“အရှင်မင်းကြီးအတောင်ရှစ်ဆယ်ရှိပါတယ်”ဟု လျှောက်၏။

“ဒီလောက်ရှည်တဲ့ ကြာရိုးကို သူတို့ဘယ်က ရကြပါလိမ့်”

မင်းကြီးအံ့ဩစွာ ပြော၏။ သူလျှိုအမတ်က—

“အရှင်မင်းကြီး.... တနေ့က အရက် သောက်လိုတာကြောင့် တံခါးငယ်ကနေ မြို့ထဲကိုဝင်သွားပါတယ်၊ အဲဒီတုန်းမှာ ရေကစားသွားကြတဲ့ မြို့သူမြို့သားတွေ ရွှင်ရွှင်မြူးမြူး သွားကြတဲ့နောက်ကို ကျွန်ုပ် လိုက်သွားမိပါတယ်။ မြို့ထဲမှာ ရေကစားလောက်အောင်ကျယ်တဲ့ ရေကန်ကြီးကို တွေ့ရတော့ ကျွန်ုပ်အံ့ဩသွားရပါတယ်၊ ရေကန်ထဲမှာ ကြာရိုးတွေကို လှေနဲ့ ဆွတ်ခူးနှုတ်ယူနေကြပါတယ်၊ ရေတိမ်ရာအရပ်က ကြာရိုးတောင်မှအတောင်ခြောက်ဆယ်ကျော်ရှိပါတယ်၊ ရေနက်ရာက ကြာရိုးမှာအတောင်တရာကျော်ရှိတယ်လို့ မြို့သူမြို့သားများက ပြောကြပါတယ်”ဟု တင်လျှောက်၏။

စူဠနီဗြဟ္မဒတ်မင်းသည် ထိုအမတ်၏ လျှောက်တင်ချက်ကို ကြားလျှင် ကေဝဋ္ဋပုရောဟိတ်အားခေါ်၍—

“ဆရာပုရောဟိတ်... မိတ္ထိလာမြို့ကို ရေငတ်အောင် ပိတ်ဆို့လို့ ရနိုင်မယ်မဟုတ်ပါ၊ မြို့တွင်းမှာ အတောင်ရှစ်ဆယ် တရာနက်တဲ့ ရေကန်ကြီးရှိနေတယ်လို့ ငါကြားရတယ်၊ ဒါကြောင့် ရေငတ်

အောင်ကြံတာဟာ အကျိုးမဲ့ အချိန်ကုန်မှာဖြစ်တဲ့အတွက်အခြား တနည်းကြံပါအုံး”ဟု မိန့်တော်မူ၏။

ထိုအခါ ကေဝဋ္ဋပုရောဟိတ်က—

“အရှင်မင်းကြီး....မြို့ဆိုတာ မြို့တွင်းမှာ ဆန်စပါး အလုံ အလောက်မရှိပါ၊ ဆန်စပါးများ မြို့အပြင် လယ်တောယာတော မှာသာ ရှိပါတယ်၊ ဒါကြောင့် မြို့ပြင်က ဆန်စပါးကို မြို့တွင်း မသွင်းနိုင်အောင် ပိတ်ပင် တားဆီးရပါမယ်၊ ရက်ကြာလာရင် မြို့သူမြို့သားများ အစာငတ်တာကြောင့် အရှင်မင်းကြီးထံ အညံ့ ခံရပါလိမ့်မယ်”ဟု လျှောက်ထားလေ၏။

မင်းကြီးသည် ကေဝဋ္ဋပုရောဟိတ် လျှောက်တင်သည့်အတိုင်း စီမံပိတ်ဆို့ပြန်လေ၏။ သူလျှိုများသည် ယခင် နည်းအတိုင်း မြှားသွားတွင် စာဆွဲလျက် မြို့တွင်းသို့ ပစ်သွင်းပြီး မဟောသဓာ ထံ သတင်းပို့၏။ ထိုအခါ မဟောသဓာသည် မြို့တွင်း၌ ကြိုတင် စိုက်ပျိုးထားသော စပါးပင်များကို နှုတ်ယူစေကာ မြို့ယံတံ တိုင်းပေါ်တွင် ရွှံ့နှံ့များတင်၍ စပါးပင်များကို စိုက်စေ၏။ စပါးပင်များသည် မြို့ရိုးပေါ်တွင် စိမ်းလန်းစွာ ရှိနေသည်။

စူဠနီဗြဟ္မဒတ်မင်းကြီးသည် မြို့ရိုးပေါ်မှာ စိမ်းစိမ်းစိုစိုစပါး ပင်များတို့မြင်တွေ့ရသောအခါ အလွန်အံ့သြခြင်းဖြစ်လျက် အနီး ရှိ အမတ်များအား မေးတော်မူပြန်၏။

“မြို့ရိုးပေါ်ကစိမ်းစိမ်းဟာ ဘာပင်တွေလဲ”

မင်းကြီးမေးလျှင် မဟောသဓာ၏သူလျှိုအမတ်သည် သူများ ထက်ဦးစွာဖြေ၏။

“အရှင်မင်းကြီး....အခုမြင်တော်မူတာ စပါးပင်များ ဖြစ်ပါ တယ်၊ မဟောသဓာစစ်သူကြီးဟာ အမြော်အမြင်ပညာကြီးမားပုံ

ရပါတယ်၊ အခုလိုသူတပါးပိုင်းရံပိတ်ဆို့တာမျိုးနဲ့ကြုံတဲ့အခါမှာ သူ့မြို့သူမြို့သားများ ဆန်စပါးအတွက် အခက်အခဲမဖြစ်ရအောင် မြို့တွင်းမှာစပါးများကိုသိုလှောင်ထားရုံမက ပိုလျှံတဲ့စပါးတွေကို တောင်ပုံရာပုံ ပုံထားပါသေးတယ်၊ အခုအရှင်မင်းကြီးမြင်တော်မူတဲ့စပါးပင်များဟာ၊ စပါးစေ့တွေကို လူတွေကကောက်ယူပြီး မဆင်မခြင် ပစ်ကစားကြပက်ကြတဲ့အတွက် မြို့ရိုးပေါ်စပါးစေ့တွေကျပြီး စပါးပင်တွေပေါက်နေတာဖြစ်ပါလိမ့်မယ်”

အမတ်စကားကိုကြားလျှင် မင်းကြီးစဉ်းစားနေ၏။ ပြီးမှ—

“ဒီစပါးပင်တွေကို အရင်ကငါမမြင်ပါလား”ဟု ဆို၏။

ထိုအခါ အမတ်က—

“အရှင်မင်းကြီး....ခါတိုင်းနေ့များက နေအလွန်ပူတာကြောင့် စပါးပင်များညှိုးနွမ်းခွေပျော့နေလို့မမြင်တာဖြစ်ပါလိမ့်မယ်၊ ဒီနေ့ မိုးရွာတယ်၊ ဒါကြောင့် စပါးပင်တွေဟာ နွမ်းနေရာက ရှင်သန်ထလာပြီး စိမ်းစိမ်းစိုစိုမြင်ရတာဖြစ်နိုင်ပါတယ်”

အမတ်ကယုတ္တိရှိအောင် အမျိုးမျိုးကြံဖန်လည်ဆယ်လျှောက်ထားသော်လည်း မင်းကြီးသည် အမတ်စကားကိုယုံကြည်ဟန်မရှိသေးဘဲ မျက်မှောင်ကြုတ်၍စဉ်းစားနေပြန်၏။ အမတ်သည် မင်းကြီးယုံကြည်လောက်အောင် ထပ်မံလျှောက်ထားပြန်သည်။

“အရှင်မင်းကြီး....ကျွန်ုပ်မှန်တဲ့စကားကိုလျှောက်ထားနေတာဖြစ်ပါတယ်၊ မယုံမရှိပါနဲ့၊ တနေ့က မြို့တွင်းက အခြေအနေကိုစုံစမ်းလိုတာနဲ့ ကျွန်ုပ်တံခါးငယ်ကနေပြီး မြို့တွင်းကိုဝင်ပါတယ်၊ မြို့တံတိုင်းနားကမြေကွက်မှာစပါးပုံတပုံကိုတွေ့ရပါတယ်၊ ကျွန်ုပ်လဲ မြို့သူမြို့သားများအကြောင်း သိချင်တာနဲ့ စပါးကို လက်ခုပ်နဲ့ကျုံးယူပြီး လမ်းပေါ်ပစ်ကြဲလိုက်ပါတယ်၊ မြို့သားတချို့ကျွန်ုပ်

ဆီရောက်လာပြီး၊ သင်ဟာ ပဉ္စာလရာဇ် စစ်သည်လား၊ သင့်မှာ စားစရာမရှိရင် စပါးယူသွားဆိုပြီး ကျွန်ုပ်ပုဆိုးမြိတ်မှာစပါးတွေ ထဲ့ပေးပါတယ်၊ ပြီးတော့ နောက်လဲ လိုရင် လာယူအုံးလို့ပြောပါတယ်၊ ဒါ့ကြောင့် သူတို့မှာ စပါးတွေအမြောက်အမြားရှိနေတယ်ဆိုတာ ထင်ရှားလှပါတယ်”

သည်တကြိမ်တွင် သူလျှိုအမတ်၏ လျှောက်တင်သောစကားကို မင်းကြီးယုံကြည်သွား၏။ မင်းကြီးသည် ကေဝဋ္ဋပုရောဟိတ်ကိုခေါ်တော်မူပြီးလျှင်—

“ဆရာပုရောဟိတ်....မြို့တွင်းမှာ စပါးတွေ အလျှံပယ်ရှိနေတယ်လို့ကြားသိတော်မူတယ်၊ ဒါ့ကြောင့် အစာငတ်ထားတဲ့နည်းနဲ့လဲ အောင်မြင်မယ်မထင်ပါ၊ ဆရာပုရောဟိတ် တခြားနည်းကြံအုံး”ဟု မိန့်တော်မူ၏။

“အရှင်မင်းကြီး....ဆန်ရေစပါး, ဘယ်လောက်ဘဲပေါများနေနေ ထင်းမရှိရင် ထမင်းချက်စားလို့မရနိုင်ပါ၊ မြို့တွင်းကလူများတောကိုထင်းလာမခုတ်နိုင်အောင် တားဆီးတော်မူပါ”

မင်းကြီးလည်း ကေဝဋ္ဋပုရောဟိတ်အကြံပေးသည့်အတိုင်း မြို့တွင်းမှလူများ မြို့ပြင်သို့လုံးဝမထွက်ရအောင် ပိတ်ပင်တားဆီးပြန်လေ၏။ မဟောသဓာ၏သူလျှိုများသည် ယခင်နည်းအတိုင်းမြားတွင်စာဆဲ့၍ မြို့တွင်းသို့ပစ်လွှတ်၏။ ထိုစာကို မဟောသဓာရရှိသောအခါ မြို့တွင်းရှိထင်းများကို မြို့ရိုး၌ကပ်၍ အမြင့်မှုမြင်သာအောင် စုပုံစေ၏။

မြို့ရိုး၌စောင့်သောတပ်သားများသည် မြို့ကိုဝိုင်းရံထားသော စူဠနီဗြဟ္မဒတ်မင်း၏တပ်သားများအား—

“ဟေ့ စူဠနီတပ်ကအငတ်တွေ... မင်းတို့မှာထမင်းချက်စားဖို့

ထင်းမရှိရင်ယူကြကွ”ဆိုကာ ထင်းချောင်းထင်းတုံးများကိုယူကာ ပစ်ချပေးပြီး လှောင်ပြောင်ကြလေ၏။

မြို့တံတိုင်းပေါ်ကျော်လွန်နေသော ထင်းပုံတန်းကြီးကို စူဠနီ ဗြဟ္မဒတ်မင်းကြီးမြင်လေလျှင် အနီးရှိအမတ်များအား မေးမြန်း၏။ ထိုအခါ သူလျှိုအမတ်သည် ထုံးစံအတိုင်း သူများထက် ဦးစွာ တင်လျှောက်လေ၏။

“အရှင်မင်းကြီး....မဟောသဓာစစ်သူကြီးဟာ အမြော်အမြင် ဉာဏ်ပညာရှိတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ ဒါကြောင့် ဆန်ရေစပါး များသာမက ထင်းများကိုလဲ အလုံအလောက် သိုလှောင်ထားပါ တယ်၊ အိမ်တိုင်းအိမ်တိုင်းမှာ ထင်းတွေအပြည့်ရှိရုံမက ပိုတဲ့ထင်း တွေကို မြို့ရိုးမှာကပ်ပြီးပုံထားလို့ ထင်းပုံ မြို့ရိုးပေါ်ကျော်နေတာ ကို အရှင်မင်းကြီးခုလိုမြင်တော်မူတာဖြစ်ပါတယ်”

အမတ်တင်လျှောက်သည်ကိုကြားလျှင် စူဠနီ ဗြဟ္မဒတ်မင်း ကြီးသည် ကေဝဋ္ဋပုရောဟိတ်ကိုခေါ်၍—

“ဆရာပုရောဟိတ်... ထင်းကို ပိတ်ဆို့ရုံနဲ့ အကြောင်းထူးမယ် မဟုတ်ဘူး၊ မိဿိလာပြည်မှာထင်းတွေထားစရာနေရာမရှိလို့ မြို့ရိုး နားကပ်ပုံထားတာ မြို့ရိုးပေါ်တောင်ကျော်ပြီး မြင်နေရတယ် မဟုတ်သား၊ ဆရာပုရောဟိတ် တခြားနည်းကြံပေအုံးတော့”

“အရှင်မင်းကြီး....ဆန်ရေစပါး၊ ထင်းတို့နဲ့ပိတ်ဆို့တာဆီးမရ ပေတဲ့ စိုးရိမ်တော်မမူပါနဲ့၊ ကျွန်ုပ်မှာ အောင်မြင်ရာအောင်မြင် ကြောင်း အကြံတခုရှိထားပါတယ်”

“ဆရာပုရောဟိတ်....သင့်မှာ ဘယ်လိုအကြံရှိသလဲ၊ ငါ့ကိုတင် လျှောက်လေ...သင့်အကြံတွေဟာ ပထမ ဟုတ်သယောင်ရှိသော် လဲ နောင်တွင် အဖျားရှူးပြီး အလကားဖြစ်ဖြစ်သွားတာချည့်ဖြစ်

ကုန်တယ်၊ ဒါကြောင့် မသေချာဘဲ မပိုင်ဘဲနဲ့တော့ မလျောက်လေနဲ့၊ ငါ့အနေနဲ့ ဝိဒေဟရာဇ်နိုင်ငံကို မရချင်လဲ ရှိပါစေတော့၊ ငါ့ရဲ့စစ်သည်တွေလဲပင်ပန်းလှပြီ၊ ဒါ့ကြောင့် တပ်ကိုရုပ်ပြီး နေပြည်တော်ပြန်ရင်ကောင်းမလား ငါစဉ်းစားမိတယ်"

မင်းကြီး မိန့်ဆိုစကားကြားလေလျှင် ကေဝဋ္ဋပုရောဟိတ်မှာ အတော်ရှက်သွား၏။ သူပေးသောအကြံတိုင်းမှာလည်း မင်းကြီး မိန့်ဆိုသလိုပင် ပျက်ပြယ်ခဲ့သည်မဟုတ်လော။ မင်းကြီးသည် သူ့အားအထင်မကြီးတော့၊ သူ့ဂုဏ်သိက္ခာ ပျက်ပြယ်ရပြီ။ ယင်းပျက်ပြယ်သောဂုဏ်သိက္ခာအတွက်ပြန်လည်အဖတ်ဆယ်နိုင်အောင် သူကြိုးစားရပေတော့မည်။

"စဉ်းစားတော်မူပါအရှင်မင်းကြီး၊ စူဠနီဗြဟ္မဒတ်မင်းဆိုတာ နှယ်နှယ်ရရမဟုတ်ပါ၊ ကိုးဆယ့်ကိုးပါးသော ထီးဆောင်းမင်းများရဲ့အရှင်သခင်လဲဖြစ်ပါတယ်၊ တဆယ့်ရှစ်အခေါ်ဘိဏီတပ်ကြီးရဲ့ သေနာပတိကြီးလဲဖြစ်ပါတယ်၊ ပဉ္စာလရာဇ်နိုင်ငံတော်ကြီးရဲ့ အရှင်သခင်လဲ ဖြစ်ပါတယ်၊ ဒီမျှ ကြီးကျယ်မြင့်မြတ်တော်မူတဲ့ အရှင်မင်းကြီးဟာ မိတ္ထီလာပြည်ငယ် ဂျင်ကာလယ်ကို ဝိုင်းရံတိုက်ခိုက်ရာမှာ မအောင်မြင်လို့ တပ်ခေါက်ပြန်သွားရတယ်ဆိုရင် အင်မတန်ရှက်စရာဖြစ်ရပါလိမ့်မယ်"

"အဲဒီလိုအရှက်မရအောင် ဆရာပုရောဟိတ်မှာ ဘယ်လိုအကြံများရှိသလဲ"

မင်းကြီးမေးလျှင် ကေဝဋ္ဋပုရောဟိတ် ဝင့်ကြွားစွာပြုံး၏။

"အရှင်မင်းကြီး....မဟောသဓာပညာရှိတာမဟုတ်ပါ၊ ကျွန်ုပ်လဲပညာရှိပုရောဟိတ်ဘဲမဟုတ်ပါလား၊ ကျွန်ုပ်တို့ဂုဏ်သိက္ခာမကျဆင်းအောင်လုပ်ဘို့အကြံတခုကျွန်ုပ်မှာရှိပါတယ်"

"ဘယ်လိုအကြံမျိုးလဲဆရာပုရောဟိတ်"

"အရှင်မင်းကြီး....လက်နက်၊ စစ်နဲ့ မိတ္ထိလာကို မနိုင်သော်လဲ တရားစစ်ထိုးခြင်းဖြင့် အနိုင်ရအောင်ယူရပါမယ်"

"ဘယ်လိုတရားစစ်ထိုးမှာလဲ"

မင်းကြီးစိတ်ဝင်စားစွာမေး၏။

"အရှင်မင်းကြီး....တရားစစ်ထိုးခြင်းဆိုတာဟာ တဖက်နိုင်ငံက ပညာရှိနဲ့ တဖက်နိုင်ငံကပညာရှိနှစ်ဦးထဲ၊ တနေရာမှာချိန်းဆိုတွေ့ဆုံရပါမယ်၊ ခေးလှံလက်နက်မပါဘဲ စကားအနိုင်ပြောဘို့ဖြစ်ပါတယ်၊ အဲဒီလိုချိန်းဆိုတွေ့ဆုံတဲ့အခါမှာ အကယ်၍ တဦးသောမင်းရဲ့ ပညာရှိက၊ တဦးသောမင်းရဲ့ ပညာရှိကို ဦးခိုက်ရှိခိုးတယ်ဆိုရင်၊ အဲဒီနိုင်ငံဟာ တဖက်နိုင်ငံကို အရှုံးပေးတယ်လို့ သတ်မှတ်ရပါမယ်"

"ဆရာ ပုရောဟိတ်....သင် မဟောသဓာသုခမိန်ကို တရားနိုင်အောင် စစ်ထိုးနိုင်ပါ့မလား"

"အရှင်မင်းကြီး.... မဟောသဓာဟာ အသက်အရွယ်ကြီးသူများကို ရိုကျိုးတတ်တယ်လို့ ကျွန်ုပ်ကြားဖူးထားပါတယ်။ ကျွန်ုပ်အရွယ်ဟာဆိုရင် မဟောသဓာရဲ့ အဖထက်မက ကြီးတဲ့အရွယ်ဖြစ်ပါတယ်။ ကျွန်ုပ်နဲ့နှစ်ဦးချင်းတွေ့ရရင် မဟောသဓာကျွန်ုပ်ကို ဦးခိုက်ရှိခိုးမှာ သေချာပါတယ်။ ဒါဆို တရားစစ်မထိုးရဘဲနဲ့ ကျွန်ုပ်တို့က အနိုင်ရရှိပြီး မိတ္ထိလာပြည်က ရှုံးရရောက်ပါပြီ"

ကေဝဋ္ဋပုရောဟိတ် တင်လျှောက်သည်ကို နားစိုက်ထောင်နေရာမှ မင်းကြီးမျက်နှာ ဝင်းလက်တောက်ပြောင်လာသည်။

"ဆရာပုရောဟိတ်....သင့်အကြံ အလွန် ကောင်းလှပါတယ်"

မင်းကြီး၏ ချီးကျူးစကားကြားရသောအခါ ကောဝဋ္ဋပုရောဟိတ်အား တက်လာ၏။

"အရှင်မင်းကြီး.... အရှင်မင်းကြီးရဲ့ အသရေတော်နဲ့ ပဉ္စာလရာဇ် နိုင်ငံရဲ့ အသရေတော်ကို ဆယ်နိုင်မယ့် သူဆိုလို့ ကျွန်ုပ်တယောက်သာ ရှိပါတယ်။ ကျွန်ုပ်တို့အနေနဲ့ အောင်နိုင်ခြင်းဖြင့် နေပြည်တော်ကို ပြန်နိုင်ဘို့အတွက် ကျွန်ုပ်အကြံကို အမြန်စီစဉ်ဆောင်ရွက်တော်မူပါ"

မင်းကြီးသည် ကောဝဋ္ဋပုရောဟိတ်၏အကြံကို အလွန်နှစ်သက်တော်မူသဖြင့် တရားထိုးပွဲကို အလျင်အမြန် စီစဉ်လေတော့သည်။



## မဟောသဓော် ပထမအကြိမ် စစ်နိုင်ခြင်း

စူဠနီဗြဟ္မဒတ်မင်းကြီးသည် မိမိအမတ်များထဲမှ ရဲရင့်၍လျှင်မြန်ဖျတ်လတ်သော အမတ်တဦးကို ရွေးချယ်ခေါ်ယူပြီး၊ ဝိဒေဟရာဇ်မင်းထံသို့ ရာဇသံစာနှင့် စေလွှတ်လိုက်လေသည်။ စူဠနီဗြဟ္မဒတ်မင်း၏ ရာဇသံမှာ—

ဝိဒေဟရာဇ်မင်း၊

ငါသည် တသောင်းယူဇနာ အကျယ်ရှိသော ဇမ္ဗူဒိပ်ကျွန်း၌ ရှိကုန်သော တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်း အပေါင်းတို့ကို လက်ရုံးရည်မပြဘဲ တရားသဖြင့် သိမ်းယူလာခဲ့သည်။ ထိုမင်းအများဟာ ငါ၏ ဘုန်းတော်ဒဏ်ညွှန့်ကို မခံဝံ့ကြသဖြင့် ငါ့လက်အောက်သို့ ပျဝပ်ကျိုးနွံကြသည်။ထိုမင်းများ၏ အမြော်အမြင် ကောင်းခြင်း

ကြောင့် ပြည်သူပြည်သားများ ဆင်းရဲဒုက္ခ မရောက်ကြ။ သင်သည် ငါရောက်လာသည်မှာ ငါးရက်ကျော်၍ ခြောက်ရက် မြောက်သည့်တိုင် ပျဝပ်ရိုကျိုးသောစကားကို မဆိုလှသေး။

သင့်အား အမျက်တော်ယှ၍ တဆယ့်ရှစ် ခေါ်ဟိဏီတပ်မဟာဖြင့် မိတ္ထီလာပြည်ကိုတိုက်ခိုက် ပါမူ သင်လက်ခံနိုင်၏လော။ သို့သော် တိုင်းသူ ပြည်သားများအား ငါသနားငဲ့ညှာတော်မူသဖြင့် လက်နက်ဖြင့် အနိုင်မယူလို။ ငြိမ်းချမ်းသော အောင်မြင်ခြင်းကိုသာ ငါအလိုရှိတော်မူသည်။ သို့ကြောင့် သင်နှင့်ငါ့ အရှုံးအနိုင် သတ်မှတ်နိုင် ရန် ပညာရှိတဦးစီ စစ်တလင်းသို့ထွက်၍ တရား စစ်ထိုးစေမည်၊ သင်သဘောမတူလျှင်၊ လက်နက် ချင်းယှဉ်ပြိုင်ကြရပေလိမ့်မည်။

စူဠနီဗြဟ္မဒတ် ကေရာဇ်ဘုရင်
ပဥ္စာလရာဇ်နိုင်ငံတော်၏ပြည့်ရှင်

ဝိဒေဟရာဇ်မင်းကြီးသည် စူဠနီဗြဟ္မဒတ်မင်းထံမှ ရာဇသံစာ ပေးဆက်လာသောအခါ မဟောသဓာကိုခေါ်၍ပြ၏။ မဟော သဓာသည် ထိုရာဇသံမရောက်မီကပင် မင်းနှင့်အမတ်တိုင်ပင်ကြပုံ ကို သူ၏သူလျှိုတို့ထံမှ သတင်းရရှိပြီးလေပြီ။

"ဒီကိစ္စ ငါ့သားတော်ဘယ်လို သဘောရသလဲ"

ဝိဒေဟရာဇ်မင်းကြီးသည် မဟောသဓာ၏ အကဲကို ကြည့်၍ မေး၏။

"အရှင်မင်းကြီး....ဒီကိစ္စဟာ အသေးအဖွဲ့မျှသာပါ"

မဟောသဓာက ပမာမမှု ဂရုမစိုက်သလို ခပ်ပေါ့ပေါ့ ပြန်လျှောက်ထားသည်။

"ငါ့သားတော် တရားစစ်ထိုးမယ်လား"

မင်းကြီးစိတ်ထဲတွင် အားမလို အားမရ ရှိသည်နှင့် ထပ်မေး၏။

"မှန်ပါ့၊ မနက်ဖြန်အနောက် မြို့တံခါးဝအပြင်မှာ တရားစစ်ထိုးမယ်ဆိုတဲ့ အကြောင်း ရာဇသံစာကိုသာ ပြန်ကြားတော်မူလိုက်ပါ"

မဟောသဓာ၏ စကားကိုကြားလျှင် မင်းကြီး ဝမ်းမြောက်တော်မူလျက် ရာဇသံရေးရန် စာရေးတော်များအား တာဝန်ပေးလိုက်သည်။ ပြီးနောက် ထိုရာဇသံစာကို စူဠနီဗြဟ္မဒတ်မင်း လွှတ်လိုက်သော အမတ်ပင်ပြန်ပေးလိုက်၏။

ထိုရာဇသံမှာ—

အဆွေတော် ပဉ္စာလရာဇ်မင်း၊

ငါ၏ ဝိဒေဟရာဇ်နိုင်ငံကို သင်လိုလူသားမင်း မဆိုထားနှင့်နတ်ပြည်ခြောက်ထပ်ကို အစိုးရသော တာဝတိံသာ သိကြားမင်းလာ၍ တိုက်သော်လည်း မရနိုင်။ ငါ၏နိုင်ငံတွင် ကျောက်ဆောင်ကျောက်တောင်နှင့် မခြား ဉာဏ်ပညာ အထုအထယ်ကြီးမားသော သားတော်မဟောသဓာသုခမိန်သည် စစ်သေနာပတိ အရာကိုယူလျက်ဆောင်

ရှက်နေ၏။ သို့ကြောင့်ပင် သင်သည် တဆယ့်ရှစ်ခေါဘဏီတပ်ကြီးနှင့် စိုင်းရံတိုက်ခိုက်သော်လည်း ငါ့နိုင်ငံကို ရယူနိုင်၏လော။

သင်သည် အခြားသော ထီးဆောင်းမင်းများအား လှည့်ဖျားသိမ်းသွင်းသလို ငါ့အား သိမ်းသွင်း၍လည်းမရ၊ လက်နက်ဖြင့် တိုက်ယူ၍လည်းမရနှင့် သင့်အဖြစ်မှာ အတော်သနားစရာ ဂရုဏာသက်စရာ ဖြစ်နေရှာသည်ကို ငါသနားတော်မူလှ၏။ သို့ကြောင့် သင့်ကို သနားသဖြင့် သင်၏တောင်းပန်လျှောက်တင်ချက်ကို ငါလိုက်လျောတော်မူမည်။ မနက်ဖြန်တွင် မြို့တော်၏အနောက်တံခါး၀၌ တရားစစ်ထိုးခြင်း အမှုကို ပြုမည်။ သင့်ထံမှာ ပညာရှိသည် တရားစစ်ထိုးရာ မြေတလင်းသို့ စောစွာ ရောက်နှင့် နေပါစေ။

ဝိဒေဟရာဇ်

ဝိဒေဟရာဇ်နိုင်ငံတော်၏

ပြည့်ရှင်ဘုရင်မင်းမြတ်။

ထိုရာဇသံစာကို သိကုံးပေးသူမှာ မဟောသဓာပင် ဖြစ်လေသည်။

စူဠနီဗြဟ္မဒတ်မင်းကြီးသည် ဝိဒေဟရာဇ်မင်းကြီးထံမှ ရာဇသံကို ဖတ်ရှုရသောအခါ ဒေါသကြောင့် မျက်နှာ နီမြန်းသွား၏။ ဤဇမ္ဗူဒိပ်ကျွန်းတွင် ငါ့ကိုယှဉ်ပြိုင်၍ ဘုရင်ဟု လက်မှတ်ရေးထိုး

ရသလောဟု မကျေမနပ်ဖြစ်နေ၏။ သို့သော်လည်း အားမတန် မာန်လျှော့ရဆိုဘိသို့ပင် မိမိလက်နက်ဖြင့် အမျိုးမျိုးတိုက်ခိုက် သော်လည်း မိတ္ထိလာကို မအောင်မြင်သဖြင့် မာန်လျှော့ကာ သည်းခံနေလိုက်ရလေသည်။

မဟောသဓာသည် မြို့အနောက်တံခါးဝရှိမြေကို ညီစေကာ တလင်းအဖြစ်ပြင်ဆင်သည်။ ပြီးနောက် အခင်းအကျင်းများကို လည်း စီမံခင်းကျင်းစေ၏။

စူဠနီဗြဟ္မဒတ်မင်းကြီးသည် ထီး ဆောင်း မင်း အပေါင်း ခြံရံ လျက် ကေဝဋ္ဋပုရောဟိတ်နှင့်အတူ မိမိစံမြန်းရာ သစ်တပ်တဲနန်းမှ တရားစစ်ထိုးရာမြေတလင်းသို့ ထွက်ချီလာလေသည်။ မြေတလင်း သို့ရောက်သောအခါ မင်းကြီးနှင့်အတူ ထီးဆောင်းမင်းအပေါင်း တန်းစီရပ်၍ မဟောသဓာထွက်လာမည့် အနောက်မြို့တံခါးဆီသို့ ငေးမျှော် စောင့်လင့် နေကြလေသည်။ ကေဝဋ္ဋပုရောဟိတ်သည် လည်း ၎င်းအတွက်သတ်မှတ်ခင်းကျင်းထားသောနေရာ၌ရပ်လျက် မြို့တံခါးဆီ ငေးမျှော်နေသည်။

မဟောသဓာသည် နံနက်အိပ်ရာမှထပြီးနောက် အနံ့အရသာ နှင့်ပြည့်စုံသော စားဘွယ်ခဲဘွယ်များကို မြိန်ရှက်စွာ စားသောက် ၏။ ပြီးလျှင် ရေပူရေအေးရောစပ်ထားသောရေနွေးကို အေးဆေး စွာချိုးပြီးသော် မွှေးပျံ့သောနံ့သာတို့ကိုလူး၏။ ပြီးလျှင် အမရာ ဒေဝီစီစဉ်ပေးသည့် ကာသိကရာဇ်တိုင်းဖြစ် အသပြာတသိန်းထိုက် သောပုဆိုးကို လဲလှယ်ဝတ်ဆင်ကာ စစ်သေနာပတိ၏ ဝတ်စုံကို ဝတ်ရုံလေသည်။

အိမ်တော်မှထွက်သောအခါ များ စွာ သော ရဲ မက်များ ခြံရံ လျက် ဝိဒေဟရာဇ်မင်းကြီးနန်းတော်သို့ သွား၏။ ဝိဒေဟရာဇ်

မင်းကြီးသည် အရှေ့လေသာပြတင်းမှမျှော်ကြည့်နေစဉ် မဟောသဓာကိုမြင်ရသောအခါ အလွန် ဝမ်းမြောက်ဝမ်းသာ ပီတိဖြာဝေလျက်ရှိ၏။

မဟောသဓာ နန်းတော်တွင်းဝင်လာလျှင်—

"သားတော် ရှေ့တော်ဝင်စေ"ဟု ခွင့်ပြု၏။

မဟောသဓာသည် ရှေ့တော်သို့ဝင်ပြီး မင်းကြီးအားရှိခိုးနေလေသည်။

"သားတော် ဘယ်လိုအရေးအကြောင်းရှိလို့ နန်းတော်ကိုဝင်လာခဲ့တာလဲ"

"အရှင်မင်းကြီး....တရားစစ်တလင်းကို တရားစစ်ထိုး သွားဘို့ နန်းတော်ကိုဝင်လာတာဖြစ်ပါတယ်"

"သားတော်....တရားစစ်ထိုးရာမှာ ငါက ဘယ်လိုဆောင်ရွက်ပေးစေချင်သလဲ"

"အရှင်မင်းကြီး....တရားစစ်ထိုးရာမှာ ကေဝဋ္ဋပုဏ္ဏားကို လှည့်စားဘို့ရာအတွက် အရှင်မင်းကြီးရဲ့ အကောက်ရှစ်ခုရှိတဲ့ ပတ္တမြားမျက်ရှင်မြတ်ကို သားတော်အလိုရှိပါတယ်"

"သားတော် ပတ္တမြားမျက်ရှင်ကိုယူစေ"

ပတ္တမြားကိုရလျှင် မဟောသဓာသည် မင်းကြီးရှေ့တော်မှ ထွက်ခဲ့လေ၏။

ကေဝဋ္ဋပုရောဟိတ်သည်၎င်း၊ စူဠနီဗြဟ္မဒတ်မင်းနှင့်ထီးဆောင်းမင်းများသည်၎င်း၊ မဟောသဓာရောက်မလာသောကြောင့် ကြာမြင့်စွာစောင့်စားပြီး မြို့တံခါးဝသို့သာ လည်တဆန့်ဆန့်နှင့် မျှော်ကြည့်နေကြသည်။

"မဟောသဓာ ဒို့ မင်းဆရာပုရောဟိတ်နဲ့ တရားစစ်မထိုးရဲလို့ ထွက်မလာတာပါ"ဟု ပြောသူကပြောသည်။

"ဟုတ်တယ်၊ မဟောသဓာ ဒို့မင်းဆရာကိုကြောက်နေပြီ"ဟု ထောက်ခံသူကထောက်ခံသည်။

ဤသို့ဤနှယ် ထင်ကြသည်၊ ပြောကြသည်ကိုလည်း အပြစ်မဆိုသာ။ ကေဝဋ္ဋ ပုရောဟိတ်သည်၎င်း၊ စူဠနီဗြဟ္မဒတ်မင်းနှင့် ထီးဆောင်းမင်းများသည်၎င်း၊ ရဲမက်ဗိုလ်ပါများသည်၎င်း၊နံနက် အာရုံတက်သည်မှအစပြု၍ တရားစစ်တလင်းသို့ ရောက်ရှိနေကြသည်။ ယခုနေမွန်းတိမ်း၍ တချက်တီးတော့မည်၊ သူတို့အားလုံး ဘာမျှမစားမသောက်ရသေး၊ နေပူဒဏ်ကို ခံနေရသောကြောင့် ချွေးပြိုက်ပြိုက်ကျနေကြသည်။

မင်းကြီးနှင့်ပုရောဟိတ်မှာ ဆာလောင်မွတ်သိပ်ခြင်း၊နေပူဒဏ်ကိုခံရခြင်းကြောင့် မိမိတို့အားလုံး ပင်ပန်းနွမ်းနယ်နေသည်ကိုသိသော်လည်း ဤစစ်တလင်းမှထွက်ခွာသွားပြန်လျှင် မဟောသဓာအားကြောက်၍ထွက်ခွာသွားရာရောက်မည်။ ချိန်းဆိုထားသည်မှာ မနက်ဖြန်ဟုသာဖြစ်၏။ အချိန်ကန့်သတ်ချက်မပါချေ။သို့ကြောင့် မဟောသဓာအား သူတို့နေကုန်အောင်စောင့်ကြရပေလိမ့်မည်။

စစ်သူကြီးမဟောသဓာသည် များစွာသော စစ်သည်ဗိုလ်ပါများ ခြံရံလျက် တံခါးဝမှ ထွက်လာ၏။ တံခါးအပြင်သို့ရောက်သောအခါ ရထားမှဆင်းသက်၍ ပတ္တမြားမျက်ရှင်ကို လက်ဝါးပေါ်တွင်တင်ပြီး ကေဝဋ္ဋပုရောဟိတ်ရှိရာသို့ ရှေးရှုသွားလေသည်။ စူဠနီဗြဟ္မဒတ်မင်းအား ခြံရံလျက်ရှိသော ထီးဆောင်းမင်းများနှင့် ပဉ္စာလရာဇ်စစ်သည်တို့သည် သူမတူအောင်လှပသောအဆင်း၊ ခန့်ညား၍ ယောကျ်ားမြတ်တို့၏ ကြန်အင်လက္ခဏာနှင့် ပြည့်စုံ

ခြင်း၊ ဤကမ္ဘာမြေအပြင်တွင် မိမိကြောက်ရွံ့ရမည့် အရာမရှိဟု ယုံကြည်ထားလေဟန် တည်ကြည်ခန့်ငြားခြင်း၊ ရဲရင့်သောအသွင် ရှိခြင်းတို့ကို မြင်တွေ့ရသောအခါ ကျောစိမ့်လျက်—

"မဟောသဓာစစ်သူကြီး"ဟု တိုင်ပင်ညှိနှိုင်းမထားပဲနှင့် ပြိုင်တူ ကြွေးကြော်လိုက်ကြလေသည်။

မဟောသဓာသည် မည်သည့်အရာကိုမျှ ဂရုမပြုပဲ ကေဝဋ္ဋပုရောဟိတ်ရှိရာသို့သာ ရှေ့ရှုသွားနေ၏။ သူ၏ လက်ဝါးပေါ်မှ ပတ္တမြားမျက်ရှင်သည် နေရောင်တွင် ဝင်းလက်တောက်ပနေကာ မြင်ရသူများအား ညှို့ငင်ဖမ်းစားလျက်ရှိ၏။ ကေဝဋ္ဋပုရောဟိတ်မှာ မဟောသဓာ၏လက်ပေါ်မှ ပတ္တမြားမျက်ရှင်ကို ငေးစိုက်ကြည့်လျက် ချဉ်သီးနှင့်ဆားကို မြင်ရသောအခါ ဌေးကိုမထိန်းနိုင်သော ကိုယ်ဝန်ဆောင်စမိန်းမနှယ် လိုချင်သောဆန္ဒရမက်ပြင်းပျစွာဖြင့် မတည်မငြိမ်ရှိနေလေသည်။ မဟောသဓာသည် ပုဏ္ဏားတို့မည်သည် ဥစ္စာရမက်တို့ကိုမြင်လျှင် တပ်မက်တတ်သည်ကိုသိသဖြင့် ဤသို့စီစဉ်ခဲ့ခြင်းဖြစ်၏။

ကေဝဋ္ဋပုရောဟိတ်သည် သူ့အနီးသို့ မဟောသဓာရောက်ရှိလာသည်တွင် တရားစစ်ထိုးရမည်ကိုပင် မေ့လျော့ပြီး—

"အဆွေသုခမိန်စစ်သူကြီး....သင်ဟာ ဝိဒေဟရာဇ် နိုင်ငံမှာ နှစ်ယောက်မရှိ ကျော်ကြားတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ငါဟာလဲ ပဉ္စာလရာဇ်နိုင်ငံမှာ နှစ်ယောက်မရှိတဲ့ မင်းဆရာ ပုရောဟိတ်ဖြစ်ပါတယ်။ ဝိဒေဟရာဇ်တိုင်းက မဟောသဓာသုခမိန်ဟာ မိတ္ထီလာပြည်ကိုရောက်လာသမျှ ညော့်သည်များကို ပေးကမ်းစွန့်ကြဲ ဒါနပြုတတ်တယ်လို့လဲ သတင်းကျော်ဇောပါတယ်။ အခု သင့်နိုင်ငံကို

ငါတို့ရောက်နေတာ ခုနစ်ရက်ရှိပြီ၊ သင်ဘာတခုမှ ဒါနမပြုသေးပါ၊ အသင် သုခမိန်ငါတို့နိုင်ငံကို လာကြည့်စမ်းပါ၊ ငါဟာသင့်ကို သုခမိန်အချင်းချင်းအနေနဲ့ သင်နှစ်သက်ရာရာလက်ဆောင်ပဏ္ဏာပေးဘို့အသင့်ရှိပါတယ်”ဟု လောဘရမက်စကားဆို၏။

“အဆွေပုရောဟိတ်အမတ်ကြီး.... သင့်အတွက် ကျွန်ုပ် လက်ဆောင်ပစ္စည်းကို ရှာဖွေရာမှာ ဟောဒီ ပတ္တမြားမျက်ရှင်သာ ပုရောဟိတ်သုခမိန်နဲ့ ထိုက်တန်မယ်ထင်တဲ့အတွက်အခု ဒီပတ္တမြားမျက်ရှင်ကို ယူလာခဲ့ပါတယ်။ သုခမိန် အမတ်ကြီး ဒီပတ္တမြားမျက်ရှင်ကို အလိုရှိပါသလား”

မဟောသဓာသည် ပတ္တမြားမျက်ရှင်ကို ကေဝဋ္ဋပုရောဟိတ်ရှေ့၌ပြ၍ မေး၏။

“အဆွေသုခမိန်....ငါနဲ့ထိုက်တန်လို့ ပေးတဲ့ ပတ္တမြားရတနာကို ငါလက်ခံဖို့အသင့်ရှိပါတယ်”

ကေဝဋ္ဋပုရောဟိတ် ပတ္တမြားမျက်ရှင်ကို သိုချင်ရမက်ပြင်းပျစွာနှင့် ကြည့်၍ပြော၏။ ပြီးနောက် လက်ဖဝါးနှစ်ဖက်ကို ဖြန့်၍ခံသည်။ မဟောသဓာသည် ကေဝဋ္ဋပုဏ္ဏား၏ ဘယ်ဘက် လက်ဝါးပေါ်သို့ရင်း၊ ညာလက်ဝါးပေါ်သို့ရင်း ပတ္တမြားမျက်ရှင်ကို မထည့်ဘဲ လက်ဝါးချင်းမထိစပ်မိပဲ အနည်းငယ်ကျဲနေသည့် လက်နှစ်ခုကြားသို့ ပတ္တမြားမျက်ရှင်ကို ပစ်ချလိုက်လေသည်။ ပတ္တမြားမြေသို့ကျပြီး မဟောသဓာ၏ ခြေဦးသို့ လိမ့်၍လာ၏။ ကေဝဋ္ဋပုရောဟိတ်သည် လိုချင်လောဘဇောကြောင့် ပတ္တမြားကိုကောက်ယူရန်အငုံ့လိုက်တွင် မဟောသဓာက လက်တဖက်ဖြင့် ကေဝဋ္ဋ၏ကျောကိုဖိ၍ လက်တဖက်ဖြင့် လည်ကုတ်ကိုကိုင်ကာ—

"မင်းဆရာပုရောဟိတ်.... ဘယ့်နှယ် ကျွန်ုပ်ကို ရှိခိုးရတာလဲ၊ ကျွန်ုပ်ဟာ သင့်မြေးအရွယ်သာရှိပါတယ် ရှိမခိုးပါနဲ့"ဟုအများ ကြားလောက်အောင် ဟစ်အော်ပြောဆို၏။

ပြီးလျှင် ကေဝဋ္ဋနဖူးကို ကျောက်ပျဉ်ပေါ်တွင် သွေးမြစ်သေးသည့်နှယ် မြေသလင်းနှင့် ပွတ်တိုက်၏။ နှုတ်မှလည်း—

"အို....ပုဏ္ဏားကြီး....ကျွန်ုပ်တောင်းပန်ရက်နဲ့ ဘာ့ကြောင့် ရှိခိုးနေရတာလဲ၊ ကျွန်ုပ်ကို ငရဲပေးမနေနဲ့သွား"ဟု အော်ကာ တွန်းပစ်လိုက်ရာ ကေဝဋ္ဋသည် အဝေးသို့လွင့်စဉ်လဲကျသွား၏။

ကေဝဋ္ဋပုရောဟိတ်သည် လဲရာမှ ကြောက်အား လန့်အားနှင့် ထပြေး၏။ မဟောသဓာ၏ အခြံအရံသည် ပတ္တမြားမျက်ရှင်ကို ကောက်ယူသိမ်းပိုက်ထားလိုက်၏။ ပြီးလျှင်—


"စူဠနီဗြဟ္မဒတ်မင်းရဲ့ဆရာ ပုရောဟိတ်ကြီး ငါတို့ အရှင်ကို ရှိခိုးတယ် ဟော-ပြေးပြီ ပြေးပြီ"နှင့် တပြိုင်ထဲ ဟစ်အော်ကြလေသည်။

မင်းဆရာပုရောဟိတ်ကြီး မဟောသဓာအား ဦးခိုက်ရှိခိုးသည်ကို မြင်ရသော စစ်သည်ရဲမက်တို့သည် ငါတို့စစ်ရှုံးပြီ ပြေးနိုင်မှ လွတ်တော့မည်ဟု တွေးကာ မြင်းများပေါ် လှားတက်၍ ပြေးကြ၏။ ရဲမက်များပြေးလျှင် စူဠနီဗြဟ္မဒတ် မင်းကြီးအား ဝိုင်းရံထားသော ထီးဆောင်းမင်းများလည်း လန့်ဖျပ်ပြီး ပြေးကြ၏။ မိမိတပ်များ ကစင့်ကလျား ပြေးသောအခါ စူဠနီဗြဟ္မဒတ်မင်းလည်း မြင်းပေါ်ခုန်တက်ပြီး ပြေးလေ၏။ တဆယ့်ရှစ်ခေါဘဏီ တပ်မဟာကြီး ဖရိုဖရဲ ကစင့်ကလျား ပြေးကြသောအခါ မဟောသဓာ၏ တပ်များက—

"ပဉ္စာလရာဇ်စစ်ရှုံးလို့ ပြေးပြီ၊ မလွတ်စေနဲ့၊ သတ်ကြဟ၊ လိုက်ကြဟ"နှင့် ညာသံပေး၍ တခဲနက် ကြွေးကျော်ကြလေ၏။

ထိုအသံများကြောင့် ပဉ္စာလရာဇ်မင်းနှင့် စစ်သည် ဗိုလ်ပါများမှာ သေဘေးမှလွတ်နိုင်ရန် အင်အားရှိသမျှ ခြေကုန်ပြေးကြလေသည်။ မဟာသေခ၏ စစ်သည် ဗိုလ်ပါများသည် ပြေးသော တပ်နောက်သို့ လိုက်သည် မဟုတ်သော်လည်း နောက်မှ ထပ်ချပ်လိုက်နေသကဲ့သို့ ဟစ်အော် ကြွေးကျော် ချောက်လှန့်ကြ၏။

မဟောသဓာ သုခမိန် ဆိုခဲ့သည့်အတိုင်း ကျီးအုပ်ကိုခဲအုတ်ကျောက်နှင့် ချောက်လှန့်ဘိသို့၊ မျောက်အုပ်ကို လေးမြှားပြ၍ ချောက်လှန့်ဘိသို့ တဆယ့်ရှစ်ခေါဘိဏီ တပ်မဟာကြီးနှင့်တကွ စူဠနီဗြဟ္မဒတ်မင်းကြီးအား မိတ္ထိလာနေပြည်တော်နှင့် ဝေးရာသို့ နှင်ထုတ်လိုက်နိုင်သဖြင့် ဝိဒေဟရာဇ်စစ်သည်များနှင့် တိုင်းသူပြည်သားများ ကခုန်မြူးတူးကြလေသည်။ မဟောသဓာလည်း တရားစစ်ဘလင်းမှ မြို့တွင်းသို့ ဝင်ခဲ့လေတော့သည်။



၀.၂

# ဒုတိယအကြိမ် စစ်နိုင်ပြန်ခြင်း

ကောဝင့်ပုရောဟိတ်သည် လဲရာမှထပြေးပြီးနောက် သူ့မြင်းပေါ်သို့ခုန်တက်၍ ကစင့်ကလျား ပြေးလွှားနေသော မင်းကြီးနှင့် တပ်နောက်သို့ ဒုန်းစိုင်းပြီးလိုက်လေသည်။ မြေတလင်းနှင့် ပွတ်တိုက်ခြင်းခံရသည့် နဖူးပြင်မှ သွေးများ စိမ့်ယိုစီးကျနေသည်။ ပြေးနေသောတပ်များကို မှီလာသောအခါ နဖူးမှယိုစီးနေသော သွေးကိုလက်နှင့်သုပ်လျက်—

"အချင်းစစ်သည်တို့....မပြေးကြနဲ့၊ မင့်ဟာသဓောကို ငါရှိခိုးတာမဟုတ်ဘူး မပြေးကြနဲ့ ရပ်ကြ၊ ရပ်ကြ" ဟု ဟစ်အော်၏။

စစ်သည်များသည် သူ့စကားကိုမယုံကြည်ကြ၊အချို့စစ်သည်များက—

"ပုဏ္ဏားကြီး ညာပြောမနေနဲ့၊ သင့်မြေးအရွယ်လေးကို သင်ရှိခိုးတာ ကျုန်ုပ်တို့မြင်တယ်"ဟုဆိုကာ မင်းဆရာတပါးအဖြစ်နှင့် လေးစားခြင်း မပြုတော့ပဲ လှောင်ပြောင်ကြ၏။

ကေဝဋ္ဋပုရောဟိတ် ဟန့်တားသော်လည်းမရ၊ တပ်များရော မင်းကြီးပါ ပဉ္စာလရာဇ်နိုင်ငံဖက်သို့ ဦးတည်ပြေးနေကြလေသည်။ ကေဝဋ္ဋမှာ စစ်သည်များကို တားဆီး၍မရသောအခါ မင်းအား အမှီလိုက်နိုင်ရန် ကြိုးစားလေသည်။ သူ၏မြင်းကို ကြိမ်နှင့်ရိုက်ပြီး အခြားစစ်သည်တို့၏ ဆင်မြင်းများကို ကျော်တက်သည်။မိထိလာ ပြည်နှင့်သုံးယူဇနာခန့် အကွာအဝေးသို့ ရောက်လေလျှင် မင်းကြီး ၏မြင်းမှာ မောဟိုက်၍ ခြေနှုတ်လေးလာသည်။ ကေဝဋ္ဋ၏မြင်းမှာ သက်လုံကောင်းသည်ဖြစ်၍ မမောသေး။ မကြာခင်မှာပင် စူဠနီ ဗြဟ္မဒတ်မင်းနှင့် ကေဝဋ္ဋပုရောဟိတ်တို့ ယှဉ်မိကြလေသည်။

"အရှင်မင်းကြီး....ကျွန်ုပ် မဟောသဓာကို ရှိမခိုးပါ၊ မဟော သဓာဟာ ကျွန်ုပ်ကိုပတ္တမြားပြပြီး လှည့်စားတယ်၊ ပြီး ကျွန်ုပ်ရဲ့ ဂုတ်ကိုကိုင်ပြီး မြေတလင်းနဲ့ ပွတ်တိုက်တဲ့အတွက် နဖူးမှာဒဏ်ရာ ရခဲ့ပါတယ်၊ အကယ်၍ ကျွန်ုပ် ကျေကျေနပ်နပ် ရှိခိုးရင် ဒီဒဏ်ရာ ရနိုင်မလား၊ အရှင်မင်းကြီး စဉ်းစားတော်မူပါ"

ဆရာပုရောဟိတ် တင်လျှောက်သည်ကို မင်းကြီးယုံကြည်လေ သည်။ မယုံကြည်စရာလည်းမရှိ၊ ကေဝဋ္ဋနဖူးပြင်တွင် သွေးသံရဲရဲ နှင့် ဒဏ်ရာပါလာသည် မဟုတ်လော။

မင်းကြီးသည် တပ်မှူးတပ်ချုပ်တို့အား အမိန့်ပေး၍ ပြေးခြင်း မှရပ်စေသည်။ တပ်မှူး တပ်ချုပ်၊ တပ်အုပ်များ ကြည့်ကြပ်ကွပ်ကဲ ၍ တပ်ကိုရပ်နားစေသည့်တိုင် အချို့တပ်သားများ အကြောက် ပိုကာ တားမရဆီးမရ ပြေးကြလေသည်။ တပ်မှူး တပ်ချုပ် တပ် အုပ်တို့သည် အပြင်းအထန်ကွပ်ကဲသျက် မပြေးအောင် ထိန်းချုပ် နေကြရ၏။ တပ်များအသင့်အတင့် ငြိမ်သည်တွင် ကေဝဋ္ဋပုရော ဟိတ်က မင်းကြီးအား လျှောက်ထားပြန်၏။

"အရှင်မင်းကြီး.... သည်အတိုင်းဆိုရင် ကျွန်ုပ်တို့ အကြီးအကျယ် အရှက်ကွဲကြရပြီ။ ကျွန်ုပ်တို့တပ်သားများဟာ မဟောသဓာ ပရိယာယ်ဆင်တာကို တကယ်မှတ်ကြတဲ့အတွက် ထွက်ပြေးကြရတာကို တွေးကြည့်ရင် ကိုယ့်ကိုယ်ကိုယ် သတ်သေလောက်အောင် ရှက်စရာကောင်းလှပါတယ်။ တကယ်ဆိုကျွန်ုပ်တို့ တဆယ့်ရှစ်ခေါဘိဏီတပ်မဟာ အခြေအနေနဲ့ မိတ္ထိလာကို တိုက်ခိုက်ရာမှာ ယမ်းထိုး ကျည်ပေါက် လက်နက်များ၊ ဓား လှံ လေး မြှား လက်နက်များလဲ မလိုပါ၊ လူတယောက် ကျောက်ခဲတလုံးစီကောက်ပြီး မိတ္ထိလာပြည်ထဲ ပစ်သွင်းရင်တောင်မှ စပါးကို၀လားနဲ့ချင်သလို မိတ္ထိလာမြို့ရိုးအထိ ကျောက်ခဲတွေ ပြည့်သွားနိုင်ပါတယ်။ အရှင်မင်းကြီး စိတ်အားတော် မလျော့ပါနဲ့၊ အခုချက်ခြင်း တပ်ကိုပြန်စုရုံးပြီး မိတ္ထိလာပြည်ကို တိုက်ခိုက်တော်မူပါ"

ကေဝဋ္ဋပုရောဟိတ်သည် အရှက်ရရုံမက သွေးမြေကျခံလိုက်ရသောကြောင့် မဟောသဓာနှင့်တကွ၊ မိတ္ထိလာပြည်အပေါ် အညှိုးမပြေ၊ အခဲမကြေဖြစ်နေကာ မင်းကြီးအား လျှောက်တင်ခြင်းဖြစ်လေသည်။ မင်းကြီးလည်း ပုရောဟိတ် လျှောက်တင်ချက်ကို နှစ်သက်လက်ခံပြီး တပ်မှူးတပ်ချုပ်တို့အားခေါ်၍ တပ်ကိုပြည်လည်စုစည်းစေကာ မိတ္ထိလာသို့ချီရန် အမိန့်ပေးလိုက်လေသည်။

အစဉ်တစိုက် ပြန်လည်ချီတက်ခဲ့ရာမှ သစ်တပ်တဲနန်းသို့ ဆိုက်ရောက်သည်တွင် စူဠနီဗြဟ္မဒတ်မင်းကြီးသည် ကေဝဋ္ဋပုရောဟိတ်ကို ခေါ်တော်မူ၍—

"ဆရာပုရောဟိတ်.... ငါတို့ အခု ဘယ်လိုတိုက်ကြမလဲ" ဟု မေး၏။

ကေဝဋ္ဋပုရောဟိတ်က—

"အရှင်မင်းကြီး....ကျွန်ုပ်တို့အနေနဲ့ တိုင်းသူပြည်သားများကို ငဲ့ညှာတာကြောင့် မိတ္တိလာကို အပြင်းအထန် မတိုက်သေးပါ။ ခြိမ်းချောက်ရုံမျှဖြင့် အညံ့ခံလိမ့်မယ် ထင်ခဲ့ပါတယ်။ဒါပေမယ့်လို့ ဝိဒေဟရာဇ်ဟာ အညံ့မခံဘဲ တင်းခံနေရုံမက ကျွန်ုပ်တို့ကိုလဲ အမျိုးမျိုး ဒုက္ခပေးပါတယ်။ ဒါကြောင့် ဒီတခါမှာတော့ ကျွန်ုပ်တို့အနေနဲ့ တိုင်းသူပြည်သားများကို မညှာနိုင်တော့ဘဲ တိုက်ခိုက်ပြီး ဝိဒေဟရာဇ်နဲ့ မဟောသဓာကို ခေါင်းဖြတ်ယူရပါလိမ့်မယ်"

ကေဝဋ္ဋပုရောဟိတ် တင်လျှောက်ပုံမှာ မာန်လည်းပါသည်၊ ဒေါသလည်းပါသည်။ မင်းကြီး သူ၏ လျှောက် တင် ချက် ကို နှစ်သက်လက်ခံပြီး မိတ္တိလာကို အပြင်းအထန် တိုက်ခိုက်ရန် ပြင်ဆင်လေ၏။

မဟောသဓာ၏ သူလျှိုတို့သည် မိတ္တိလာကို အပြင်းအထန် တိုက်ခိုက်ရန် စူဠနီဗြဟ္မဒတ်မင်း ပြင်ဆင်နေကြောင်း သည်တခါတွင် တပ်မဟာကြီး၏ အင်အားနှင့် အတင်းဖိတိုက်လိမ့်မည်ဖြစ်ကြောင်းများကို ယခင်နည်းအတိုင်း မြှားသွားတွင် စာဆွဲ၍ ပစ်လွှတ်အကြောင်းကြားကာ သတင်းပို့ကြလေသည်။

ပဉ္စာလရာဇ်စစ်သည်များသည် အလုံးအရင်းနှင့် မိတ္တိလာပြည်ကို ဝန်းရံပိတ်ဆို့ထားကြ၏။ တံခါးငယ်များကသော်မျှ မြို့သူမြို့သားများအား ထွက်ခွင့်မပြုကြ။ မဟောသဓာ သုခမိန်သည် သူလျှိုတို့ထံမှ သတင်းကို ရရှိသောအခါ၊ အင်အားထုထယ်ကြီးမားသော ပဉ္စာလရာဇ်စစ်သည်အင်အားဖြင့် ငါတို့မြို့ကို ကြာရှည်ပိတ်ဆို့ခံရလျှင်၊ ကြာကြာတင်းမခံနိုင်ပဲ စူဠနီဗြဟ္မဒတ်မင်းထံ ငါတို့ အညံ့ခံရလိမ့်မည်၊ ပဉ္စာလရာဇ်စစ်သည်အင်အားနှင့် ငါ့စစ်

သည်အင်အားမှာလည်း မြင့်မိုရ်တောင်နှင့်တောင်ပို့ငယ်ပမာ ကွာခြား၏။ ဘယ်နည်းနဲ့မှ ပဉ္စာလရာဇ်စစ်သည်များ အကြာအရှည် ပိတ်ဆို့ထားခြင်းကို ငါ့စစ်သည်များ ခုခံတိုက်ခိုက်၍ နိုင်မည် မဟုတ်ချေ။ ငါသည် ပဉ္စာလရာဇ်စစ်သည်များ အကြာအရှည် ပိတ်ဆို့ထားခြင်း မခံရလေအောင် ဥပါယ်တမျဉ်ကြံကာ ပရိယာယ်ဆင်၍ စူဠနီပြဟ္မဒတ်မင်းစစ်သည်များကို နှင်မှ ဖြစ်ချေမည် ဟု တွေးကာ အကြံထုတ်လေသည်။

မဟောသဓာသည် စကားအရာတွင် လိမ်မာ ကျွမ်းကျင်၍ သတ္တိအရာတွင်လည်း ပြောင်မြောက်ထက်မြက်သူကို စူးစမ်းရှာဖွေကြည့်သောအခါ အနုကေဝဋ်အမည်ရှိ ပုဏ္ဏားအမတ်ကို တွေ့ရ၏။ မဟောသဓာသည် အနုကေဝဋ်ကိုခေါ်၍—

"အနုကေဝဋ်....အခု ကျွန်ုပ်တို့နိုင်ငံကို ပဉ္စာလရာဇ်မင်းရဲ့စစ်သည်အင်အားကြီးမားစွာ ဝိုင်းရံတယ်ဆိုတာသင်အသိဘဲ။ ဒီကိစ္စကို သင် သက်စွန့်ဆံဖျားဆောင်ရွက်ရလိမ့်မယ်"ဟုမိန့်ဆို၏။

"အရှင်သုခမိန်....တိုင်းပြည်အတွက်ဆိုရင် ကျွန်ုပ်အသက်စွန့်ရပါစေ ဆောင်ရွက်ပါမယ်"

အနုကေဝဋ်၏စကားကြားလျှင် မဟောသဓာသည် အနုကေဝဋ်ပုဏ္ဏား လုပ်ဆောင်ဘွယ်ရာများကို အသေးစိတ်ညွှန်ကြားစီစဉ်လေသည်။ အနုကေဝဋ်အမတ်သည် မဟောသဓာညွှန်ကြားသည်များကို အသေအချာ မှတ်သားနာယူပြီးနောက် မြို့တံတိုင်းပေါ်သို့ တက်၏။ ပြီးလျှင် မိတ္တိလာစစ်သည်တို့ကို မမြင်ယောင်ပြုကာ ပဉ္စာလရာဇ်စစ်သည်များအား မုံ့ပဲစားဘွယ်သောက်ဘွယ်တို့ကို ပေး၏။ ပြီးနောက်—

"ဘုရင်ရောဇ်ရဲ့ စစ်သည်တော်တို့....သင်တို့အနေနဲ့ နောက် နှစ်ရက်သုံးရက်ကြာရင် မိတ္ထိလာပြည်ကို အလွယ်နဲ့သိမ်းယူနိုင်ပါ တော့မယ်။ အခုဆိုရင် မိတ္ထိလာပြည်သူပြည်သား အပေါင်းဟာ ခြင်းထဲမှာ လှောင်ထားတဲ့ ကြက်တွေလို အင်မတန်မှ အနေ အထိုင် ကျဉ်းကြပ်နေကြပါတယ်။ အနေအထိုင် ကျဉ်းကြပ်ပြီး စားနပ်ရိက္ခာ အခက်အခဲဖြစ်နေကြတာမို့ မြို့သူမြို့သားတွေဟာ တဦးကိုတဦး လုယက်စားသောက်နေကြပါတယ်။ မကြာခင်မှာ ဘဲ ဝရုံးသုံးကားဖြစ်ပြီး မြို့တံခါးတွေကို ဖျက်ဆီးဖွင့်ပေးကြပါ လိမ့်မယ်။ စူဠနီဗြဟ္မဒတ်မင်းရဲ့ စစ်သည်တော်များအနေနဲ့ အသုံး မကျတဲ့ ဝိဒေဟရာဇ်မင်းကြီးနဲ့ စစ်သူကြီးမဟောသဓာကိုအလွယ် နဲ့ ဖမ်းယူရုံဘဲရှိတော့တယ်"ဟုပြောဆို၏။

မြို့ရိုးတွင်စောင့်ကြပ်နေသော မဟောသဓာ၏ တပ်သားများ သည် အနုကေဝဋ္ဋပုဏ္ဏားအားဆဲဆိုဖမ်းဆီးပြီးနောက် ပဉ္စာလရာဇ် စစ်သည်များမြင်အောင် ကြိုးနှင့်ချည်နှောင်၍ ရိုက်နှက်ကြလေ သည်။ ပြီးလျှင် တကိုယ်လုံး အုတ်နီမှုန့်ဖြင့်ဖြူး၏။ နားနှစ်ဖက် ၌ ပင်စိမ်းပန်းကို ပန်ပေးကြ၏။ ဝါးခြမ်းစိတ်ဖြင့် တကိုယ်လုံး အဖုအပိန့်တွေ အရိုးအစင်းတွေထအောင် ရိုက်နှက်ကြ။ ကျော ပြင်တွင် ထုံးများသုတ်လိမ်းကာ၊ ရောင်ကို ငါးခု ခွဲလျက် မြို့ရိုး တံတိုင်းပေါ်တင်ပြီးလျှင်—

"ဟယ်....သစ္စာဖေါက်ပုဏ္ဏား....သင့်အား ရာဇဒဏ်ခတ်မယ်.... ငါတို့မြို့တော်က ထွက်သွား"ဟုဆိုကာ ကြိမ်နှင့် ထိုးထားသော ဆိုင်း၌ထည့်၍ မြို့ရိုးအပြင်ဖက်သို့ ချကြလေသည်။

ပဉ္စာလရာဇ်စစ်သည်တို့သည် အနုကေဝဋ္ဋပုဏ္ဏားအား ဖမ်းယူ ကာ စူဠနီဗြဟ္မဒတ်မင်းထံ ပို့ကြ၏။ မင်းကြီးသည် အုတ်နီမှုန့်

အလိမ်းလိမ်း၊ ထိုးအလိမ်းလိမ်းရှိကာ တကိုယ်လုံးတွင်လည်းအရှုံး အစင်း အဖုအပိန့်တွေထနေသော ပုဏ္ဏားကို မြင်လေလျှင်—

"ဟယ်-ပုဏ္ဏား....သင့်တွင် ဘယ်လိုအပြစ်များရှိလို့ ခုလို ရာဇဒဏ်ခံရတာလဲ" ဟု မေးတော်မူ၏။

"တရားသော ထီးဆောင်းမင်းတို့၏အရှင် ဘုရင်ကေရာဇ်မင်းမြတ်၊ ကျွန်ုပ်သည် ဘိုးစဉ်ဘောင်ဆက်မှစပြီး၊ မျိုးမဲ့တ်မျိုးနွယ်က ဆင်းသက်လာသူ ဖြစ်ပါတယ်။ မဟောသဓာဆိုသူမှာ တောရွာ ဇနပုဒ်က သူကြွယ်သားသာ ဖြစ်ပါတယ်။ သူမရောက်လာမီကထဲက ဝိဒေဟရာဇ်မင်းကြီးဟာ ကျွန်ုပ်ကိုပုရောဟိတ်တဦးအဖြစ်နဲ့ မြှောက်စားထားတော်မူခဲ့ပါတယ်။ တပ်ဖွဲ့တခုကို ကိုင်တွယ်အုပ်ချုပ်ရတဲ့ ဗိုလ်မှူးအဖြစ်နဲ့လဲ ခန့်ထားပါတယ်။ ဒါကြောင့် မိတ္ထိလာပြည်မှာ ကျွန်ုပ်အနုကေဝဋ္ဋအမတ် ပုရောဟိတ်ဟာ ကြွယ်ဝချမ်းသာတယ်၊ ဩဇာတိတ္တမ ကြီးမားတယ်။

"သူကြွယ့်သားဟာ တဖြည်းဖြည်းနဲ့ မိတ္ထိလာမင်းအပေါ်မှာ ဩဇာလွှမ်းလာတယ်။ ဝိဒေဟရာဇ်မင်းဆိုတာကလဲ ဘာမှ ဉာဏ်ပညာရှိတာမဟုတ်တော့ စကားပြောကောင်းတဲ့ ရုပ်ချောတဲ့ သူကြွယ့်သားကို အထင်ကြီးပြီး၊ သူပြောသမျှ အဟုတ် ထင်ပါတယ်။ သူကြွယ့်သား မဟောသဓာဟာ မင်းကြီးအနားမှာ ကပ်ပါးလုပ်ရင်းနဲ့ ရာထူးတွေ တိုးလာပြီး စစ်သေနာပတိကြီးအဖြစ်နဲ့ နိုင်ငံကို စီမံအုပ်ချုပ်ရတဲ့အထိ ဖြစ်လာပါတယ်။ တခြားလူတွေက မဟောသဓာကို ဘယ်လောက်ဘဲ ရိုကျိုး ခစားပေတဲ့ ကျွန်ုပ်ကတော့ သူ့ကိုမခစားဘူး၊ ခစားစရာလဲ အကြောင်းမရှိပါဘူး၊ ကျွန်ုပ်က မျိုးမတ်မျိုးနွယ်က အစဉ်တစိုက် ဆင်းသက်လာသူဖြစ်ပြီး သူက ဇနပုဒ်က သူကြွယ်သားသာမဟုတ်ပါလား။

မင်းကြီးက ဘယ်လောက်ဘဲ မြှောက်စားလို့ ရာထူးကြီး ရှိနေပေမဲ့ မျိုးရိုးမမြင့်မြတ်တဲ့အတွက် ကျွန်ုပ်သူ့ကို မကျိုးနွံ မခစားနိုင်ပါဘူး"

"အဲလို ကျွန်ုပ်ကသူ့ကို မရိုကျိုးမခစားတဲ့အတွက် သူကြွယ်သား မဟောသဓာဟာ ကျွန်ုပ်ကို အညှိုးထားပြီး မင်းကြီးကို ဂုံးချောတာကြောင့် မင်းကြီးက ကျွန်ုပ်ကိုရာထူးက ဖြုတ်ချပါတယ်။ စည်းစိမ်ဥစ္စာတွေကိုလဲ သိမ်းယူပါတယ်၊ ဒါကြောင့် ကျွန်ုပ်မှာ ဆင်းရဲခြင်းဖြစ်ရပါတယ်၊ ကျွန်ုပ်ဟာ မဟောသဓာအပေါ်မှာ အခဲမကျေ ဖြစ်နေပါတယ်။ အခွင့်ရရင် ဒင်းကိုဇက်ဖြတ်သတ်ချင်နေပါတယ်၊ ဒီလိုရှိနေတဲ့အချိန်မှာ အရှင်ဘုရင်ဧကရာဇ်မင်းမြတ် ကြွချီလာပြီး မိတ္ထိလာကို ဝိုင်းရံထားတဲ့အတွက် ကျွန်ုပ်မှာ ဝမ်းသာမဆုံး ဖြစ်နေရပါတယ်"

"ကျွန်ုပ်အကြံ အောင်ပြီလို့ယုံကြည်ပြီး မြို့ရိုးတံတိုင်းငယ်ပေါ်တက်ပါတယ်၊ အရှင်ဘုရင် မင်းမြတ်ရဲ့ တပ်တော်သားများနဲ့ ရင်းနှီးရအောင် ဆောင်ရွက်ခဲ့ပါတယ်၊မိတ္ထိလာအတွင်းမှာ အခြေအနေပျက်ပြားပြီး ကစင့်ကလျားဖြစ်နေတဲ့ အကြောင်းတွေကို သတင်းပေးပါတယ်။ အဲဒီတုန်းမှာ မဟောသဓာရဲ့ စစ်သည်များက မြင်တွေ့သွားတာကြောင့် ကျွန်ုပ်ကို အခုလို ရာဇဒဏ်ပေးတာခံရပါတယ်။ အရှင်ဘုရင်မင်းမြတ်.... ကျွန်ုပ် ပြောစကားကို မယုံရင် အရှင့် တပ်တော်သားများကို ကျွန်ုပ် လျှောက်တင်ချက် မှန်မမှန် မေးမြန်းစုံစမ်းတော်မူပါ"

အနုကေဝဋ္ဋပုဏ္ဏား လျှောက်တင်သည်ကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းကြီးသည် ပုဏ္ဏားအား ခေါ် ဆောင် လာ သော

စစ်သည်တပ်သားများကိုခေါ်၍ မေးမြန်းစုံစမ်း၏။ စစ်သည်များကလည်း ပုဏ္ဏားပြောသည့်အတိုင်း လျှောက်တင်ကြလေသည်။

မင်းကြီးသည် အနုကေဝဋ္ဋပုဏ္ဏားစကားကို ယုံကြည်သဖြင့်—

"သင်ပုဏ္ဏား မဟောသဓာဦးခေါင်းကို သင်တကယ်ဖြတ်ယူနိုင်ပါမလား" ဟု မေး၏။

"မြတ်သောကရောဇ်....ကျွန်ုပ်ဟာ ဒီမိတ္ထိလာပြည်သားဖြစ်ပါတယ်၊ ဝိဒေဟရာဇ်မင်းရဲ့ ပုရောဟိတ်လဲ ဖြစ်ခဲ့ပါတယ်၊ တပ်တတပ်ကို စီမံအုပ်ချုပ်ရတဲ့ တပ်မှူးလဲ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် မိတ္ထိလာပြည်ရဲ့မြို့ရိုးမှာ ဘယ်နေရာက ခိုင်ခန့်လုံခြုံတယ်၊ ဘယ်နေရာဟာ အခိုင်မမာမရှိဆိုတာလဲ သိထားပါတယ်၊မြို့တံခါးတွေဟာ ဘယ်တံခါးကလုံခြုံတယ် ဘယ်တံခါးက ဆွေးမြေ့နေတယ် မလုံခြုံဘူးဆိုတာလဲ သိထားပါတယ်၊ ကျုံးခြောက်မှာ ဘယ်နေရာ ဆူးညှောင့်ထူထပ်တယ်၊ ဘယ်နေရာ ဆူးညှောင့်ပါးတယ်ဆိုတာလဲ သိထားပါတယ်၊ ရေကျုံးမှာဆိုရင်လဲ ဘယ်နေရာမှာ ရေနက်တယ်၊ ငမန်းမိကျောင်းပေါတယ်၊ ဘယ်နေရာမှာ ရေတိမ်တယ် ငမန်းမိကျောင်း နဲတယ်ဆိုတာလဲ သိထားပါတယ်။ ကရောဇ်မင်းမြတ်.... ကျွန်ုပ်ကိုယုံယုံကြည်ကြည်နဲ့ ဦးဆောင်တိုက်ခိုက်ခွင့်ပေးရင် မိတ္ထိလာပြည်ကို အမြန်ဆုံးတိုက်ခိုက်သိမ်းယူပြီး ဝိဒေဟရာဇ်နဲ့ မဟောသဓာတို့ ဦးခေါင်းများကို ဖြတ်ယူကာ အရှင်မင်းမြတ်ကို ဆက်သပါမယ်"

အနုကေဝဋ္ဋ၏ လျှောက်တင်စကားကြားလျှင် မင်းကြီးနှစ်သက်ဝမ်းသာပြီး ချက်ချင်းအမတ်ရာထူးပေးလျက် မြောက်စားကာ တပ်မှူးကြီးအဖြစ် ခန့်ထားလိုက်လေသည်။အနုကေဝဋ္ဋလည်း သူ၏တပ်တော်သားများနှင့် တပ်စီးတပ်ကြပ်တို့၏ အဝတ်တွင်

တံဆိပ်တခု ခပ်နှိပ်ပေး၏။ အကြောင်းပြချက်ကိုတော့ မိတ္ထီလာပြည်ကို တိုက်ခိုက်ရာတွင် မိတ္ထီလာတပ်များနှင့် မှားယွင်းခြင်းမရှိရအောင် အချင်းချင်း မှတ်မိကြအောင်ဟု ဆို၏။

တပ်မှူးကြီး အနုကေဝဋ္ဋသည် သူ၏တပ်များကိုကွပ်ကဲလျက် မိတ္ထီလာမြို့ရိုးကို ဖြိုမည်ဟုကြုံးဝါးကာ မြို့ရိုးရှိရာသို့ ချီတက်လေသည်။ အနုကေဝဋ္ဋသည် တပ်ကိုစီမံကွပ်ကဲရာ၌လည်း ကျွမ်းကျင်၏။ ကာယဗလလည်း ကြီးထွား သန်မာ တောင့်တင်း၏။ ရဲရင့်ဖျပ်လတ်ခြင်းလည်းရှိ၏။ သို့ကြောင့် သူ့တပ်သား များလည်း အားတက် သွေးကြွနေကြသည်။ အနုကေဝဋ္ဋသည် အရောင်တလက်လက် တောက်ပနေသော ဓားကိုဝင့်လျက်—

"ရဲမက်တို့....ကျုံးထဲကိုဆင်းကြ၊ မိတ္ထီလာမြို့ရိုးကိုဖြိုကြ" ဟု အမိန့်ပေးလျက် စစ်သည်ရဲမက်များအား မိကျောင်းထူပြောရာ၊ ငမန်းပေါရာ၊ ရေနက်ရာနေရာမှ ကျုံးထဲသို့မောင်းချ၏။

ရဲမက်များ သူ့အမိန့်အတိုင်းနာခံ၍ ကျုံးသို့ဆင်းလေရာ မိကျောင်းငမန်းတို့ ကိုက်သတ်သောကြောင့်၎င်း၊ ရေနစ်၍၎င်း၊ စစ်သည်အများအပြား သေကျေပျက်စီးကြလေသည်။ ကျုံးတွင်း ၌မသေပဲ တဖက်ကမ်းသို့ ရောက်ရှိသွားသော စစ်သားများကို မဟောသဓာ၏ တပ်သားများက မြှားနှင့်၎င်း၊ ဓားချွန်၊ လှံလျှင်တို့နှင့်၎င်း ပစ်ခတ်သောကြောင့် သေကျေကြရလေသည်။

အနုကေဝဋ္ဋတပ်မှူးကြီးသည် စစ်သည်တပ်သားများ ထပ်မံဖြည့်ကာ ယခင်နည်းအတိုင်း ကျုံးသို့ဆင်းစေပြန်၏။ ကျုံးရေတွင် သွေးဖြင့်နီရဲလျက် လူသေကောင်များလည်း သစ်တုံးများနှယ်ကျုံး၌ မျောနေလေရာ နောက်ထပ်၍ စစ်သည်များကို ကျုံးသို့ ဆင်းစေသော်လည်း ဘယ်သူမျှ မဆင်းဝံ့ကြတော့ပဲ

ဆုတ်ခွာ ထွက်ပြေး ကြလေတော့သည်။ အနုကေဝဋ္ဋိသည် စူဠနီ ဗြဟ္မဒတ်မင်း ရှေ့တော်သို့ သွားရောက်ခစားပြီး—

"အရှင်ဘုရင် ကောရဗ်မင်းမြတ်.... ကျွန်ုပ်အနေနဲ့ မိတ္ထိလာ မြည်ကို အလွယ်နဲ့သိမ်းယူဘို့အတွက် မြို့ရိုးကိုဖြိုလို့ မြို့ရိုးမလုံခြုံ တဲ့နေရာ အစောင့်အကြပ်ပါးတဲ့နေရာကို စစ်သည်တွေကိုချီတက် စေသော်လဲ စစ်သည်တော်တွေဟာ ကျွန်ုပ်ဩဇာကို မနာခံဘဲ ရှောင်ခွာထွက်ပြေးကြပါတယ်။ အရှင်ကောရဗ်မင်းမြတ်.... ဘာ ကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာ ကျွန်ုပ် လေ့လာကြည့်တဲ့အခါမှာ ကေဝဋ္ဋပုရောဟိတ်မှအစ ကိုးဆယ့်ကိုးပါးသော ထီးဆောင်းမင်း များရော၊ စစ်သည်ရဲမက်များရော မဟောသဓာဆီက တံစိုးလက် ဆောင်များကိုယူထားပြီး အရှင်ကောရဗ်မင်းမြတ်အပေါ် သစ္စာ မရှိ ဖြစ်နေကြတာ တွေ့ရပါတယ်။ အရှင်မင်းမြတ်.... ကျွန်ုပ် လျှောက်တင်တာကို မယုံလို့ရှိရင် အရှင့် စစ်သည်တော်များကို ခေါ်ပြီးကြည့်ပါ၊ သူတို့အဝတ်တွေမှာ မဟောသဓာရဲ့ အမှတ် တံဆိပ် ခပ်နှိပ်ထားတာ မြင်တွေ့ရပါလိမ့်မယ်" ဟု လျှောက် ထား၏။

စူဠနီဗြဟ္မဒတ်မင်းသည် တပ်မှူးတပ်ကြပ်တို့အား စစ်ဝတ်စုံ နှင့် လာရောက်ခစားရန်ဆင့်ခေါ်၏။ တပ်မှူးတပ်ကြပ်များရောက် လာသောအခါ ဝတ်စုံများကို အမှတ်မထင်ပုံစံမျိုးနှင့် ကြည့်ရှု တော်မူရာ တံဆိပ်အက္ခရာများရိုက်နှိပ်ထားသည်ကိုမြင်တွေ့သဖြင့် အနုကေဝဋ္ဋိစကားမှန်လေပြီဟုယုံကြည်သွား၏။ သို့ကြောင့် တပ် မှူးတပ်ကြပ်တို့အား တံဆိပ်နှင့်ပတ်သက်၍ မေးမြန်းခြင်းမပြုဝံ့ တော့ပဲ သင့်လျော်ရာစကားမျှကိုသာပြောပြီး လွှတ်လိုက်လေ သည်။

တပ်မှူးတပ်ကြပ်တို့အားထွက်သွားစေပြီးနောက် မင်းကြီးသည် အနုကေဝဋ္ဋအမတ်အားခေါ်၍ နှစ်ကိုယ်ချင်းဆွေးနွေး၏။

"အနုကေဝဋ္ဋအမတ်....သင့်စကားမှန်ပြီ၊ ငါတို့ ရှေ့ဘာဆက်လုပ်သင့်သလဲ"

"အရှင် ကေရာဇ်မင်းမြတ်....အပြင်ကရန်မီးကို အနီးမရောက်အောင်တားဆီးဘို့လွယ်ပါတယ်၊ အတွင်းရန်မီးကို သတ်ရဘို့ခက်ပါတယ်၊ အခု ကျွန်ုပ်တို့မှာ အတွင်းကသစ္စာဖောက်တာကိုခံနေရပါပြီ၊ ဒီအရပ်မှာကြာရှည်မနေသင့်တော့ပါ၊ ဒီအရပ်မှာကြာရှည်နေလျှင် အတွင်းသစ္စာဖောက်များက အရှင်ကေရာဇ်မင်းမြတ်နဲ့ကျွန်ုပ်တို့နှစ်ယောက်ကို မဟောသဓာလက်အရောက်ဖမ်းပို့ကြမှာသေချာပါတယ်"

အနုကေဝဋ္ဋ တင်လျှောက်သည်ကို ကြားလျှင် မင်းကြီးသည် ထိုသူ၏စကားကိုယုံသင့်မယုံသင့်ချင့်ချိန်စဉ်းစားနေလေသည်။အနုကေဝဋ္ဋသည် မင်းကြီးအားထပ်မံတင်လျှောက်ပြန်၏။

"အရှင်ကေရာဇ်မင်းမြတ် စဉ်းစားဆင်ခြင်တော်မူပါ၊ အရှင်မင်းမြတ်အနေနဲ့ အယုံကြည်ရဆုံး စိတ်အချရဆုံးဖြစ်တဲ့ ကေဝဋ္ဋပုရောဟိတ်ကြီးရဲ့အဖြစ်ကိုကြည့်ရင် သိနိုင်ပါတယ်၊ ပုရောဟိတ်ကြီးဟာ တရားစစ်တလင်းမှာ မဟောသဓာကပတ္တမြားမျက်ရှင်ကိုလက်ဆောင်ပေးတာနဲ့ မဟောသဓာကိုရှိခိုးပြီး အရှုံးပေးကာ အရှင့်တပ်တော်များကို ထွက်ပြေးစေခဲ့ပါတယ်၊ တပ်တော်များပြေးရာကိုလိုက်လာပြီးတော့ သူ့နဖူးသူရိုက်ပြီး သွေးထွက်စေကာ မဟောသဓာက ပြုလုပ်တယ်လို့ အရှင်မင်းကြီးကို လည်ဆယ်လျှောက်တင်ပါတယ်၊ ပြီးတဖန် တပ်တော်ကိုစုရုံးပြီးမိတ္ထိလာကိုဝိုင်းရံစေပြန်ပါတယ်၊ မိတ္ထိလာကိုဝိုင်းရံသာစိုင်းထားပြီး ဘယ်သူ

ကမှ ရှေ့ဆောင်မတိုက်ခိုက်ပါဘူး၊ ကျွန်ုပ်ရှေ့ဆောင်တိုက်ခိုက် ပြန်တော့လဲ ကျွန်ုပ်အမိန့်မနာခံအောင် စစ်သည်တပ်သားတွေကို သွေးထိုးထားပါတယ်။

"အရှင်မင်းမြတ်....ကေ ဝဋ္ဋ ပု ရော ဟိတ် လို ပုဂ္ဂိုလ်ကတောင် သစ္စာဖောက်ပြီဆိုတော့ ကိုးဆယ့်ကိုးပါးသော ထီးဆောင်းမင်း များကိုလဲ ယုံကြည်စရာမရှိတော့ပါ၊ တံစိုးလက်ဆောင်ရထားပြီး ပြီမို့ အရှင်မင်းမြတ်ကို အချိန်မရွေးဖမ်းယူပြီး မဟောသဓာကို ပေးဆက်တော့မှာ သေချာပါတယ်၊ ဒါကြောင့် အရှင်မင်းမြတ် ဘယ်သူ့မှအသိမပေးဘဲ ဒီနေရာကအမြန်ထွက်ခွာမှသာ အသက် ချမ်းသာပါလိမ့်မယ်"

မင်းကြီးသည် အနုကေဝဋ္ဋစကားကြားလျှင် ကြက်သီးဖြင်း ဖြင်းထလျက် တကိုယ်လုံး အေးစက် တောင့်တင်းသွား၏။ နဖူး မျက်နှာပြင်တို့တွင် ချွေးသီးကြီးများထွက်လာသည်။

"အနုကေဝဋ္ဋအမတ်....သင့်စကားကို ငါယုံကြည်တယ်၊ ငါ သေဘေးကလွတ်အောင် ဘယ်လိုကြံရမလဲ"

"အရှင်ဘုရင်မင်းမြတ်... ညသန်ကောင်အချိန်မှာတိတ်တဆိတ် ပြေးမှသာ အသက်ရှင်နိုင်ပါလိမ့်မယ်"

"ကောင်းပြီ....ဒီလိုဆိုရင် ညသန်ကောင်အချိန်မှာ ငါ့မြင်းကို သင်လာဆက်လှည့်"

"အရှင်ဘုရင်မင်းမြတ် စိတ်ချတော်မူပါ၊ အခု အရှင်နဲ့ကျွန်ုပ် တိုင်ပင်တဲ့စကားကို တစုံတယောက်မှမသိပါစေနဲ့၊ တစုံတယောက် သိရင် အရှင်မင်းမြတ်ဦးခေါင်း မိတ္ထိလာမြို့ထဲရောက်သွားပါလိမ့် မယ်"

"ကောင်းပြီ၊ သင်သာသန်းကောင်အချိန်မှာ ငါ့ဆီအရောက် လာခဲ့ပါ"

အနုကေဝဋ္ဋသည် မင်းကြီးရှေ့တော်မှ ထွက်ခွာခဲ့ပြီးနောက် မဟောသဓာ၏သူလျှိုတဦးအား တွေ့ဆုံကာ ညသန်းကောင်တွင် စူဠနီဗြဟ္မဒတ်မင်း ထွက်ပြေးလိမ့်မည်ဖြစ်ကြောင်း သင်တို့သူလျှို အားလုံး အိပ်ချင်ယောင်ဆောင်ပြီးစောင့်နေကြဟု မှာကြားထား လေသည်။

ညဉ့်သည်လရောင်မရှိသဖြင့် မဲမှောင်နေ၏။ တိမ်လွှာတိမ်တိုက် တို့ရွေ့လျားနေကာ၊ ကြယ်တို့ပင် မလင်းနိုင်ရှိချေသည်။ စူဠနီ ဗြဟ္မဒတ်မင်းကြီးမှာ သေရအံ့သောဘေးကို တွေးကြောက်သဖြင့် အိပ်မပျော်နိုင်ရှိချေသည်။ စစ်သည်ရဲမက်များမှာ စစ်ပမ်းသည် တကြောင်း၊ ညဉ့်နက်သည်တကြောင်းကြောင့် အိပ်မောကျနေ ၏။ အစောင့်ချထားသော စစ်သည်များလည်း အိပ်ငိုက်နေကြ သည်။ လေမတိုက်သဖြင့် ညသည် သစ်ရွက်ခတ်သံကိုပင်မကြားရ အောင်တိတ်ဆိတ်နေ၏။ ယင်းသို့ရှိစဉ် ခပ်ဖွဖွနင်းလာနေသော မြင်းခြေသံကိုကြားသဖြင့် မင်းကြီးအိပ်ရာမှထကာ လက်သုံးတော် သံလျက်ကိုစွဲကိုင်လျက် သစ်တပ်တဲနန်းအတွင်းမှထွက်ခဲ့လေသည်။ အနုကေဝဋ္ဋသည် မင်းကြီးအနားသို့မြင်းကိုဆွဲလာပြီးပေးဆက်၏။

"အရှင်မင်းကြီး....မြင်းခွာသံမကြားအောင်အသာနင်းပါ၊တပ် စည်းရိုးလွန်မှအပြင်းစိုင်းနှင်ပါ"ဟု တိုးတိုးမှာကြားပြီး မင်းကြီး အား မြင်းပေါ်တင်ပေးလေသည်။ အနုကေဝဋ္ဋလည်း ၎င်း၏ မြင်းဆီသွားပြီး မြင်းကိုစီးကာ မင်းကြီးနောက်မှ အသာအယာ လိုက်၏။ တပ်စည်းကိုလွန်သောအခါ—

"အရှင်မင်းမြတ်စိုင်းနှင်ပါတော့"ဟု လျှောက်၏။ မင်းကြီးလည်း သူ၏မြင်းကို လေးညို့မှပစ်လွှတ်လိုက်သောမြှားနှယ် စိုင်းနှင်လျက် ပဉ္စာလရာဇ်ပြည်ဖက်သို့ဦးတည်ပြေးလေ၏။

မင်းကြီးပြေးလေလျှင် အနုကေဝဋ္ဋသည် သူ့မြင်းကိုနောက်ပြန်လှည့်ကာ တပ်တွင်းပြန်ဝင်ပြီးလျှင်—

"ပဉ္စာလရာဇ်မင်းကြီးပြေးပြီ ...ပြေးပြီ"ဟု ကျယ်လောင်စွာအော်၏။

မဟောသဓာ၏သူလျှိုတရာတို့ကလည်း—

"စူဠနီဗြဟ္မဒတ်မင်းကြီးပြေးပြီ"ဟု တပြိုင်နက်ဟစ်အော်ကြလေသည်။

ကေဝဋ္ဋပုရောဟိတ်၊ ၉၉-ပါးသော ထီးဆောင်းမင်းများနှင့်စစ်သည်ဗိုလ်ပါတို့သည် အော်သံများကြောင့် အိပ်ရာမှလန့်နိုးကြပြီး မဟောသဓာဝင်ရောက်တိုက်ခိုက်၍သာ မင်းကြီးပြေးသည်ထင်မှတ်ကြကာ မိမိတို့ဆင်မြင်းများအပေါ် လွှားတက်သူတက်၊ ခြေလျင်ပြေးသူပြေးနှင့် အသက်ဘေးမှလွှတ်နိုင်ရန် ခြေဦးတည့်ရာသို့ ပြေးကြလေသတည်း။

ပဉ္စာလရာဇ်စစ်သည်များ ရုတ်ရုတ်သဲသဲ ကစင့်ကလျား ပြေးလွှားကြသည်ကို မိတ္ထိလာမြို့ရိုးပေါ်မှမဟောသဓာ၏စစ်သည်များမြင်လျှင် စစ်ခရာ၊ စစ်စည်၊ စစ်မောင်းတို့ကို ဒလကြမ်းမရပ်မနားတီးခတ်ကြ၏။ ထိုအသံကို ပဉ္စာလရာဇ်စစ်သည်များကြားလေရာကေဝဋ္ဋပုရောဟိတ်နှင့်ကိုးဆယ့်ကိုးသောထီးဆောင်းမင်းများအားမဟောသဓာဖမ်းမိသွားပြီအထင်နှင့် သေဘေးမှလွှတ်ရန် တအားပြေးကြ၏။ အချို့စစ်သည်များမှာ ခါးဝတ်ပုဆိုးကိုပင်ရှုပ်သည်ထင်၍ ချွတ်ထားခဲ့ပြီး ပြေး၏။

စူဠနီဗြဟ္မဒတ်မင်းသည် ပဉ္စာလရာဇ်ပြည်အနီး ရောက်လေမှ သေဘေးမှလွတ်ပြီဟုယုံကြည်သဖြင့် ရပ်နားကာ ပြေးလာသော တပ်ကိုစောင့်ကြိုစုစည်းလျက် သိမ်းရုံးကွပ်ကဲကာ နေပြည်တော်သို့ ဝင်လေသတည်း။

နံနက်မိုးသောက်အလင်းရောက်သည်တွင် ပဉ္စာလရာဇ်စစ်သည် များပစ်ပြေးသွားသော လက်နက်ပစ္စည်းများ၊ စားနပ်ရိက္ခာများ၊ အဝတ်အထည်များ၊ အသုံးအဆောင်များမှာ ပဉ္စာလရာဇ်စစ်တပ် ကြီးချထားရာနေရာများတွင် တောင်ပုံရာပုံစုပုံလျက်ကျန်နေသည် ကိုမြင်တွေ့ကြရလေသည်။ မဟောသဓာသည် ရန်သူများပစ်ပြေး သောပစ္စည်းများကိုသိမ်းယူစေ၍၊ မင်းနှင့်ထိုက်တန်သောပစ္စည်းကို ဝိဒေဟရာဇ်မင်းကြီးအားပေးဆက်စေသည်။ မိမိနှင့်ထိုက်တန်သော ပစ္စည်းကိုမိမိယူပြီး၊ ဗိုလ်မှူး၊တပ်မှူးတို့နှင့်ဆိုင်ရာကို ဗိုလ်မှူးတပ်မှူး များအားခွဲဝေပေးသည်။ ရဲမက်များနှင့်ဆိုင်ရာကို ရဲမက်များ အားခွဲဝေပေးသည်။ ကျန်သောစားနပ်ရိက္ခာနှင့်အဝတ်တန်ဆာ တို့ကို ပြည်သူပြည်သားများခွဲဝေယူစေသည်။

စူဠနီဗြဟ္မဒတ်မင်း၊ ၉၉-ပါးသောတိုးဆောင်းမင်း၊စူဠနီဗြဟ္မ ဒတ်မင်း၏မှူးမတ်ပုရောဟိတ်၊၉၉ပါးသောမင်းတို့၏မှူးမတ်၊ပုရော ဟိတ်၊ သေနာပတိစစ်သူကြီးများ၊ တပ်မှူးဗိုလ်မှူးတပ်ကြပ် တပ် ထောက်၊တပ်မင်းစသောစစ်ဦးစီးများ တဆယ့်ရှစ်ခေါဘိဏီသော တပ်သားများ၏ စားနပ်ရိက္ခာ၊ အဝတ်တန်းဆာ ဆင်မြင်းရထား ခေါ်လှည်းလေးမြားသက်နက်စသည်တို့မှာ အဆမတန်များပြားလွန်း သဖြင့် မိတ္ထိလာပြည်သူပြည်သားများအနေနှင့်ရွှေငွေရတနာမှစ၍ အဖိုးထိုက်တန်သောပစ္စည်းများကို ၁၅-ရက်ကြာမျှ ကောက်ယူ

ခဲ့ဝေရသည်။ အဖိုးမထိုက်တန်သောအသုံးအဆောင်များကိုမူ ၄ လကြာမျှ ကောက်ယူခဲ့ဝေကြရလေသည်။

ပဥ္စာလရာဇ်ဘုရင်နှင့် တပ်များ ထွက်ပြေး သွားပြီးနောက် မဟောသဓာသည် ပရိယာယ်ဥပါယ်တမျဉ်အရာတွင် ကျွမ်းကျင်လိမ်မာရုံမက၊ တိုင်းပြည်အတွက် အသက်ကို ပဓာနမထားပဲ ရဲရင့်ပြတ်သားစွာ အမှုတော်ကို ဆောင်ရွက်အောင်မြင်ခဲ့သော အနုကေဝဋ္ဋပုဏ္ဏားအား ကြီးစွာသော ရာထူးကို ပေးအပ်ချီးမြှောက်၍၊ များစွာသော ဥစ္စာရတနာ အခြံအရံတို့ကိုပေးလျက် ချီးကျူးဂုဏ်ပြုလေသည်။ မိတ္ထိလာ ပြည်သူ ပြည်သားများလည်း ထွက်ပြေးသွားသော စစ်သည်ဗိုလ်ပါတို့ထံမှ ဥစ္စာရတနာစားနပ်ရိက္ခာတို့ကို ရရှိကြသောကြောင့် အတိုင်းမသိ ရွှင်မြူး ဝမ်းသာကြလေ၏။



# ကေဝဋ္ဋပုရောဟိတ် အောင်သွယ်သွားခြင်း

ကေဝဋ္ဋပုရောဟိတ်သည် ကြေးမုံ ပြင်၌ မိမိမျက်နှာကို ကြည့်မိတိုင်း နဖူးမှ အမာရွတ်ကို မြင်တွေ့ကာ ဒေါသ ဖြစ်ရ၏။

“ဒါဟာ မဟောသဓာလုပ်တာ ဒီအမာရွတ်ဟာ ငါသေရာအထိပါတော့မယ်၊ ငါကဲ့သို့သော ပညာရှိ ပုရောဟိတ်ကြီးကို တရာသော ထီးဆောင်းမင်းများရှေ့မှာ သူ့ကို ရှိခိုးတဲ့အထိ ဖြစ်အောင် အရှက်ခွဲပြီးမှ နှိပ်စက်လိုက်တာ၊ အို...ဒင်းကို တသက်ကျေရိုးလား”

ကေဝဋ္ဋပုရောဟိတ်သည် ကြေးမုံပြင်တွင် အမာရွတ်ကို မြင်ရတိုင်း ဤနှယ်ကြိမ်း၏။ သူ၏ ခံပြင်းနာကျည်းချက်မှာ ဘယ်အခါမှ ပျောက်ကွယ်လွင့်ပြယ်မသွားပဲ အမာရွတ်ကို မြင်လေတိုင်း အသစ်အသဏ်သာဖြစ်၍ နေရလေတော့သည်။ သူသည် အချိန်ရှိသရွေ့၊ မိတ္ထိလာနိုင်ငံကို တိုက်ခိုက် သိမ်းယူနိုင်ရန်နှင့်၊ မဟော

သခေအား လက်စားချေ သတ်ဖြတ်နိုင်ရန်ကိုသာ စဉ်းစားတွေး တော ကြံစည်နေလေ၏။

မိတ္ထိလာပြည်မှ စစ်ရှုံး၍ ပြေးခဲ့ရပြီး တနှစ်ခန့် အကြာတွင် ကေဝဋ္ဋပုရောဟိတ်အကြံတခုရ၏။ ယင်းအကြံမှာ အရွယ်အားဖြင့် တဆယ့်ခြောက်နှစ်မျှသာ ရှိသေးသော ဘုရင့်သမီးတော် ပဉ္စာလ စန္ဒီမင်းသမီးအား မြင်တွေ့ရသောကြောင့်ဖြစ်သည်။ ပဉ္စာလစန္ဒီ မင်းသမီးကလေးမှာ အရွယ်ရောက်စဖြစ်၍ ပွင့်ကားစ ကြာပဒုံ နှယ် အလှကြွယ်လျက်ရှိ၏။ မျက်နှာပေါ်လွှင်ခြင်း၊ အသားဝင်း ဝါခြင်း၊ ဆံပင်နက်မှောင်၍ မျက်တောင်ကော့ရွန်းကာ၊ မျက်ခုံး များကလည်း စင်ယော်တောင်နှယ် ညွတ်စိုက်နေ၏။ နှုတ်ခမ်း လွှာကလေးများကလည်း ကုမုဒြာကြာနှစ်ချပ်ကို ဟပ်ထားသည် သို့ရှိ၏။ လည်တိုင်ကလေးကျော့ရှင်းကာ ရင်ဖြိုးဖြိုး တင်မို့မို့နှင့် မခို့တရို့ကိုယ်ဟန်ကလည်း မြင်သူတိုင်း စွဲမက်စရာဖြစ်ချေသည်။

ကေဝဋ္ဋပုရောဟိတ်သည် အကြံရသည်နှင့် မင်းကြီးရှေ့တော် သို့ ဝင်ရောက်ခစား၏။

"အရှင်မင်းကြီး....အခု ကျွန်ုပ်လာတာဟာ အကြံကောင်း တခုရတာမို့ အရှင်မင်းကြီးနဲ့ တိုင်ပင်စရာရှိလို့ တိုင်မင်ရအောင် ရှေ့တော်ဝင်လာတာဖြစ်ပါတယ်"

ပုရောဟိတ်တင်လျှောက်လေရာ မင်းကြီးသည် ပုရောဟိတ် အား စိတ်ပျက်စွာ ကြည့်ပြီး—

"ဆရာပုရောဟိတ်.... ဘာများတိုင်ပင်ချင်ပြန်သလဲ၊ သင်တိုင် ပင်သမျှ ငါလုပ်မိတဲ့အတွက် အရှက်ရပေါင်းလည်းများပြီ၊ သင့် တိုင်ပင်စကားကို ငါမကြားချင်တော့ဘူး"ဟု ပြတ်ပြတ်သား သား ငြင်းပယ်မိန့်ဆိုလေသည်။

ကေဝဋ္ဋပုရောဟိတ်သည် မိမိကြံမိသောအကြံ အောင်မြင်မည်ဟု ယုံကြည်သည့်တကြောင်း၊ အစဉ် အဆက်က မင်းဆရာဖြစ်လာခဲ့သည့်တကြောင်းကြောင့်၊ မင်းကြီးအလိုမတူ လက်မခံသည်ကို သိလျက်နှင့် ဇွတ်တိုး၍ လျှောက်တင်လေသည်။

"အရှင်မင်းကြီး....ဒီတခါ ကျွန်ုပ်တိုင်ပင်မဲ့ အကြံဟာ အင်မတန်ကောင်းတဲ့အကြံဖြစ်ပါတယ်၊ အရှင်မင်းကြီး ကျွန်ုပ်အကြံကို နားတောင်ရုံ ထောင်ကြည့်စမ်းပါ၊ အကယ်၍ သဘောတူတော်မမူရင်လဲ ပယ်ပယ်နိုင်ပါတယ်၊ နားထောင်ရုံတော့ ထောင်ကြည့်ပါ"

"သင့်အကြံကို ဆိုပါအုံး"

မင်းကြီး မငြင်းသာသဖြင့် လိုက်လျောရ၏။

"အရှင်မင်းကြီး....ကျွန်ုပ်ကြံမိတဲ့ ပရိယာယ်အကြံကို သူတပါးကြားလို့မဖြစ်ပါ၊ အရှင်မင်းကြီးနဲ့ ကျွန်ုပ်သာ သိသင့်တာမို့ အရှင်မင်းကြီးနဲ့ ကျွန်ုပ်နန်းတော်ပြသာဒ်ဖျားက ဘုံဆင့်မှာတက်ပြီး တိုင်ပင်မှ ဖြစ်ပါလိမ့်မယ်၊ နန်းတော်ပြသာဒ်ဖျားကိုတက်ကြပါစို့"

ပုရောဟိတ်သည် ပြောပြောဆိုဆို တိုင်ပင်ရာမှ ထ၏။ မင်းကြီးနှင့် ပုရောဟိတ် ပြသာဒ်ဖျား ဘုံဆောင်သို့တက်ခဲ့ ကြလေသည်။ ဘုံဆောင်သို့ရောက်လျှင် ပုရောဟိတ်က လျှောက်၏။

"အရှင်မင်းကြီး····ကျွန်ုပ်တို့အနေနဲ့ ကိုးဆယ့်ကိုး ထီးဆောင်းမင်း၊ တဆယ့်ရှစ်ခေါ် ဘဏီဘပ်မဟာ စတဲ့အင်အားကြီးနဲ့ မိတ္ထီလာပြည်ယော်ဂျင်ကလယ်ကို ဝိုင်းရံ တိုက်ခိုက်တာ မအောင်မြင်တဲ့အတွက် အလွန်အမင်း ရှက်စရာ ဖြစ်နေပါတယ်၊ ဒါ့ကြောင့် ကျွန်ုပ်မိတ္ထီလာအပေါ်မှာ အမြဲ အခဲမကျေနိုင် ဖြစ်နေပါတယ်၊

အခု ကျွန်ုပ်အကြံမှာ ကျွန်ုပ်တို့က မိတ္ထီလာကို သွားမတိုက်ဘဲ၊ ဝိဒေဟရာဇ်မင်းကြီးနဲ့ မဟောသဓာကို ပဉ္စာလရာဇ်ပြည် ရောက် လာအောင် ဖြားယောင်းခေါ်ယူမဲ့ အကြံဖြစ်ပါတယ်။ ဒင်းတို့ နှစ်ယောက် ပဉ္စာလရာဇ်ပြည် ရောက်လာတဲ့အခါ အလွယ်ဘကူ ခေါင်းဖြတ်သတ်ပြီး မိတ္ထီလာပြည်ကို သိမ်းယူကာ အောင်ပွဲခံ အောင်သေသောက်ရုံသာ ရှိပါတယ်”

“ဝိဒေဟရာဇ်မင်းနဲ့ မဟောသဓာ ရောက်လာအောင် ဘယ် လို ဖြားယောင်း ခေါ်ယူမှာလဲ ဆရာပုရောဟိတ်”

မင်းကြီးစိတ်ဝင်စားဟန်နှင့် မေးမြန်းသောအခါ ကေဝဋ္ဋ ပုရောဟိတ် နှစ်ခြိုက်စွာ ပြုံးလိုက်၏။

“အရှင့်မင်းကြီး နှစ်သက်ဖွယ် မြတ်နိုးဘွယ် အဆင်းအင်္ဂါနှင့် ပြည့်စုံပြီး နုထွတ်ငယ်ရွယ်တဲ့ သတို့သမီးကို ဘယ်သူ မနှစ်သက်ဘဲ ရှိပါ့မလဲ၊ အရှင်မင်းကြီးသမီးတော် ပဉ္စာလစန္ဒီလို ရုပ်အဆင်းကို ဝိဒေဟရာဇ်မတပ်မက်ဘဲ နေနိုင်မလား၊ အရှင်မင်းကြီး ကျွန်ုပ်ကြံ တာက သမီးတော် ပဉ္စာလစန္ဒီ အကြောင်းတေးရေးဖွဲ့ သူတို့ကို ရေးဖွဲ့စေပါတယ်၊ ပြီးတဖန် အဲဒီတေးကို သဘင်သည်တို့ကိုဆိုစေ ကာ မိတ္ထီလာပြည်အရောက် ပဉ္စာလစန္ဒီ မင်းသမီး လှပကြောင်း သတင်းလွှင့်ထားရပါမယ်။ အဆိုအက ကောင်းတဲ့ သဘင်သည် များ မိတ္ထီလာပြည်ရောက်နေတယ်ဆိုတဲ့ သတင်း ဝိဒေဟရာဇ်မင်း ကြီးကြားရင် သူ့နန်းတော်မှာ ခေါ်ပြီး ဆိုက-စေပါ လိမ့်မယ်။ ပဉ္စာလစန္ဒီမင်းသမီး လှပကြောင်း သူနားစွဲလောက်တော့မှကျွန်ုပ် မိတ္ထီလာကို သွားပြီး နှစ်နိုင်ငံထာဝရ ငြိမ်းချမ်းရေးအတွက် ဆွေ မျိုးဆက်လိုတာကြောင့် စူဠနီဗြဟ္မဒတ်မင်းက ပဉ္စာလစန္ဒီသမီး တော်နဲ့ ဝိဒေဟရာဇ်မင်းကြီးကို ထိမ်းမြားဘို့ရာအောင်တမံအဖြစ်

လာရကြောင်းနဲ့ ဖြားယောင်းပြီး ပဉ္စာလရာဇ်နိုင်ငံကို ခေါ်ယူခဲ့ပါမယ်၊ ဝိဒေဟရာဇ်လာရင် မဟောသဓာလဲ ပါမှာမို့ နှစ်ယောက်စလုံးဟာ ကျွန်ုပ်တို့လက်တွင်း စင်းစင်းသေရမှာ အမှန်ဖြစ်ပါတယ်"

ကေဝဋ္ဋပုရောဟိတ် အားရပါးရ တင်လျှောက်နေသော်လည်း မင်းကြီးသိပ်ပြီး စိတ်ပါဟန်မရှိပဲ စဉ်းစားနေသည်။

"အရှင်မင်းကြီး... ကျွန်ုပ်အကြံကို နှစ်သက်တော်မူပါသလား"

ပုရောဟိတ် အားမလို အားမရနှင့် မေးလျှောက်သည်။

"ဆရာပုရောဟိတ်အကြံကောင်းပါတယ်၊ ခါတိုင်းအကြံတွေလို အဖျားရှူးသွားမှာဘဲ ငါစိုးရိမ်တယ်"

"အရှင်မင်းကြီး....ဒီတခါ ကျွန်ုပ်ကြံတဲ့အကြံဟာ အလွန်ပိုင်ပါတယ်၊ ဝိဒေဟရာဇ်မင်းကြီးအနေနဲ့ တဏှာအာသဝေါ ကုန်ခမ်းနေရင်သာ ကျွန်ုပ်ဖိတ်ခေါ်ရာကို လိုက်မလာဘဲ နေမှာပါ၊ ပဉ္စာလစန္ဒီရဲ့သတင်း ကြားပြီးဖြစ်တဲ့အတွက် ကျွန်ုပ်သွား ဆွေးနွေးလိုက်ရင် ငါးစာကို ဟပ်တဲ့ငါးလို တခါထဲ ပါလာမှာသေချာပါတယ်"

"ကောင်းပြီ ပုရောဟိတ် တေးရေးဆရာ ကောင်းများကိုသာ အမြန်ရှာ ခေါ်ပေတော့"

ကေဝဋ္ဋပုရောဟိတ်သည် သဘင်ဖက်ဆိုင်ရာအမတ်အား ပဉ္စာလရာဇ်နိုင်ငံတော်တွင် အကျော်အမော်ဖြစ်သော တေးရေးဆရာကို ရှာဖွေ၍ နန်းတော်သို့ခေါ်လာရန် ခိုင်းစေ၏။ သဘင်ဖက်ဆိုင်ရာ အမတ်လည်း တေးရေးဆရာ အကျော်အမော်များအား နန်းတော်သို့ ခေါ်ဆောင်ခဲ့၏။ စူဠနီဗြဟ္မဒတ်မင်းကြီးသည် သမီးတော် ပဉ္စာလစန္ဒီကို သူ့အပါးတွင်ထားကာ တေးရေးဆရာများ

သမီးတော်၏ ချောကြောင်း လှကြောင်း၊ ကျက်သရေရှိကြောင်း များကို ရေးဖွဲ့သီစပ်ရန် စေခိုင်းလေသည်။ မင်းကြီး စေခိုင်းသော အခါ တေးရေးဆရာတို့သည် ပဉ္စာလစန္ဒီမင်းသမီးအား ရှုကြည့် လေ့လာကြပြီးနောက် မင်းသမီး အလှဖွဲ့ တေးကဗျာတို့ကို ပုံစံ အမျိုးမျိုးနှင့် ရေးသားဆက်သွင်း ကြလေသည်။ မင်းကြီးသည် တေးရေးဆရာတို့ရေးသားဆက်သွင်းလှာသော တေးကဗျာများကို နန်းတွင်းအဆိုတော်များအား ရွတ်ဆိုစေပြီး နားထောင်ကြည့်၏။

တေးရေးဆရာတို့၏ အဖွဲ့အသီ ကောင်းလွန်း သောကြောင့် သမီးတော် ပဉ္စာလစန္ဒီ၏ အလှအယဉ် အသွင်သဏ္ဍာန်မှာ မျက် ဝါးထင်ထင် မြင်ရဘိသို့ရှိချေသည်။ မင်းကြီးလည်း အလွန့် အလွန် ဝမ်းမြောက်တော်မူပြီးလျှင် တေးရေး ဆရာ များအား ဆုတော်လာဘ်တော်များစွာ ပေးသနားတော်မူလေသည်။

မင်းကြီးသည် အဆိုကောင်း အသံကောင်း သဘင်သည်တို့ အား သဘင်ဖက်ဆိုင်ရာ အမတ်ကိုခေါ်စေပြန်ပြီး သမီးတော် အကြောင်း ဖွဲ့သီထားသော တေးကိုပေး၍ ထိုတေးကိုအမြဲဆိုစေ ဟု မိန့်တော်မူကာ ဆုတော်လာဘ်တော်များ ပေးသနားလေ၏။

မကြာမီတွင် ပဉ္စာလစန္ဒီမင်းသမီး၏ အလှဖွဲ့တေးများသည် သဘင်သည်တို့မှတဆင့် တပြည်လုံးရှိ ပြည်သူများ၏ နှုတ်ဖျားသို့ ရောက်လေသည်။

ယခုရက်များအတွင်း မိတ္ထိလာပြည်တွင် အလွန့်အလွန်ထူးခြား ဆန်းကျယ်သော ဖြစ်ရပ်သတင်းမှာ နေရာအနှံ့အပြားတွင် ဖြစ် ပေါ်နေ၏။ ယင်းမှာ အချို့ဇနပုဒ်ကျေးရွာများ၌ တိတ်ဆိတ် သော ညဉ့်သန်ကောင်ကျော်အချိန်တွင် သာယာချိုအေးသော တေးသံကို မြင့်ရာအရပ်မှကြားရပြီး အတန်ကြာလျှင် ခြူငယ်

များလုပ်သံကို အိမ်၏အထက်ဆီမှ ကြားရတတ်၏။ သိဆိုသော တေးမှာလည်း စူဠနီဗြဟ္မဒတ်မင်း၏ သမီးတော် ပဉ္စာလစန္ဒီ၏ အလှဖွဲ့တေးများသာဖြစ်၏။

ထိုသို့ထူးခြားဆန်းကျယ်သော ဖြစ်ရပ်နှင့်ဆက်စပ်၍ ဖြစ်ပေါ်လာသော သတင်းမှာ ပဉ္စာလစန္ဒီ မင်းသမီး ချောကြောင်း လှကြောင်းမှာ လူ့ပြည်တွင်သာမက နတ်ပြည်မှာပင် ကျော်ကြားနေပြီး နတ်သား နတ်သမီးများပင် ပဉ္စာလစန္ဒီ၏ အလှဖွဲ့တေးများကို သီဆိုနေကြလေပြီဆိုသော သတင်းပင် ဖြစ်လေ၏။

ယင်းသတင်းသည် မိတ္ထိလာနိုင်ငံအနှံ့ ပြန့်နေသည်။

ထိုသတင်းပြန့်နှံ့အောင် ဖန်တီးစီစဉ်သူမှာ စူဠနီဗြဟ္မဒတ်မင်းကြီးကိုယ်တော်တိုင် ဖြစ်သတည်း။

စီစဉ်ပုံမှာ—

အသံသာယာသော အဆိုတော်များကိုခေါ်၍ ဆုတော်လာဘ်တော်များ အများအပြားပေးပြီး၊ မိတ္ထိလာသို့စေလွှတ်သည်။ ငှက်ကြီးများကိုဖမ်းစေကာ ညဉ့်နက်သန်းခေါင်အချိန်တွင် မြင့်သော သစ်ပင်သို့တက်၍ ပဉ္စာလစန္ဒီ အလှဖွဲ့တေးကို သီဆိုစေသည်၊ ပြီးလျှင်နတ်တို့၏ ဘယက်ထန်ဆာ ဒုဂုလ္လဒိုရာမှ အသံဟုထင်မှတ်အောင် ငှက်ကြီးများ၏ လည်ပင်းတွင် ခြူငယ်ကိုဆွဲ၍ စေလွှတ်သည်။

မင်းကြီးသည် ဤသို့စီစဉ်ပြီးနောက် တေးရေးဆရာတို့အား ခေါ်ယူပြန်ကာ သူ၏အမျိုးအနွယ် မြင့်မြတ်ပုံများ၊ တံခိုးအာဏာကြီးမားပုံများနှင့် ပဉ္စာလစန္ဒီမင်းသမီးမှာ ဤဇမ္ဗူဒိပ်ကျွန်းတွင် မင်းတပါးတည်းနှင့်သာ ထိုက်တန်ကြောင်း၊ ထိုမင်းမှာ စူဠနီဗြဟ္မဒတ်မင်း၏ လက်အောက်ခံမဟုတ်ပဲ ထီးပြိုင်နန်းပြိုင် ဂုဏ်ရည်

တူဖြစ်သော ဝိဒေဟရာဇ်မင်းကြီးသာ ဖြစ်ကြောင်းများကို ဖွဲ့သီစေ၏။

ပြီးလျှင် အဆိုကောင်း အသံကောင်း အကကောင်းရုပ်ချော သဘင်အဖွဲ့ တခုကို ခေါ်ယူကာ ထိုတေး သီချင်းများကို ပေး၍ မိတ္ထိလာပြည်သို့ စေလွှတ်လိုက်သည်။

သဘင်သည်အဖွဲ့ သည် မိတ္ထိလာပြည်အနှံ့ လှည့်လည်သီဆိုကပြကြ၏။ ထိုသတင်းကို ဝိဒေဟရာဇ်မင်းကြီးကြားလျှင် ထိုသဘင်အဖွဲ့အား နန်းတော်သို့ခေါ်ယူကာ သီဆိုကပြစေ၏။ တေးဂီတ၏ဆွဲဆောင်အား၊ သဘင်သည်တို့၏ အဆိုအပြောကောင်းခြင်းကြောင့်၊ ဝိဒေဟရာဇ်မင်းကြီးမှာ ပဥ္စာလစန္ဒီမင်းသမီးအပေါ် ညွတ်နူးစွဲမက်တော်မူလေသည်။ ပြီးလျှင် စူဠနီဗြဟ္မဒတ်မင်း၏ သမီးတော်ဟာ ငါနှင့်သာ တကယ် ထိုက်တန် ပေသည်ဟု တွေးတောကာ ထိုမင်းသမီးအား ရယူလိုသောဆန္ဒရမ္မက် ပြင်းပြစွာ ဖြစ်ပေါ်လျက် ရှိနေလေတော့သည်။ ပြီးနောက် သဘင်သည်တို့အား အလွန် နှစ်သက်တော်မူကြောင်းပြော၍ ဆုလာဘ်များစွာ ပေးသနားလိုက်လေသည်။ သဘင်သည် အဖွဲ့မှာ စူဠနီဗြဟ္မဒတ်မင်းဆီကရော ဝိဒေဟရာဇ်မင်းဆီကရော ဆုလာဘ်များစွာရသဖြင့် ကြွယ်ဝချမ်းသာ ကုန်ကြလေသည်။ ထိုသဘင်သည်အဖွဲ့သည် ပဥ္စာလရာဇ်နိုင်ငံသို့ ရောက်ရှိသောအခါ မင်းကြီးထံဝင်ရောက်ပြီး သူတို့အတွေ့အကြုံများကို တင်ပြလျှောက်ထားကာ ဝိဒေဟရာဇ်မင်းကြီး ပဥ္စာလစန္ဒီ မင်းသမီးအပေါ် စိတ်တော်ညွတ်ပြောင်းပုံကိုပါ တင်လျှောက်ကြလေ၏။

ထိုသတင်းကိုကြားရသောအခါ စူဠနီဗြဟ္မဒတ်မင်းကြီး အလွန်ဝမ်းမြောက်တော်မူလျက် ကေဝဋ္ဋပုရောဟိတ်အား ခေါ်ယူပြီး—

"ဆရာပုရောဟိတ်.... ငါတို့အကြံအောင်ပြီ။ ဝိဒေဟရာဇ်မင်း ဟာ အခုအခါ ငါ့သမီးတော်ကို စွဲမက်နေပြီ သင်မိတ္ထိလာသို့ အောင်တမံအဖြစ် သွားရောက် ဖြားယောင်း ချည်တော့" ဟု မိန့်တော်မူလေသည်။

ကေဝဋ္ဋပုရောဟိတ်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ—

"အရှင်မင်းကြီး....ကျွန်ုပ် မိတ္ထိလာကို အမြန်ဆုံးသွားပါမယ်" ဟု တင်လျှောက်၏။

"ဆရာပုရောဟိတ်....သင်အလိုရှိရာကို ပြောပါ"

"အရှင်မင်းကြီး....သင့်လျော်တဲ့ ပဏ္ဏာလက်ဆောင်နဲ့ စစ်သည် ဆင်မြင်းရထား အတော်အသင့်သာ လိုပါတယ်၊ ကျွန်ုပ်လက်ထပ် ရက်ကို တခါထဲ ချိန်းဆို ဖြားယောင်း ခဲ့ပါမယ်၊ ဒီတခါ ဝိဒေဟရာဇ်ရော၊ မဟောသဓာရော ကျွန်ုပ်တို့လက်တွင်း စင်းစင်း ရောက်ရပါတော့မယ်"

ပုရောဟိတ်၏ စကားကိုကြားလျှင် မင်းကြီး ဝမ်းမြောက် ဝမ်းသာဖြစ်လျက်—

"ဆရာပုရောဟိတ် လိုရာယူသွား" ဟု မိန့်တော်မူလေသည်။

ကေဝဋ္ဋပုရောဟိတ်သည် ဝိဒေဟရာဇ်မင်းကြီးအား ပေးဆက် ရန်ပဏ္ဏာလက်ဆောင်များနှင့်အတူသံကြီးတမန်ကြီးတို့၏ဂုဏ်အင်္ဂါ နှင့်ညီစွာ စစ်သည်ဆင်မြင်း ရထားတို့ခြံရံလျက် ပဉ္စာလရာဇ်ပြည် မှ ထွက်ခွာခဲ့လေသည်။ နယ်ခြား၏တဖက် မိတ္ထိလာပြည်ထဲရောက် သောအခါ အစောင့်များက ရှေ့ဆက်မသွားရန် တားဆီးထား ပြီး၊ ဝိဒေဟရာဇ်မင်းကြီးထံ ကေဝဋ္ဋပုရောဟိတ် လက်ဆောင် ပဏ္ဏာများနှင့် ရောက်လာကြောင်း သတင်းပို့ လျှောက်ထားကြ လေ၏။

နယ်ခြားအစောင့်အရှောက်များ လာရောက်လျှောက်ထားသောအခါ မင်းကြီးအလွန်နှစ်သက်သဖြင့်—

"သားတော် ဘယ်လိုသဘောရသလဲ"ဟု မေး၏။

မဟောသဓာသည် ရန်သူဖြစ်သောမင်းထံမှ ရန်သူဖြစ်သောပုရောဟိတ်လာခြင်းမှာ ကောင်းသောလာခြင်း မဖြစ်နိုင်၊ ပဉ္စာလရာဇ်မင်းသမီးနှင့်ဝိဒေဟရာဇ်မင်းကြီး မေတ္တာဆက်ရန်ဆိုသည်မှာလည်း ယုတ္တိမရှိဟုတွေးကာ—

"အရှင်မင်းကြီး....ဒီကိစ္စအတွက် စိတ်အေးချမ်းသာနေပါ၊ သားတော်ကြည့်စီစဉ်ပါမယ်"ဟု လျှောက်တင်လေသည်။

ပြီးနောက် ခြေမြန်တယောက်ကိုစေလွှတ်၍ ပဉ္စာလရာဇ်ပြည်၌ရှိနေသော မိမိသူလျှိုထံ မင်းနှင့်ပုရောဟိတ်တို့ မည်သို့ အတိုင်အပင်ရှိသည်ကို စုံစမ်းခိုင်းလိုက်၏။ ခြေမြန်ပြန်ရောက်လာသောအခါ စာပါလာ၏။

စာမှာ မည်သို့အကြံအစည်ရှိသည်ဟု မသိရသော်လည်း မင်းကြီးနှင့်ပုရောဟိတ်တို့ မင်းကြီးအိပ်ရာဖြစ်သော ဘုံပြာသာဒ်အမြွားတွင် အချိန်ကြာစွာ ဆွေးနွေးကြကြောင်း၊ ထိုသို့ဆွေးနွေးသောစကားများကို ဘယ်သူတဦးတယောက်မျှ မသိရကြောင်း၊ မင်းပုရောဟိတ်တို့ဆွေးနွေးရာတွင် စူဠနီဗြဟ္မဒတ်မင်းကြီး ရွှေချိုင့်နှင့်လှောင်၍မွေးထားသော သာလိကာမတကောင်သာလျှင် အနားမှာရှိကြောင်းများကို ရေးသားပေးပို့လိုက်၏။

မဟောသဓာသည် လာခြင်းမကောင်းသော ကေဝဋ္ဋပုရောဟိတ်အား မိမိကနှင့်မထုတ်ဘဲနှင့် သူ့အလိုအလျောက်စိတ်ပျက်ပြီးပြန်သွားရစေမည်ဟုအကြံပြုလျက် ကေဝဋ္ဋပုရောဟိတ်ဝင်လာမည့်မြို့တံခါးမှနေ၍ နန်းတော်အထိရင်း၊ မိမိအိမ်အထိရင်း၊အပြင်

အပသို့မမြင်သာအောင်ဖျာများဖြင့်မိုးကာလျက်၊ ပန်းခိုဆေးရေးဖြင့်အလှအပခြယ်သကာ ပြင်ဆင်ထား၏။ ပြီးနောက် မင်းလမ်းတလျှောက်တွင် သဲဖြူခင်းခြင်း၊ ပန်းကြဲခြင်း၊ ရာဇမတ်ကာခြင်း၊ ငှက်ပျောပင်စိုက်ခြင်း၊ တံခွန်ကုက္ကား မုလေးပွားတို့ ဆွဲဆင်ခြင်း၊ ပုဆိုးဖြူစိုက်ထူခြင်း၊ ရေချမ်းအိုးထားရှိခြင်းများဖြင့် အထူးအခြားစီမံဖန်တီးထားလေသည်။ ဤသို့ ပြုဘွယ် ဆောင်ရွက်ဖွယ်တို့ကို ပြုလုပ်ပြီးနောက် မဟောသဓာသည် ဝိဒေဟရာဇ်မင်းကြီး ရှေ့တော်သို့ဝင်၍—

"အရှင်မင်းကြီးအမိန့်တော်နှင့်ကေဝဋ္ဋပုရောဟိတ်ကို ရှေ့တော်သို့ပင့်ခေါ်တော်မူပါ"ဟု လျှောက်တင်လေသည်။

မင်းကြီးလည်း အမတ်တယောက်ကို နယ်ခြားသို့စေလွှတ်၍ အောင်တမန်ပုရောဟိတ်အား ဘိတ်ခေါ်ချည်ပါဟု အမိန့်ရှိလိုက်လေသည်။

ကေဝဋ္ဋပုရောဟိတ်သည် အမတ်ဦးဆောင်ဘိတ်ခေါ်ရာတံခါးမှဝင်လာခဲ့ရာ မင်းလမ်းတွင် အထူးအခြားအဆန်းတကြယ်မွန်းမံချယ်လှယ်ပြင်ဆင်ထားသည်များကိုတွေ့မြင်ရလေရာ 'ဝိဒေဟရာဇ်မင်းကြီးသည် ငါတို့အကြံကိုမသိရှာပဲ ငါလှည့်ဖြားလျှောက်တင်ခိုင်းသည်ကို အဟုတ်တကယ်ထင်မှတ်ကာ သံကြီး တမန်ကြီးတို့အား ကြိုဆိုသည့်အနေပုံစံမျိုးဖြင့် ကြိုဆိုပါတကား'ဟု တွေးကာဝမ်းထဲမှကျိတ်၍ပြုံးမိလေသည်။

စင်စစ် ထိုအစီအမံမှာ မဟောသဓာသည် ကေဝဋ္ဋပုရောဟိတ်အနေနှင့် မိမိမြို့တွင်းအခြေအနေကို မမြင်မတွေ့စေလိုသဖြင့် ဖျာများဖြင့်ကာကွယ်ကာ အဆန်းတကြယ် ချယ်လှယ်ထားခြင်းသာဖြစ်လေသည်။ ကေဝဋ္ဋပုရောဟိတ်သည် များစွာသောအခြံအရံ

တို့နှင့် ဝိဒေဟရာဇ်မင်းကြီးအားဆက်သရန်လက်ဆောင်ပဏ္ဏာများ ကိုသယ်ယူလျက် နန်းတော်သို့ဝင်ရောက်လာလေရာ ဝိဒေဟရာဇ် မင်းကြီးသည် အလွန်ဝမ်းမြောက်တော်မူလျက် ခရီးဦးကြိုပြုပြီး နှုတ်ခွန်းဆက်သကာ သံတမန်တို့နှင့်ထိုက်တန်သောနေရာကို ပေး လေ၏။

ကေဝဋ္ဋပုရောဟိတ်သည် ယူဆောင်လာသော လက်ဆောင် ပဏ္ဏာများကို မင်းကြီးအားဆက်သပြီးနောက်၊ ပဋိသန္ထာရစကား ပြောဆိုလေသည်။ မင်းကြီးလည်း ကေဝဋ္ဋပုရောဟိတ်နှင့်အဖွဲ့ အား ကောင်းမွန်သောအစားအစာများကိုကျွေးလျက် ဧည့်ဝတ် ပြုလေသည်။ ကေဝဋ္ဋပုရောဟိတ်သည် မင်းကြီး၏ဧည့်ဝတ်ပြုခြင်း ကို ခံယူပြီးနောက်—

"ဝိဒေဟရာဇ်တိုင်းကြီးကို အစိုးရတော်မူသော အရှင်ဝိဒေ ဟရာဇ်မင်းကြီး....ကျွန်ုပ်တို့အရှင် ပဉ္စာလရာဇ်မင်းကြီးအနေနဲ့ ကျွန်ုပ်အားစေလွှတ်လိုက်တဲ့အကြောင်းကတော့ ဂင်္ဂါမြစ်ရေနဲ့ ယမုနာမြစ်ရေဟာ အထူးအပြားအခြားအနားမရှိတစပ်ထဲစီးသလို အရှင်မင်းကြီးနဲ့ကျွန်ုပ်တို့အရှင်မင်းကြီးဟာလဲ ဂုဏ်ချင်းညီကြတဲ့ အတွက် အဆွေခင်ပွန်းဖွဲ့ပြီး သင့်မြတ်စွာနေလိုတာကြောင့် ဆင် ရတနာ၊မြင်းရတနာအစရှိတဲ့ရတနာတို့နဲ့အတူ သမီးကညာရတနာ ကိုပါ အရှင်မင်းကြီးကိုပေးဆက်ဆောင်နှင်းပြီးနောက် သံတမန် အလဲအလှယ်များ ထားကြပြီး၊ နှစ်နိုင်ငံရဲ့ ကောင်းကျိုးများကို အတူဆောင်ရွက်ကြဘို့ဖြစ်ပါတယ်။

"အရှင်မင်းကြီး....ကျွန်ုပ်တို့အရှင် ပဉ္စာလရာဇ်မင်းကြီးအနေ နဲ့ အခုကိစ္စမှာ တခြားအမတ်သေနာပတိတို့ကိုမလွှတ်ဘဲ ကျွန်ုပ် ကိုမှရွေးလွှတ်တာဟာ အကြောင်းရှိပါတယ်၊ တချိန်က အရှင်

မင်းကြီးတို့နိုင်ငံနဲ့ ကျွန်ုပ်တို့နိုင်ငံဟာ မသင့်မတင့် စစ်ဖြစ်ခဲ့ကြတဲ့အတွက်၊ အခုလိုအရေးကြီးတဲ့ ငြိမ်းချမ်းစွာပူးပေါင်းဆောင်ရွက်ရေး ချစ်ကြည်ရင်းနှီးရေးစကားမျိုးပြောတဲ့အခါမှာ ကျွန်ုပ်တို့ဖက်ကအပြောအဆိုမလိမ္မာလို့မှားယွင်းပါရင် အဆင်မပြေဖြစ်မှာကိုစိုးရိမ်တော်မူတဲ့အတွက် ဒီကိစ္စ မင်းဆရာကိုယ်တိုင်ဆောင်ရွက်ပါလို့စေလွှတ်တာဖြစ်ပါတယ်၊ ကျွန်ုပ်တို့အရှင် ပဉ္စာလရာဇ်မင်းကြီးဟာ အရှင်မင်းကြီးကို အင်မတန် ချစ်ကြည်လိုတယ်ဆိုတာကိုယုံမှားသံသယဖြစ်တော်မမူပါနဲ့။

"အရှင်မင်းကြီးအနေနဲ့ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ကမ်းလှမ်းတာကိုသဘောတူနိုင်မယ်ဆိုရင် ပဉ္စာလရာဇ်နိုင်ငံတော်သို့ကြွချီတော်မူကာ သမီးကညာနဲ့တကွ များစွာသော လက်နက်ဆင်မြင်းရထားလက်ဆောင်ပဏ္ဏာများကိုသိမ်းယူဘို့အတွက် ကျွန်ုပ်နဲ့အတူ ပဉ္စာလရာဇ်နိုင်ငံကို တပါထဲခေါ်ဆောင်ခဲ့ဘို့လဲ ကျွန်ုပ်အရှင်မင်းကြီးကမှာကြားလိုက်ပါတယ်၊ အရှင်မင်းကြီး ဘယ်လိုသဘောတော်ရှိတယ်ဆိုတာ မိန့်မြွက်တော်မူပါ"

ကေဝဋ္ဋပုရောဟိတ် လျှောက်တင်သည်ကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးအလွန် နှစ်သိမ့်ကြည်နူးခြင်းဖြစ်၏။ သတင်းသည်တို့ထံမှ ကြားမှတ်ခဲ့သော ပဉ္စာလစန္ဒီမင်းသမီးကလေး၏ ရုပ်အသွင်သည် သူ့အာရုံတွင် ထင်ဟပ်လာကာ ရင်မှာ လှိုက်လှိုက်ခုန်ချင်သလိုဖြစ်လာ၏။ ဤမျှ ချောမောလှပသော သမီး ကညာသည်ငါ၏ ဘုန်းကံကြောင့်အလိုအလျောက် ငါ့လက်သို့ရောက်ရတော့မှာပါကလားဟု တွေးကာအူမြူးနေ၏။

မင်းကြီးတွေးတော စဉ်းစားနေသည်ကို မြင်လျှင် ကေဝဋ္ဋပုရောဟိတ်ကထပ်မံ လျှောက်တင်၏။

"ဝိဒေဟရာဇ်နိုင်ငံကို အစိုးရတော်မူသော အရှင်မင်းကြီး.... နိုင်ငံအချင်းချင်း မေတ္တာနှောင်ရာမှာ၊ အစဉ်အဆက် တခုသဲနဲ့သာ ရောင်ရဲဘို့မဟုတ်ပါ။ နှောင် သားစဉ်မြေးဆက် အဆက်မပြတ် အရှည်အကြာတည်တန့်စွာ ချစ်ကြည်နိုင်ဘို့လဲ လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်ုပ် အရှင်မင်းကြီးအနေနဲ့ နှောင်အရှည်အဝေးကိုပါကြည့်ပြီး အခုလို သွေးချင်းရောစပ်ဘို့ စီစဉ်ခြင်းဖြစ်ပါတယ်။ ကျွန်ုပ်တို့အရှင်မင်းကြီးဟာ ဒီဇမ္ဗူဒိပ်ကျွန်းမှာ ဂုဏ်ရည်ခြင်း တူတန်သူဆိုလို့ ဝိဒေဟရာဇ်မင်းသာရှိတယ်လို့ ယူဆပြီး အခုလို သွေးချင်းနှောဖို့ကြံရွယ်ခြင်းဖြစ်ပါတယ်"

ကေဝဋ္ဋပုရောဟိတ်၏ စကားကို မင်းကြီးအလွန် နှစ်သက်၏။ ယုံကြည်၏။ သို့သော် မဟောသဓာနှင့် ကေဝဋ္ဋတို့ အတိတ်ကဖြစ်ရပ်ကို ပြန်လည်သတိရမိသည်နှင့်—

"ဆရာပုရောဟိတ်....ဆရာနဲ့ ငါ့သားမဟောသဓာ စစ်ထိုးရာမှာ မပြေမပြစ်ရှိခဲ့ကြတယ်။ ငါ့သား မဟောသဓာဟာ ပြည်ထဲရေးအဝဝကို စီမံဆောင်ရွက်နေတဲ့ စစ်သေနာပတိကြီး ဖြစ်လေတော့ ဆရာပုရောဟိတ်နဲ့ ငါ့သားတော် မဟောသဓာတို့ အချင်းချင်း ပြေပြစ်ရင်းနှီးဘို့လိုပေတယ်။ ဒါ့ကြောင့် ဆရာပုရောဟိတ် ငါ့သားထံသွားပြီး ပဋိသန္ထာရစကားပြောကြရင်း၊ ခင်မင်ရင်းနှီးမှုရအောင်ယူပါအုံး"ဟု မိန့်လိုက်လေသည်။

"အမိန့်တော်အတိုင်း နာခံပါမယ်အရှင်မင်းကြီး"

ပုရောဟိတ်စကား ကြားလျှင် မင်းကြီး ဝမ်းမြောက်တော်မူလျက်—

"ဆရာပုရောဟိတ်....ငါ့သားနဲ့ သင်ရင်းနှီးမှုရကြရင် သင်အခု ငါ့ထံလာတဲ့ ကိစ္စကိုလဲ သူနဲ့ဆွေးနွေးတိုင်ပင်ပါ။ ပြီး သား

တော် မဟောသဓာနဲ့ ဆရာအမတ်ကြီး ငါ့ထံ အတူလာခဲ့ကြပါ”ဟု မိန့်မြွက်ပြန်လေသည်။

“အရှင်မင်းမြတ်....ကျွန်ုပ် အခုဘဲ မဟောသဓာထံ သွားပါမယ်”

ကေဝဋ္ဋပုရောဟိတ်သည် မင်းကြီးအား အရို အသေ ပြုကာ ရှေ့တော်မှ ထွက်ခွာခဲ့၏။ ပြီးလျှင် တဆက်တည်းပင် မဟောသဓာ၏ အိမ်သို့ အထူးအခြား စီမံခင်းကျင်ထားသော မင်းလမ်းမမှ သွား၏။ မဟောသဓာ၏ အိမ်အပြင်တံခါးဝသို့ ရောက်လေလျှင် တံခါးစောင့်အား—

“မဟောသဓာရှိသလား”ဟု မေး၏။ တံခါးစောင့်က—

“ပုဏ္ဏား....စကားကျယ်ကျယ် မပြောနဲ့ ငါတို့အရှင် ဆီဦးထောပတ် ရသာကောင်းတွေစားပြီး လျောင်း စက် နေ ဘယ်၊ လာချင်ရင် အသာဖြေးဖြေးလာ”ဟု ဆိုလေသည်။

တံခါးစောင့်၏ ရိုင်းရိုင်းပြပြ စကားကိုကြားလျှင် ပုရောဟိတ်ကြီး ဒေါသပွမိ၏။ သို့သော်လည်း မဟောသဓာနှင့် မတွေ့လျှင် လာရင်းကိစ္စ အောင်မြင်မည်မဟုတ်သောကြောင့် သည်းခံမျိုသိပ်ကာ တံခါးစောင့်ဆိုသည့်အတိုင်း တိုးတိတ်ငြိမ်သာစွာ ခြေကိုဖွနင်းပြီး အခန်းထဲဝင်ခဲ့၏။ ဒုတိယတံခါးသို့ ရောက်ပြန်သောအခါ အသံကိုခပ်အုပ်အုပ်ပြု၍—

“မဟောသဓာ ဘယ်မှာလဲ”ဟု မေး၏။

တံခါးစောင့်က—

“ပုဏ္ဏား....ဘာလို့စကားပြောတာလဲ၊ ငါ့အရှင် လှဲလျောင်းနေတယ် တိတ်တိတ်သွား”ဟု မောင်းမဲကာ ကေဝဋ္ဋပုရောဟိတ်အား လက်ဟန်ပြ၍ လမ်းညွှန်လိုက်လေသည်။

ကေဝဋ္ဋပုရောဟိတ်သည် ၇-တန်သော တံခါးများကို တိတ်ဆိတ်ဖြည်းညှင်းစွာ ကျော်ဖြတ်ခဲ့ရပြီးနောက် မဟောသဓာရှိရာအခန်းသို့ရောက်ရှိလာလေသည်။ မဟောသဓာသည် ကာသိကရာဇ်တိုင်းဖြစ် အထည်ကောင်းများကို ရွှေညောင်စောင်းတွင်ခင်းလျက်လျောင်းစက်နေသည်။ သူ၏အခန်း၌ကား နွားချေးရည်နှင့်နှစ်တို့နှင့်အပြည့်၊ တိုင်များတွင်လည်း ဆီတွေလိမ်းသုပ်ထား၏။ ကေဝဋ္ဋပုရောဟိတ်အဘို့ ထိုင်စရာလည်း နေရာမရှိ၊ မှီစရာလည်းတိုင်မရှိသဖြင့် မဟောသဓာ၏ရှေ့တွင် ခြေစုံရပ်နေရ၏။

မဟောသဓာသည် မျက်စိကိုမှေးမှိတ်ပြီး မှိန်းနေရာမှ မျက်လွှာကိုအသာပင့်ကြည့်၏။ ကေဝဋ္ဋပုရောဟိတ်အား ယခုမှမြင်မိသလိုစကားပြောရန် ဟန်ပြင်၏။ ထိုအခါ အစောင့်အရံများက—

"အရှင့်သား....အရှင်ဒီနေ့ အရသာရှိတဲ့ အစားအစာများကိုစားသောက်ထားပါတယ်။ ဒီပုဏ္ဏားကို အဖက်လုပ် စကားပြောတော်မမူဘဲ ကောင်းစွာ မှေးစက်ပါ" ဟု တင်လျှောက်တားမြစ်ကြ၏။

ပုရောဟိတ်ကြီးမှာ ဆက်နေရအခက်၊ ထွက်သွားရအခက်၊ ဘာလုပ်ရမည်မသိ ရှိနေစဉ်၊ သူနှင့် မျက်နှာချင်းဆိုင် ရှိသောမင်းချင်းက သူ့အား မျက်စိမှိတ်ပြ၊လျှာထုတ်ပြနှင့်ပြောင်လှောင်၏။ ပုရောဟိတ် ထိုသူကိုမကြည့်ပဲ မျက်နှာလွှဲလိုက်သောအခါမင်းချင်းတယောက်က တတောင်ကိုပြ၏။ တနေရာသို့ မျက်နှာလွှဲလိုက်ပြန်ရာ မျက်မှောင်ချီ၍ မာန်တင်းနေသော မင်းချင်းကိုမြင်ရ၏။ ပုရောဟိတ်ကြီးမှာ ထိုမင်းချင်းတို့၏ ရိုင်းပြစော်ကားသော အမူအရာကို မြင်တွေ့ရသောအခါ ဒေါသ လည်းဖြစ်၊ ရှက်လည်းရှက်သဖြင့်—

"မဟောသဓာသုခမိန် ကျွန်ုပ်သွားမယ်" ဟု ဆိုကာ တံခါး ပေါက်မှထွက်၏။

"ဟဲ့-ပုဏ္ဏားစုတ် စကားမပြောနဲ့ အသံမထွက်နဲ့ဆိုတာဘာလို့ ပြောတာလဲ"

တံခါးစောင့်က ကြိမ်းမောင်းသဖြင့် အထိတ်တလန့် လှည့် ကြည့်မိရာ မင်းချင်းတယောက် သူ့နောက်ကျောနား ရောက် လာပြီး ကျောပြင်ကို ဝါးခြမ်းစိတ်နှင့်ရိုက်၏။ ရိုက်သူကိုလှည့် အကြည့်၊ တယောက်သော မင်းချင်းက ကျောပြင်ကို လက်သီး ဆုပ်နှင့်ထု၏။တွန်းထိုး၏။ သူယိုင်အသွားတွင် မင်းချင်းတယောက် သည် သူ့ကိုဂုတ်ကိုကိုင်၍ တွန်းပစ်လိုက်လေ၏။

ကေဝဋ္ဋပုရောဟိတ်မှာ ထိတ်လန့်ကြောက်ရွံ့စွာဖြင့် မဟော သဓာ၏အိမ်တော်မှ တွက်ခွာခဲ့ကာ မင်းကြီးနန်းတော်ဆီသို့ သွား လေ၏၊ ယခုနှယ်ခံရခြင်းမှာ မဟောသဓာသည် မိမိအား နှိပ်စက် ရန် ကြိုတင်စီစဉ်ထားကြောင်းတွေးပြီး ရင်ထဲတွင် အကျိတ်အခဲ မကျေနိုင် ဖြစ်နေလေသည်။

ဝိဒေဟရာဇ်မင်းကြီးမှာ ချစ်ကြည်ရေး သံတမန်အဖြစ် ရောက် လာသော ကေဝဋ္ဋပုရောဟိတ်နှင့် သားတော် မဟောသဓာတို့ အတိတ်ဖြစ်ရပ်များကို သင်ပုန်းချေကာ ပြေလည်မှုရကြပေလိမ့် မည်၊ သူတို့နှစ်ဦးပြေလည်လျှင် ငါသည် ဘုရင်ကေရာဇ်ဘွဲ့ခံယူ ထားသော၊ ၁၀၁-ပါးသော ထီးဆောင်းမင်းတို့၏ အရှင်သခင် စူဠနီဗြဟ္မဒတ်မင်းကြီးရဲ့ သမီးတော် အချောအလှ ပဉ္စာလစန္ဒီ မင်းသမီးကလေးကို သိမ်းပိုက်ကာ ဘုရင်ကေရာဇ်၏ သားသမက် အဖြစ် ဂင်္ဂါရေနှင့် ယမုနာရေနှယ်မခြား နှစ်နိုင်ငံ ပေါင်းစပ်၍ ဇမ္ဗူဒိပ်ကျွန်းကို နှစ်ပါးသောမင်းများကသာ အုပ်ချုပ်ရမည်ဟု

စိတ်ကူးယဉ်အတွေးဖြင့် ကြည်နူးနေလေသည်။ ယင်းသို့ရှိစဉ် မဟောသဓာ မပါပဲ ကေဝဋ္ဋပုရောဟိတ် တဦးထဲ ရှေ့တော်မှောက်ရောက်လာသဖြင့် အစဉ်းစားရ ခက်သွား၏။ ပုရောဟိတ် မင်းကြီးက—

"ဆရာပုရောဟိတ်....ငါ့သားတော် မဟောသဓာနဲ့ ဆွေးနွေး တိုင်ပင်ခဲ့ကြတာ ကျေလည်ကြပြီလား" ဟု မေး၏။

ပုရောဟိတ်လည်း မဟောသဓာအပေါ် ဒေါသဖြစ်သည်နှင့်—

"အရှင်မင်းကြီး.... မင်းကြီးရဲ့ သားတော် မဟောသဓာဟာ နားမကြားသူပါလား၊ စကားမပြောတတ်သူပါလား။ ကျွန်ုပ် ကြားထားသော ပညာရှိသုခမိန်ကို ကျွန်ုပ် အခုတွေ့ရမှ နားပင်း မှန်း အ-မှန်းသိရပါတယ်" ဟု လျှောက်လေသည်။

ကေဝဋ္ဋပုရောဟိတ် တင် လျှောက် သည် ကို မင်းကြီး အံ့သြသွား၏။

"ဆရာပုရောဟိတ်.... သားတော် မဟောသဓာနဲ့ ကျေလည်မှု မရကြဘူးလား"

"အရှင်မင်းကြီးအနေနဲ့ မဟောသဓာကို သုခမိန်အရာမှာ မထားသင့်ပါ၊ မဟောသဓာဟာ မင်းရေးမင်းရာ သံတမန်ရေးရာ ကိုနားမလည်၊ အလွန်ရိုင်းပြသူသာ ဖြစ်တာမို့ ပညာရှိမမည် ထိုက်ပါ၊ ကျွန်ုပ်သာဆိုရင် ကိုးဆယ့်ကိုးပါးသော ထီးဆောင်း မင်းတို့ရဲ့ အရှင်သခင် ပဉ္စာလရာဇ် ဘုရင်မင်းမြတ်ရဲ့ ဆရာ ပုရောဟိတ်လဲ ဖြစ်ပါတယ်၊ နှစ်နိုင်ငံ ချစ်ကြည်သွေးနှောရေး အတွက် ဆောင်ရွက်ရာမှာ အထူးခန့်ထားခြင်း ခံရတဲ့ သံကြီး တမန်ကြီးလဲဖြစ်တယ်။ အရှင်မင်းကြီးအမိန့်ကို နာခံပြီး ကျွန်ုပ် သူ့ထံ သွားရောက်တွေ့ဆုံရာမှာ မဟောသဓာဟာ ကျွန်ုပ်ကို

ညွှဲ့သည့်ဝတ် မူပြုရုံမက စကားတခွန်းမျှမပြောဘဲ နားပင်း အ-အနှယ် ပြုကျင့်စော်ကားလိုက်ပါတယ်၊ ဒါ့ကြောင့် မဟောသဓာကို ပညာရှိသုခမိန်အရာမှာ မထားသင့်ပါ”

ဝိဒေဟရာဇ်မင်းကြီးသည် ကေဝဋ္ဋပုရောဟိတ် တင်လျှောက်သောစကားကြားလျှင် စိတ်နှလုံး မကြည်မလင် ဖြစ်သွားသည်၊ သို့သော်လဲ ထိုအကြောင်းကို ကေဝဋ္ဋမသိစေအောင်ဖုံးဖိပြီး—

“ဆရာပုရောဟိတ်လည်း ပင်ပန်းလှပြီ။ အနားယူချည်ပါ”ဟု ဆိုကာ အသင့်စီစဉ်ထားသော သံတဲသို့ စေလွှတ်လိုက်လေ၏။

မဟောသဓာ၏ ဆက်ဆံမှု အပြုအမူနှင့် စပ်လျဉ်း၍ မင်းကြီး စဉ်းစား၏၊ ငါ့သား မဟောသဓာသည် ဉာဏ်ပညာရှိသည်နှင့်အညီ၊ မင်းရေးမင်းရာ သံရေးတမန်ရေးတွင် ပြောဆိုရာ၌ အလွန်ကျွမ်းကျင်၏၊ ယခု ကေဝဋ္ဋပုရောဟိတ်အား စကားမပြောပဲနေခြင်းမှာ အကြောင်းရှိတန်ရာသည်၊ ကေဝဋ္ဋလာခြင်းကို ငါ့သားအနေနှင့် ကောင်းသောလာခြင်းဟု ထင်ဟန်မတူ၊ ပဉ္စာလရာဇ်မင်းသည် ငါတို့အား တိုက်ခိုက်၍ မနိုင်သဖြင့် သမီးကညာနှင့်မျှားခေါ်ကာ ငါ့ကိုသတ်ရန် အကြံရှိလေသလား မသိ။ သားတော် မဟောသဓာသည် ရှေ့ရေးကို ကြိုတင်မြင်တွေးတတ်သောပညာဉာဏ်ရှိ၏။ ဤသို့ နောင် ကြုံလာလတံ့သော ဘေးကို မြင်သောကြောင့် ကေဝဋ္ဋပုရောဟိတ်အား မလောက်လေးမလောက်စားသဘော သက်ရောက်အောင် တမင်စော်ကား လွှတ်လိုက်ခြင်းဖြစ်တန်ရာသည်။ မင်းကြီးသည်ဤနှယ်တွေးပြီး ရှေ့ရေးကို ထိတ်လန့်နေ၏။

ယင်းသို့ရှိစဉ် သေနကအမှူးပြုသော ပုရောဟိတ်ကြီး ၄-ဦး

ရှေ့တော်သို့ ဝင်ရောက်လာကြသည်။ မင်းကြီးသည် သေနက အမတ်အား—

"ဆရာသေနက နှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် သေးချင်း နှောလိုတယ်ဆိုပြီး စူဠနီဗြဟ္မဒတ်မင်းက သူ့သမီးတော်ကို ငါနဲ့ ထိမ်းမြားလိုတဲ့အကြောင်း ကေဝဋ္ဋပုရောဟိတ်ကို စေလွှတ်ပြီး စကားကမ်းလှမ်းလာတယ်၊ ဒီကိစ္စ ဆရာသေနကဘယ်လိုသဘော ရသလဲ"ဟု မေးတော်မူ၏။

သေနကအမတ်က—

"အရှင်မင်းကြီး....အရှင်မင်းကြီးရဲ့ ဘုန်းကံကြောင့် အလို အလျောက် ပဉ္စာလရာဇ်မင်းက ခယ ဝပ်တွားပြီး သမီးကညာ ပေးဆက်လှာတာကို ငြင်းပယ်ဘို့မသင့်ပါ၊ အရှင်မင်းကြီး ပဉ္စာ လရာဇ်မင်းဟာ နှယ်နှယ်ရရမဟုတ်ဘဲ ဒီဇမ္ဗူဒိပ်ကျွန်းမှာ ကိုး ဆယ့်ကိုးပါးသော မင်းများရဲ့ အရှင်သခင် ကရာဇ်ဘုရင်ဖြစ် ပါတယ်။ အဲဒီလို ဘုရင်တပါးက ခညွတ် ဝပ်တွား ရလောက် အောင် အရှင်မင်းကြီး ဘုန်းမီးနေလတောက်ပနေပြီမို့ အရှင် မင်းကြီးဟာလဲ ဒီဇမ္ဗူဒိပ်ကျွန်းမှာ စူဠနီဗြဟ္မဒတ်မင်းနဲ့ ယှဉ်နိုင် တဲ့ ကရာဇ်ဘုရင်တပါး ဖြစ်နေပါပြီ။ ဒါကြောင့်လဲ ကေဝဋ္ဋ ပုရောဟိတ်လို ဘုရင့်ဆရာအမတ်ကြီးကို သံတမန် စေလွှတ်ခြင်း ဖြစ်ပါတယ်။ ပဉ္စာလရာဇ်မင်းရဲ့ သမီးတော်ဟာ အရှင်မင်းကြီး မှတပါး ထိုက်တန်တဲ့ မင်းမရှိပါ၊ ဒီလိုမိမိကို အလေးအမြတ်ပြု ပြီး ပေးဆက်လာတဲ့ သမီးကညာကို အရှင်မင်းကြီး သိမ်းပိုက်မှ သာ မိတ္တိလာပြည်သားများနဲ့ ကျွန်ုပ်တို့ မှူးမတ်များပါ ဂုဏ် တက်မှာ ဖြစ်ပါတယ်။ အရှင်မင်းကြီး ပဉ္စာလရာဇ်နိုင်ငံကို ကြွချီ တော်မူသင့်ပါတယ်"ဟု လျှောက်တင်လေ၏။

မင်းကြီးသည် သေနက လျှောက်တင် ပြီးနောက် ပက္ကုသ၊ ဒေဝိန္ဒ၊ ကာမိန္ဒဟူသော သုခမိန်အမတ်ကြီး ၃-ယောက်တို့၏ သဘောထားကို တယောက်စီ မေးမြန်းတော်မူ၏။ ပက္ကုသအစ ရှိသောအမတ်များမှာ သေနကကိုအမှီပြု၍ သုခမိန်အရာ ရရှိနေကြသူများ ဖြစ်လေရာ သေနက၏ လေသံအတိုင်း တသွေမတိမ်း လိုက်၍ ဖြေဆိုတင်လျှောက်ကြလေ၏။

သုခမိန် ၄-ဦး ဖြေဆိုတင်လျှောက်အပြီးတွင် ကေဝဋ္ဋပုရောဟိတ်သည် မင်းကြီး ရှေ့တော်သို့ ဝင်ရောက်လာကာ—

"အရှင်မင်းကြီး....ကျွန်ုပ်ဒီနေ့ ပဉ္စာလရာဇ်နိုင်ငံကို ပြန်ပါတော့မယ်၊ အရှင်မင်းကြီးအနေနဲ့ ကျွန်ုပ်အရှင် သခင်ရဲ့ ဆန္ဒအတိုင်း နှစ်နိုင်ငံချစ်ကြည်ရေးကို လိုလားတာဖြင့် ပဉ္စာလရာဇ်နိုင်ငံကို အမြန်ကြွချီပြီး သမီးကညာကို သိမ်းပိုက်ဘို့ စီစဉ်တော်မူပါ"ဟု လျှောက်တင်၏။

"ကောင်းပြီဆရာပုရောဟိတ်....ငါစဉ်းစားပြီး အမြန်ပြန်ကြားပါမယ်"

မင်းကြီး၍သို့ ပြောဆိုပြီးနောက် ကေဝဋ္ဋ ပုရောဟိတ်အား များစွာသော လက်ဆောင်ပဏ္ဏာများ ပေးကမ်း ချီးမြှင့် လိုက်လေ၏။

မဟောသဓာသည် ကေဝဋ္ဋပုရောဟိတ် ဝိဒေဟရာဇ် နိုင်ငံမှ ထွက်ခွာပြီဆိုသော သတင်းကို ကြားသည်နှင့် စစ်သေနာပတိဝတ်စုံကိုဝတ်ဆင်ကာ မင်းကြီးရှေ့တော်သို့ ဝင်ရောက်ခစား၏။ မင်းကြီးသည် စူဠနီဗြဟ္မဒတ်မင်း၏ သမီးကညာကို သွားရောက်သိမ်းပိုက်ဘို့အရေးနှင့်ပတ်သက်၍ မဟောသဓာ၏ ဆန္ဒသဘောထား မည်သို့ ရှိမည်ကို သိလိုသဖြင့်—

"သားတော်မဟောသဓာ....ပဉ္စာလရာဇ် မင်းရဲ့ သမီးတော်ကို သိမ်းပိုက်ရေးနဲ့ပတ်သက်ပြီး၊ သေနကအစရှိတဲ့ သုခမိန်လေးယောက်ကလဲ သွားရောက် သိမ်းပိုက်ဘို့ကို သဘောတူကြတယ်၊ ငါကိုယ်တော်တိုင်လဲ သွားရောက် သိမ်းပိုက်လိုတဲ့ ဆန္ဒရှိတယ်၊ ငါ့သားတော် ဘယ်လိုသဘောရသလဲ"ဟု မေးတော်မူ၏။

မင်းကြီးအမေးကိုကြားလျှင် မဟောသဓာသည် ဤမင်းကားကိလေသာကျော့ကွင်းကို မမြင်သည့် ကြက်ကန်းနှင့် တူလှစွာ၏။ ကြက်ကန်းသည် ညွတ်ကွင်းကို မမြင်ပဲ ကြက်မအော်သံ ကြားရာသို့ သွားသကဲ့သို့ ဤမင်းသည် ပဉ္စာလစန္ဒီဟူသော အလှအနကိုမင်ကာ ပဉ္စာလရာဇ်နိုင်ငံသို့ သွားချင်နေသည်။ မင်းကြီး ပဉ္စာလရာဇ်နိုင်ငံကို သွားချင်သော ဆန္ဒပျက်ပြယ်အောင် ငါ ဘယ်သို့လျှောက်တင်လျှင် သင့်မည်နည်းဟု စဉ်းစားနေ၏။မင်းကြီးသည် မဟောသဓာ ရုတ်တရက်အဖြေမပေးသဖြင့် စိတ်တွင် အားမလိုအားမရဖြစ်လာကာ—

"သားတော် မဟောသဓာ....သားတော်ဟာ ပညာရှိသုခမိန်တယောက် ဖြစ်လျက်နဲ့ ငါ့အမေးကို မဖြေဘဲ ဘာ့ကြောင့် နှုတ်ဆိတ်နေရသလဲ"ဟု မေးတော်မူ၏။

"အရှင်မင်းကြီး....ပဉ္စာလစန္ဒီဆိုတဲ့ မင်းသမီးဟာ မုဆိုးရဲ့ တယ်တည်င်သမင်မနဲ့တူပါတယ်၊ ကေဝဋ္ဋပုဏ္ဏားဟာ မုဆိုးရဲ့လက်နက်နဲ့တူပါတယ်၊ စူဠနီဗြဟ္မဒတ်မင်းက မုဆိုးနဲ့တူပါတယ်၊ အရှင်မင်းကြီးက သမင်ဖိုနဲ့တူပါတယ်၊ သမင်ဖိုဟာ မုဆိုးကသမင်မနဲ့မျှားခေါ်တဲ့အခါမှာ သမင်မအပေါ် တဏှာအာသာဆန္ဒပြင်းပြတာကြောင့် သမင်မအနားကိုချဉ်းကပ်တယ်၊ သမင်ဖိုရဲ့နံကြားကိုမုဆိုးက လှံသွားနဲ့စိုက်လိုက်တော့ သမင်ဖိုသေရပါတယ်၊ အရှင်

မင်းကြီးဟာလဲ သမင်မအပေါ် အာသာဆန္ဒပြင်းပြတဲ့သမင်ဖိုလို ပဉ္စာလစန္ဒီမင်းသမီးအပေါ် အာသာဆန္ဒပြင်းပြပြီး ပဉ္စာလရာဇ်ပြည်ကိုသွားရင် သမင်ဖိုသေသလို သေရမှာအမှန်ဖြစ်ပါတယ်”

မဟောသဓာ တင်လျှောက်သည်ကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးစိတ်အလိုတော်မကျသဖြင့် မျက်နှာနီမြန်းလာသည်။ သို့သော်လည်း မဟောသဓာသည် အလျှော့မပေးဘဲ ဆက်လက်တင်လျှောက်ပြန်၏။

“အရှင်မင်းကြီး....ကေဝဋ္ဋပုဏ္ဏားဟာ တံငါနဲ့တူပါတယ်၊ စူဠနီဗြဟ္မဒတ်မင်းက ငါးမျှားချိတ်နဲ့တူပါတယ်၊ ပဉ္စာလစန္ဒီမင်းသမီးက ငါးစာနဲ့တူပါတယ်၊ အရှင်မင်းကြီးက ငါးစာကိုမင်တဲ့ငါးနဲ့တူပါတယ်၊ အရှင်မင်းကြီး ငါးဟာစားချင်တဲ့အာသာဆန္ဒဖုံးလွှမ်းနေတဲ့အတွက် ငါးမျှားချိတ်ကိုမမြင်ဘဲ ငါးစာကိုမျိုမိသလို၊ ပဉ္စာလရာဇ်နိုင်ငံကိုသွားရင် အရှင်မင်းကြီးဟာ ရန်သူ့လက်တွင်းမှာ စင်းစင်းသေရပါလိမ့်မယ်”

ထိုလျှောက်ဘင်ချက်ကိုလည်း မင်းကြီးမနှစ်သက်ချေ။ မျက်နှာပို၍နီမြန်းလာကာ မျက်ဝန်းသည်ပင်ဒေါသကြောင့် တောက်ပလာသည်။ သို့သော် အမှန်ကိုသိ၍ အမှန်ကိုပြောရဲသောပညာရှိတို့မည်သည် ဘေးဒုက္ခကိုမြင်လျက်နှင့် မင်းလိုလိုက်၍ မင်းအကြိုက်ကိုသာ လျှောက်တင်ရိုး ထုံးစံမရှိ၊ မိမိမြင်သိထားသောအမြင်ကို အသက်နှင့်လဲကာ တင်လျှောက်ရဲသော သူရသတ္တိမျိုးရှိသည်ဖြစ်၍ မဟောသဓာသည် အလျှော့မပေးဘဲ ဆက်လက်တင်လျှောက်ပြန်လေသည်။

“အရှင်မင်းကြီး....ကေဝဋ္ဋပုဏ္ဏားဟာ ကြက်တယ်သမားနဲ့တူပါတယ်၊ အရှင်မင်းကြီးက ကြက်ဖနဲ့တူပါတယ်၊ စူဠနီဗြဟ္မဒတ်

မင်းက ညှတ်ကွင်းနဲ့ တူပါတယ်၊ ပဉ္စာလစန္ဒီမင်းသမီးက တယ်ကြက်မလေးနဲ့ တူပါတယ်၊ အရှင်မင်းကြီးက ကြက်ဖနဲ့ တူပါတယ်၊ ကေဝဋ္ဋ ပုဏ္ဏားတည်းဟူသော ကြက်တယ်သမားက ပဉ္စာလစန္ဒီမည်သော ကြက်မကလေးနဲ့ မျှားပါတယ်၊ ကြက်ဖနဲ့တူတဲ့အရှင်မင်းကြီးဟာ ကြက်မကလေးအာရုံကိုမင်တာကြောင့် စူဠနီဗြဟ္မမင်းတည်းဟူသောညှတ်ကွင်းကိုတိုးဝင်တဲ့အတွက် အသက်ဆုံးရှုံးရပါလိမ့်မယ်”

မင်းကြီးမျက်နှာ နီရဲရုံမက ကိုယ်လက်များပါ လှုပ်ရှားလာသည်။ ဒေါသကို မထိန်းနိုင်သကဲ့သို့ ရှိနေသည်။ သို့တိုင်လည်း မဟောသဓာသည် အလျှော့မပေး၊ ထပ်မံတင်လျှောက်ပြန်၏။

“အရှင်မင်းကြီး....ပဉ္စာလရာဇ်မင်းဟာ ကိုးဆယ့်ကိုးယောက်သောထီးဆောင်းမင်းများ၊ တဆယ့်ရှစ်ခေါဘိဏီ တပ်ကြီးများနဲ့ ဝိုင်းရံတိုက်ခိုက်သော်လဲ မိတ္ထိလာကိုမရတာကြောင့် အရှင်မင်းကြီးကို တကျာနဲ့ ဖမ်းစားမြှူဆွယ်ပြီးသတ်ဖြတ်ကာ မိတ္ထိလာနိုင်ငံကို အရကြံတာဖြစ်ပါတယ်၊ အရှင်မင်းကြီး သေချင်တဲ့ကျား တောပြောင်းတယ်လို့ဆိုရိုးစကားရှိပါတယ်၊ ဒီစကားရဲ့ အဓိပ္ပါယ်ဟာ မိမိနေရာနယ်ပယ်ကနေပြီး တခြားနယ်ပယ်ကိုမသွားသင့်၊သွားရင် ဘေးအန္တရာယ်ရောက်တတ်ကြောင်းကိုဆိုလိုတာဖြစ်ပါတယ်၊ အရှင်မင်းကြီး....ပဉ္စာလစန္ဒီကိုမက်ပြီး ပဉ္စာလရာဇ်နိုင်ငံကိုမသွားသင့်ပါ၊ ပဉ္စာလရာဇ်နိုင်ငံကိုသွားရင် မင်းကြီးသာမက များစွာသော စစ်သည်ဗိုလ်ပါများပါ သေဆုံးပြီး၊ တိုင်းပြည် သူတပါးလက်အောက်ရောက်ရပါလိမ့်မယ်၊ ဒါ့ကြောင့် အရှင်မင်းကြီးဆန္ဒကို ချိုးနှိမ်ပြီး အေးချမ်းစွာနေတော်မူပါ”

မင်းကြီးသည် မဟောသဓာတင်လျှောက်သည်ကိုကြားသော်လည်း နားမဝင်ချေ။ မင်းကြီးတွေးသည်မှာ ပဥ္စာလရာဇ်မင်းသည် ငါနှင့်ထီးပြိုင်နန်းပြိုင်ဂုဏ်ရည်တူဖြစ်၏။ သို့ကြောင့် သူ၏သမီးတော်နှင့်ထိမ်းမြားရမည့်သူလည်း ငါတဦးတည်းသာ ရှိသည်ဟု အမှန်တကယ်မြင်၏။ ငါနိုင်ငံကိုတိုက်ခိုက်ရာတွင် ငါ၏ဘုန်းကံကြောင့် အနိုင်မတိုက်နိုင်ရှိခဲ့၏။ ဒါကြောင့် ကေဝဋ္ဋဆရာပုရောဟိတ်တင်လျှောက်သလို သွေးချင်းနှော၍ ချစ်ကြည်မှုရယူချင်သည်မှာလည်း အမှန်ဖြစ်၏။ ဒီသဘောကို ငါ၏သုခမိန်ကြီးလေးယောက် အမှန်တကယ် သိနားလည်ကြ၏။ မဟောသဓာမူကား ငါ့မိဖုရားခေါင်ကြီးနှင့် ခင်မင်ရင်းနှီးသူဖြစ်သည်။ အမနှင့်မောင်သဘွယ် ခင်တွယ်ကြသည်။ဒါကြောင့်သာ သူ့အမထက်လှသော နုသော ငယ်သော ပဥ္စာလစန္ဒီမင်းသမီးကို သူ့အမထက် ငါပိုချစ်မြတ်နိုးမည်ကိုမနာလိုသောကြောင့် ဟန့်တားခြင်းဖြစ်၏။ ဒီအရေးတွင် မဟောသဓာ၏စကားကိုနားထောင်လျှင် ငါ့အတွက်သမီးကညာရတနာ ဆုံးရှုံးရချေမည်၊ မဟောသဓာလျှောက်တင်သည်များကိုပြန်တွေးပြီး မင်းကြီးနာကျည်းလာသည်။

ကြည့်စမ်း၊ ငါလိုဘုရင်မင်းမြတ်ကို သူ ဆိုလိုက် ပြောလိုက်သည်မှာ သူ့ကျွန်လောက်မှတန်ဘိုးမထား၊ သမင်မိုက်တဲ့၊ ငါးမိုက်တဲ့၊ ကြွက်မိုက်တဲ့၊ ကျွဲမိုက်တဲ့၊ ဟင်-လက်စသတ်တော့ ဘာမဟုတ်တဲ့ဇနပုဒ်သားက ငါလို ရေမြေ့ရှင် ဘုရင်မင်းမြတ်ကို မင်းပရိသတ်စုံတဲ့ဗိုလ်ပုံအလယ်မှာ ရွေးတစေ့မတန်အောင် စော်ကားပြီ၊ အစော်ကားခံရပြီ။

မင်းကြီးတွေးရင်း ဒေါပွလာကာ—

"အမတ်တို့....ငါ့အတွက်ဘုန်းကျက်သရေတိုးတက်ရာတိုးတက်

ကြောင်း ကောင်းမြတ်တဲ့ သမီးကညာရတနာ ရလာတာနဲ့ပတ်သက်ပြီး ဇနပုဒ်သား ထွန်တုံးဖျားမှာကြီးတဲ့မိုက်သားကိုတိုင်ပင်မိတဲ့အတွက် ငါ့မှာ မင်္ဂလာ ပျက်ရပြီ။ ထွန်တုံးဖျားမှာကြီးတဲ့ မိုက်သားဇနပုဒ်သားဟာ မင်းရေးမင်းရာ ဘာမှ နားမလည်၊ ငါသနားလို့ကောက်ယူမြှောက်စားထားသော်လဲ မင်းနန်းတော်နဲ့ မနီးစပ်၊ သူနားလည်တာက ထွန်ရေးထယ်ရေးသာဖြစ်တဲ့အတွက် ငါကဲ့သို့သောဘုရင်မင်းမြတ်အပေါ် မိုက်ရိုင်းစော်ကားစကားဆိုခဲ့တယ်၊ သေနက၊ ပက္ကုသ၊ ဒေဝိန္ဒ၊ ကာမိန္ဒစတဲ့ အမတ်ကြီးများဟာဆိုရင် မူးမျိုးမတ်နွယ်ဇာဆင်းသက်လာကြတာမို့ မင်းရေးမင်းရာမှာ လိမ္မာကျွမ်းကျင်ကြတဲ့အတွက် ငါ့အကျိုးကို သိတယ်၊ နားလည်တယ်၊ ငါ့အကျိုးအတွက် မှန်ရာကို လျှောက်တင်ကြတယ်၊ ထွန်တုံးဖျားမှာကြီးတဲ့မိုက်သားက ငါ့အကျိုးကိုမလိုလားရုံမက ငါ့ကိုပါ စော်ကားမော်ကား ရိုင်းပြစကားဆိုတဲ့အတွက် ငါ့နန်းတော်နဲ့လဲမတန်၊ ငါ့နိုင်ငံနဲ့လဲမတန်ဘူး၊ ဒါကြောင့် အခုချက်ချင်းလည်ဂုတ်ကိုဆွဲပြီး နန်းယံကထုတ်၊ရာဇဒဏ်ခတ်ပြီး တိုင်းပြည်ကနှင်စေ”

မင်းကြီးသည် ယင်းသို့လျှင် ဒေါသအလျှောက် အမိန့်တော်ချမှတ်လိုက်လေသည်။

မဟောသဓာအား ပညာချင်းမပြိုင်နိုင်၍ အရှုံးပေးထားရသော်လည်း မဟောသဓာအပေါ် အမြဲပင်မနာလိုဝန်တိုမစ္ဆရိယရှိနေကြသော သုခမိန်ကြီးလေးဦးသည် မင်းကြီး၏ပြင်းထန်သောအမိန့်သံကိုကြားရသောအခါ စိတ်ထဲမှကျိတ်၍ ဝမ်းသာရွှင်မြူးနေကြသည်။ သည်တပွဲတွင် မဟောသဓာကို အလဲထိုးနိုင်ပြီ၊ မဟောသဓာ ဤတိုင်းပြည်၌မရှိလျှင် မိမိတို့ဩဇာအာဏာတန်ခိုး

ထက်မျက်လာပြီး မင်းကြီး၏အထူးအခြားမြောက်စားမှုကိုလည်း ရယူကြရတော့မည်ဟု ယုံကြည်နေကြသည်။

မင်းကြီးကပြင်းထန်စွာသောအမိန့်ကိုချမှတ်သော်လည်း၊ မင်းချင်းများ၊အမတ်များသည် မဟောသဓာအား ကြည်ညိုလေးစားကြသည်တကြောင်း၊ လက်ရှိအနေအထားအရလည်း ပြည်ထဲရေးကိုကိုင်တွယ်နေသော သေနာပတိကြီး ဖြစ်သည်ကြောင့် မဖမ်းဝံ့သည်တကြောင်း၊မင်းကြီးသည် စိတ်ဆိုးခိုက်မို့ ဒေါသအလျောက်မိန့်မြွက်ခြင်းသာဖြစ်မည်၊ စိတ်တော်ပြေလျှင် သူတို့အချင်းချင်း ညှိနှိုင်းတိုင်ပင်မြတ်ကြလိမ့်မည်ဟု ယုံကြည်ကြသည် တကြောင်းကြောင့် ဘယ်သူတဦးတယောက်ကမျှလှုပ်ရှားခြင်းမပြုဘဲ ငြိမ်နေကြလေသည်။

မဟောသဓာသည် မင်းကြီးဒေါသဖြစ်သည်ကိုသိသောအခါ ငါ၏နေရာ၌ကြာကြာဆက်နေ၍မဖြစ်၊ မင်းကြီးက အမိန့်ချမှတ်ထားပြီမို့ မင်းချင်းများ အမတ်များသည် ယခုငါ့အားဆွဲမထုတ်သေးသော်လည်း မကြာမတင်မီတွင် ဆွဲထုတ်ကြမည်၊ ထိုသို့ဆွဲထုတ်ခြင်းခံရလျှင် ငါ့တသက်တာအတွက် အရှက်ပြေနိုင်စရာမရှိ၊ သူများဆွဲမထုတ်မီ ငါကသွားမှတော်မည်ဟုတွေးကာ နေရာမှထလေ၏။ မင်းကြီးအား လက်ယှက်ရှိခိုးလျက် ရှေ့တော်မှထွက်ခွာခဲ့လေ၏။

မင်းကြီးသည် ရုတ်တရက် ဒေါသကြောင့်မိန့်မြွက်တော်မူလိုက်မိသော်လည်း မဟောသဓာ၏အပေါ်တွင် ချစ်ခင်သောစိတ်က အမြဲရှိနေသည်ဖြစ်သောကြောင့် မဟောသဓာထွက်ခွာသွားသည်ကိုကြည့်လျက် နောက်ထပ် တစုံတရာမိန့်မြွက်ခြင်းမပြုတော့ဘဲ တိတ်ဆိတ်နေတော်မူလေသည်။



# ဒုတိယအကြိမ် ကျေးသူလျှိုလွှတ်ခြင်း

မဟောသဓာသည် မိမိနေအိမ်သို့ ပြန်ရောက်လျှင် သလွန်ညောင်စောင်းတွင်လှဲလျောင်းပြီး ယနေ့ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကို ပြန်လည်ဆင်ခြင်သုံးသပ်ကြည့်နေလေသည်။

စင်စစ်ဝိဒေဟရာဇ် မင်းကြီးသည် ပဉ္စာလစန္ဒီ မင်းသမီးအား တပ်မက်ခြင်းတဏှာ လောဘကြောင့် မိမိကအမှန်တရားကိုပြသော်လည်းမမြင်၊ ဆင်ခြင်နိုင်စွမ်းသော အမြော်အမြင်များသည်လည်း ကိလေသာ တဏှာ၏ ဖုံးအုပ်မှုကြောင့် ပျောက်ကွယ် နေကာ ဆင်ကန်းသဘွယ် ထင်ရာစိုင်းတော့မည်သို့ ရှိနေ၏။ သည်အထဲ ဥာဏ်ပညာ အမြော်အမြင် နဲပါးသော မင်းမျောင်ကပ်ဖါး သုခမိန်ကြီးများကလည်း ရှေ့ရေးကို လုံးဝမတွေး လောလော ဆယ် မင်းကြီးဆန္ဒရှိရာကိုသာ တင်လျှောက်၍ မြှောက်ပင့်ပေး နေကြပြန်၏။

အခုအတိုင်းသာဆိုလျှင် မင်းကြီးသည် မိမိအား ပစ်ပယ်ကာ မင်းမျောင်ကပ်ဖ ါး ပုရောဟိတ်ကြီးများနှင့်တိုင်ပင်ပြီး ပဉ္စာလစန္ဒီ မင်းသမီးကို ရယူရေးအတွက် ပဉ္စာလရာဇ်နိုင်ငံသို့ သွားပေလိမ့်မည်။ ထိုသို့သွားလျှင် မင်းကြီးနှင့်လိုက်ပါသော သုခမိန်ကြီးများရော မင်းကြီးရော ဗိုလ်ပါများပါ အသက်ဆုံးရှုံး ကြရပေတော့မည်။

မိတ္ထိလာပြည်တွင် ငါကဲ့သို့သော ဉာဏ်ပညာအရာမှာ ကျော်ကြားသည့် ပညာရှိပုဂ္ဂိုလ်များ ရှိပါလျက်၊ မင်းကြီးနှင့်တကွ များစွာသော အသက်တို့ဆုံးရှုံးမှုကို မဖြစ်စေသင့်။ ဘာဘဲပြောပြော မင်းကြီးသည် ငါ့အပေါ်တွင် ဖခင်နှင့်မခြား ကျေးဇူးကြီးမား ပါပေသည်။ သို့ကြောင့် မင်းကြီး အလိုသို့ လိုက်၍ မင်းအမတ် ပုရောဟိတ်နှင့် စစ်သည်ဗိုလ်ပါတို့ အသက်ကိုလည်း ကယ်တင်ရမည်။ မိတ္ထိလာပြည်ကိုလည်း သူတပါးလက်အောက် မကျရောက်အောင် ကယ်တင်ရမည်။ ငါ၏ဂုဏ်သိက္ခာကိုလည်း ဆယ်တင်ရမည်။ ငါ့အကြံဉာဏ် ပညာစွမ်းကိုလည်း ဇမ္ဗူဒိပ်တကျွန်းလုံး သိစေရမည်ဟုတွေးကာ ပဉ္စာလရာဇ်နိုင်ငံသို့ မိမိကိုယ်တိုင်သွားကာ ဝိဒေဟရာဇ်မင်းကြီးနှင့် ပဉ္စာလစန္ဒီမင်းသမီး လက်ထပ်ရေးအတွက် ဆောင်ရွက်တော့မည်ဟု သန္နိဋ္ဌာန်ချမှတ်လိုက်လေသည်။

မဟောသဓာသည် သလွန်ညောင်စောင်းမှထကာ ကျေးသားထားရာသို့သွားပြီးလျှင် ကျေးသားအား လှောင်ချိုင့်မှထုတ်ယူပြီး ရင်ခွင်တွင်ပိုက်လျက်—

"ချစ်သား.... တာဝန်တခု သင့်ကိုပေးအပ်မယ်၊ ဒီကိစ္စက လူတော်လူကောင်း သူလျှိုများလဲ မဆောင်ရွက်နိုင်၊ ချစ်သားမှ

လဲ့ပြီး ဘယ်သူမှ စွမ်းဆောင်နိုင်မှာ မဟုတ်တဲ့အတွက် ချစ်သား ကိုဘဲ စေခိုင်းရအုံးမယ်" ဟု ပြော၏။

ကျေးသားက—

"ဆောင်ရွက်ရမယ့်တာဝန်ကိုသာမိန့်တော်မူပါ၊အရှင့်အတွက် ကျွန်ုပ်ဆောင်ရွက်ဘို့ အသင့်ပါ"ဟု ဆို၏။

"ချစ်သား....ပဉ္စာလရာဇ်ပြည်က ကေဝဋ္ဋပုရောဟိတ် မိတ္တိလာ ကိုလာတဲ့ကိစ္စမှာ စူဠနီဗြဟ္မဒတ်မင်းနဲ့ ပုရောဟိတ်တို့ ဘယ်သူတဦး တယောက်မျှ မကြားမသိရအောင် နန်းတော်ရဲ့ ထုပ်ကာထုပ်ဖျား က မင်းကြီးအိပ်ရာအခန်းဆောင်မှာ နှစ်ယောက်ထဲ တိုင်ပင်ကြ တယ်လို့ ငါကြားသိထားတယ်။ သူတို့ တိုင်ပင်တာကို ကြားတဲ့ နားနှစ်ခုရှိတယ်။ အဲဒါက မင်းကြီးအိပ်ခန်းဆောင်မှာ အမြတ် တနိုး မွေးထားတဲ့ သာလိကာမ ဖြစ်တယ်လို့ ငါသိရတယ်။ ချစ်သား ...ပဉ္စာလရာဇ်နိုင်ငံကိုသွားပြီး သာလိကာမနဲ့ ချစ်တင်း ဖွဲ့နှောင်ပါ၊ ပြီးတော့ မင်းနဲ့ပုရောဟိတ် တိုင်ပင်ကြတဲ့စကားကို သာလိကာမဆီက ရအောင်ယူခဲ့ပါ။ ချစ်သား အခုသွားရမယ့် ခရီးဟာ အလွန်အရေးကြီးတယ်၊ သတိတချက်လစ်ရင် ချစ်သား အသက်သေနိုင်တယ်၊ ငါတို့ရဲ့ အကြံ ပျက်ပြယ်မယ်၊ ဒါကြောင့် သတိဝီရိယနဲ့ ပိပိယိယိ ဆောင်ရွက်ပါ"

"ကောင်းပါပြီအရှင်၊ ကျွန်ုပ်အတွက် စိုးရိမ်တော်မမူပါနဲ့, အရှင်အလိုရှိရာကို ပြီးမြောက်အောင် ဆောင်ရွက်ပါမယ်"

မဟောသဓာသည် ယခင်နည်းအတိုင်း အရှေ့ပြတင်းမှနေ၍ ကျေးသားအားလွှတ်လိုက်လေ၏။

ကျေးသားသည်ပြတင်းမှ ထွက်ပျံလေရာ သိဝိရာဇ်တိုင်းအရိ ဋ္ဌပုရပြည်သို့ရောက်၏။ ထိုပြည်၏ အနေအထားကို မှတ်သားပြီး

နောက် ပဉ္စာလရာဇ်ပြည်သို့ ဆက်လက်ပျံသန်းကာ စူဠနီဗြဟ္မဒတ် မင်း၏ ထုပိကာဘုံပြသာဒ်ထွတ်ဖျားတွင် နားလျက် သာလိကာ မအား ညို့ငင်လိုသဖြင့် သာယာချိုအေးသော အသံကိုပြု၍ မြူဆွယ်၏။

သာလိကာမသည် ကျေးသား၏ သာယာချိုမြစွာ ရင့်ကျူး သောအသံကိုကြားလျှင် ရက်ရှည်လများ အဖိုနှင့် ကင်းကွာနေရ သောကြောင့် ငြိမ်ငုတ်နေခဲ့ရသည့် မ-သဘာဝခေတ်များလှုပ်ရှား ကြွရှလာကာ သာလိကာတို့ဘာသာဖြင့် သုံးကြိမ်တိုင် ဟစ်အော် အသံပြုလေသည်။ ကျေးသားသည် သာလိကာမ အသံကြားလျှင် ထုပိကာအဖျားမှ ဆင်းသက်ပျံဝဲပြီး ရွှေချိုင့်နှင့်ထားသော သာ လိကာမအနီးရှိ ပြတင်းပေါက်တွင်နား၍ ရန်သူ အရိပ် အခြေကို ကျည့်ရှုစုံစမ်း၏။ စိတ်ချရလောက်မှ လူတို့ဘာသာဖြင့် စကားဆို လေသည်။

"ရွှေအိမ်ရှင် အသင် သာလိကာမ၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာ ပါရဲ့လား"

ကျေးသား၏ နှုတ်ဆက်စကားကိုကြားလျှင် သာလိကာမသည် ကျေးသားအား ငဲ့စောင်း၍ကြည့်ပြီး—

"အရှင်ကျေးသား....ကျမ နေထိုင်ကောင်းပါတယ်။ မသိလို့ မေးပါရစေ၊ အရှင်ကျေးသားဟာ ဘယ်နိုင်ငံကကြွလာပါသလဲ၊ ဘယ်အရေးဘယ်အခင်းကြောင့် လေးသည်တော် လုံသည်တော် အစောင့်တွေ အပြည့်ချထားတဲ့ ဘုရင့်နန်းတော်ကို သက်စွန့်ဆံ ဖျား လာခဲ့ရသလဲဆိုတာ အမိန့်ရှိပါ"ဟု မေး၏။

"ရွှေအိမ်နန်းရှင်မ... ကျွန်ုပ်ဟာ သိဝရာဇ်တိုင်း၊ အရိဋ္ဌပုရ ပြည်က လာခဲ့ပါတယ်၊ ဒီမျှ လေးမြှားလက်နက် အစောင့် အ

ရှောက်ကွေ့ရှိနေတဲ့ သင့်နေရာကို အရောက်လာခဲ့တာကို ကြည့်ရင် ကျွန်ုပ်ဟာ သာမန် အညတြ အနုညာတ ကျေးသား မဟုတ်ဘဲ မင်းမွေးတဲ့ မင်းရဲ့ ကျေးသားဖြစ်ကြောင်း သိနိုင်ပါတယ်။ ကျွန်ုပ် လာရခြင်းအကြောင်းကတော့၊ ကျွန်ုပ်ဟာ အရိဋ္ဌပုရမင်းရဲ့ အိပ် ခန်းစောင့် သာလိကာမနဲ့ ချစ်ကြည် ပေါင်းသင်းနေတဲ့ ကျေး သားဖြစ်ပါတယ်။ ကျွန်ုပ်ရဲ့ဇနီး သာလိကာမဟာဆိုရင် အလွန် လိမ်မာရေးခြား စကားခြေငံရှိလှပါတယ်။ မင်းမွေးထားတဲ့ နန်း တွင်းသူ ဖြစ်တဲ့အတွက်ကြောင့် ယဉ်ကျေး သိမ်ခမွ့ပါတယ်။ ကျွန်ုပ်တို့ဇနီးမောင်နှံ ချစ်ကြင်နာစွာ ပေါင်းသင်း နေကြရင်းမှ တနေ့မှာ ကျွန်ုပ်ဇနီးကို စွန်သုတ်တဲ့အတွက် သေဆုံးသွားပါ တယ်”

“အရှင်ကျေးသား....အရှင့်မယား သာလိကာမကို ဘယ်လို ကြောင့် စွန်သုတ်ခံခဲ့ရပါသလဲ”

သာလိကာမသည် ကျေးသား လိမ်လည်လှည့်ဖျား၍ ပြော သည်ကို အဟုတ်ထင်သဖြင့် စိတ်ဝင်စားစွာမေး၏။

“ဒီလိုပါ ရွှေလှောင်ချိုင့်ရှင်မ....တနေ့မှာ မင်းကြီးဟာကျွန်ုပ် တို့ ဇနီးမောင်နှံကို ခေါ်ပြီး ရေကစား ထွက်တော်မူပါတယ်၊ ညနေရောက်တော့ ရေဆိပ်က တက်ခဲ့ကြပါတယ်။ ကျွန်ုပ်တို့ မောင်နှံဟာ ကိုယ်မှာ ရေတွေစိုနေကြတာနဲ့ မင်းကြီးရဲ့နန်းတော် ပြသာဒ်အဖျားတက် အပြင်ထွက်ပြီးအတောင်တွေဖြန့်လို့နေလှမ်း ကြပါတယ်။အဲဒီတုန်း ဗြုံးဆိုစွန်ရဲတကောင်မြင်လိုက်တော့ကျွန်ုပ် လဲ ကြောက်အားလန့်အားနဲ့ ထပျံ ပြေးပါတယ်၊ ကျွန်ုပ် ဇနီး သာလိကာမခမြာ ကိုယ်ဝန်ဆောင်အရင့်အမာနဲ့မို့ မပျံနိုင်ရှာဘဲ စွန်ရဲလက်ကို ပါသွားရပါတယ်”

ကျေးသား၏ ပြောစကား ကြားသောအခါ သာလိကာမမှာ ကျေးသားအား အလွန်သနားကြင်နာခြင်း ဖြစ်မိလေသည်။ ပြီး တဖန် မိမိသည် ဘုရင်မွေးထားသော နန်းတွင်းသူ ဖြစ်ပါလျက်၊ တပါးသောနိုင်ငံမှ ဘုရင့်ကျေးသားအား ဧည့်ဝတ် မကျေသလို ဖြစ်နေသည်ကို သတိရသဖြင့်—

"အရှင်ကျေးသား၊ ပြတင်းပေါက်နားမနေပါနဲ့၊ ရွှေလှောင်ချိုင့်အတွင်းကို ကြွခဲ့ပါ"ဟု ဖိတ်ခေါ်လေသည်။

ကျေးသား ပြတင်းမှ ရွှေလှောင်ချိုင့်သို့ကူး၏။

"အရှင်ကျေးသား၊ ပျားရည် ထောပတ်တို့နဲ့ နယ်ထားတဲ့ သလေးပေါက်ပေါက်ကို သုံးဆောင်တော်မူပါ"

သာလိကာမက ဧည့်ဝတ်စကားဆိုသည်။

"ရွှေအိမ်နန်းရှင်မ၊ ကျွန်ုပ်စကား မဆုံးသေးပါ၊ သင့်အမေးကိုဖြေမပြီးသေးပါ၊ ကျွန်ုပ်စကားကို ရှင်မနားထောင်ပါ၊ ကျွန်ုပ်ဟာ ကျွန်ုပ်ဇနီးသာလိကာမကို အလွန် ချစ်မြတ်နိုးပါတယ်၊ သူအသက်ဆုံးရှာတဲ့အတွက် ကျွန်ုပ်မှာ ယူကြုံးမရ ပူဆွေးသောကရောက်ရပါတယ်၊ ကျွန်ုပ်အဖြစ်ကိုမြင်တော့ မင်းကြီးက ချစ်သားဘာပြုလို့ ပူဆွေးငိုကြွေးနေရတာလဲဟု မေးပါတယ်၊ ကျွန်ုပ်ကလဲ ချစ်ဇနီး သာလိကာမအတွက် ငိုကြွေးရပါတယ်လို့ မင်းကြီးကို လျှောက်တယ်၊ ဒီတော့ မင်းကြီးက ချစ်သား သေပြီးသူ အတွက် ငိုကြွေးနေလို့လဲ အကြောင်းထူးမယ် မဟုတ်ဘူး၊ သင့်အတွက် ဇနီးသစ် ရှာပေးမယ်လို့ မိန့်တော်မူပါတယ်။

ဒီတော့ အရှင်မင်းကြီး အသစ်ရှာမယ်ဆိုရင် လွယ်ပါတယ်၊ ကျေးမဖြစ်စေ သာလိကာမဖြစ်စေ ရစေနိုင်ပါတယ်။ ဒါပေမယ့်လို ကျွန်ုပ်ဇနီး သာလိကာမလို နန်းတွင်းသူ လိမ္မာယဉ်ကျေးတဲ့

ဇနီးမျိုးတော့ ရနိုင်မယ်မထင်ပါလို့ ကျွန်ုပ်ကမင်းကြီးကိုလျှောက်တယ်၊ ဒီတော့ မင်းကြီးက ချစ်သားမပူနဲ့ သင့်ဇနီးနဲ့မခြား လိမ်မာယဉ်ကျေးတဲ့ နန်းတွင်းသူ ကာလိကာမရှိပါတယ်၊ သင်ပဥ္စာလရာဇ် တိုင်းပြည်ကို သွားချည်၊ စူဠနိဗြဟ္မဒတ်မင်းရဲ့ အိပ်ခန်းစောင့် သာလိကာမဟာဖြင့် သင့်ဇနီးလို လိမ်မာ ယဉ်ကျေးတယ်လို့ ငါကြားတယ်၊ အဲဒီ သာလိကာမဆီသင်သွားပြီး ချစ်ရေးဆိုကြည့်ပါ၊ သင်တို့နှစ်ဦးကြည်ဖြူရင် ငါ့ထံပြန်လာခဲ့၊ ငါ့မိဖုရားခေါင်ကြီးကို ပဥ္စာလရာဇ်နိုင်ငံလွှတ်ပြီး မင်္ဂလာအမှု ပြီးမြောက်အောင် ဆောင်ရွက်စေမယ်လို့ မိန့်ဆို စေလွှတ်လိုက်တဲ့ အတွက် ရှင်မထံ ကျွန်ုပ်အခုလို ရောက်လာရခြင်းဖြစ်ပါတယ်၊ ရှင်မကျွန်ုပ်ဆန္ဒကို လိုက်လျောနိုင်လိမ့်မယ်လို့လဲ ယုံကြည်ပါတယ်"

ကျေးသားက ရောက်လာရခြင်းအကြောင်းကို အကျယ်တဝင့် ရှင်းပြ၏။ သာလိကာမနှုတ်တို့မပြန်ပဲငြိမ်နေသောကြောင့်—

"ရွှေအိမ်ရှင်မ....ကျွန်ုပ်ရောသင်ပါ တောတွင်းသူ တောတွင်းသားများလိုလွှတ်လပ်သူများမဟုတ်ကြတဲ့အတွက် ရှင်မထံအကြိမ်ကြိမ်အခေါက်ခေါက်မလာနိုင်ပါ၊ ဒီတော့ရှင်မရဲ့သဘောဆန္ဒကို တခါထဲ သိသွားရအောင် ပြောကြားစေချင်ပါတယ်"ဟု သာလိကာမအားမပြောပဲ မနေနိုင်အောင် တောင်းဆို၏။

သာလိကာမသည် အဖိုနှင့် ကင်းကွာနေရသူပီပီ ကျေးသားအား တွေ့မြင်စကပင် ဖွဲ့မက်နှစ်သက်ခဲ့ငြားလည်း၊ မသဘာဝတို့၏ မွေဘာအတိုင်း လွယ်လွယ်နှင့် သဘောတူလိုက်လျှင် အပေါစားအထင်ခံရမည်စိုးသဖြင့်—

"အရှင်ကျေးသား....အရှင်ကျေးသားဟာ ဇာတ်မတူမျိုးခြားဖြစ်တဲ့ သာလိကာမကိုမှ ဘာ့ကြောင့် ချစ်ရေး ဆိုနေရပါသလဲ၊

ဇာတ်တူမျိုးတူဖြစ်တဲ့ ကျေးမကို ဘာ့ကြောင့် မရှာကြံပါသလဲ" ဟု မေး၏။

"ရွှေအိမ်ရှင်မ ကျွန်ုပ်ဆိုခဲ့တဲ့ စကားကို သင်မေ့ပြီလား၊ ကျွန်ုပ်ရဲ့ အချစ်ဦးဇနီးဟာ သာလိကာသာမဖြစ်ခဲ့ပါတယ်လို့ ကျွန်ုပ်ပြောပြီးပြီ၊ ကျွန်ုပ်ချစ်ဦးသူကို စွဲလန်းနှစ်သက်တဲ့ အတွက်ကြောင့် ကျွန်ုပ်ဇနီးနဲ့တူသူကို ကျွန်ုပ်ရှာလာခဲ့တာ ဖြစ်ပါတယ်"

"အဲ့ရှင်ကျေးသား....ကျွန်မအနေနဲ့ အရှင့်စကားကို ကြားပါရဲ့၊ သို့သော်လဲ မျိုးမတူဇာတ်ခြားတဲ့ တနယ်သား ဖြစ်လေတော့ အရှင့်အချစ်ကို ကျွန်မယုံဘို့ခက်လှပါတယ်။ အကယ်၍ အရှင်ရဲ့ မျိုးတူဇာတ်တူ ကျေးမနဲ့ တွေ့တဲ့အခါ ကျွန်မကို မေတ္တာပျက်ပြယ်ပြီး စွန့်ပစ်သွားမှာကို စိုးကြောက်ပါတယ် အရှင်"

"ဒီမှာ ရွှေအိမ်ရှင်မ.... ဇာတ်တူတာ ဇာတ်မတူတာ ပဓာနမဟုတ်ပါဘူး၊ ချစ်ခြင်းမေတ္တာသာ အဓိကပါ၊ ကျွန်ုပ်တို့ ငှက်သတ္တဝါကို မဆိုထားနဲ့ လူတို့လောကမှာတောင် အမျိုးမြတ်တဲ့ ဝါသုဒေဝမင်းကြီးဟာ ဒွန်းစဏ္ဍားမကို ဇမ္ဗာဝတီ အမည်ပေးပြီး မိဖုရားခေါင်ကြီးအရာထား စံစားခဲ့ပါတယ်။ ဝစ္ဆရသေ့ကြီးဟာ ရဠဝတီဆိုတဲ့ ကိန္နရီမနဲ့ အကြင်လင်မယား ဖြစ်ခဲ့ဘူးပါတယ်၊ ဒါတွင်မက သမင်မနဲ့ လူသားညားကြတဲ့ထုံး သက်သေတွေလဲ အများအပြားရှိပါတယ်။ အဲဒီလို လူနဲ့ တိရစ္ဆာန်တောင် အကြင်လင်မယားအဖြစ် ပေါင်းသင်းလို့ ရပါလျက်နဲ့ ငှက်အမျိုးချင်း အတူတူဖြစ်တဲ့ ကျွန်ုပ်နဲ့ ရှင်မ ပေါင်းသင်းမရနိုင်စရာအကြောင်းမရှိပါ"

"အရှင်ကျေးသား....ငှက်အမျိုးချင်းမို့ ပေါင်းသင်းလို့ရတယ်ဘဲထားပါ စိတ်နေစိတ်ထားဆိုတာ အစဉ်တည်မြဲတယ်လို့မရှိ၊

ခုတမျိုး တော်ကြာတမျိုး ပြောင်းလဲတတ်ပါတယ်၊ အခု ကျွန်မက အရှင့် အလိုကိုလိုက်လျော့ပြီး အကြင်လင်မယားအဖြစ် လက်ခံပေါင်းသင်းပါပြီတဲ့၊ တော်ကြာ အရှင်က စိတ်ပြောင်းလဲပြီး ပစ်ထားခဲ့မှဖြင့် မိန်းမသားဖြစ်တဲ့ ကျွန်မမှာ ကိုယ်ကျိုးမနဲရပါလား အရှင်ကျေးသား”

“ရွှေအိမ်ရှင်မ....ကျွန်ုပ်အနေနဲ့ ကျွန်ုပ်အရှင် သိဂရာဇ်မင်းကြီး ပြောကထဲက ရှင်မကို အလွန်မြတ်နိုးပြီး စိတ်ဝင်စားခဲ့ပါတယ်၊ အခုရှင်မကို ကျွန်ုပ်စိတ်သဘောထားနဲ့ ပတ်သက်လို့ အကြောင်းအမျိုးမျိုးပြပြီး သိစေခဲ့တယ်၊ ရှင်မ ဟာ နန်းတွင်းသူပီပီ စကားတတ်တိုင်း နှောင်ရေးနှောင်တာတွေ အကြောင်းပြပြီး ရှောင်ကာလွှဲကာသာ ပြောနေပါတယ်၊ စောစောကထဲက ကျွန်ုပ်ကိုမေတ္တာမမျှနိုင်ကြောင်း တခွန်းထဲပြောလိုက်ရင် ကျွန်ုပ်ဒီမျှအပင်ပန်းခံပြီး ပြောနေစရာမလိုပါ၊ ခုတော့ ကျွန်ုပ်မှာ ပြောရကျိုးမနပ် အလဟဿ အချိန်ကုန်ဖြစ်ရတော့တယ်၊ တကယ်တော့လဲ ကျွန်ုပ်ဟာ သိဂိရာဇ်မင်းကြီးရဲ့ သားတော်အရာထားတဲ့ ကျေးသားဘဲ ဒီမျှအောက်ကျခံစရာမလိုပါ၊ ဒီဇမ္ဗူဒိပ်ကျွန်းမှာ တရာမကထီးဆောင်းမင်းတွေဆီမှာလဲ သာလိကာမတွေ ရှိကြပါတယ်၊ ရွှေအိမ်ရှင်မ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေရစ်ပေတော့ ကျွန်ုပ်သွားမယ်၊ တခြားသာလိကာမကို ရှာရပေအုံးမယ်”

ကျေးသားပြောပြီး လှောင်ချိုင့်မှထွက်မည်ပြုရာ သာလိကာမ ပျာပျာသလဲတား၏။

“အရှင်ကျေးသား....ဘာဖြစ်လို့ ဒါလောက် အလောဘကြီးနိုင်ရတာလဲ၊ မသွားပါနဲ့အုံး အရှင့်ကိုကျွမက မချစ်မနှစ်သက်ဘူးလို့ တခွန်းမှမပြောရသေးပါ။ ပျားရည်ထောပတ်တို့နဲ့ နယ်ထားတဲ့

သဗလေး ပေါက်ပေါက်ကို သုံးဆောင် တော်မူပါအုံး၊ ညမှာလဲ မင်းကြီးအိပ်ခန်းမှာ အလှမယ်ကလေးတွေလာပြီး မင်းကြီးကို သီဆိုဖျော်ဖြေမှာမို့ စောင့်ကြည့်ပါအုံး"

"ရှင်မက ချစ်တို့မပြန်ဘဲနဲ့ ကျွန်ုပ်စောင့်ဆိုင်းနေရင် အချိန်ကုန်ရုံသာ ရှိပါလိမ့်မယ်"

"အရှင်ကျေးသား ကြားချင်တဲ့စကားကို ညလူချေတိတ်မှ ပြောပါရစေ"

သာလိကာမသည် ကျေးသား၏ ပရိယာယ် ညွှတ်ကွင်းတွင် အစင်းသားမိလျက် ကျေးနှင့်သာလိကာ မေတ္တာမျှကာ အကြင်လင်မယား ဖြစ်ကြလေသတည်း။

ကျေးသားသည် သာလိကာမ၏ မေတ္တာကို ရယူပြီးနောက် သူလာရင်းကိစ္စအတွက် ဆောင်ရွက်၏။

ညလူခြေတိတ်၍ နန်းတော်တပြင်လုံး တိတ်ဆိတ်နေစဉ်—

"အချစ်ရှင်မ"ဟု ကျေးသားက သာလိကာမ နားနားကပ်၍ တိုးတိုးလေးခေါ်၏။

"အရှင်"

သာလိကာမကလည်း တိုးတိုးမြန်ထူးသည်။

"ရှင်မကို ငါစကားတခု ပြောချင်တယ်"

"ပြောပါအရှင်"

ကျေးသား ယုတ္တာရက်မပြောသေးပဲ အတန်ကြာနေပြီးမှ—

"ဒီနေ့ဟာ ငါတို့မင်္ဂလာဦးနေ့ဖြစ်တယ် နက်ဖန်မှပြောတော့မယ်"

"အရှင်ပြောမယ့်စကားဟာ မင်္ဂလာရှိတဲ့စကားဆိုရင် ဒီနေ့ဘဲ ပြောပါလားအရှင်"

"ရှင်မ ငါပြောမယ့်စကားဟာ မင်္ဂလာရှိတဲ့ စကားဖြစ်ပါတယ်"

"ဒါဖြင့် ပြောပါအရှင်"

"ငါပြောလိုတာက တခြားမဟုတ်ဘူးရှင်မ၊ စူဠနိဗြဟ္မဒတ်မင်းကြီးရဲ့ သမီးတော် ပဉ္စာလစန္ဒီ မင်းသမီးကလေးဟာ အလွန်ချော အလွန်လှတယ်လို့ ဇမ္ဗူဒိပ်ကျွန်းမှာ ကျော်ကြားတယ်၊ အခုမင်းကြီးဟာ သမီးတော်ကလေးကို ရန်သူဖြစ်တဲ့ သက်ကြားအိုဝိဒေဟရာဇ်မင်းကြီးနဲ့ ထိမ်းမြား လက်ထပ် ပေးတော့မယ် ဆိုတဲ့ သတင်း၊ အတိုင်းတိုင်း အပြည်ပြည်မှာ ကျော်ကြား နေလေရဲ့၊ ဒီအတိုင်းမှန်ရင် ပဉ္စာလစန္ဒီ မင်းသမီးလေးဟာ သနားစရာဖြစ်နေပြီ။တကယ်ဆိုတော့ ဇမ္ဗူဒိပ်ကျွန်းမှာ မင်းသမီးလေးနဲ့ သက်တူရွယ်တူ ချောချောလှလှ ထီးဆောင်းမင်းတွေ အများကြီးရှိတာဘဲ မဟုတ်လား၊ အဲဒီမင်းတွေထဲက သင့်တော်ရာကို ရွေးပြီး ထိမ်းမြားသင့်ပါတယ်၊ ရန်သူဖြစ်တဲ့ ဝိဒေဟရာဇ် သက်ကြားအိုကိုမှရွေးပြီး ထိမ်းမြားဘို့ မသင့်ဘူးလို့ ငါထင်တယ်။ရှင်မဘယ်လိုသဘောရသလဲ"

"အရှင် မင်္ဂလာနေ့မှာ ဘာ့ကြောင့် မင်္ဂလာမရှိတဲ့ စကားကိုပြောပါသလဲ"

"ရှင်မ ဒီစကားဟာ ဘာ့ကြောင့် မင်္ဂလာမရှိရမှာလဲ"

"အရှင်ရန်သူဖြစ်တဲ့မင်းကို ဘယ်သူက မင်္ဂလာပြုမှာလဲ"

"ဒီလိုဆိုရင် မင်းကြီးဟာ သမီးတော်ကို ဝိဒေဟရာဇ်မင်းကြီးနဲ့ ထိမ်းမြားပေးစားမယ်လို့ အကျော်တစောဖြစ်အောင် ဘာပြုလို့လုပ်ရတာလဲ။ ဒီလိုသတင်း ကျော်စောနေလို့သာ သင်ကိုငါမေး

တာပါ၊ ဘယ်လိုအကြံနဲ့ ဒီလိုကျော်စောအောင် လုပ်တယ်ဆိုတာ ငါမသိပါ၊ မင်္ဂလာမရှိတဲ့အကြောင်း ရှင်မသိရင်ပြောပါ"

"အရှင် ကျွန်မ မပြောဝံ့ပါ"

"ရှင်မ သင့်ကိုငါ အသက်နဲ့ထပ်တူ ချစ်ကြည်ဖြူခဲ့ပါတယ်၊ ရှင်မကတော့ ငါ့အပေါ် ငါချစ်သလို မချစ်တာ ထင်ရှားနေပြီ။ ရှင်မနဲ့ငါဟာ လျှို့ဝှက်စရာရယ်လို့ ထားစရာမရှိ ငါထင်တယ်၊ ဒီလိုသာလျှို့ဝှက်မှု ထားမယ်ဆိုရင် ရှင်မကို ငါဘယ်လိုယုံရမလဲ၊ နောက်တနေ့ ငါ့အပေါ် အကျောက်မကြံဘူးလို့ မဆိုနိုင်တော့ပါ၊ သင်အကောက်ကြံရင်လဲ ငါဘာမှသိမှာမဟုတ်၊ ဒီလိုယုံကြည်ရတဲ့ ဇနီးနဲ့ ရှေ့ဆက်ခရီးသွားလို့ မဖြစ်တဲ့အတွက် ရှေ့ဆက်ပေါင်းသင်းနေကြဘို့လဲ အကြောင်းမရှိတော့ပါ၊ သင်နဲ့ငါ စောစောဘဲ ခွဲခွာမှ ဖြစ်တော့မယ်"

သာလိကာမမှာ ကြင်စဦးညတွင် ခင်ပွန်းလင်က မိမိအား မယုံသင်္ကာပစ်ကာ ရှောင်ရှားတော့မည်ရှိသည်တွင် ရင်ရော့အသဲပါ မခံရပ်နိုင်အောင် နာကျင်မိပြီး—

"အရှင် ကျွန်မကိုစွန့်ခွာမသွားပါနဲ့နော်....အရှင်သိချင်တာကို ကျွန်မ မလျှို့မဝှက် အမှန်အတိုင်း ပြောပါတော့မယ်"ဟုဆိုကာ ကေဝဋ္ဋပုရောဟိတ်နှင့်မင်းကြီးတိုင်ပင်ကြသည်များကို ကျေးသားအား တလုံးမကျန်အကုန်အစင်ဖွင့်အန်ပြောပြလိုက်လေ၏။

ကျေးသားက—

"ဒီအတိုင်းသာဆိုရင် ကေဝဋ္ဋဆရာပုရောဟိတ်ကို သိပ်ချီးကျူးရမယ်ရှင်မ၊ ဆရာပုရောဟိတ်ရဲ့အကြံကြောင့် ဝိဒေဟရာဇ်မင်းကြီးနဲ့မဟောသဓာကို ငါတို့ဘုရင်မင်းမြတ်က အလွယ်တကူ ဖမ်းယူသတ်ဖြတ်နိုင်တော့မယ်၊ မိတ္တီလာပြည်ဟာလဲ ဒို့မင်းကြီး

လက်တွင်းရောက်ရတော့မယ်”ဟု အားရဝမ်းသာဟန်ဆောင်ကာ ကေဝဋ္ဋပုရောဟိတ်အားချီးကျူးစကားပြောလေ၏။

သာလိကာမမှာ ချစ်လင်ကျေးသား၏ပရိယာယ်ကိုနားမလည်သောကြောင့် မိမိအရှင်သခင်ဘုရင်မင်းမြတ်အတွက် ဝမ်းသာနေလေသည်။

“ကဲ ရှင်မ....ဒီအတိုင်းဆိုရင် ငါတို့ပြောမိတဲ့စကားဟာ မင်္ဂလာရှိတဲ့စကား မဟုတ်တဲ့အတွက် ဒီအကြောင်း ဆက်မပြောဘဲ အိပ်ကြပါစို့”

ကျေးသားသည် မိမိသိလိုသောစကားကို သိရပြီဖြစ်သဖြင့် သာလိကာမအား နှစ်သိမ့်စကားဆိုကာ တူနှစ်ကိုယ်ယှဉ်တွဲလျက် အိပ်စက်ကြလေသည်။

နံနက်မိုးသောက်အလင်းရောက်၍ အိပ်ရာမှ နိုးထကြသည်တွင် ကျေးသားသည် သာလိကာမအားစကားဆို၏။

“ရှင်မ....ရှင်မနဲ့ ငါ တညတာချစ်ကျွမ်းဝင်ပြီး အကြင်လင်မယားဖြစ်ခဲ့ကြပြီ၊ ငါတို့အနေနဲ့ ဒီလိုမထင်မရှားပျော်ပါးနေရုံနဲ့ မပြီးသေးဘူး၊ အခု ငါ သီဝရာဇ်ပြည်ကိုပြန်အုံးမယ်၊ ငါ့အရှင်မင်းကြီးနဲ့ မိဖုရားခေါင်ကြီးတို့ကို အကြောင်းစုံလျှောက်ထားပြီး များစွာသောဗိုလ်ခြေနဲ့ ပဉ္စာလရာဇ်နိုင်ငံကိုလာကာ ငါ့အရှင်နဲ့ အရှင်မတို့က မင်းကြီးထံမှာ မိသားဖသားပီပီ တောင်းရမ်းလက်ထပ်ပေးကြလိမ့်မယ်၊ ဒါကြောင့် ငါ့ကိုသွားခွင့်ပြုပါ”

ကျေးသားစကားကြားလျှင် သာလိကာမရင်မှာ ပူလောင်နွမ်းမောသွား၏။

“အရှင်...တညတာချစ်ရရုံနဲ့ အရှင်ကျေနပ်ပြီလား၊ ကျွန်မကို စွန့်ခွာသွားတော့မယ်လို့လား၊ ကျွန်မဖြင့် အရှင်နဲ့ တခနမှမခွဲခွာ

လိုပါ၊ အရှင်ဘာ့ကြောင့်ဒီလောက်အရေးတကြီးပြန်ချင်ပါသလဲ၊ အရှင် ကျွန်မကိုသနားရင် မသွားပါနဲ့"

သာလိကာမမှာ မခွဲနိုင်မခွာရက်သဖြင့် ကျေးသားအား တားရှာ၏။

"ရှင်မ....နောင်အရှည်ပျော်ရွှင်ရေးအတွက် အခုခနခွဲကြရမှာပါ၊ ခုအတိုင်း ရှင်မရဲ့လှောင်ချိုင့်ထဲမှာတစ်ဆိုတယောက်ကတွေ့မြင်သွားရင် ငါ ရာဇဝတ်ဘေးသင့်ပြီး အသက်ဆုံးရှုံးရပါလိမ့်မယ်၊ ဒါကြောင့် တရားဝင်အကြင်လင်မယားအဖြစ်နဲ့ ပျော်ပျော်နေကြရအောင် ငါသွားမှာပါ၊ တကယ်တော့ ငါလဲရှင်မနဲ့ တခနကလေးတောင်ခွဲမနေချင်ပါဘူး ယုံပါ"

ကျေးသားအကြောင်းပြချက်က မှန်၏။ နေခြည်တောက်ချိန်သို့ရောက်လျှင် အစာရေစာလဲလှယ်မည့် မင်းချင်းလုလင် ရောက်လာမည်။ ထိုလုလင်အနေနှင့် ကျေးသားအားတွေ့မြင်ပါက ဖမ်းဆီးပြီး မင်းကြီးလက်အပ်ပေလိမ့်မည်။ မင်းကြီးအား မိမိမှန်ရာကိုလျှောက်ထားသော်လည်း ယုံချင်မှယုံမည်၊ မယုံလျှင် ချစ်လင်ကျေးသား အသက်သေရာ၏။

"အရှင်ပြန်လိုကပြန်ပါ၊ ဒါပေမယ့်လို့ အကြာကြီးမနေပါနဲ့ အမြန်ပြန်လာပါ"

"စိတ်ချပါရှင်မ၊ဒီနေ့ကစပြီး ရှစ်ရက်မြောက်နေ့မှာ ငါ့အရှင် အရှင်မတို့နဲ့အတူ ပြန်ရောက်လာပါမယ်"

"အရှင်....ရှစ်ရက်ကကျော်အောင်တော့ မနေပါနဲ့နော်၊ ရှစ်ရက်ကကျော်မှလာရင် ကျွန်မ အသက်ရှင်ရက်ရှိတော့မယ် မဟုတ်ပါ၊ အရှင့်ကိုလွမ်းတဲ့စိတ်နဲ့ နှလုံးကွဲပြီးသေပြီသာမှတ်ပါတော့"

"အို….ရှင်မ၊ ငါကတိပြုပါတယ်၊ ရှစ်ရက်ထက် မကျော်စေရ၊ ရှစ်ရက်နေ့မှာ ငါအရောက်ပြန်လာပါမယ်၊ ကဲ….အချိန်မရှိဘူး ရှင်မ ငါသွားမယ်"

ကျေးသားပြောပြီး ရွှေလှောင်ချိုင့်မှထွက်၏။ ပြီးလျှင်ပြတင်းပေါက်မှထွက်ခွာသွားလေသည်။ သာလိကာမမှာ နာကျင်သောရင်နှလုံးဖြင့် ပြတင်းပေါက်ကိုငေးမျှော်ရင်း ကျန်နေခဲ့ရှာ၏။

သာလိကာမ မျက်စိတဆုံးကြည့်နေစဉ် ကျေးသားသည် သိဝိရာဇ်ပြည်ဖက်သို့ ဦးတည်ပျံသန်းပြီးနောက် မိတ္ထီလာပြည်သို့ ကွေ့ပျံခဲ့လေသည်။ မိတ္ထီလာပြည်ရောက်လျှင် မဟောသဓာ၏အိမ်ပြတင်းမှဝင်ကာ၊ မဟောသဓာ၏ပုခုံးတွင်နား၏။ မဟောသဓာလည်း ကျေးသားသည် မိမိနှင့် နှစ်ကိုယ်ကြား ပြောလိုဟန်ရှိကြောင်းသိသည်နှင့် အိမ်အထက်ထပ် ဘုံပြာသာဒ်သို့ ကျေးသားအားပွေ့ယူခဲ့ပြီး ကျေးသားလျှောက်တင်သည်များကို နားဆင်သည်။ ပြီးလျှင် ကျေးသားအား ကောင်းစွာကျွေးမွေးပြုစု၍—


"ချစ်သား….ငါ့အကျိုးတော်ဆောင်ရတဲ့အတွက် ပင်ပန်းလှပြီ၊ နားပေအုံးတော့"ဟုဆိုကာ ရွှေလှောင်ချိုင့်သို့ ပို့ပေးလေသည်။

သာလိကာမသည် ကျေးသားကိုသာတတမ်းတတနှင့် မျှော်နေရှာ၏။ မိုးချုပ်သည် မိုးလင်းသည်တို့ကိုအမှတ်အသားပြုကာ၊ တရက်၊ နှစ်ရက် စသည်ဖြင့် ရေတွက်မှတ်သားထား၏။ ၇-ရက်ကုန်သောညတွင် သာလိကာမ အိပ်မပျော်၊ ကျေးသားအားသိဝိရာဇ်မင်းနှင့်မိဖုရားခေါင်ကြီးတို့က အခမ်းအနားနှင့်ခေါ်လာပြီး မိမိအရှင် စူဠနီဗြဟ္မဒတ်မင်းထံတောင်းရမ်းကြမည့်ပုံကိုမြင်ယောင်နေ၏။ မိမိအရှင်မင်းကြီးသည် မိမိအား သိဝိရာဇ်တိုင်းပြည်သို့ထည့်

လိုက်မည်လား၊ ကျေးသားအား ပဉ္စာလရာဇ်တိုင်းပြည်တွင်မိမိနှင့် အတူထားမည်လား ဆိုသည်ကိုလည်း မစဉ်းစားတတ်အောင်ရှိနေရပြန်၏။

ဤသို့တွေးရင်းဖြင့် နံနက်မိုးသောက် အလင်းသို့ ရောက်ခဲ့၏။ နေရောင်တောက်လာသည်နှင့်အမျှ ကျေးသားရောက်လာတော့မည်အထင်နှင့် လည်တဆန့်ဆန့်မျှော်နေရှာ၏။ တနေ့ဝင်၍ တမိုးချုပ်သော်လည်း ကျေးသားကဖြင့်ရောက်မလာတော့ပါ။ သာလိကာမရင်မှာ မီးတောက်နှယ် ပူကြွမ်းရပြီ။ နှလုံးအသဲတို့လည်း အက်ကွဲကုန်ပြီ။

'သူ ငါ့ကို မလိမ့်တပတ်နဲ့ လိမ်ညာသွားတာထင်ရဲ့'ဆိုသောအတွေးကြောင့် ခံပြင်းနာကျည်းမိသည်။လွမ်းမောကြေကွဲသည်။ ဆွေးမြေ့ပူလောင်သည်။ သာလိကာမခမြာ ရပ်တည်၍မနေနိုင်ရှာတော့ပဲ လှောင်ချိုင့်အတွင်း ဟိုပြေးသည်ပြေးနှင့် ပရိဒေဝမီးတောက်လောင်နေရှာရာမှ နံနက်မလင်းမီပင် နှလုံးကွဲ၍ဘုံးဘုံးလဲကာ သေပွဲဝင်ရှာလေ၏။



# လျှို့ဝှက်ဥမင် တည်ဆောက်ရန် ကြံခြင်း

မဟောသဓာသည် ကျေးသူလျှိုထံမှ ကေဝဋ္ဋပုရောဟိတ်နှင့် စူဠနီဗြဟ္မဒတ်မင်းတို့ တိုင်ပင်ကြသောအကြံအစည်ကို သိရသောအခါ ရေချိုးခြင်း၊ နံ့သာလိမ်းခြင်းများကိုပြုလုပ်၏။ ပြီးလျှင် ကောင်းမွန်သောအဝတ်တန်းဆာတို့ကိုဝတ်ဆင်ကာ နန်းတော်သို့ သွားရောက်လျက် မင်းကြီးရှေ့တော်တွင်ဝင်ရောက်ခစားလေ၏။

မင်းကြီးသည် မဟောသဓာရှေ့တော်သို့ဝင်ရောက်ခစားသည်ကိုမြင်တော်မူလျှင် 'ငါ့သားသုခမိန်သည် ငါ့အားအမျက်မထားပဲ ငါ့အလိုလိုက်ရန် ရောက်လာချေပြီ'ဟုတွေးပြီး ဝမ်းသာနေလေသည်။

မဟောသဓာသည် မင်းကြီးအား—

"အရှင်မင်းကြီး ... ပဉ္စာလရာဇ်နိုင်ငံသို့ ကြွချီတော်မူမယ်လို့ အကြံတော်ရှိပါသလား"ဟု မေးလျှောက်၏။

မဟောသဓာမေးလျှောက်လေလျှင် မင်းကြီး ဝမ်းမြောက်တော်မူလျက်—

"ချစ်သား... ပဉ္စာလရာဇ်နိုင်ငံကိုကြွချီဘို့ ငါ့မှာအကြံတော်ရှိတယ်၊ ပဉ္စာလရာဇ်နိုင်ငံကို ကြွချီခြင်းဖြင့် ငါ့မှာအကျိုးနှစ်ပါးရမယ်လို့မြင်တော်မူတယ်"

"ဘယ်လို အကျိုးနှစ်ပါးရမယ်လို့ မြင်တော်မူပါသလဲ အရှင်မင်းကြီး"

"တပါးသောအကျိုးက ပဉ္စာလစန္ဒီမင်းသမီးကို ပိုင်ဆိုင်ခြင်း၊ တပါးသောအကျိုးက နှစ်နိုင်ငံသွေးစပ်တဲ့အတွက် ထာဝရ ချစ်ကြည်မှုရရှိခြင်းဘဲ သားတော်"

မင်းကြီးမိန့်ဆိုစကားကြားလျှင် မဟောသဓာ ခေါင်းကို ငြိမ်သာစွာညိတ်၏။ ထိုအခါ မင်းကြီးထပ်မံမိန့်မြွက်ပြန်၏။

"သားတော် မဟောသဓာ.... ငါဟာ ပဉ္စာလစန္ဒီမင်းသမီးကလေးရဲ့သတင်းကိုကြားကထဲက အင်မတန် နှစ်သက် စွဲမက်ခဲ့တယ်၊ ပဉ္စာလစန္ဒီကိုမှမရရင် ငါမင်းဖြစ်ရကျိုးမနပ်လို့ထင်တယ်၊ ဒါကြောင့် ကိုယ့်ဘုန်းကံအလျောက်ရရှိမယ့်သမီးကညာကို ငါ လစ်လျူမရှုနိုင်ဘူး၊ ပဉ္စာလရာဇ်ပြည်ကို အမြန်ချီတော်မူလိုတယ်၊ သားတော်လဲ ငါနဲ့အတူလိုက်ခဲ့စေချင်တယ်"

"အရှင်မင်းကြီး အမိန့်တော်ကို သားတော်နာခံပါမယ်၊ ဒါပေမယ့်လို့ အရှင်မင်းကြီးကိုယ်တော်တိုင် ပဉ္စာလရာဇ်ပြည်ကိုအစီအစဉ်မရှိ ကြွချီဘို့မသင့်ပါ၊ တကယ်လို့ အရှင်မင်းကြီး မကြွမဖြစ်ကြွချီတော်မူမယ်ဆိုရင် အရှင်မင်းကြီးအရင် သားတော် ပဉ္စာလရာဇ်ပြည်ကိုသွားနှင့်ပြီး ခမ်းနားကြီးကျယ်တဲ့ လက်ထပ်တနန်းကိုဆောက်လုပ်လိုပါတယ်၊ အစီအစဉ်အားလုံးပြီးမှသာ အရှင်မင်း

ကြီးထံ ကြွချီတော်မူပါလို့ အကြောင်းကြားပါမယ်”

မဟောသဓာ လျှောက်တင်သည်ကိုကြားလျှင် မင်းကြီး အတိုင်းမသိ ဝမ်းမြောက်လျက်—

“ကောင်းပြီသားတော်....သားတော်ရှေ့ကသွားနှင့်ရာမှာ ငါဘာလုပ်ပေးဘို့လိုသလဲ”ဟု ခပ်လောလောမေး၏။

“အရှင်မင်းကြီး—တခြားတနိုင်ငံသွားပြီး လက်ထပ် တနန်းဆောက်လုပ်ရမှာမို့ စစ်သည်ဆင်မြင်းလဲ အလုံအလောက်လိုပါတယ်၊ အလုပ်သမားအင်အားလဲ အလုံအလောက် လိုပါတယ်”

“သားတော် ငါနဲ့ ငါ့မိဖုရားကလွဲရင် သားတော် နှစ်သက်ရာကို ကြိုက်သလောက်သာယူသွား”

မင်းကြီး ရက်ရောစွာ အမိန့်ရှိလေရာ မဟောသဓာ ကျိတ်၍ ပြုံးမိ၏။ စောစောက မင်းကြီးမိန့်ဆိုခဲ့သော ပဥ္စာလစန္ဒီကိုမှ မရရင် ငါမင်းဖြစ်ကျိုးမနပ်ဆိုသည်မှာ ယခု မိန့်ဆို စကားကြောင့် တကယ် မင်းကြီးတဏှာလောဘပြင်းထန်နေကြောင်း ထင်ရှားသဖြင့် မဟောသဓာကျိတ်၍ ပြုံးမိခြင်းဖြစ်လေသည်။

မဟောသဓာသည် နိုင်ငံအတွင်းရှိ အကျဉ်းထောင်မှ ထောင်သားအားလုံးကို အကျဉ်းသားအဖြစ်မှလွတ်၍၊ အလုပ်သမားတပ်ဖွဲ့သည်။ ပြီးတဖန် နိုင်ငံအတွင်းရှိ လက်သမား၊ ပိသုကာ၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းပု၊ ပန်းပဲ၊ ပန်းရံ၊ ပန်းတိမ်၊ သားရေနယ်စသော လက်မှုပညာသည်များကိုသည်း စုရုံးခေါ်ယူသည်။ဆိုင်ရာဆိုင်ရာအစုအဖွဲ့များ ဖွဲ့စည်းလျက် အစု အဖွဲ့ အလိုက် အကြပ်၊ အမတ်အကွပ်အကဲများ ခန့်ထား အုပ်ချုပ်စေသည်။မဟောသဓာ၏ တပ်ဖွဲ့ကြီးမှာ လူပေါင်းတဆယ့်ရှစ်ကုဋေရှိ၏။ မဟောသဓာသည် ပဥ္စာလရာဇ်နိုင်ငံသို့ ချီရန်အတွက် အားလုံးအသင့် စီစဉ်

ထား၏။ မနက်ဖြန်နံနက် မိုးသောက်ဦးတွင် စစ်သေနာပတိကြီး မဟောသဓာ၏ တပ်မတော်ကြီး ပဉ္စာလရာဇ်နိုင်ငံသို့ ချီပေတော့မည်။

မဟောသဓာသည် အမရာဒေဝီအားခေါ်၍ အိမ်တော်၏ လသာဆောင်သို့ ထွက်လာ၏။ ဝိဒေဟရာဇ်နိုင်ငံသည် အိပ်မောကျစပြုပြီ။ တခြမ်းပဲ့လသည် အရှေ့တောင်ယွန်းယွန်း၌ မိုးသား အပြာဝယ် ချိတ်ဆွဲတွဲခိုလျက်ရှိနေသည်။ လရောင်သည် လသာဆောင်ပေါ်သို့ ယိုသက်စီးကျနေ၏။ ငွေကြယ်များ မိုးအပြာ၌ လက်နေကြသည်။

လေပြေလေညှင်းက တသွေးသွေးတိုက်ခတ်နေ၏။ လေပြေနှင့်အတူ အိမ်တော်ဥယျာဉ်ခြံအတွင်းမှ နှင်းဆီ၊ စပယ်၊ ကြက်ရုံး၊ ဂမုံး၊ ခတ္တာစသော ပန်းမျိုးပေါင်းစုံတို့၏သင်းမြသော ရနံ့များ ရောထွေးပါလာသည်။အမရာဒေဝီသည်၎င်း၊ မဟောသဓာသည် ၎င်း၊ အညိုရောင် ညဝတ် အင်္ကျီရှည်များကိုဝတ်ဆင်ထားကြ၏။ လသာဆောင်ဝရံတာသို့ရောက်လေလျှင် မျက်နှာချင်းဆိုင် ရပ်လိုက်ကြ၏။ အမရာသည် မျက်နှာကိုမော့၍၊ မဟောသဓာသည် မျက်နှာကိုငုံ့၍ တယောက်မျက်ဝန်းကို တယောက်စူးစိုက် ကြည့်ကြသည်။အတန်ကြာအောင် စူးစိုက်ကြည့်နေပြီးမှ မဟောသဓာကစ၍ စကားဆိုသည်။

"မနက်မိုးသောက်ရင် မောင်တော် ပဉ္စာလရာဇ်ပြည်ကို ကြွချီရတော့မယ်၊ နှမတော် မောင်တော့်အဘွက်ဘာမှ စိုးရိမ်ကြောင့်ကြ သောကမရောက်နဲ့နော် စိတ်အေးအေးသာ စံရစ်ပါ"

"မောင်တော် ကြွချီမဲ့အကြောင်း နှမတော် ကြားတန်သလောက် ကြားသိပြီးပါပြီ၊ မောင်တော်က မပူနဲ့ဆိုပေမဲ့ တပြည်

တနိုင်ငံကို စွန့်စားသွားရတာမို့ စိုးရိမ်စိတ်တော့ ဖြစ်မိပါတယ် မောင်တော်၊ အစစအရာရာ သတိကြီးစွာထားပြီး ဆောင်ရွက်တော်မူပါ၊ စူဠနီဗြဟ္မဒတ်မင်းရဲ့ ပုရောဟိတ် ကေဝဋ္ဋပုဏ္ဏားဟာ မောင်တော့်အပေါ်မှာ အခဲမကြေတဲ့အတွက် ပဥ္စာလစန္ဒီမင်းသမီးနဲ့ မင်းကြီးကိုမျှားပြီး သူတို့နိုင်ငံထဲ မောင်တော်တို့ ရောက်လာအောင် ကြံတယ်လို့ နှမတော်ထင်ပါတယ်”

“မှန်တယ်နှမတော်....ဒီကိစ္စနဲ့ပတ်သက်ပြီး မင်းကြီးကို မသွားဘို့ အကြောင်း မောင်တော်တားတော့ မင်းကြီး မောင်တော့်ကို ဒေါပွပြီး ပြည်နှင်ဒဏ် အမိန့်တောင်မှချမှတ်တော် မူသေးတယ်၊ မင်းကြီးဟာ ကာမတဏှာ ငါးမျှားချိတ်မှာ မိနေပြီ၊ ဘယ်လိုမှ မသွားဘို့ တားရတော့မှာမဟုတ်ပါဘူး၊ ဒီကြားထဲ မင်းမြှောင်ကပ်ဖါး သုခမိန်လေးပါးကလဲ မင်းကြီးကို မြှောက်ပေးနေကြတော့ မောင်တော်မပါလဲ မင်းကြီး ပဥ္စာလရာဇ်ပြည်ကို သွားတော့မှာဘဲ၊ မင်းကြီးသွားရင် မင်းကြီးနဲ့အတူ စစ်သည်ဗိုလ်ပါအားလုံး အသက်ဆုံးရှုံးရပြီး၊ မိတ္ထိလာနိုင်ငံလဲ ပဥ္စာလရာဇ်မင်းလက်အောက် ရောက်ရမှာ သေချာတယ်။ ဒီအရေးအခင်းတွေကို မြင်လို့ မောင်တော် နှမတော်နဲ့ ခွဲမသွားချင်ဘဲ သွားရမှာပါ နှမတော်”

“မောင်တော်သွားရမဲ့ ခရီးကရင်တုန်စရာကြီးပါလား မောင်တော်ရယ်၊ နှမတော်စိတ်မအေးလိုက်တာ”

အမရာဒေဝီ အသံတုန်သာပြီး စိုးရိမ်တကြီး ပြောရှာသည်။ မဟောသဓာ အမရာဒေဝီ၏ လက်မောင်းကို နှစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

"နှမတော်"

မဟောသဓာက ညင်ညင်သာသာခေါ်သည်။

"မောင်တော်"

အမရာဒေဝီ တိုးညှင်းစွာ ပြန်ထူးသည်။

"မောင်တော်ရဲ့ ပညာစွမ်းရည်ကို နှမတော် ယုံကြည်စေချင်တယ်၊ မိတ္ထိလာပြည်ကို လာရောက် စိုင်းရံထားတဲ့ တဆယ့်ရှစ်ခေါဘိဏီတပ်ကြီးကို ကိုယ့်ဘက်က စစ်သည် အသေအပျောက်မရှိဘဲ၊ လက်နက်ကို လုံးဝအသုံးမပြုဘဲ နှစ်ကြိမ်တိုင်တိုင်မောင်းနှင်ပြီး အောင်နိုင်ခဲ့တယ် မဟုတ်လား နှမတော်၊ အခုလဲ သူတို့ဖက်က တည်တိမ်ညင်ဖြစ်တဲ့ ပဉ္စာလစန္ဒီမင်း သမီးကလေးကိုမောင်တော် အရှင် ဝိဒေဟရာဇ်မင်းကြီး လက်တွင်း အရောက်ဆောင်ကျဉ်းပေးလိုက်မယ် နှမတော်ယုံရဲ့လား"

မဟောသဓာသည် ခြသေ့်မင်း၏ ရဲရင့်ခြင်းအသွင်မျိုးနှင့်ပြော၍မေး၏။

"မောင်တော်ရဲ့ ပညာစွမ်းရည်ကို မယုံကြည်လို့ မဟုတ်ပါဘူး မောင်တော်၊ ဇမ္ဗူဒိပ်ကျွန်းမှာ အင်အားအကြီးမားဆုံးဖြစ်တဲ့ ကေရာဇ်နိုင်ငံ နယ်မြေထဲသွားမှာမို့ နှမတော်စိတ်ပူနေမိတာပါ"

မဟောသဓာသည် အမရာဒေဝီ၏ လက်မောင်းရင်း ကိုင်ထားသောလက်များကိုဖြေ၍၊ အမရာဒေဝီ၏ ကျောကိုလက်တဖက်ဖြင့်သိုင်းဖက်လိုက်၏။

"နှမတော် ခားကောင်းတို့မည်သည် သွေးလေလေ ထက်လေလေ မဟုတ်လား၊ ဇမ္ဗူရာဇ်ရွှေတို့မည်သည် အကြိမ်ကြိမ်မီးမှာထိုးလေလေ အရောင်တက်လေ မဟုတ်လား၊ ပညာရှိတို့မည်သည်

မှာလဲ အကျဉ်းအကြပ် အခက်အခဲနဲ့ ကြုံလေ ကျော်စောခြင်း ဖြစ်ရလေပါ နှမတော်၊ ပြီးတော့ တိုက်ပွဲမရှိတဲ့အရပ်မှာ သေနာပတိ ဖြစ်ရခြင်းထက်၊ တိုက်ပွဲရှိတဲ့အရပ်မှာ တပ်သားဖြစ်ရတာက ပျော်စရာကောင်းတယ်ဆိုတဲ့ သူရဲကောင်းတို့ ဆိုစကားလဲရှိတယ်၊ သူရဲကောင်းမည်သည် တိုက်ပွဲကိုရှောင်သူမဟုတ်၊ တိုက်ပွဲကိုရှာကြံ တိုက်ခိုက်သူသာဖြစ်တယ်၊ မောင်တော်ဟာ ဝိဒေဟရာဇ်နိုင်ငံက တပ်များရဲ့ သေနာပတိပါ၊ မင်းကြီးကြွချီရာမှာ ပဉ္စာလရာဇ်နိုင်ငံကို မောင်တော် လိုက်ပါမသွားဘူးဆိုရင် မောင်တော် ဘာဖြစ်မလဲ၊ သေနာပတိ အခေါ်ခံသင့်ပါအုံးမလား၊ ရှက်စရာဖြစ်မနေပေဘူးလား"

"နှမတော် မောင်တော်ရဲ့ ပညာစွမ်း၊ သတ္တိစွမ်းကို ယုံကြည်တဲ့အတွက် စိတ်အေးချမ်းသာ စံနေပါတော့မယ် မောင်တော်"

အမရာဒေဝီသည် ရွှင်ပြုံးကြည်လင်သော မျက်နှာနှင့်ပြော၏။

"ကဲ နှမတော် ညစ္စာအချိန်နာရီ အတော်ညောင်းပြီမို့ အိပ်ခန်းဆောင် ဝင်ကြပါစို့"

မဟောသဓာနှင့် အမရာဒေဝီတို့သည် တဦးကိုတဦး ဖက်တွဲလျက် လသာဆောင်မှ ထွက်ခွာခဲ့ကြကာ အတွင်းဆောင်သို့ ဝင်ကြလေသတည်း။

တဆယ့်ရှစ်ကုဋေသော ဗိုလ်ပါတို့နှင့် ဆင်မြင်းရထားတို့၏ လှုပ်ရှားမှုကြောင့် မိတ္ထီလာပြည်သူပြည်သားတို့ အာရုံမတိုင်မီက နိုးထကြသည်။ စစ်သူကြီး မဟောသဓာ ပဉ္စာလရာဇ်နိုင်ငံသို့ လက်ထပ်တာနန်း ဆောက်လုပ်ရန် ကြွချီမည်ဆိုသော သတင်းသည်လည်း မိတ္ထီလာပြည်တွင်း ပြန့်နှံ့နေ၏။ နံနက်မိုးသောက်ဦးတွင်

မဟောသဓာသည် သေနာပတိဝတ်စုံကို အပြည့်အစုံဝတ်ဆင်လျက် နန်းတော်သို့ဝင်ကာ မင်းကြီးအားနှုတ်ဆက်ပြီး တပ်မဟာကြီးနှင့်အတူ မိတ္ထိလာပြည်မှ ထွက်ခွာလေသည်။

ပြည်သူပြည်သားများသည်—

"စစ်သူကြီး မဟောသဓာ အောင်မြင်ပါစေ"ဟု ကြွေးကြော်လျက် နှုတ်ဆက်ကြ၏။

ဝိဒေဟရာဇ်မင်းကြီးသည် လေသာပြတင်းကိုဖွင့်လျက် မဟောသဓာ၏ တပ်မဟာကြီး ချီသွားသည်ကို ငေးကြည့်လျက် ကြည်နူးနှစ်သိမ့်နေလေသည်။

မဟောသဓာသည် တယူဇနာခရီးသို့ ရောက်တိုင်းရောက်တိုင်း ရွာတရွာတည်ထားလျက် အမတ်တဦးတဦးအားအုပ်ချုပ်စေကာ·

"မင်းကြီး ပဉ္စာလစန္ဒီမင်းသမီးကို ယူဆောင်လာတဲ့အခါမှာ ခရီးပန်းနွမ်းနယ်လာတဲ့ဆင်မြင်းတို့ကို သင့်ထံမှ ဆင်မြင်းတို့နဲ့ လဲလှယ်ပြီး မင်းကြီးနန်းတော်ကိုအမြန်ရောက်အောင်ပို့"ဟု အမတ်တိုင်းအား မှာကြားမိန့်မြွက်ခဲ့၏။

မိတ္ထိလာပြည်နှင့် ပဉ္စာလရာဇ်ပြည်မှာ ယူဇနာတရာကွာ၏။ မဟောသဓာသည် ခရီးအကြား၌ စခန်းထောက်ရွာတရာ တည်ခဲ့ရ၏။ ဂင်္ဂါမြစ်နား၌စခန်းချရပ်နားသည်တွင် မဟောသဓာသည် အာနန္ဒာအမည်ရှိ ဖွားဖက်လုလင်ကိုခေါ်ယူကာ—

"အာနန္ဒာ....သင်ကလက်သမားသုံးရာကိုစုစည်းကွပ်ကဲပြီး မြစ်ညာသို့သွားချည်၊ မြစ်ညာသစ်တောကိုရောက်တဲ့အခါ လှေအစင်းသုံးရာခုတ်ထွင်းပြီး အဲဒီလှေသုံးရာနဲ့အပြည့် သစ်များ ပျဉ်များတင်ခဲ့"ဟု မိန့်ဆိုစေလွှတ်လိုက်၏။

မဟောသဓာသည် မိမိတပ်မကြီးချရပ်နားနေရာမှ ဂင်္ဂါမြစ်တဖက်သို့ များစွာသောအခြံအရံတို့နှင့် ကူး၏။ မြစ်တဖက်သို့ ရောက်လေလျှင် ဥမင်လိုဏ်တူးရန်၊ မြို့ရိုးတည်ဆောက်ရန်၊ လက်ထပ်တဲနန်းတည်ဆောက်ရန်နေရာတို့ကို ခန့်မှန်းမှတ်သားပြီးနောက် မြို့တွင်းသို့ ဝင်၏။ စူဠနီဗြဟ္မဒတ်မင်းကြီးသည် မဟောသဓာ ရောက်လာသည် ဆိုသောသတင်းကို ကြားသဖြင့် 'ငါတို့အကြံ အောင်ပြီ'ဟုတွေးကာ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေသည်။

မြို့သူမြို့သားများသည် မဟောသဓာပညာရှိသည် သူရသတ္တိရှိသည်ဆိုသောသတင်းကို ကြားသိထားကြသောကြောင့် မဟောသဓာစစ်သူကြီးအား တွေ့လို မြင်လိုကြသည့်ဆန္ဒ ပြင်းပြစွာဖြင့် မဟောသဓာကြွချီရာ လမ်းခဘားဝဲယာတို့၌ စုဝေးကြည့်ရှုကြ၏။

"ဒို့ ပဉ္စာလရာဇ်မင်းကြီးနဲ့ တဆယ့်ရှစ်ခေါဘိဏီစစ်သည်တွေကို မိတ္ထီလာပြည်ကမောင်းနှင်လွှတ်လိုက်တာ သူဘဲ"

"ရုပ်ရည်ကလဲခန့်ညားပြီး ကျက်သရေရှိပါပေ့"

"ကြည့်စမ်း .... ရန်သူ့နယ်မြေထဲမှာ ရောက်နေတာတောင် ကြောက်ရွံ့တဲ့ အသွင်မမြင်ရဘူး၊ တကဲ့သူရဲကောင်းပါလား"

"ဟုတ်ပါရဲ့၊ သူ့မြို့သူ့ရွာမှာကျနေတာဘဲ၊ဘာကိုမှမမှုဘူး" စသည် စသည်ဖြင့် တယောက်တပေါက် ချီးကျူးပြောဆိုနေကြလေသည်။ မဟောသဓာသည် ရဲရင့်သော သေနာပတ်ကြီးအသွင်ဖြင့် တည်ငြိမ်ကျ္ခန့်ခြရစွာကြွချီလာရာ နန်းတော်မြို့တံခါးသို့ ရောက်လာ၏။

တံခါးမှူးက မဟောသဓာစစ်သူကြီးရောက်လာကြောင်း မင်းကြီးအားလျှောက်ထားလေရာ မင်းကြီးက မဟောသဓာအား ရှေ့

တော်ဝင်စေဟု ခွင့်ပြု၏။ မဟောသဓာသည် မင်းကြီးရှေ့တော်သို့ဝင်ပြီး မိမိဂုဏ်သိက္ခာနှင့် ထိုက်တန်သည့် နေရာတွင် ရပ်လျက် မင်းကြီးအားရှိခိုးနေ၏။ မင်းကြီးက—

"သုခမိန်စစ်သူကြီး ထိုင်" ဟု ခွင့်ပြုမှထိုင်၏။

မဟောသဓာ ထိုင်ပြီးသောအခါ မင်းကြီးက—

"သုခမိန် သင့်အရှင် ဝိဒေဟရာဇ်မင်းကြီး ဘယ်တော့ရောက်မှာလဲ" ဟု မေး၏။

"အရှင်မင်းကြီး....ကျွန်ုပ်အရှင်မင်းကြီးကို ကျွန်ုပ်က ကြွတော်မူပါလို့ လျှောက်ထားတဲ့အခါမှ ရောက်လာမှာပါ"

"သုခမိန် သင်က ဘာ့ကြောင့် အရင်လာရတာလဲ"

"အရှင်မင်းကြီး....ကျွန်ုပ်အရှင်မင်းကြီး ရောက်လာတဲ့အခါမှာ တည်းခိုဘို့ နန်းတော် ဆောက်ရ ပါမယ်၊ နန်းတော် ဆောက်ဘို့ အတွက် ကျွန်ုပ်လာတာ ဖြစ်ပါတယ်"

"ကောင်းပြီသုခမိန်.... သင်တို့ နေထိုင်ဘို့အတွက် ငါစီစဉ်ပေးတော်မူမယ်"

စူဠနီဗြဟ္မဒတ်မင်းကြီးသည် ဤသို့မိန့်တော်မူပြီးလျှင် သက်ဆိုင်ရာ အမတ်အား ခေါ်ယူကာ မဟောသဓာနှင့် သူ၏နောက်ပါ အခြံအရံတို့ တည်းခိုဘို့အတွက် သံတဲစီစဉ်ပေးရန် မိန့်ဆိုလေသည်။ ပြီးနောက် မဟောသဓာအား—

"သုခမိန် သင် ငါ့နိုင်ငံမှာ ဒနသမျှကာလပတ်လုံး စိတ်နှလုံး ချမ်းသာပျော်ရွှင်စွာနဲ့ လိုရာကိုဆောင်ရွက်ပါ"ဟု မိန့်တော်မူ၏။

မဟောသဓာသည် နန်းတော်သို့ ဝင်စကပင် နန်းတော် စောင်းတန်း လှေခါးခုံတွင်ရပ်ကြည့်ကာ ထိုနေရာ၌ ဥမင်အကွေ့တံခါးဝ ထားရန် ရည်ရွယ်ခဲ့၏။ စူဠနီ ဗြဟ္မဒတ် မင်းကြီးသည်

ငါ့အား လိုရာကိုဆောင်ရွက်စေဟု ခွင့်ပြုထား၏။ လှေခါးခုံမှာ အရှင်ဖြစ်နေသောကြောင့် ဥမင်ကွေ့ တံခါးဝထားလျှင် မဖြစ်နိုင်၊ လှေခါးဟောင်းကို လှေခါးအသစ် လဲလှယ်ရန် ငါမင်းကြီးကို လျှောက်တင်ကြည့်မည်ဟုကြံကာ—

"အရှင်မင်းကြီး....ကျွန်ုပ်နန်းတော်ကို တက်တဲ့အခါ လှေခါးခုံကို သတိထားကြည့်ခဲ့ပါတယ်၊ လှေခါးခုံက ဟောင်းလဲဟောင်းနေပါတယ်၊ မငြိမ်မသက်လဲ ဖြစ်နေပါတယ်၊ အရှင်မင်းကြီးခွင့်ပြုတော်မူမယ်ဆိုရင် လှေခါးခုံကို ကျွန်ုပ်ပြင်ပေးလိုပါတယ်" ဟု လျှောက်တင်၏။

"သုခမိန် သင်လိုရာဆောင်ရွက်ပါ၊ သစ်ပျဉ်စသည်တို့ လိုရာကို ငါ့အမိန့်နဲ့ ယူသုံးပါ"

မင်းကြီး ခွင့်ပြုလိုက်သောအခါ မဟောသဓာသည် သူ၏လက်သမားများနှင့် လှေခါးခုံကို သူအလိုရှိသလို ပြုပြင်၏။ သေသပ်ခိုင်ခန့်၍ သပ်ယပ်သော လှေခါးခုံကို မင်းကြီးမြင်တွေ့ရသောအခါ မဟောသဓာသည် ငါတို့စကားကို တကယ်ယုံကြည်ပြီး အလုံးစုံကောင်းမွန်သပ်ယပ်အောင် စီစဉ်နေခြင်းပဲဟု တွေးကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေသည်။

နန်းတော်လှေခါးခုံပြင်ပြီး နောက်တနေ့တွင် မဟောသဓာသည် မိမိတည်းခိုရာ သံတမ်မှ နန်းတော်သို့ သွားကာ မင်းကြီးရှေ့တော်သို့ ဝင်ရောက်ခစား၏ မင်းကြီးက—

"သုခမိန် ချမ်းသာစွာ အိပ်စက်ရပါရဲ့လား"ဟု ပဋိသန္ထာရစကားဖြင့် နှုတ်ခွန်းဆက်သလေသည်။

"အရှင်မင်းကြီး....ကျွန်ုပ်ချမ်းသာစွာ အိပ်စက်ရပါတယ်၊ အခုကျွန်ုပ်ရှေ့တော်ဝင်လာရတဲ့အကြောင်းမှာ ကျွန်ုပ်ရဲ့အရှင် ဝိဒေ

ဟာရာဇ်မင်းကြီး ကြွလာတဲ့အခါမှာ . တည်းခိုဘို့ တဲနန်းကို ဘယ်နေရာမှာ ဆောက်ရမယ်ဆိုတာ သိလိုတာမို့ အရှင်မင်းကြီးကို မေးမြန်းလျှောက်ထားချင်တဲ့အတွက် ဖြစ်ပါတယ်”

စူဠနီဗြဟ္မဒတ်မင်းကြီးသည် ဝိဒေဟရာဇ်မင်းကြီးအမြန်ရောက်ရန်သာ ဆန္ဒပြင်းပြနေသဖြင့်—

“သုခမိန် ဘာ့ကြောင့် တဲနန်းအသစ်ဆောက်နေတော့မှာလဲ ငါ့မြို့တော်အတွင်းမှာ သင်သင့်လျော်မယ်ထင်ရာ၊ နှစ်သက်ရာ အိမ်ကိုသာသိမ်းယူပြီး သင့်အရှင်ကို စံမြန်းစေပါ”ဟု မိန့်၏။

“အရှင်မင်းကြီး....ကျွန်ုပ်တို့မှာ တပြည်တရွာသားများ ဖြစ်ကြတာမို့ ကြိုက်နှစ်သက်ရာ အိမ်ကို သိမ်းယူတဲ့ အခါ အိမ်ရှင်များက ရန်ပြုကြပါလိမ့်မယ်၊ ကျွန်ုပ်အရှင်မင်းမြတ် တည်းခိုဘို့အတွက် ဖြစ်တာကြောင့် အိမ်သေး အိမ်မွှား ဆင်းရဲသားတို့အိမ်နဲ့လဲ မသင့်လျော်ပါ၊ မင်းမှူးမတ်များ အိမ်ကိုသာ သိမ်းယူရမှာ ဖြစ်ပါတယ်။ မင်းမှူးမတ်တို့အိမ်ကို သိမ်းယူဘို့ ကျွန်ုပ်မဝံ့ပါ”

“သုခမိန်....ငါ့အမိန့်တော်နဲ့ သိမ်းယူတာကို ဘာမဝံ့စရာရှိသလဲ၊ ဘယ်သူ့အိမ်မဆို နှစ်သက်ရာအိမ်ကို သိမ်းယူချည်”

“အရှင်မင်းကြီးအမိန့်တော်နဲ့ သိမ်းယူပေမယ်လို့ အိမ်ရှင်က သူ့အိမ်ကို မသိမ်းအောင် ဟန့်တားပါလိမ့်မယ်၊ ဒီအခါမှာ ကျွန်ုပ်တို့ကလဲ အရှင်မင်းကြီးအမိန့်နဲ့မို့ အတင်းအဓမ္မ သိမ်းယူကြရမှာ ဖြစ်ပါတယ်၊ အဲလိုသိမ်းယူရင် အိမ်ရှင်ဟာ မခံမရပ်နိုင်ဖြစ်ပြီး အရှင်မင်းကြီး နားပူ နားဆာ ဖြစ်အောင် လာရောက်လျှောက်တင်ပါလိမ့်မယ်၊ ဒီအခါမှာ အရှင်မင်းကြီး စိတ်နှလုံးမသာမယာဖြစ်ရပါမယ်၊ အဲဒီလိုမဖြစ်ရအောင် ကျွန်ုပ်လိုရာ အိမ်ကို သိမ်းယူ ပြင်ဆင်ပြီးရုံမျှလောက် အချိန်အတွင်း ကျွန်ုပ်လူ

များကို တံခါးစောင့်အဖြစ် ထားခွင့်ပြုပါ၊ ဒါမှ အရှင်မင်းကြီးလဲ စိတ်နှလုံးချမ်းသာမယ် ကျွန်ုပ်တို့ ကိစ္စလဲ အေးအေးချမ်းချမ်းနဲ့ အမြန်ပြီးနိုင်ပါမယ်”

စူဠနီဗြဟ္မဒတ်မင်းသည်၊ ဝိဒေဟရာဇ်မင်းကြီး ပဉ္စာလရာဇ်နိုင်ငံသို့ အမြန်ရောက်ရေး၊ ဝိဒေဟရာဇ်နှင့် မဟောသဓာတို့အား သတ်ဖြတ်သုတ်သင်နိုင်ရေးကိုသာ စိတ်စောနေသည် ဖြစ်သည်မို့ မဟောသဓာ တောင်းဆိုရာဟူသမျှကိုအလွယ်နှင့် လိုက်လျောလေသည်။

မဟောသဓာသည် သူ၏အခြံအရံများထဲမှ တောင့်တင်းသန်မာ၍ ရဲရင့် ဖျပ်လတ် သူများအား ရွေးချယ်ပြီး တံခါးများ၌ အစောင့်ချထားလိုက်လေသည်။ ထိုထိုလုလင်များအား—

“တံခါးကိုရောက်လာသူမှန်သမျှ ဘယ်သူမှ နန်းတော်ပေါ်မတက်စေနဲ့ ဆွဲထုတ်ပစ်ကြ”ဟု မှာထား၏။

ပြီးနောက် မဟောသဓာသည် စူဠနီဗြဟ္မဒတ်မင်း၏မယ်တော် စလာကဒေဝီ၏နေအိမ်ကို သိမ်းယူရန် မိမိလူများအား စေခိုင်းလိုက်လေသည်။

စလာကဒေဝီ မယ်တော်မှာ နှယ်နှယ်ရရမဟုတ်၊ မင်းအမတ်ပုရောဟိတ်တို့ မဆုံးဖြတ်နိုင်သည့် တရားကို သူ့ပညာစွမ်းဖြင့် ဆုံးဖြတ်ပေးသဖြင့် အတိုင်းတိုင်းအပြည်ပြည်တွင် ကျော်ကြားကာ လေးစားသမှုပြုရသော အမျိုးသမီးကြီးဖြစ်၏။ ပညာထက်၍ ကျော်ကြားပြီး ထီးဆောင်းမင်း အများက လေးစားရသော ကြောင့် စလာကဒေဝီမှာ မာနတံခွန် ထူနေသူလည်းဖြစ်၏။

စလာကဒေဝီ တရားဆုံးဖြတ်ပုံမှာ—

ပဉ္စာလရာဇ်ပြည်သားတယောက်သည်၊ ထမင်းထုပ်၊ ဆန်ထုပ်၊

အသပြာ တထောင်ထုပ်စသော အထုပ်သုံးထုပ်ဖြင့် မြစ်ကိုဖြတ်ကူး၏။ မြစ်လယ်သို့ ရောက်သောအခါ ရေအလွန်စီးသဖြင့် မကူးနိုင်ပဲ ဒုက္ခဆင်းရဲရောက်နေရာ၊ ကမ်းနားတွင်ရှိနေသော ယောကျ်ားတယောက်အား—

"အဆွေငါ့ကိုကူညီပြီး ဟိုဖက်ကမ်းပို့ပေးပါ၊ ဟိုဖက်ကမ်းရောက်လျှင် သင့်ကို ငါနှစ်သက်ရာအထုပ် တထုပ်ပေးပါမယ်"ဟု အကူအညီတောင်း၏။

ကမ်းနားတွင် ရပ်နေသူမှာ ကာယဗလ တောင့်တင်းသည် ဖြစ်သောကြောင့် ဒုက္ခသည်အားကူညီပြီး တဖက်ကမ်းသို့ ပို့ပေးလေသည်။ ကမ်းသို့ရောက်သောအခါ ကယ်ပို့သူက—

"ငါ့ကို သင်ကတိပြုတဲ့အတိုင်း သင်နှစ်သက်ရာ အထုပ်ကိုပေးပါ" ဟု တောင်း၏။

ထိုအခါ အကူအညီခံရသူက —

"ငါနှစ်သက်တာ ဒီအထုပ်ဘဲ" ဟုဆိုပြီး ထမင်းထုပ်ကိုပေးလေ၏။

ထိုအခါ ကယ်ပို့သူက—

"ဟယ်ယောကျ်ား....သင်နှစ်သက်တဲ့ အထုပ်ဟာ ထမင်းထုပ်မဖြစ်နိုင်၊ အသပြာထုပ်သာဖြစ်ရမယ်၊ ငါဟာ အသပြာထုပ်ကိုအလိုရှိတဲ့အတွက် သင့်ကိုအပင်ပန်းခံ ကယ်ခဲ့တာဖြစ်တယ်၊ ငါ့ကိုအသပြာထုပ်ပေး"ဟု တောင်း၏။

အကယ်ဆယ်ခံရသူကလည်း—

"သင့်ကို ငါနှစ်သက်ရာ အထုပ်ပေးမယ်လို့ ပြောခဲ့တယ်၊ ငါနှစ်သက်တာဟာ ထမင်းထုပ်သာဖြစ်တယ်၊ သင့်ကို အသပြာထုပ်မပေးနိုင်" ဟု ဆို၏။

ကယ်ပို့သူကလည်း အသပြာထုပ်ပေးရမည်ဟု ဇွတ်တောင်း၏၊ အကယ်ခံရသူကလည်း အသပြာထုပ်ကို မပေးနိုင်ဟုငြင်းကာ ထိုသူနှစ်ယောက် အချင်းများကြလေသည်။ သူတို့အငြင်းပွား အချင်းများရာသို့ အနီးဝန်းကျင်မှ လူများစုရုံးရောက်ရှိလာပြီး မေးမြန်းစုံစမ်းကြကာ အကယ်ခံရသူက သူနှစ်သက်ရာအထုပ်ကို ပေးမည်ဟုဆိုထားသဖြင့် ယခုထမင်းထုပ်ကို သူနှစ်သက်သည်ဆို၍ ပေးခြင်းမှာ တရားသည်ဟု ဆုံးဖြတ်ကြလေ၏။ ကယ်ပို့သူသည် အဆုံးအဖြတ်ကို မနာယူပဲ တရားရုံးသို့ အသပြာထုပ်ရလိုကြောင်း လျှောက်ထားလေ၏။

တရားရုံးက တရားလို တရားခံနှစ်ဦးကို ခေါ်ယူမေးမြန်းပြီး အစပထမကထဲက အကယ်ခံရသူသည် သူနှစ်သက်ရာအထုပ်ကိုပေး မည်ဆိုထားသောကြောင့် ထမင်းထုပ်ကိုပေးခြင်းမှာ မှန်ကန်သည် တရားသည်ဟု အဆုံးအဖြတ်ပြုပြန်၏။ ကယ်ဆယ်ခဲ့သူ တရားလို သည် တရားရုံး၏ဆုံးဖြတ်ချက်ကိုမကျေနပ်ပြန်သဖြင့် စူဠနီဗြဟ္မ ဒတ်မင်းကြီးထံဝင်၍ အသပြာထုပ်ရလိုကြောင်း ဦးတိုက်လျှောက် ထားလေ၏။ မင်းကြီးသည် ပထမစစ်ဆေးဆုံးဖြတ်ခဲ့သော တရား သူကြီးအမတ်တို့ကိုခေါ်၍ မေးမြန်းရာ ထိုတရားသူကြီးအမတ်တို့ ကလည်း ကယ်ဆယ်သူသည် မူလကတိစကား ရှိထားလျက်နှင့် မတော်လောဘထွက်ပြီး အသပြာထုပ်ကို တောင်းနေသည်မှာ မတရားကြောင်းတင်လျှောက်ကြ၏။

တရားလိုကလည်း—

"အရှင်မင်းမြတ်.... ကျွန်ုပ်တောင်းဆိုတာဟာ တရားသဖြင့် တောင်းဆိုတာသာဖြစ်ပါတယ်၊ ကျွန်ုပ်ဟာ အသပြာထုပ်ကိုအလို ရှိတဲ့အတွက် အပင်ပန်းခံအသက်စွန့်ပြီး ကယ်ခဲ့တာဖြစ်ပါတယ်၊

ထမင်းထုပ်အတွက်မဟုတ်ပါ၊ ထမင်း ကျွန်ုပ်အိမ်မှာလဲ ရှိနေပါတယ်”ဟု တင်လျှောက်လေ၏။

တရားလိုတရားခံတို့ နှစ်ဦးနှစ်ဖက်စကားကို နားထောင်နေကြသော မင်းကြီးနှင့်တကွ မှူးမတ်ပုရောဟိတ်တို့သည် ထိုပြဿနာအတွက် အစဉ်းစားရခက်ကာ အဆုံးအဖြတ်မပေးနိုင်ရှိနေကြလေသည်။ စလာကဒေဝီမယ်တော်သည် မင်းမှူးမတ်ပုရောဟိတ်တို့ မဆုံးဖြတ်နိုင်ပဲငိုင်နေကြသည်ကိုမြင်လျှင်—

“သားတော်.... ဒီပြဿနာလောက်ကိုမှ အမှန်ရောက်အောင် မဆုံးဖြတ်နိုင်ဘူးလား”ဟု မင်းကြီးအားမေး၏။

“မယ်တော်.... သူတို့နှစ်ယောက် ပြဿနာဟာ အလွန်လိမ်ကောက်ပြီးရှုပ်ထွေးပါတယ်၊ သားတော်လဲမဆုံးဖြတ်တတ်အောင် ဖြစ်နေပါတယ်”

မင်းကြီးလည်း မှန်သည့်အတိုင်းဝန်ခံလေ၏။

“ဒီအမှုကို မယ်တော်ဆုံးဖြတ်ရင် ခွင့်ပြုမလား”

စလာကဒေဝီက မင်းကြီးအားမေး၏။

“မယ်တော်ဆုံးဖြတ်နိုင်ရင်ဆုံးဖြတ်ပါ”

မင်းကြီးခွင့်ပြုသည်တွင် စလာကဒေဝီမယ်တော်သည် တရားလိုတရားခံနှစ်ဦးအား သူ့အနီးသို့ခေါ်ပြီးလျှင် အကယ်ခံရသူယောကျ်ားအား—

“သင့်အထုပ်သုံးထုပ်ကို စီပြီးချထား”ဟု အမိန့်ရှိ၏။

ထိုယောကျ်ားလည်း အထုပ်သုံးထုပ်ကို ကြမ်းပြင်တွင် စီ၍ချထားလေသည်။

အထုပ်သုံးထုပ် စီချပြီးသည်တွင် စလာကဒေဝီမယ်တော်က အကယ်ခံရသူယောကျ်ားအား—

"သင်ရေမှာမျောမလိုရှိနေတုန်း ဟိုလူကိုအကယ်ခိုင်းတဲ့အခါ ဘယ်လိုပြောပြီးအကယ်ခိုင်းသလဲ"ဟု မေး၏။

"ကျွန်ုပ်နှစ်သက်ရာအထုပ်ကို ပေးပါမယ်လို့ ပြောခဲ့ပါတယ် အရှင်မ"

"ကောင်းပြီ-ဒီလိုဆိုရင် ဒီအထုပ်သုံးထုပ်ထဲက သင်နှစ်သက်ရာ အထုပ်တထုပ်ကိုသာ ကောက်ယူလေ"

စလာကဒေဝီမယ်တော်မိန့်ဆိုလျှင် ထိုသူသည် အသပြာထုပ်ကို ကောက်ယူ၏။ စလာကဒေဝီက ခေါင်းညိတ်ပြီး—

"ကဲ-သင်တို့နှစ်ယောက်သွားကြတော့"ဟု နှင်လိုက်၏။

တရားလို တရားခံနှစ်ဦးထွက်ခွာသွား၍ ခပ်လှမ်းလှမ်းရောက်မှ တရားခံအား ပြန်ခေါ်ပြီး—

"သင်ဒီအထုပ်ကို နှစ်သက်သလား"ဟု မေး၏။

"နှစ်သက်ပါတယ်အရှင်မ"

"သင် ရေမှာ မျောမလိုဖြစ်နေတော့ သင်နှစ်သက်ရာကို ပေးပါမယ်လို့ ပြောခဲ့တယ်မဟုတ်လား"

"မှန်ပါတယ်အရှင်မ"

"ဒီလိုဆိုရင် သင့်စကားအတိုင်း သင်နှစ်သက်တဲ့ အသပြာထောင်ထုပ် ကယ်တင်သူကို ပေးထိုက်တယ်၊ ပေးစေ"ဟုဆုံးဖြတ်လိုက်လေ၏။

တရားခံမှာ အမိန့်ကို မလွန်ဆန်နိုင်တော့ပဲ ကယ်တင်သူတရားလိုအား အသပြာ ထောင်ထုပ်ကို ပေးလိုက်ရတော့၏။ ယင်းကဲ့သို့ လိမ်ရှုပ်သော ပြဿနာကို ဖြေရှင်း ဆုံးဖြတ် ပေးနိုင်သော ပညာစွမ်းကြောင့် စလာကဒေဝီမယ်တော်မှာ ထင်ပေါ် ကျော်ကြားခဲ့လေသည်။

မဟောသဓာ၏မင်းချင်းများသည် စလာကဒေဝီမယ်တော်၏ အိမ်ကို ဝင်၍ တံခါးများမုခ်ဦးများကိုတူ၊ ပဲကွပ်၊ တူရွင်းတို့နှင့် ထုနှက်ကြ၏။ စလာကဒေဝီသည် သလွန်ညောင်စောင်း၌ လဲလျောင်းနေရာမှ ထုသံရိုက်သံများကြားလေရာ လဲရာမှထပြီး အခန်းအပြင်သို့ ပြေးထွက်လာ၏။ မိမိအိမ်တံခါးကို ထုရိုက်နေကြသော လူတစုကို မြင်ရလျှင်—

"ဟေ့-ဟေ့-ဒါဘယ်လိုလုပ်ကြတာလဲ၊ ဘာပြုလို့ ငါ့အိမ်လာဖျက်နေကြတာလဲ၊ ဘယ်ကသူခိုးတွေလဲ၊ ဓားပြတွေလဲ"နှင့် ရန်တွေ့၏။

ထိုအခါ မဟောသဓာ၏လုလင်များထဲမှ ခေါင်းဆောင်က—

"အရှင်မ....ကျွန်ုပ်တို့ သူခိုးဓားပြများ မဟုတ်ကြပါ၊ စစ်သူကြီး မဟောသဓာသုခမိန်ရဲ့ မင်းချင်းများ ဖြစ်ပါတယ်၊ မကြာဝေးတော့တဲ့ အချိန်မှာ စစ်သူကြီးမဟောသဓာသုခမိန်ရဲ့ အရှင်သခင် ဝိဒေဟရာဇ်မင်းကြီးဟာ ပဥ္စာလစန္ဒီမင်းသမီးနဲ့ လက်ထပ်ဘို့အတွက် ပဥ္စာလရာဇ်နိုင်ငံကို ကြွချီလာပါတော့မယ်၊ မင်းကြီးကြွချီလာတဲ့အခါ တည်းခိုတော်မူရန်အတွက် စီစဉ်ရပါမယ်၊ ဒါ့ကြောင့် အရှင်မအိမ်ကို သိမ်းပိုက်ရပါမယ်"ဟု ပြန်လည်လျှောက်ထား၏။

"မဟောသဓာမင်းချင်းဘဲဖြစ်ဖြစ်၊ ဘယ်သူဘဲ ဖြစ်ဖြစ်၊ ငါ့အိမ်ကို အထိမခံနိုင်ဘူး၊ ငါဟာ စူဠနီဗြဟ္မဒတ်မင်းရဲ့ မယ်တော်ဟဲ့ နှယ်နှယ်ရရမှတ်လို့လား"

"ကျွန်ုပ်တို့အနေနဲ့ ဘယ်သူ့မယ်တော် ဘယ်ဝါ့မယ်တော်ရယ်လို့ စဉ်းစားစရာမလိုပါ၊ မဟောသဓာစစ်သူကြီးရဲ့ အမိန့်ကိုသာ နာခံရမှာ ဖြစ်ပါတယ်"

ခေါင်းဆောင်လုလင်သည် ထိုသို့ လျှောက်ထားပြီး သူ့လူများကို ထိုအိမ်အတွင်းဝင်ရန် ညွှန်ကြား၏။ မင်းချင်းများ အိမ်တွင်းသို့ ဝင်ကြသည်။ ခေါင်းဆောင်က—

"မလိုအပ်တဲ့ပစ္စည်းတွေဖယ်ရှားကြ"ဆိုသဖြင့် သလွန်ညောင်စောင်းအချို့ကို သယ်မကြသည်။

"အို....ဘယ့်နှယ်ဟာတွေလဲ အခမ္မ နိုင်လှချည့်လား ငါ့သားဘုရင်ကိုတိုင်မှ ဖြစ်တော့မယ်"

စလာကဒေဝီသည် ဇွတ်တရွတ် လုပ်နေကြသူများအား သူ့သားနှင့် ခြောက်၏။

"အရှင်မအိမ်ကို ကျွန်ုပ်တို့သိမ်းတာဟာ စူဠနီဗြဟ္မဒတ်မင်းကြီးအမိန့်နဲ့ သိမ်းတာဖြစ်ပါတယ်။ အရှင်မ... မင်းကြီး သွားတိုင်လို့လဲ အကြောင်းထူးမှာ မဟုတ်ပါဘူး၊ အေးအေးသာ အိမ်ပေါ်က ဆင်းကြပါ အရှင်မ"

အဖွဲ့ခေါင်းဆောင်၏ စကားကြားလျှင် စလာကဒေဝီသည် ဒေါသအမျက်ချောင်းချောင်းနှင့်—

"သင်တို့ပြောတာ ငါမယုံဘူး၊ ငါ့သားတော်က ငါ့အိမ်ကို အသိမ်းခိုင်းမတဲ့လား၊ အခု ငါ့သားဘုရင်ဆီ သွားတိုင်မယ်"ဆိုကာ ထမိကို စွန်တောင်ဆွဲလျက် ခြေကိုစောင့်နင်းပြီး အိမ်ပေါ်မှ ဆင်းသွား၏။

"ဒီမှာ မိန်းမကြီး....ဘယ်လဲ၊ နန်းတော်ထဲကို မဝင်ရဘူး"

နန်းတော်တံခါးဝရောက်သည်တွင် မဟောသဓာ၏ အစောင့်များက ဆီး၍တား၏။ ပြောပုံ ဆိုပုံ ဆက်ဆံပုံ ရိုင်းပြစော်ကားသည်ကို ကြားရသောအခါ စလာကဒေဝီ ဒေါပွသထက် ပွလာကာ ခါးကိုလက်နှစ်ဖက်တင်းတင်းထောက်လျက်—

"သယ်....သင်တို့က ငါ့ကိုဘာထင်လို့လဲ ငါဟာ ဘုရင့်မယ်တော်ဟဲ့၊ ငါသွားဆီ ငါဝင်တာ သင်တို့ကဘာလို့တားရမှာလဲ" ဟု ခုန်ဆွခုန်ဆွနှင့် ပြော၏။ တံခါးစောင့်က—

"မိန်းမကြီး— သင့်ကို ကျွန်ုပ်တို့မသိ၊ မင်းကြီးက ရှေ့တော်ကို ဘယ်သူမှ မဝင်လာစေနဲ့လို့ အမိန့်ရှိထားတဲ့အတွက် တာဝန်ကြေအောင် ဆောင်ရွက် ရပါမယ်၊ မဝင်ရဘူး သွား-"ဟု နှင်လွှတ်၏။

စလာကဒေဝီသည် တံခါးစောင့်များအား သတိထားကြည့်မိသောအခါ ယခင်ကသိဘူးသူများ မဟုတ်ကြပဲ မျက်နှာစိမ်းတွေချည့်ဖြစ်နေသည်ကို တွေ့ရသဖြင့်၊ ပြောဆိုရမည် မဟုတ်သည်ကို စဉ်းစားမိကာ မင်းကြီးထံဝင်ရန် မကြိုးစားတော့ပဲ နန်းတော်တံခါးဝမှ လှည့်ပြန်လာခဲ့လေသည်။

နေအိမ်ရှေ့သို့ ပြန်ရောက်လာသောအခါ အိမ်တွင်းမှ ပရိဘောဂများ သယ်ထုတ်နေကြသည်ကို မြင်သဖြင့် မကြံတတ်ပဲ ငေးကြည့်နေမိလေသည်။ လုလင်တယောက်က—

"မိန်းမကြီး ရှုပ်လိုက်တာ ဖယ်စမ်း"ဟုဆိုကာ စလာကဒေဝီ လည်ကုတ်ကိုကိုင်၍ တွန်းပစ်၏။

စလာကာဒေဝီမြေပေါ်သို့ လဲကျသွားသည်။ လဲရာမှ ထပြီး ငါ့ကို ဘုရင့်မယ်တော်မှန်းသိလျက် ဤမျှ အကြမ်းဖက်ဝံ့သည်ကို ထောက်လျှင် သားတော်မင်းကြီးအမိန့်သူတို့ဆီမှာ တကယ်ရှိတန်ရာ၏ဟု တွေးမိ၏။ စလာကာဒေဝီ ဤသို့တွေးမိပြီး ထိုသူများနှင့် ပြောဆို၍ အကြောင်းထူးမည် မဟုတ်သည်ကို စဉ်းစားမိကာ မဟောသဓာထံ သွားရောက်ပြောကြားရန် ဆုံးဖြတ်ပြီး ထိုနေရာမှ ထွက်ခွာခဲ့လေသည်။

"ဘယ်အရေးဘယ်ကိစ္စနဲ့ကြွလာတော်မူပါသလဲ မယ်တော်"

မဟောသဓာက ပဋိသန္ထာရစကားဖြင့် ဆီးကြိုနှုတ်ဆက်၏။

"သင်သုခမိန် ဘာ့ကြောင့် မယ်တော့်အိမ်ကိုသိမ်းယူဘို့ မင်းချင်းတွေကိုစေလွှတ်ပါသလဲ"

စလာကဒေဝီက မှကျေမနပ်နှင့်မေးသည်။

"မယ်တော် ကြားသိပြီးဖြစ်ပါလိမ့်မယ်၊ ကျွန်ုပ်အရှင် ဝိဒေဟရာဇ်မင်းကြီးဟာ မကြာမတင်အချိန်မှာ မယ်တော့်မြေးတော် ပဉ္စာလစန္ဒီမင်းသမီးနဲ့လက်ထပ်ဘို့အတွက် ပဉ္စာလရာဇ်နိုင်ငံကို ကြွချီလာပါတော့မယ်၊ မင်းကြီးရောက်လာတဲ့အခါမှာ တည်းခိုဘို့အတွက် သိမ်းယူရတာဖြစ်ပါတယ်၊ ပြီးတော့ မယ်တော်ရဲ့အိမ်ဝိုင်းထဲမှာ သစ်ဘပ်တဲနန်းလဲဆောက်လုပ်ရပါအုံးမယ်"

စလာကဒေဝီ၏အမေးကို မဟောသဓာက အေးချမ်းသိမ်မွေ့စွာဖြေကြား၏။ စလာကဒေဝီသည် မဟောသဓာ၏တည်ငြိမ်ခြင်း၊ သိမ်မွေ့ခြင်းကိုတွေ့ရသောအခါ မခံချင်စိတ် ဒေါသစိတ်များပြေပျောက်သွား၏။ ပြီး ထိုပုဂ္ဂိုလ်သည် မိမိလုပ်မည်ဆိုသောအလုပ်ကို မဆုတ်မနစ်လုပ်မည့်လူစားမျိုးဟုလည်း ယုံကြည်လာသည်။ အကြမ်းပတမ်းပြောဆိုဆက်ဆံ၍မဖြစ်၊ အနုနည်းနှင့်စည်းရုံးမှဖြစ်မည်ဟု နားလည်လာကာ—

"သားတော်သုခမိန်....မယ်တော့်အိမ်ကိုမသိမ်းပါနဲ့ကွယ်၊ ဒီမြို့မှာ မယ်တော့်အိမ်ထက်ကောင်းတဲ့အိမ်တွေ၊ မယ်တော့်အိမ်ဝိုင်းထက်ကျယ်တဲ့အိမ်ဝိုင်းတွေ အများကြီးရှိပါတယ်၊ တခြားမှာရှာသိမ်းပါနော်၊ မယ်တော်-သားတော်ကိုအသပြာတသိန်း လက်ဆောင်ပေးပါမယ်ကွယ်"ဟု လာဘ်ထိုးကာ တောင်းပန် ပြောကြား၏။

မဟောသဓာ အတန်ကြာစဉ်းစားနေပြီးမှ—

"မယ်တော်... ကျွန်ုပ်မှာ တနန်းအမြန်ဆောက်ရမယ့်တာဝန်ရှိနေပါတယ်၊ ဒါပေမယ့်လို့ မယ်တော်ကို သက်ညှာတဲ့အတွက် တခြားမှာဘဲ ရှာပါတော့မယ်"ဟုဆိုကာ စလာကဒေဝီပေးလှာသော အသပြာထုပ်အား သိမ်းယူလိုက်လေ၏။ ပြီးလျှင်—

"မယ်တော် ကျွန်ုပ်ကို ပဏ္ဏာလက်ဆောင်တံစိုးပေးရတယ်လို့ ဘယ်သူ့မှမသိပါစေနဲ့"ဟု မှာကြား၏။

စလာကဒေဝီလည်း မိမိအိမ်အသိမ်းမခံရတော့သောကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ—

"စိတ်ချသားတော်၊ မယ်တော်ဒီအကြောင်းဘယ်သူ့မှမပြောဘူး၊ ဒီစကားသူတပါးကိုပြောရင် ဘုရင့်မယ်တော်ဖြစ်ရက်နဲ့တံစိုးပေး လာဘ်ထိုးရတယ်ဆိုတာ ရှက်စရာကောင်းလှပါတယ်၊ မယ်တော် ဘယ်သူ့ကိုပြောဝံ့မှာလဲ"ဟု ဆိုလေသည်။

"ကောင်းပါပြီမယ်တော်၊ စံအိမ်ကိုပြန်ပြီးစိတ်နှလုံးအေးချမ်းစွာစံတော်မူပါ"

စလာကဒေဝီသည် ဝမ်းမြောက်ဝမ်းသာနှင့် မဟောသဓာ၏ ရှေ့မှ ထွက်ခွာသွားလေသတည်း။

မဟောသဓာသည် သူ့မင်းချင်းများအား စလာကဒေဝီ၏ အိမ်မှခေါ်ယူကာ ကေဝဋ္ဋပုရောဟိတ်အိမ်ကိုသိမ်းယူရန် စေလွှတ်၏။ မင်းချင်းတို့လည်း ယခင်နည်းအတိုင်း အိမ်ဝင်းတံခါးကိုရိုက်ချိုးပြီး ပုရောဟိတ်ကြီး၏အိမ်ဝင်းထဲသို့ဝင်ကြသည်။

အရှင်ပုရောဟိတ်....လူဆိုးတွေဝင်းတံခါးကိုရိုက်ချိုးပြီး အိမ်ဝင်းထဲဝင်လာကြပါတယ်"

ပုရောဟိတ်ကြီးသည် နို့ထောပတ်တို့ကိုစားသောက်ပြီး အိပ်ရာ၌မှိန်းနေစဉ် တံခါးစောင့်ပြေးလာပြီးပြော၏။ ပုရောဟိတ်ကြီးမှာ စိမ်ယူမနေနိုင်တော့ပဲ အိပ်ရာကလူးလဲထကာ အခန်းမှ ပြေးထွက်ခဲ့လေသည်။

"ဟေ့ ဒါကဘယ်လိုဟာတွေလဲ၊ သင်တို့ဘယ်သူတွေလဲ၊ဘာလို့ငါ့အိမ်ဝင်းတံခါးချိုးဖျက်ဝင်လာရတာလဲ"

အဖွဲ့ခေါင်းဆောင်က—

"ပုဏ္ဏားကြီး....စကားမပြောနဲ့-တိတ်၊ မဟောသဓာစစ်သူကြီးအမိန့်နဲ့ သင့်အိမ်ကိုသိမ်းဘို့လာခဲ့တာ၊ အိမ်ထဲကအမြန်ထွက်"ဟု အာဏာသံနှင့်ဟောက်၏၊

"ဟေ့....ငါ ဘုရင့်ပုရောဟိတ်ကွ"

ကေဝဋ္ဋပုရောဟိတ်သည် ရင်ကိုကော့၍ လက်နှင့်ရင်ကိုပုတ်ပြပြီး ပြော၏။

"ဟား-ဟား....ပုရောဟိတ်သော ပရက်ဟိတ်သောနားမလည်ဘူး၊ မင်းအမိန့်နဲ့သိမ်းမှာ၊ ပုဏ္ဏားကြီး အိမ်ပေါ်ကအမြန်ဆင်း"

လုလင်၏ ရိုင်းပြစော်ကားသောစကားကို ကြားလျှင် ပုရောဟိတ်ကြီး အလွန်ဒေါပွလာကာ—

"သင်တို့ငါ့အကြောင်းသိစေမယ်"ဟုဆိုပြီး မင်းကြီးနန်းတော်သို့သွား၏။

"ပုဏ္ဏားကြီး....ဒါ ဘယ်သွားမှာလဲ၊ မသွားနဲ့"

တံခါးဝရောက်လျှင် တံခါးစောင့်က ဆီးမေး၏။

"ဟေ့....ငါဟာမင်းရဲ့ပုရောဟိတ်ကွ၊ သင်တို့ တားပိုင်ခွင့်မရှိဘူး"

ပုရောဟိတ်ကြီး လက်မကိုထောင်ပြပြီး ရှေ့တိုးလာ၏။ ဝါးခြမ်းစိတ်ကိုင်ထားသောတံခါးစောင့် သူ့ရှေ့မှရပ်လာပြီး—

"ပုဏ္ဏားကြီး ရှေ့မတိုးနဲ့"ဟုဆို၏။

လုလင်က အာဏာနှင့်ခြိမ်းခြောက်သောအခါ ပုရောဟိတ်ပို၍ ဒေါပွ၏။

"အမယ်....မင်းလို မလောက်လေးမလောက်စား တံခါးစောင့်က ငါလိုပုရောဟိတ်ကြီးကိုတားရသလား၊ ဖယ် မတားနဲ့"

ပုရောဟိတ်ကြီးပြောပြီး ရှေ့သို့ဇွတ်တိုး၏။ ဝါးခြမ်းစိတ်ကိုင်ထားသောလုလင်သည် ပုရောဟိတ်ကြီးကျောပြင်ကို ဝါးခြမ်းစိတ်နှင့်ရိုက်လိုက်၏။ ပုရောဟိတ်ကြီးကျောကော့သွားကာ မမျှော်လင့်သောအဖြစ်နှင့်ကြုံရသောကြောင့် အံ့အားသင့်ပြီး ကြောင်နေ၏။ ထိုစဉ် အခြားလုလင်တယောက်ရောက်လာကာ ပုရောဟိတ်ကြီးအား တွန်းထိုးကာ—

"မဝင်ရဘူးဆိုတာ ဘာလို့ဇွတ်ဝင်ချင်တာလဲ သွား"ဟု နှင်လွှတ်လေ၏။

ပုရောဟိတ်ကြီးမှာ မင်းကြီးရှေ့တော်ဝင်ခွင့်ရရန်အခြေအနေ မပေးကြောင်းသိသဖြင့် နေအိမ်သို့ပြန်လာရာ မဟောသဓာ၏လူများသည် အိမ်ကောင်ပရိဘောဂများကို ဖယ်ရှင်းနေသည်ကို မြင်တွေ့ရ၏။ ကေဝဋ္ဋပုရောဟိတ်သည် အံကိုတင်းတင်းကြိတ်လိုက်ပြီး

"နေနှင့်အုံးပေါ့ မဟောသဓာရယ် .... ဒို့လက်တွင်းရောက်မှ အမှုန့်ချေပစ်မယ်"ဟု စိတ်ထဲမှကြုံးဝါးပြီး မဟောသဓာထံသို့ သွားလေ၏။

"အဆွေသုခမိန်....ဘယ့်အတွက် ကျုပ်နေအိမ်ကိုသိမ်းယူပါသလဲ"

ကောဝင့်ပုရောဟိတ်သည် ဒေါသစိတ်ကိုထိန်း၍ ချိုချိုသာသာ မေး၏။ မဟောသဓာပြုံးလျက်—

“ဆရာပုရောဟိတ်သိပြီးဖြစ်တဲ့အတိုင်း မကြာမတင်မီမှာကျွန်ုပ်တို့အရှင်မင်းကြီးကြွရောက်လာပါတော့မယ်၊ မင်းကြီးကြွရောက်လာတဲ့အခါမှာ တည်းခိုဘို့အတွက် ဆရာ့အိမ်ကိုသိမ်းယူရပါတယ်”ဟု ယဉ်ကျေးသိမ်မွေ့စွာပြန်ပြော၏။

မဟောသဓာသည် စူဠနီဗြဟ္မဒတ်မင်းကြီးထံမှအမိန့်မရပဲ ငါ့အိမ်ကိုသိမ်းယူမည်မဟုတ်ဟုတွေးမိကာ ပုရောဟိတ်ကြီး မျက်နှာချိုသွေး၍—

“အဆွေသုခမိန်.... ဒီမြို့တော်မှာ ကျွန်ုပ်အိမ်ထက်ကောင်းတဲ့ အိမ်တွေအများကြီးရှိပါတယ်၊ တခြားသင့်လျော်ရာအိမ်ကို သိမ်းယူပါ၊ ကျွန်ုပ်အိမ်ကိုမသိမ်းပါနဲ့၊ အဆွေသုခမိန်ကိုကျွန်ုပ် အသပြာတသိန်းပဏ္ဏာလက်ဆောင်ပေးပါမယ်”ဟုပြောကာ အသပြာတသိန်းထုပ်ကို ပေးလေ၏။

“ဆရာပုရောဟိတ်....ကျွန်ုပ်မှာ မင်းကြီးတည်းခိုအိမ်စီစဉ်ဘို့နဲ့ လက်ထပ်တဲနန်းဆောက်လုပ်ဘို့အလွန်အရေးကြီးနေပါတယ်၊ ဒါပေမယ်လို့ ဆရာ့ကိုသက်ညှာတဲ့အနေနဲ့ ကျွန်ုပ်ဆရာ့အိမ်ကိုမသိမ်းမယူတော့ပါ၊ သို့သော်လဲ ဆရာပုရောဟိတ် ကျွန်ုပ်ကို တံစိုးလက်ဆောင်ပေးရတဲ့အကြောင်း ဘယ်သူ့ကိုမှမပေါက်ကြားပါလေနဲ့”

“အဆွေသုခမိန် စိတ်ချပါ၊ ကျွန်ုပ်လိုပုရောဟိတ်ကြီးအနေနဲ့ တံစိုးလက်ဆောင်ပေးရတယ်ဆိုတာ ဘယ်သူ့ကိုပြောဝံ့မှာလဲ၊ လူကြားရင် ရှက်စရာကောင်းလှပါတယ်”

မဟောသဓာသည် ဤနည်းဖြင့် ပဉ္စာလရာဇ်နိုင်ငံတွင် ဘုရင့်ဆွေတော်မျိုးတော်များ၊ မှူးမတ်များအား ခြိမ်းခြောက်၍ ငွေ

ပေါင်း ၉-ကုဋေခန့်ကို ရယူခဲ့လေသည်။ စင်စစ် မဟောသဓာ သည် အခွင့်အာဏာနှင့်ခြိမ်းခြောက်၍ တံစိုးလက်ဆောင် လာဘ် လာဘကို မယူလိုသော်လည်း၊ မိမိတို့အား အကောက်ဉာဏ်နှင့် မကောင်းကြံ၍ လိမ်လည်လှည့်ဖြားခေါ်ယူထားသည်ကိုသိပြီးဖြစ် ၍ မိမိအစွမ်းကိုပြရန်ငှင်း၊ ဥမင်နှင့် လက်ထပ်တနန်းဆောက်ရာ တွင် မိမိတပ်မတော်နှင့်လူသူများအတွက် စားနပ်ရိက္ခာ ပြည့်စုံစေ ရန်အတွက်ငှင်း၊ ဆင်းရဲသားပြည်သူများကို မညှင်းဆဲပဲ၊ မင်းမယ် တော်ပုရောဟိတ်နှင့် မှူးမတ်များ၊ မင်း၏ဆွေတော်မျိုးတော်များ ထံမှ ငွေကိုညှစ်ယူလိုက်ခြင်းဖြစ်လေသည်။

ဤသို့ဖြင့် ငွေကြေးဥစ္စာများကိုရယူပြီးနောက် မဟောသဓာ သည် စူဠနီဗြဟ္မဒတ်မင်းကြီးရှေ့တော်သို့ ဝင်ရောက်ခစားလေ၏။ မင်းကြီးက—

"သုခမိန်....သင့်အရှင်မင်းကြီးအတွက် နေရာထိုင်ခင်း ပြင်ဆင် ပြီးပြီလား"ဟု မေး၏။

"အရှင်မင်းကြီး မြို့တော်တွင်းကအိမ်များကို သိမ်းယူမယ်ပြုတဲ့ အခါ အိမ်ရှင်များအနေနဲ့ မခံသာအောင် စိတ်ဆင်းရဲခြင်းဖြစ်တာ ကို တွေ့ရပါတယ် ကျွန်ုပ်အနေနဲ့ အိမ်ရှင်များ စိတ်ဆင်းရဲတာကို မကြည့်ရက်ပါ၊ဒါကြောင့် မြို့တော်နဲ့တဂါဝုတ်အကွာ ဂင်္ဂါမြစ်နဲ့ မြို့တော်ကြားက ကွင်းပြင်မှာ ကျွန်ုပ်အရှင်မင်းကြီး တည်းခိုဘို့ နန်းတော်နဲ့ လက်ထပ်တနန်းဆောက်လိုပါတယ်။"

မဟောသဓာ လျှောက်ဘင်သည်ကိုကြားလျှင် စူဠနီဗြဟ္မဒတ် မင်း စဉ်းစား၏။

'မဟောသဓာအကြံကို ငါလက်ခံလိုက်လျှသင့်၏၊ အမှန်မှာ မြို့တွင်း၌ ဝိဒေဟရာဇ်မင်းကြီးကို နေစေသည်ထက် မြို့ပြင်မှာ

နေစေသည်က ပိုကောင်း၏။ မြို့တွင်းမှာဆိုလျှင် ဝိဒေဟရာဇ်နှင့် မဟောသဓာကို ဖမ်းယူသောအခါ၊ သူ့လူမှန်း ကိုယ့်လူမှန်း မသိရသောကြောင့် ရှုပ်ထွေးပြီး အဖမ်းအယူခက်မည်၊ မြို့ပြင်မှာသူတို့ဘာသာ သီးခြားနေသည်ကရှင်းသည်၊သူတို့ကို လွတ်လတ်လပ်လပ် ငါ့တပ်မတော်နှင့် ဝိုင်းရံဖမ်းယူပြီး ဝိဒေဟရာဇ်ပြည်သို့ တဦးတယောက်မျှ ပြန်မရောက်အောင် ချေမှုန်းပစ်မည်' ဤသို့တွေးပြီးလျှင် မင်းကြီးသည် ဝမ်းမြောက်ဝမ်းသာစွာဖြင့်—

"ကောင်းပြီသုခမိန် သင်ကြိုက်တဲ့နေရာမှာသာ စီစဉ်ပါ" ဟု ခွင့်ပြုလိုက်လေ၏။

မဟောသဓာသည် မင်းကြီး ခွင့်ပြု မိန့်ဆိုသောအခါ တင်လျှောက်ပြန်၏။

"အရှင်မင်းကြီး....တည်းခိုနန်း လက်ထပ်နန်း တည်ဆောက်ရာမှာ ကျွန်ုပ်အကျဉ်းထောင်က ထုတ်ယူခေါ်ဆောင်ခဲ့တဲ့ အလုပ်သမား လူဆိုးလူရိုင်းတွေလဲ ပါပါတယ်၊ လူငယ်လူရွယ် စစ်သည် ရဲမက်တွေလဲ ပါပါတယ်၊ ဆင်ဆိုးမြင်းဆိုးတွေလဲ ပါပါတယ်၊ ဒါကြောင့်မို့ မြို့သူမြို့သားများကို ကျွန်ုပ်လက်ထပ်တဲနန်းဆောက်ရာ အနီးပတ်ပန်းကျင်တဝိုက် လုံးဝမလာရလို့ ကြပ်တည်းစွာ တားမြစ်ပေးပါ၊ နောက်တခု လျှောက်တင်ရမှာက ကျွန်ုပ်ရဲ့ဆင်များဟာ မြစ်အတွင်းမှာ ရေကစားတတ်ကြပါတယ်၊ ဆင်များရေကစားလို့ မြစ်ရေနောက်ရင် မြို့သူမြို့သားများက မဟောသဓာ ရောက်လာမှ ရေကြည်မသောက်မသုံးရဘူးဆိုပြီး ကျွန်ုပ်ကို အပြစ်ဆို ရန်ညှိုးထားကြပါလိမ့်မယ်၊ အဲဒါအတွက်လဲ အခိုက်အတန့် သည်းခံကြဘို့ မေတ္တာရပ်ခံပေးတော်မူပါ၊ အခု ကျွန်ုပ်

လျှောက်ထားရတာကတော့ နောင်ခါ ပြဿနာမပေါ်အောင် ကြိုတင်စီမံဘို့အတွက်ဘဲ ဖြစ်ပါတယ်"

မင်းကြီးသည် မဟောသဓာမှာ ကျုံး၌မိသောဆင်၊ မြုံး၌မိသောငါးနှယ် မိမိလက်တွင်းသို့ ရောက်ရှိနေချေပြီ၊ နောက်ထပ် ဝိဒေဟရာဇ်မင်းကြီး ရောက်ဘို့သာ လိုတော့သည်ဟု တွေးထင်ယုံကြည်ထားလေရာ မဟောသဓာ တောင်းဆိုသမျှ အားလုံးလိုက်လျောလေသည်။ သို့ကြောင့်—

"ကောင်းပြီသုခမိန်"ဟု ဆိုကာ အမတ်တယောက်ကိုခေါ်၍ မဟောသဓာ တင်လျှောက်သည့်အတိုင်း စည်မောင်းလည်စေ၏။

"မြို့သူမြို့သား အပေါင်းတို့လေး.... စူဠနီ ဗြဟ္မဒတ် မင်းကြီး အမိန့်တော် ရှိလိုက်သည်၊ အခု စည်မောင်းလည်တဲ့ အချိန်ကစပြီး မဟောသဓာ တနန်းဆောက်ရာဘက်ကို တစုံတယောက်မှမသွားရ၊ သွားခဲ့သည်ရှိသော် ရာဇဒဏ်အချက်တထောင် ရိုက်နှက်ခြင်းခံရမယ်၊ မဟောသဓာ ဆင်များကြောင့် မြစ်ရေနောက်ကျိတာကိုလဲ သည်းခံကြရမယ်"

မဟောသဓာသည် ဂင်္ဂါမြစ်တဖက် ဝိဒေဟရာဇ်ပိုင်နယ်မြေတွင် ယာယီစခန်းချထားသော မိမိ၏စစ်သည်ဗိုလ်ခြေ ဆင်မြင်းနွားလားရထားများကို ပဥ္စာလရာဇ်နိုင်ငံဖက်ကမ်း မြစ်ကမ္ဘားသို့ ပြောင်းရွှေ့ကာ ဝဂ္ဂုလိအမည်နှင့် စခန်းရွာကြီးတရွာ တည်လေသည်။ ရွာကို'ဝဂ္ဂုလိ' ဟုအမည်ပေးခြင်းမှာ ဆင်ထိန်း မြင်းထိန်း၊ နွားလားထိန်းနှင့် လက်မှုအတတ်ပညာသည်များ၊ အလုပ်သမားတပ်ဖွဲ့များ၊ စစ်သည်တော်များကို သူ့အဖွဲ့နှင့်သူ အဆင့်ဆင့် အကြီးအမှူးထားကာ စနစ်တကျ ဝေခွဲအုပ်ချုပ်စေသောကြောင့် ဖြစ်၏။



## ဥပကာရီမြို့တည်ခြင်း

မဟောသဓာသည် ဂင်္ဂါမြစ်နားမှသည် တည်မည့်မြို့တွင်း ဥမင်တံခါး၀အထိ အရှည် ၂·ဂါဝုတ်ခန့်ရှိသော ဥမင်ကြီးကို လူ ၆- သောင်းဖြင့် တူးစေ၏။ တူးဖော်ရရှိသော မြေစာမြေမှုံ့များကို သားရေအိတ်ဖြင့် သယ်ယူကာ ဂင်္ဂါမြစ်တွင်ချပြီး ဆင်များနှင့် နင်းစေရာ မြစ်ရေများ နောက်ကျိကုန်လေသည်။

မင်းကြီးအမိန့်နှင့် မေတ္တာရပ်ခံထားသည့်တိုင် မြို့သူမြို့သားများ မှာ ရေနောက်တွေကိုသာ သောက်သုံးကြရသဖြင့်—

"မဟောသဓာရောက်လာမှ ဒို့တွေ ရေနောက်တွေ သောက် သုံးနေကြရတယ်" ဟု ညည်းတွားကြလေသည်။

ထိုအခါ မဟောသဓာ၏ သူလျှိုများက မဟောသဓာ ဆင် များသည် မြစ်ညာသောင်၌ ကမ္ဘားများကိုဖြိုချ၍ ရေကစားကြ သည်ဟု သတင်းလွှင့်ကြလေသည်။

မဟောသဓာသည် မြို့တွင်းဥမင်ကြီးတံခါးဝမှ စူဠနီဗြဟ္မဒတ်မင်း၏လှေခါးခုံအောက်အထိ တဂါဝုတ်ခန့်သော ဥမင်တွေကိုတူးစေပြန်၏။ဥမင်တူးရာမှရရှိသော မြေများဖြင့် အမြင့် ၁၈-တောင်ရှိသော မြို့ရိုးကိုတည်လေသည် ပြီးလျှင်မြို့အင်္ဂါနှင့်အညီ၊ ကျုံးခြောက်၊ နွံကျုံး၊ ရေကျုံးစသည်ဖြင့် ကျုံးသုံးထပ် ရံထား၏။ ပစ္စင် ရင်တား ပြအိုး သူရဲခို စသည်တို့ကိုလည်း ဆောက်၏။ ထိုမြို့သည် ပဉ္စာလရာဇ်ပြည်၏ အနီးတွင်ရှိခြင်းကြောင့်၎င်း၊ ဝိဒေဟရာဇ်မင်းကြီးအကျိုးကျေးဇူးအတွက် တည်ဆောက်ခြင်းကြောင့်၎င်း၊ "ဥပကာရီမြို့" ဟု ကဗျည်းထိုးထားလိုက်သည်။ ဥပကာရီမြို့သည် စူဠနီဗြဟ္မဒတ်မင်း လှေခါးခုံအောက်မှဝင်လျှင် ဥမင်ကြီးတံခါးဖြင့် ဂင်္ဂါမြစ်သို့ ထွက်နိုင်၏။

ဥမင်အတွင်းတွင် တံခါးမကြီး (၈၀)၊ တံခါးငယ် ၆၄-ခုရှိ၏။ ဆီမီးတိုင်၁၀၁-ရှိပြီး တိုက်ခန်းပေါင်းလည်း ၁၀၁-ခန်းရှိသည်။ တံခါးမ တံခါးငယ် မီးရှူးတိုင်တံခါးအားလုံး ခလုပ်တချက်နင်းရုံနှင့်ပွင့်၍ ခလုပ်တချက်နင်းရုံနှင့် ပိတ်စေအောင်စက်မောင်းဆင်ထား၏။ ၁၀၁-ခန်းသော တိုက်ခန်းများတွင် မင်းနေရာအဖြစ် ရာဇပလ္လင်၊ ထီးဖြူနှင့်တကွ တင့်တယ်စွာခင်းကျင်းထား၏။ဥမင်၏ အမိုးအခင်းအကာ စသည်တို့မှာ အုတ်အင်္ဂတေဖြင့် စီမံထားပြီးလျှင် ပန်းချီကျော်တို့၏ ရှုခင်းပန်းချီကားများ ရေးသားစေသည်။ မင်းတို့နေရာ တခုခုတွင် အရွယ်အဆင်းလှပပြေပြစ်သော အမျိုးသမီးရုပ်ထုတခု စီထား၏။ ဥမင်ကြီးတံခါးမုခ်ဝဖြစ်သည့် ဂင်္ဂါမြစ်ကမ်းပါးတွင် လက်ထပ်တန်နန်းတော်ကို ခန့်ညားထယ်ဝါစွာ အဆန်းတကျယ် ဆောက်လုပ်လေသည်။

ဥမင်တွင်ငုပ်၊ လက်ထပ် တဲနန်းတွင်ငုပ် ပူအိုက်ခြင်း မရှိစေရအောင် ပြတင်းပေါက်များကို ဖေါက်ထားသည်။

မဟောသဓာသည် သစ်ပျဉ်တို့ကို လှေသုံးရာဖြင့် တင်ယူလာသော ဘွားဖက် အာနန္ဒာအမတ်အား—

"အသင်အာနန္ဒာ....သင်လှေသုံးရာကိုယူပြီး မြစ်ညာကို သွားချည်၊ ပဉ္စာလရာဇ်နိုင်ငံသားများမသိအောင် လှေသုံးရာကိုဝှက်ပြီးနေချည်၊ ငါ့အခေါ်လွှတ်မှ လှေသုံးရာနဲ့ စုံဆင်းခဲ့" ဟုဆိုကာ အာနန္ဒာအား စေလွှတ်ထား၍ သစ်ပျဉ်များကို ယူထားလိုက်၏။

ဥမင်တွင်းဝယ် နေ့ညဥ့်မပြတ် မီးရှူးတိုင်များကို ထွန်းညှိထားကာ အစားအစာနှင့် လူသုံးကုန် ပစ္စည်းများကို ဈေးဆိုင်များ ခင်းကျင်းရောင်းချစေသည်။ အချင်းချင်းပြန်၍ ဝယ်သုံးစွဲကြသောကြောင့် ဈေးဆိုင်များမှာလည်း စည်ကားနေ၏၊

အမရာဒေဝီမှာ မောင်တော်မဟောသဓာ ထွက်ခွာသွားသည့်အချိန်မှစ၍ တနေ့ပြန်လာနိုးနိုးနှင့် မျှော်ကိုးစောင့်စားနေ၏။ သို့သော်လဲ နေ့တွေကို ရက်စား၍ ရက်ကိုလကမျိုပြီး မောင်တော်၏ သတင်း မည်သို့မျှမကြားရ၊ ထိုအခါ မိန်းမသားတို့ဘာဝ ပူပင်သောကရောက်ရသည်။ နေ့စဉ်နှင့်အမျှ မရွှင်ပြသော မျက်နှာနှင့် ငေးငိုင်နေရှာသည်။

"သခင်မမျက်နှာတော် မရွှင်မပြနဲ့ ဘယ်လိုသောကများရှိနေတော်မူပါသလဲ"

အမရာဒေဝီ၏အထိန်းတော်သည် အမရာဒေဝီ အကဲကို ကြည့်၍ မရဲတရဲမေးလျှောက်၏။

"ငါဘယ်မှာ မျက်နှာရွှင်ပြနိုင်ပါ့မလဲအထိန်းတော်၊ မောင်တော်ပဉ္စာလရာဇ်နိုင်ငံကို ကြွချီသွားတာ ခုဆိုရင် သုံးလကျော်လို့

လေးလတွင်းရောက်ပြီ၊ဘာသတင်းမှလဲမကြားရ ဘာဖြစ်နေတယ် လို့လဲမသိရတာမို့ ငါဘယ်မှာ စိတ်နှလုံးသာယာနိုင်ပါမလဲ''

''သခင်မ....ကိုယ်တော်ဟာ ပညာရှိတယ်၊ ရဲရင့်တယ်၊ အကြံဉာဏ်ကောင်းတယ်၊ ဒီဇမ္ဗူဒိပ်ကျွန်းမှာ အတုမရှိတဲ့ ပညာရှင်ဖြစ်ပါတယ်၊ ကိုယ်တော့်အတွက် စိုးရိမ်တော်မမူပါနဲ့၊ ကိုယ်တော်ရဲ့ အစီအမံတွေ မပြီးဆုံးသေးလို့သာ သတင်းမကြားသေးတာ၊ ပြန်ရောက်မလာတာ ဖြစ်ပါလိမ့်မယ် စိတ်အေးချမ်းသာ စံနေတော်မူပါ''

အထိန်းတော်လျှောက်တင်သည်ကိုကြားသော်လဲ အမရာမဖြေသာသေးချေ။ ယခုသွားသော ခရီးမှာ ဟိုယခင် ဝိဒေဟရာဇ်မင်းကြီး အမျက်ထား၍ ရှောင်ရှားရစဉ်ကနှင့်မတူ၊ ဟိုစဉ်က ရှောင်ရှားရသည်မှာ မိမိပြည်တွင်း၌ဖြစ်သည် မင်းကြီးသည် မဟောသဓာအား သားရင်းနှင့်မခြား ချစ်ခင်သည် ဖြစ်သောကြောင့် အမျက်ထွက်စဉ်တခဏတွင်သာ ဒေါသ အလျှောက် မိန့်ဆိုသော်လည်း ကြာလျှင် စိတ်ပြေပျောက်၍ ခွင့်လွှတ်၏။ ယခု ခရီးမှာ အင်အားကြီးသော ရန်သူ့နိုင်ငံသို့ သွားရခြင်းဖြစ်၍ ဘေးအန္တရာယ်များပြားလှသည်။

''သင်ပြောတဲ့အတိုင်း မောင်တော်ဟာ ဉာဏ်ပညာကြီးတာ၊ ရဲရင့်တာမှန်တယ်၊ ဒါပေမယ်လို့ သွားရတဲ့ခရီးက ကိုယ့်ထက်အဆမတန်အင်အားကြီးတဲ့ ရန်သူ့နယ်မြေထဲကိုသွားရတာဆိုတော့ ငါဘယ်မှာ မစိုးရိမ်မပူပန်ဘဲနေနိုင်မှာလဲ၊ ဘယ်လို စိတ်အေးချမ်းသာ စံနေနိုင်မှာလဲ အထိန်းတော်''

''သခင်မစဉ်းစားတော်မူပါ၊ တကယ်လို့ ကိုယ်တော်တို့ဟာ ရန်သူရဲ့ အတိုက်အခိုက် အညှင်းအပန်း ခံရတယ်ဆိုရင် မိတ္ထိလာ

ပြည်ကို ချက်ခြင်းသတင်းရောက်လာမှာပါ၊ အခု ဘာသတင်းမှ ရောက်မလာတာကို ထောက်ချင့်ကြည့်ရင် ကိုယ်တော်တို့ ဘယ်လို ဘေးအန္တရာယ်မှ မတွေ့ဘူးဆိုတာ သေချာပါတယ်၊ ကိုယ်တော် ရဲ့ စိမ်မှု မပြီးစီးသေးလို့ ကြာနေတာ ဖြစ်ပါလိမ့်မယ်"

အထိန်းတော်ထောက်ပြသောအချက်ကို စဉ်းစားကြည့်သော အခါ အမရာဒေဝီလည်း ဤအတိုင်းဖြစ်နိုင်စရာရှိသည်ဟု တွေး ကာစိတ်သက်သာရာ ရရှိသွားလေသည်။

မည်မျှ အတွေးအခေါ် ပညာရှိသည်ဖြစ်စေ၊ သောကစိတ်လွှမ်း ကာ မှန်ထူနေသည့်အခါ အမှန်ကို ရုတ္တရက် မတွေးမိတတ်၊ အမရာ ဒေဝီလည်း ဤအတိုင်းဖြစ်နိုင်သည်။ အမရာဒေဝီသည် အတွေး အခေါ် အမြော်အမြင် ပညာရင့်သန်သည် မှန်သော်လည်း လင် သားအတွက် စိုးရိမ်ပူပန်ပြီး သောက ပွားနေသည်မို့ ရုတ္တရက် ဖြစ်နိုင်သောအရာကို မတွေးမိပဲ ဖြစ်ခဲ့ရသည်၊ အထိန်းတော်က ထိုအချက်ကိုထောက်ပြမှ သတိရ၏။

ဝိဒေဟရာဇ်မင်းကြီးလည်း မဟောသဓာ၏ သတင်းမကြားရ သည်မှာ ကြာပြီဖြစ်၍ စိတ်ပူနေသည်။ မင်းကြီး စိတ်ပူသည်မှာ မဟောသဓာရန်သူ့လက်တွင်း ရောက်ရမှာကို ပူခြင်းမဟုတ်၊ ပဉ္စာလစန္ဒီမင်းသမီးနှင့် လက်ထပ်ရေးနှောင့်နှေးနေခြင်းမှာ စူဠနီ ဗြဟ္မဒတ်မင်းနှင့် သော်၎င်း၊ ကေဝဋ္ဋပုရောဟိတ်နှင့် သော်၎င်း မဟောသဓာစကားအဆင်မပြေရှိ၍သာ ဤမျှ ကြာနေခြင်း ဖြစ် မည်ဟု တွေးကာ လက်ထပ်ရေးပျက်မည်ကို စိုးရိမ် ပူပန်နေခြင်း ဖြစ်လေသည်။

မင်းကြီးသည် သုခမိန်ကြီး ၄-ယောက်ကိုခေါ်ယူကာ သေန ကအမတ်ကြီးအား—

"ဆရာသုခမိန်....သားတော်မဟောသဓာ ပဉ္စာလရာဇ်နိုင်ငံကို ထွက်ခွာသွားတာ အခုဆိုသုံးလကျော်လို့ လေးလထဲ ရောက်ပြီး ဘာမှလဲ သတင်းအစုံအလင် မကြားသေးဘူး၊ ဒီအရေးအတွက် ဆရာသုခမိန်ဘယ်လိုမြင်သလဲ"ဟု မေးတော်မူ၏။

ထိုအခါ သေနက သုခမိန်က—

"အရှင်မင်းကြီး....အရှင်မင်းကြီးဟာ မဟောသဓာကိုပြည်နှင်ဒဏ်ပေးခဲ့ဘူးတယ်မဟုတ်ပါလား၊ ပြည်နှင်ဒဏ် ပေးတဲ့အတွက် အရှင်မင်းကြီးအပေါ် မဟောသဓာအမျက်ထားပြီး ပရိယာယ်ဆင်ကာ စစ်သည်ဗိုလ်ပါ ဆင်မြင်းအလုံးအရင်းကို ယူဆောင်ပြီး ပဉ္စာလရာဇ်မင်းထံ ခိုဝင်သွားတာ ဖြစ်တယ်လို့ ကျွန်ုပ်မြင်ပါတယ်"ဟု တင်လျှောက်၏။

သေနက၏ ဂျောက်တွန်း လျှောက်တင်ချက်ကို ကြားလျှင်မင်းကြီးယုံကြည်ကာ မဟောသဓာနှင့် ပဉ္စာလရာဇ်မင်းတို့ပေါင်းပြီး ငါ့နိုင်ငံကို သိမ်းယူတော့မှာပါကလားဟု တွေးလျက် တုန်လှုပ်ချောက်ခြားနေလေတော့သည်။

မဟောသဓာသည် ဥပကာရီမြို့နှင့် လက်ထပ်တဲနန်းတော်ကို ဗိုလ်ပါအလုံးအရင်းနှင့်၄-လကျော်မျှအပြင်းအထန်တည်ဆောက်သည်။

ဝိဒေဟရာဇ်မင်းကြီးသည် မိမိနိုင်ငံနှင့် စည်းစိမ် ချမ်းသာကို အသိမ်းအယူခံရမည့်အရေးတွေးကာ စိတ်မအေးရှိနေစဉ် မဟောသဓာကစေလွှတ်လိုက်သော အမတ်တယောက်စာချွန်နှင့် ရောက်လာ၏။ စာမှာ မဟောသဓာပို့လိုက်သော စာဖြစ်သည်။

အရှင်မင်းကြီး

လက်ထပ်တဲနန်းနဲ့တကွ အစီ အစဉ် အားလုံး ပြီးမြောက်ပြီဖြစ်ပါ၍၊ ပဉ္စာလရာဇ် နိုင်ငံသို့ ကြွ ချီကာ လက်ထပ်တဲနန်း၌ စံမြန်းတော် မူပါရန် သားတော်မဟောသဓာ လျှောက်ထားပါသည်။

ထိုစာကိုရရှိသောအခါ မင်းကြီးအလွန် ဝမ်းမြောက်တော်မူ၏။ ငါ့သားတော် မဟောသဓာသည် ဉာဏ်ပညာ ကြီးပေစွ၊ ငါ့အပေါ်တွင်လည်း ဘယ်အခါမှ သစ္စာမဖေါက်၊ လေးယောက်သော သုခမိန်တို့သာ ငါ၏ စိတ်မချမ်းသာစရာစကားကို လည်ဆယ်၍ ဆိုကြ၏။ ငါ့သားကား တာဝန်နှင့်ဝတ္တရားကို ကျေပွန်စွာ ထမ်းဆောင်ပေသည်ဟု တွေးကာ မဟောသဓာအား ကျေးဇူးတင်မဆုံးရှိနေလေသည်။

မင်းကြီးသည် နောက်လိုက် ဗိုလ်ခြေ အခြွေအရံ များစွာဖြင့် ပဉ္စာလရာဇ်နိုင်ငံသို့ ကြွချီ၏။ ဂင်္ဂါမြစ်ကမ်းသို့ မင်းကြီး ရောက်လျှင် မဟောသဓာ လာရောက်ကြိုဆိုကာ မြို့သစ် နန်းတော်သို့ ခေါ်ဆောင်သွား၏။

ဝိဒေဟရာဇ်မင်းကြီးသည် မြို့သစ်နန်းတော်သို့ ရောက်သောအခါ ခေတ္တမျှ အပန်းဖြေ အနားယူ ပြီးနောက် မိမိရောက်ရှိသည်ကို စူဠနီဗြဟ္မဒတ်မင်းသိရှိရန် အမတ်တယောက်ကို စေလွှတ် အကြောင်းကြား၏။

စူဠနီဗြဟ္မဒတ်မင်းသည် ဝိဒေဟရာဇ်မင်းကြီး စေလွှတ်လိုက်သောအမတ်တင်လျှောက်သည်ကို ကြားလျှင် ဝိဒေဟရာဇ်မင်းနဲ့ မဟောသဓာ ငါ့ပိုက်ကွန်ထဲ ရောက်နေပြီ၊ ဒင်းတို့ကို သတ်ပြီး

အောင်သေသောက်ပွဲသဘင်ကြီး ဆင်ယင်ကျင်းပရတော့မည်ဟု တွေးကာ အလှန် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဝိဒေဟရာဇ်မင်းကြီး စေလွှတ်လိုက်သောအမတ်ကို ဖေါ်ရွေ ချေင်စွာ ဆက်ဆံ ညှော်ခံပြီးနောက်—

"ဝိဒေဟရာဇ်မင်းကြီး ရောက်လာတဲ့အတွက် ငါ အလွန်ဝမ်းမြောက်တော်မူတယ်၊ ငါကမ်းလှမ်းခဲ့တဲ့အတိုင်း သွေးချင်းနှောဘို့ အတွက်သမီးရတနာကို ငါပေးဆက်မယ်၊ လက်ထပ်ရမဲ့အချိန်အခါကောင်းကိုသာ ရွေးတော့လို့ သင့်အရှင် ဝိဒေဟရာဇ်မင်းထံပြန်ကြားချည်"ဟု အမိန့်ရှိလေသည်။

အမတ်သည် ဝိဒေဟရာဇ်မင်းကြီးထံသို့ပြန်လာပြီး စူဠနီဗြဟ္မဒတ်မင်း မိန့်မှာသည့် အတိုင်း တင်လျှောက်၏။ အမတ် တင်လျှောက်သည်ကိုကြားလျှင် မင်းကြီး အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာနှင့် အူမြူးသွားလေသည်။

မင်းကြီးသည် ချက်ခြင်းပင် ပညာရှိပုရောဟိတ်များကို ရှေ့တော်သို့ခေါ်ယူကာလက်ထပ်မင်္ဂလာ အခါသင့်မည့်အချိန်ကိုမေးမြန်း၏။ ပုရောဟိတ်များက ယခုညပင်မင်္ဂလာကောင်းကြိမ်သည်ဟု တင်လျှောက်လျှင် အမတ်အားခေါ်၍ ယခုညပင် အခါကောင်းကြိမ်သောကြောင့် ယခုညပင် လက်ထပ်မင်္ဂလာ ပြုလိုပါကြောင်း အကြောင်း ပြန်ကြားရန် စူဠနီဗြဟ္မဒတ်မင်းထံ ခစေလွှတ်၏။

အမတ်လည်း စူဠနီဗြဟ္မဒတ်မင်း နန်းတော်သို့ သွား၍ ဝိဒေဟရာဇ်မင်းကြီး မှာကြားသည့် အတိုင်း တင်လျှောက်၏။ စူဠနီဗြဟ္မဒတ်မင်းသည် ဟန်ဆောင်လျက် ရွှင်လန်း ဝမ်းမြောက်ဟန်ပြကာ—

"အမတ်....သင့်အရှင်က အခုအခါ ကောင်းတယ်ဆိုရင် ငါမှူးမတ်နဲ့ သမီးတော်ကို ခေါ်ယူပြီး လက်ထပ်တဲနန်းကို အခုဘဲကြွချီခဲ့မယ်၊ သင့်အရှင်ကို သမီးတော်နဲ့ လက်ထပ်ဘို့အတွက် အသင့်ပြင်ဆင်ထားပါလို့တင်လျှောက်လေ"ဟု မိန့်တော် မူလေသည်။

အမတ်နန်းတော်မှ ထွက်ခွာသွားသောအခါ စူဠနီဗြဟ္မဒတ်မင်းသည်၊ ကေဝဋ္ဋပုရောဟိတ်ကို ခေါ်ယူပြီး အလွန် ရွှင်လန်းတက်ကြွသောအမူအရာဖြင့်—

"ဆရာပုရောဟိတ် အခု သမင်နှစ်ကောင် ငါတို့ပိုက်တွင်း အစင်းသားရောက်နေပြီ၊ သမင့်နံကြားကို လှံသွားနဲ့ ထိုးဘို့ဘဲကျန်တော့တယ်"ဟု မိန့်ဆို၏။

မင်းကြီး မိန့်ဆိုစကားကြားလျှင် ကေဝဋ္ဋ ပုရောဟိတ်သည် ဂုဏ်ယူဝင့်ကြွားဟန် မျက်နှာကို မော့လျက်—

'အရှင်မင်းကြီး....ကေဝဋ္ဋဆရာဟာ ဘယ်တော့မှမပိုင်တာကို မကြံပါဘူး၊ မကြာခင်မှာ ကျွန်ုပ်တို့ အောင်သေရည် သောက်ပွဲတော်ကြီး ကျင်းပ ရပါတော့မယ်"ဟု ဝမ်းမြောက် ဝမ်းသာလျှောက်၏။

"ဆရာပုရောဟိတ်....ငါတို့အခုညဘဲဝိဒေဟရာဇ်မင်းနဲ့ မဟောသဓာတို့ ခေါင်းတွေကို ဖြတ်ယူကြရမယ်"

မင်းကြီး ဤသို့ မိန့်တော်မူပြီးလျှင် တပ်မှူး ဗိုလ်မှူးနှင့် ၉၉-ပါးသော ထီးဆောင်းမင်းများကို ခေါ်ယူကာ တပ်မဟာကို ချက်ခြင်းပြင်ဆင်စေလျက် မယ်တော် စလာကဒေဝီ၊ မိဖုရားခေါင်ကြီး နန္ဒာဒေဝီ၊ သားတော်ပဉ္စာလစန္ဒာ၊ သမီးတော်ပဉ္စာလစန္ဒီတို့ကို နန်းတော်အထက်ထပ် ကျက်သရေတိုက်ခန်းသို့ပို့ကာ အစောင့်

များ ချထားပြီးနောက် တပ်တော်ကို ကွပ်ကဲလျက် ဝိဒေဟရာဇ်မင်းကြီးနှင့် မဟောသဓာတို့ ရှိရာသို့ ချီတော်မူလေသည်။

မဟောသဓာသည် သူ၏ အခြေအရံများနှင့် မင်းကြီးနှင့်ပါလာသော အခြေအရံများအား နန်းတော်၏ ညွှန့်ခန်းဆောင်တွင် စားကောင်းသောက်ဖွယ်များနှင့် ကျွေးမွေး ညှင့်ခံစေ၏။ အချို့သည် စားကောင်း သောက်ဖွယ်များ စားပြီး ဗိုက်လေးသဖြင့်လှဲလျောင်းနေ၏။ အချို့လည်း ခရီး ပန်းလာသောကြောင့် အိပ်ပျော်နေကြ၏။ ဝိဒေဟရာဇ်မင်းကြီးသည် မင်းမြောက်တန်ဆာငါးပါးတို့ကို ဆင်မြန်းလျက်သုခမိန်ကြီး ၄-ဦးနှင့်အတူ မှူးမတ်များခြံရံပြီးလျှင် ညီလာခံသည့် အနေအထားမျိုးဖြင့် စူဠနီဗြဟ္မဒတ်မင်းသမီးကညာနှင့် ရောက်လာမည်ကို မျှော်စောင့်နေ၏။

မင်းကြီးစိတ်တွင် ဇမ္ဗူဒိပ်ကျွန်း၌ အချောဆုံးအလှဆုံးဖြစ်သော ပဉ္စာလစန္ဒီမင်းသမီးငယ်အား ငါရချေတော့မည်ဟုတွေးကာ ဝမ်းသာရွှင်မြူးနေ၏။ စိတ်နှလုံးချမ်းမြေ့ကာ ရင်မှာနွေးသလိုအေးသလိုခံစားနေရ၏။ ဇမ္ဗူဒိပ်ကျွန်းတွင် ယောက္ခမဖြစ်သော စူဠနီဗြဟ္မဒတ်မင်းနှင့်အတူ တန်ခိုးအာဏာကြီးထွားရတော့မည်ဟုတွေးကာ ဘဝင်မြင့်လျက် မာန်ရစ်နေ၏။

စူဠနီဗြဟ္မဒတ်မင်း၏တပ်မဟာကြီးသည် ဥပကာရီမြို့ရှိရာသို့ တရွေ့ရွေ့ချီတက်လာလေသည်။ မဟောသဓာသည် ဥပကာရီမြို့နန်း၏တံခါးများကိုအလုံအခြုံပိတ်စေ၏။ အစောင့်အကြပ်များကို စနစ်တကျ လုံခြုံစွာချထားပြီးနောက် သူရဲကောင်းသုံးရာတို့ကိုခေါ်ယူကာ—

"သင်တို့ ဥမင်ကွေ့အတိုင်း စူဠနီဗြဟ္မဒတ်မင်းနန်းတော်ကိုသွားကြ၊ စူဠနီဗြဟ္မဒတ်မင်းကြီးမယ်တော်၊ မင်းကြီးမိဖုရားနဲ့

သားတော်သမီးတော်တို့ကိုခေါ်ခဲ့ကြ၊ ဥမင်ထဲမှာထိန်းသိမ်းထား ကြ၊ ဝိဒေဟရာဇ်မင်းကြီးနှင့်ကြွလာတဲ့အခါမှာ မင်းလေးပါးကို ဂင်္ဂါမြစ်နားက တံခါးဝကို ခေါ်ခဲ့ကြပြီး ဥမင်ပြဿဒ်ဝမှုခ်ဦး ပေါ်မှာထားနှင့်ကြ"ဟု မှာကြားပြီးလွှတ်လိုက်လေ၏။

သူရဲကောင်းသုံးရာတို့သည် မဟောသဓာစေလွှတ်လိုက်သော အခါ ဥမင်ခရီးဖြင့်သွားကြ၏။ စူဠနီဗြဟ္မဒတ်မင်း၏နန်းတော် လှေခါးခုံသို့ရောက်လေလျှင် မဟောသဓာ ကြိုတင်စီစဉ်ထားသည့် နန်းတော်လှေခါးခုံကိုတွန်းလှန်ပြီးနောက် အပြင်သို့ထွက်ခဲ့ကြ၏။

နန်းတော်၏အစောင့်အရှောက်များမှာ မိမိတို့ဘုရင်အောင်နိုင် တော့မည်မလွဲဟုတွေးတောဝမ်းသာကာ အမှတ်မထင်နေကြ၏။ မဟောသဓာ၏သူရဲကောင်းများသည် နန်းတော်၏အစောင့်များ အလစ်ကိုကြည့်၍ ဖမ်းဆီးချုပ်နှောင်ကာ ပါးစပ်များတွင်အဝတ် တွေဆို့ပိတ်၍ လှတ်ရာပို့ထားခဲ့ပြီး နန်းတော်ပေါ်တက်ကြ၏။ နန်းတော်ထဲရှိ စားဘွယ်သောက်ဘွယ်များကို စားသောက်ကြကာ မကုန်ပဲကျန်သည့် စားဘွယ်သောက်ဘွယ်တို့ကို ကြဲပက်ပစ်ကြ၏။ ပြီးနောက် ကျက်သရေတိုက်ရှိရာအထက်ထပ်သို့တက်ခဲ့ကြပြန်လေ သည်။ သူရဲကောင်းအချို့သည် မင်းလေးပါးရှိရာကျက်သရေခန်း တံခါးအနီးတွင်ရပ်၍ တယောက်က—

"အရှင်သခင်မတို့"ဟုခေါ်ပြီး အသံပြု၏။

စလာကဒေဝီမယ်တော်သည် အိပ်ရာမှနိုးထပြီး တံခါးကိုဖွင့် ကြည့်လျက်—

"အမောင်လုလင်တို့ ဘာကိစ္စရှိသလဲ"ဟု မေးလေသည်။

ထိုအခါ လုလင်တယောက်က—

"မယ်တော်ဘုရား....အခုကျွန်ုပ်တို့အရှင်စူဠနီဗြဟ္မဒတ်မင်းကြီး ဟာ ဝိဒေဟရာဇ်မင်းနဲ့ မဟောသဓာစစ်သူကြီးကိုဖမ်းပြီး သတ်ပစ်လိုက်ပါပြီ၊ အခုညမှာဘဲ အခါတော်ရတဲ့အတွက် အောင်ပွဲခံပြီး ကေရာဇ်မင်းအဖြစ်ဘိသိက်မင်္ဂလာပြုမှာဖြစ်တဲ့အတွက် မင်းကြီးက ငါ့မယ်တော်၊ မိဖုရားနဲ့ သားတော်သမီးတော်တို့ကို ခေါ်ချေလို့ လွှတ်လိုက်ပါတယ်"ဟု လျှောက်ထားလေရာ စလာကာဒေဝီ၊နန္ဒာဒေဝီနှင့် သားတော်သမီးတော်တို့ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကြကာ မိဖုရား၊ သားတော်သမီးတော်တို့၏ အဆောင်အယောင် အဝတ်တန်ဆာတို့ကိုလဲလှယ်ဝတ်ဆင်ပြီး ထိုလုလင်တို့ခေါ်ရာသို့ လိုက်ပါသွားကြလေ၏။

နန်းတော်အောက်သို့ရောက်သည်နှင့် လုလင်တို့သည် မင်းလေးပါးအား ပွေ့ယူထမ်းချီကာ ဥမင်ကွေ့မှ ခေါ်ဆောင်သွားကြ၏။ စလာကာဒေဝီမယ်တော်က—

"အမောင်လုလင်တို့....ငါ့အသက်အရွယ်တလျှောက် ဒီလိုခရီးမျိုးကို မရောက်ဘူးသေးဘူး၊ အခုဘယ်ကိုသွားနေကြတာလဲ"ဟု မသင်္ကာသလိုမေး၏။

ထိုအခါ စလာကာဒေဝီမယ်တော်အား ထမ်းလာသောလုလင်က—

"မယ်တော်....ဒီခရီးဟာ မင်းကြီးအနေနဲ့ မင်္ဂလာအရှိဆုံးအချိန်မှာမှကြွမြန်းတော်မူတဲ့ခရီးဖြစ်ပါတယ်၊ အခု မင်းကြီးဟာ အတိုင်းမသိ မင်္ဂလာယူတော်မူမယ့်အခါဖြစ်တာမို့ မယ်တော်နဲ့ မိဖုရားခေါင်ကြီးရော၊ သားတော်သမီးတော်တွေကိုရော ဒီမင်္ဂလာခရီးကခေါ်ခဲ့ရမယ်ဆိုလို့ ကျွန်ုပ်တို့ဒီခရီးကခေါ်ဆောင်ရခြင်းဖြစ်

ပါတယ်”ဟု ကျန်မင်းသုံးပါးပါကြား၍သံသယရှင်းသွားအောင် အသံခပ်ကျယ်ကျယ်နှင့် တင်လျှောက်လေ၏။

ထိုလုလင်၏စကားကိုကြားလျှင် မင်းလေးပါးတို့ ယုံကြည်သဖြင့် သံသယမရှိတော့ပဲ ထိုလုလင်တို့ခေါ်ဆောင်ရာသို့ ဆိတ်ငြိမ်စွာလိုက်ပါလာကြလေသည်။

သူရဲကောင်းလုလင်အချို့က မင်းလေးပါးအားခေါ်ဆောင်သွားစဉ် သူရဲကောင်းအချို့သည် နန်းတွင်းရှိ ရွှေတိုက်ငွေတိုက်များကိုဖေါက်ကာ ရွှေငွေအများအပြား သယ်ယူသွားကြ၏။

မင်းလေးပါးတို့သည် ဥမင်ကြီးတံခါးဝရောက်၍ အဆန်းတကြယ် ခမ်းနားကြီးကျယ်စွာ စီမံခင်းကျင်းထားသည်ကိုမြင်ရသောအခါ ငါတို့ဘုရင်ကေရာဇ်အတွက် မှူးမတ်တို့က စီမံခင်းကျင်းထားပေတာဘဲဟုတွေးကာ ဝမ်းမြောက်ဝမ်းသာ ရှိနေကြ၏။ လုလင်တို့သည် မင်းလေးပါးတို့အား ဥမင်ကြီးအတွင်းခေါ်ဆောင်လာကာ တရာ့တပါးသောမင်းများအတွက်ပြင်ဆင်ထားသောတိုက်ခန်းများကိုရင်း၊ ပန်းပုလက်ရာများ၊ ရှုခင်းပန်းချီကားများကိုရင်း ပြသကာ ဂင်္ဂါမြစ်နှင့်မနီးမဝေးဥမင်မှထွက်ရန် အဝနားရှိ မင်းနေရာတိုက်ခန်းသို့ရောက်လျှင်—

“အရှင်သခင်မတို့....ဒီမှာခဏစံမြန်းကြပါ”ဟုဆိုကာ ထား၏။

သူရဲကောင်းလုလင်တယောက်သည် မဟောသဓာထံသွား၍–

“အရှင်စေခိုင်းလိုက်တဲ့အတိုင်း မင်းလေးပါးကို ခေါ်လာခဲ့ပါပြီ”ဟု လျှောက်၏။

“မင်းလေးပါး အခုဘယ်မှာလဲ”

မဟောသဓာက မေး၏။

"ဥမင်အထွက်ဝတိုက်ခန်းမှာ အစောင့်အရှောက်များချထား ပြီး ထားပါတယ်အရှင်"

မဟောသဓာသည် ငါ့အကြံအောင်ပြီဟုတွေးကာ ဝမ်းသာနေ၏။

"အချင်းတို့... မင်းလေးပါးကိုကောင်းစွာထားကြ"

"ကောင်းပါပြီအရှင်၊ စိတ်ချတော်မူပါ"

သူရဲကောင်းလုလင်သည် မဟောသဓာအပါးမှ ထွက်ခွာသွား၏။ မဟောသဓာသည် ဝိဒေဟရာဇ်မင်းကြီးရှိရာစမုတ်ဆောင်သို့ သွား၍ မင်းကြီးရှေ့တော်တွင်ခစားနေ၏။ ဝိဒေဟရာဇ်မင်းကြီးသည် စူဠနီဗြဟ္မဒတ်မင်းတပ်တော်နှင့်ချီတက်လာနေသောအသံကို ကြားလျှင် စူဠနီဗြဟ္မဒတ်မင်း ငါ့အားသမီးကညာဆက်သရန်လာချေပြီဟုတွေးကာ မင်းတို့အိန္ဒြေသိက္ခာကိုပင် မထိန်းသိမ်းမစောင့်ရှောက်နိုင်ပဲ ရာဇပလ္လင်မှထရပ်ပြီး စမုတ်ဆောင်အရှေ့တံခါးမှ ငေးမြှော်ကြည့်ရှုလေသည်။

စူဠနီဗြဟ္မဒတ်မင်းသည် အသိန်းအသန်းမကသောမီးရှူးမီးတိုင်များကို ထွန်းညှိကိုင်ဆောင်လျက် များစွာကုန်သော ဆင်မြင်းရထားစစ်သည်တို့နှင့်ချီတက်လာသည်ကို မင်းကြီးမြင်တော်မူလျှင် မင်းကြီးထိတ်လန့်တုန်လှုပ်သွားပြီး—

"သားတော်နဲ့ သုခမိန်တို့ ...အခု စူဠနီဗြဟ္မဒတ်မင်းဟာ များစွာသော ဆင်မြင်းရထားဗိုလ်ခြေနဲ့ ငါနေရာအရပ်ကို အထပ်ထပ်ဝိုင်းရံထားပြီ၊ ဒီအပြုအမူဟာ ငါ့ကို သမီးကညာပေးဆက်လိုလို့လား၊ ဒါမှမဟုတ် ငါ့ကိုရန်ပြုသတ်ဖြတ်လိုလို့လားဆိုတာစဉ်းစားပြီးတင်လျှောက်ကြ"ဟု မိန့်တော်မူလေ၏။

မင်းကြီးအမေးတော်ရှိသောအခါ သေနကသုခမိန်က ဦးစွာတင်လျှောက်၏။

"အရှင်မင်းကြီး....စူဠနီဗြဟ္မဒတ်မင်း များစွာသောစစ်အခင်းအကျင်းနဲ့လာတာဟာ အကြောင်းရှိပါတယ်၊ အရှင်မင်းကြီးနဲ့ ပဉ္စာလစန္ဒီမင်းသမီးတို့ကို လက်ထပ်အပ်နှင်းရာမှာ အခြားတပါးရန်သူများ မနှောက်ယှက်ဝံ့အောင် တပ်တော်ခင်းပြီး လာခြင်းသာဖြစ်ပါတယ်၊ ပဉ္စာလစန္ဒီသမီးတော်ကို ပေးဆက်မှာ အမှန်တကယ်ဖြစ်ပါတယ်၊ ရန်ပြုဘို့လာခြင်းမဟုတ်ပါ"ဟုတင်လျှောက်၏။

ပက္ကုသ သုခမိန်ကလည်း—

"အရှင်မင်းကြီး စိုးရိမ်တော်မမူပါနဲ့၊ စူဠနီဗြဟ္မဒတ်မင်း တပ်တော်ခင်းပြီးလာတာဟာ ကောင်းသောလာခြင်းဖြစ်တယ်လို့ ကျွန်ုပ်ယုံကြည်ပါတယ်၊ ကျွန်ုပ်တို့နေရာကို အထပ်ထပ်ဝိုင်းရံထားတာဟာ အရှင်မင်းကြီးနဲ့သမီးတော်ပဉ္စာလစန္ဒီမင်းသမီးလက်ထပ်ပြီးတဲ့အခါ အနှောက်အယှက်မရှိ အေးချမ်းစွာ စံစားပျော်ပါးနိုင်ဘို့အတွက် ဝိုင်းရံစောင့်ကြပ်ထားတာဖြစ်မယ်လို့ကျွန်ုပ်ထင်ပါတယ်"ဟု တင်လျှောက်၏။

ဒေဝိန္ဒ၊ ကာမိန္ဒ စသောသုခမိန်တို့ကလည်း ဆရာနှစ်ဦးစကားနှင့်အညီသာ တင်လျှောက်၏။ မဟောသဓာသည် မည်သို့မျှထင်မြင်ချက်မပေးပဲ ဆိတ်ဆိတ်သာနေလေသည်။

ထိုစဉ်—

"ဝိဒေဟရာဇ်မင်းကို ဘယ့်နှယ်ဝိုင်းမယ်"

"ဒီ့နှယ်ဝိုင်းမယ်"

"ဝိဒေဟရာဇ်ကို ဘယ့်နှယ်ဖမ်းမယ်"

"ဒီနည်းဖမ်းမယ်"

"ဝိဒေဟရာဇ်မင်းကြီးခေါင်းကို ဘယ်နည်းဖြတ်မယ်"

"ဒီနည်းဖြတ်မယ်" ဆိုသော ကြွေးကြော်သံများကို တခဲနက်ကြားကြရလေ၏။

ထိုအခါ လေးပါးသော သုခမိန်ကြီးများနှင့် မှူးမတ်တို့မျက်နှာတွင် သွေးမရှိတော့ပဲ ဖြူရော်ကုန်ကြ၏။ မင်းကြီးသည်ဆောက်တည်ရာ မရနိုင်သကဲ့သို့ အငြိမ်မနေ ဂုန္ဒြေမရဖြစ်ကာပြတင်းကိုမြှော်ကြည့်ပြီး အကြီးအကျယ် ထိတ်လန့်တုန်လှုပ်နေ၏။ မဟောသဓာမှာ မူမပျက် ဂုန္ဒြေမပျက် တည်ငြိမ်လျက်သာနေ၏။

မင်းကြီးသည် တည်ငြိမ်လျက်ရှိနေသော မဟောသဓာကိုမြင်လျှင် ဤအရေးကိစ္စ၌ ငါ့သားသုခမိန်မှတပါး အခြားသူသိနိုင်စွမ်းမည်မဟုတ်ချေ။ ငါ့သားကိုသာ မေးရမည်ဟုတွေးကာ—

"သားတော်သုခမိန်.... အခုစူဠနီဗြဟ္မဒတ်မင်း လာခြင်းဟာကောင်းသော လာခြင်းလား၊ မကောင်းသော လာခြင်းလား၊ အကယ်၍ မကောင်းသော လာခြင်းဖြစ်ရင် ငါတို့လွတ်မြောက်ရေးအတွက် ဘယ်လိုကြံမယ်ဆိုတာ တင်လျှောက်ပါ သားတော်" ဟု အလောတကြီး မိန့်ဆိုလေသည်။

မင်းကြီးမေးတော်မူသောအခါ မဟောသဓာသည် မင်းကြီးကား ကာမဂုဏ်ကို ခုံမင်ရုံသာမဟုတ်သေး၊ ပညာရှိယောင်ဆောင်နေသော မင်းမြှောင်ကပ်ဖါးတို့ စကားကိုယုံစားသဖြင့် အကြိမ်ကြိမ် မှားခဲ့ပြီးပြီ။ သို့စဉ်လျက် ထိုမင်းမြှောင် ကပ်ဖါးတို့စကားကိုသာ နာယူမြဲနာယူနေ၏။ ထိုမင်းကြီးအား သည်တကြိမ်တွင်မှတ်လောက် သားလောက်အောင် ပညာပြမှ ဖြစ်တော့မည်ဟုတွေးကာ—

"အရှင်မင်းကြီး.... စူဠနီဗြဟ္မဒတ်မင်းဟာ အရှင်မင်းကြီးကို တဆယ့်ရှစ် ခေါဘိဏီတပ်ကြီးနဲ့ ဝိုင်းရံထားပြီး ဖမ်းယူသတ်ဖြတ် မယ်လို့ ကြွေးကြော်နေပါတယ်၊ ဒါဟာ ကောင်းသောလာခြင်း ဖြစ်မယ်လို့ အရှင်မင်းကြီး ထင်နိုင်ပါသေးသလား၊ အရှင်မင်းကြီး ကျားဆွဲခံနေရတာကို၊ အယားဖျောက်တယ်လို့ ထင်နေပါသေး သလား၊ စူဠနီဗြဟ္မဒတ်မင်းဟာ ဒီညမိုးမသောက်မီ အရှင်မင်းကြီး ဦးခေါင်းကို သံလျက်နဲ့ ဖြတ်ယူတော့မှာ အမှန်ဖြစ်ပါတယ်" ဟု လျှောက်လေ၏။

မဟောသဓာ၏စကားကိုကြားလျှင် မင်းကြီးတုန်လှုပ်သွား၏။ လေးဦးသော သုခမိန်ကြီးများနှင့် မှူးမတ် ပုရောဟိတ် တို့လည်း သွေးဆုတ်လျက် ကိုးကွယ်ရာမရ ဖြစ်ကုန်ကြသည်။

ဝိဒေဟရာဇ်မင်းကြီးသည် တကိုယ်လုံး မီးနှယ်ပူလျက် အာ ခေါင်မှာ ခြောက်ကပ်နေပြီး တံတွေးပင်မျို၍ မရအောင်ဖြစ်နေ ရှာသည် အလွန့်အလွန် ကြောက်လန့်တုန်လှုပ်စွာဖြင့်—

"သားတော်သုခမိန်..အခု ငါ့တကိုယ်လုံး မီးနှယ်ပူလောင် နေပါပြီ၊ အာခေါင်မှာ ခြောက်ကပ်ပြီး တံတွေးတောင်မှ မျိုမရ တော့ပါ၊ ငါ့နှလုံးသားကိုလဲ မီးစွဲသလို ပြင်းစွာခံစားနေရပါ တယ် သားတော်" ဟု သနားစဖွယ် မြည်တမ်းရှာ၏။

"အရှင်မင်းကြီး....အရင်က ဒီအရေးတွေမြင်လို့ ကျွန်ုပ်မင်းကြီး ကို အတန်တန် တားခဲ့ပါတယ်၊ ကျွန်ုပ် ဥပမာ ပြဆိုခဲ့တဲ့အတိုင်း အခု မင်းကြီးဟာ သမင် တည်တည်မကိုမင်တဲ့ သမင်နဲ့ မခြား၊ ငါးစာကိုမင်တဲ့ ငါးနဲ့ မခြား၊ တည်ကြက်မကိုမင်တဲ့ ကြက်ဖနဲ့ မခြား ဖြစ်နေရပြီ မဟုတ်ပါလား။ တော ပြောင်း သော ကျား သေတတ်တယ်လို့ ကျွန်ုပ်လျှောက်တင်ခဲ့ပါသေးတယ်၊ ဒါပေမယ်

လို့ မင်းကြီးဟာ ကျွန်ုပ်စကားကို မနာယူရုံမက ကျွန်ုပ်ကိုတောင်မှ ရာဇဒဏ်အမိန့် ပေးခဲ့သေးတယ် မဟုတ်ပါလား၊ အရှင်မင်းကြီး.... ကျွန်ုပ်အနေနဲ့ ရှေ့ရေးကိုမြင်တာကြောင့် တားရုံသာ တားနိုင်ပါတယ်၊ ကျားပါးစပ်ထဲရောက်မှ လွတ်မြောက်ဖို့ကို မကြံတတ်ပါ။ အခုအရေးမှာ အရှင်မင်းကြီးကို ပဉ္စာလရာဇ်နိုင်ငံကြွချီဘို့ တိုက်တွန်းခဲ့တဲ့ သုခမိန်ကြီးများသာ လွတ်မြောက်အောင် ကြံဆောင်နိုင်လို့ တိုက်တွန်းခဲ့တာ ဖြစ်ပါလိမ့်မယ်၊ အရှင်မင်းကြီး သေဘေးက လွတ်မြောက်ရေးအတွက် သူတို့ကို မေးမြန်းတော်မူပါ”

မဟောသဓာ တင်လျှောက်သည်ကို ကြားရသောအခါ မင်းကြီး အလွန်ကြေကွဲခြင်း၊ ထိတ်လန့် စိုးရွံ့ခြင်း ဖြစ်လျက် ကြက်နာကြီးလို ငိုင်နေရှာ၏။

မဟောသဓာက ထပ်မံ တင်လျှောက်ပြန်သည်။

“အရှင်မင်းကြီးဟာ အဆိပ်ရှိတဲ့မြွေကို ရင်မှာ ပိုက်ခဲ့ သလို အင်မတန် စဉ်းလဲကောက်ကျစ်တဲ့ ကေဝဋ္ဋပုဏ္ဏားကို ပေါင်းသင်းခဲ့တယ်၊ကေဝဋ္ဋစကားကို ယုံကြည်လက်ခံခဲ့တယ်။အရှင်မင်းကြီး.... ပညာရှိတို့ မည်သည် ဘယ်အခါမှ လိမ်လည် ကောက်ကျစ်တဲ့သူယုတ်မာကို မပေါင်းကြပါ၊ သူယုတ်မာကို ပေါင်းရင် ပျက်စီးတတ်ပါတယ်၊ဖြူစင်ရိုးသားတဲ့ ပညာရှိကိုပေါင်းမှသာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာနိုင်ပါတယ်။ အခုအရေးမှာ ကျွန်ုပ်ထက် အကြံအားဖြင့်ရင်း၊ ဉာဏ်ပညာ အမြော်အမြင် အားဖြင့်ရင်း ကြီးမားလှတဲ့ အရှင်မင်းကြီးရဲ့ တိုင်ပင်ဖော် တိုင်ပင်ဖက် သုခမိန်ကြီးများနဲ့သာ တိုင်ပင်တော်မူပါ၊ သူတို့သာ ဒီအခက်အခဲက လွတ်မြောက်ရာကို ကြံနိုင်ကြပါလိမ့်မယ်”

မဲဟောသခော လျှောက် တင် သည် ကို ကြား လျှင် မင်းကြီး စိတ်နှလုံးတွင် နာကျင်လှန်းသဖြင့်—

"သားတော်သုခမိန်.... ခမည်းတော်ကို ထောက်ထားညှာတာပါ၊ သနားကြင်နာပါ၊ ဒီအရေး ဒီကိစ္စမှာ သားတော်မှလွဲပြီး ဘယ်သူတဦးတယောက်မှ ငါ့ကိုမကယ်တင်နိုင်ပါ" ဟု သနားစဘွယ် တောင်းပန်ရှာသည်။

"အရှင်မင်းကြီး.... ကျွန်ုပ်ကိုချည့် အားကိုးတော် မမူပါနဲ့၊ ကျွန်ုပ်ဟာ ထွန်တုံးစွန်းမှာကြီးတဲ့ သူကြွယ်သားသာ ဖြစ်ပါတယ်။ ထွန်ရေး ထယ်ရေး ကိုသာ နားလည် ပါတယ်၊ မင်းရေး မင်းရာ ပရိယာယ်များကို နားမလည်ပါ၊ အခုအရေးမှာ မျိုးမျိုးမတ်နွယ်က ဆင်းသက်လာကြတဲ့ ပညာရှိသုခမိန်ကြီးများသာ ကြံနိုင်တဲ့ အရေးအခင်းဖြစ်တာမို့ ကျွန်ုပ်အရာမဟုတ်၊ ကျွန်ုပ်မကြံနိုင်ပါ"

"သားတော်သုခမိန်....ပညာရှိမည်သည် မိဘက ဆဲရေးတာကိုလဲ အပြစ်မယူ၊ မိဘက ရိုက်နှက်တာကိုလဲ အပြစ်မယူ၊ အခု သားတော်ဟာ ငါပြောမိတဲ့ စကားအမှားကို အပြစ်ယူပြီး နှုတ်လှန်ထိုးနေတယ်၊ အခုအချိန်ဟာ ငါ့ကိုရန်တွေ့နေဘို့ အချိန်မဟုတ်ဘူး သားတော်၊ ငါ့ကို အရွဲ့တိုက်စကား ပြောနေရမယ့် အချိန်လဲ မဟုတ်ဘူး၊ ငါတို့ဟာ သေဘေးက လွတ်မြောက်ဘို့အတွက် ဘယ်လို ကြံဆောင်မယ် ဆိုတာကိုသာ ကြံပါသားတော်"

"အရှင်မင်းကြီး... တဆယ့်ရှစ်ခေါဘိဏီတပ်ကြီးနဲ့ ဝိုင်းရံထားတာကို ကျွန်ုပ် လွတ်မြောက်အောင်ဘယ်လိုကြံနိုင်မှာလဲ၊ ကျွန်ုပ်တို့မှာ အထပ်ထပ်ဝိုင်းရံထားတဲ့ တပ်မဟာကြီးကို ဖေါက်ထွက်ဘို့ အင်အားမရှိပါ၊ ကျွန်ုပ်တို့ကြံနိုင်တဲ့ အကြောင်းမရှိ၊ ကျုံးတွင်း

ရောက်ပြီးမှလွတ်ရာ ထွက်ပေါက်ရှာလို့မရတဲ့ ဆင်မိုက်လိုဖြစ်ရပြီ၊ အရှင်မင်းကြီးတခုသာရှိတော့တယ်၊ ကျွန်ုပ်တို့အနေနဲ့ မြေပြင်က ဘယ်လိုမှမပေါက်ထွက်လို့မရနိုင် အရှင်မင်းကြီးရဲ့ဘုန်းတံခိုးတော်ကြောင့် နတ်သိကြားများလာပြီး ကောင်းကင်ကို သယ်ယူသွားမှသာ လွတ်မြောက်အသက်ရှင်မှာ ဖြစ်ပါတယ်”

မဟောသဓာက အဆုံးစွန်သောစကားကို လျှောက်ထားလေရာ မင်းကြီး ခေါင်းငိုက်စိုက်သွားပြီး မလှုပ်မရှက် ငြိမ်သက်နေလေတော့၏။

မင်းကြီးအဖြစ်ကိုကြည့်ပြီး၊ သေနကသုခမိန်လည်း သေဘေးကို ကြောက်လန့်သဖြင့် မဟောသဓာအား တောင်းပန် အသနားခံလေသည်။

“မဟောသဓာသုခမိန် သင်ဟာ ကျွန်ုပ်တို့ထက် အသက်ငယ်ပေမယ့်လဲ ကျွန်ုပ်တို့ထက် အမြော်အမြင် ပညာကြီးမြတ်ပါတယ်၊ အခု ကျွန်ုပ်တို့ကို ဝိုင်းရံထားတဲ့ တပ်ကို သင်မနှင်နိုင်စရာ အကြောင်းမရှိပါ၊ မိတ္ထိလာပြည်ကို လာရောက်ဝိုင်းရံတုံးက သင်နှင်ထုတ်ပစ်လိုက်တဲ့ သာဓကရှိပါတယ်၊ အသင်သုခမိန်.... သင့်ပညာစွမ်းကိုပြပြီး မင်းကြီးနဲ့တကွ ကျွန်ုပ်တို့ အသက်ပေါင်းများစွာကို ကယ်တင်ပါ၊ ကျွန်ုပ်တို့မှာ အသင်မှတပါး အားထားစရာ မရှိတော့ပါ”

သေနကအမတ်သည်လည်း သနားစဖွယ် ညှိုးငယ်နွမ်းလျစွာသော မျက်နှာနှင့် မဟောသဓာအား တောင်းပန်ရှာ၏။ မဟောသဓာသည် ဤမင်းမြောင်ကပ်ဖါး လူညာဝါးကြီးများကိုလည်း မှတ်လောက်သားလောက်အောင် ဆုံးမဦးမည်ဟုကြံကာ—

"ဆရာသေနက....ဆရာတို့ဟာ မှုးမျိုးမတ်နွယ်က ဆင်းသက်လာတာမို့ ပညာရှိကြပါတယ်၊ ကြုံလာမယ့်ဘေးအန္တရာယ်တို့ကိုလဲ ကြိုတင်မြင်နိုင်စွမ်းရှိကြပါတယ်၊ ဒီလို ဘေးရန်အန္တရာယ်ကို မြင်ရက်နဲ့ မင်းကြီးကို ပဥ္စာလရာဇ်နိုင်ငံ ကြွချီရန် တိုက်တွန်းခဲ့ပြီး ခုလို ဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရတော့မှ ကျွန်ုပ်ကို ကယ်ပါယူပါ ပြောနေလို ကျွန်ုပ်ဘာတတ်နိုင်မှာလဲ၊ ဆရာသုခမိန်သာ မင်းကြီးကို ကောင်းကင်ခရီးက ဆောင်ယူသွားသင့်ပါတယ်"ဟု ပစ်ပစ်ခါခါပြောလိုက်သောအခါ သေနက သုခမိန်လည်း ငြိမ်ကုတ်ပြီး မလှုပ်စံ့အောင်ရှိလေသည်။

မဟောသဓာက ဆိုပြန်သည်။

"သေနကဆရာသုခမိန်....တကယ် ပညာ မရှိဘဲ ပညာရှိ အယောင်ဆောင်ပြီး မင်းမြှောင်ကပ်ဖါး ညာဝါး သန်းဖြန်းကာ မင်းလိုလိုက် မင်းအကြိုက်တင်လျှောက် အသက် မွေးခြင်းထက် သူဖုန်းစားကမြတ်ပါတယ်၊ သူဖုန်းစားဟာ အမျိုးယုတ်တယ်ဆိုသော်လဲ ဘယ်သူ့ကိုမှ ဒုက္ခမပေးပါ၊ မင်းမြှောင်ကပ်ဖါး လူညာဝါးကြောင့် မင်းနဲ့တကွများစွာသော ဗိုလ်ခြေတို့ ပျက်စီးခြင်းကို ရောက်နိုင်ပါတယ်။အခုဘဲအရှင်မင်းကြီးနဲ့တကွ များစွာသော မှုးမတ်ဗိုလ်ခြေများဟာ ရန်သူ့ လက်တွင်းမှာ အသက်ကုန်ဆုံးကြရတော့မယ်၊ဒါဘယ်သူ့အပြစ်လဲ၊ဆရာသုခမိန်ကြီးလေးဦးရဲ့ အပြစ်ဘဲမဟုတ်လား၊ ဆရာတို့ဟာ ဘေးအန္တရာယ်ကိုမမြင်၊ မင်းကြီးအလိုကျရင် ပြီးရောဆိုပြီး၊ တင်လျှောက်ခဲ့ကြတယ်မဟုတ်လား၊အခု ဆရာတို့ဘာတတ်နိုင်ကြသေးသလဲ၊ ဆရာတို့သာမဟုတ် ကျွန်ုပ်လဲ မတတ်နိုင်ပါ"

မဟောသဓာ၏စကားကိုကြားလျှင် သုခမိန်ကြီး ၄-ဦးမှာ မျက်နှာတွင်သွေးမဟုတ် တကိုယ်လုံးသွေးဆုတ်ဖြူရော်ကာ ကြမ်းပြင်တွင်ချထားသောကျောက်ရုပ်ကြီးများနှယ် ငြိမ်သက်နေကြ၏။

ထိုစဉ်—

"ဝိဒေဟရာဇ်မင်းကြီးကိုဖမ်းကြ"

"မဟောသဓာကိုဖမ်းကြ"

"မြို့ရိုးတွေကိုဖျက်"

"မြို့တံခါးတွေကိုချိုး"

"ရန်သူတွေကိုအသေသတ်"

"တယောက်မကျန်သတ်"

"မဟောသဓာခေါင်းကိုဖြတ်"

"ဝိဒေဟရာဇ်မင်းကြီးခေါင်းကိုဖြတ်" ဆိုသော အသံများကို နားကွဲလုမတတ် ကြားနေကြရလေသည်။

ဝိဒေဟရာဇ်မင်းကြီးသည် ရာဇပလ္လင်မှဆင်းကာ ဆောက်တည်ရာမရ ဟိုလျှောက် သည်လျှောက်နှင့် ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။ မင်းကြီးနဖူးပြင်မှ ချွေးသီးချွေးပေါက်ကြီးများ ကြမ်းပြင်ပေါ်သို့ တတောက်တောက်ကျနေသည်။ စမုတ်ဆောင်အတွင်းရှိ မှူးမတ်များသည် အားကိုးရာမဲ့ဖြစ်ပြီး မကြံတတ်ပဲ ငေးငိုင်နေကြ၏။ မဟောသဓာမူကား သေဘေးကိုကြောက်ရမှန်းမသိသူကဲ့သို့ အေးဆေးစွာပင်ရှိနေသည်။ သူ့မျက်နှာတွင် ထူးခြားပြောင်းလွဲခြင်းဘာမျှမရှိ။ဝိဒေဟရာဇ်မင်းကြီးမှာ မဟောသဓာအား စကားပြောလိုသော်လည်း မပြောဝံ့တော့သဖြင့် သေနကအမတ်ကြီးအနေနှင့်များ အသက်ချမ်းသာရာကို ကြံနိုင်ဦးမည်လားဟုတွေးကာ—

"ဆရာသေနက....ငါပြောစကားကို နားထောင်စမ်းပါ၊ ငါ့သားမဟောသဓာက သေဘေးမှလွတ်အောင် သူမကြံနိုင်လို့ဆိုပြီ၊ ငါ့မှာ သင်တို့မှတပါး တိုင်ပင်စရာမရှိတော့ပါ၊ အခုကြုံနေရတဲ့ဘေးကလွတ်အောင်ကြံပါအုံး"ဟု ရေနစ်သူသည် ကောက်ရိုးမျှင်ကိုအားကိုးတကြီးဆွဲပုံမျိုးဖြင့်မိန့်ဆို၏။

သေနကအမတ်သည် မင်းကြီးအမေးတော်ရှိသည်ကို ဖြေမှဖြစ်မည်ဟုတွေးကာ—

"အရှင်မင်းကြီး ကျွန်ုပ်တို့ဟာ သေမယ့်ဘေးကပြေးမလွတ်သာတော့ပါ၊ သေရမယ့်အတူတူ ရန်သူ့လက်ချက်နဲ့အညှင်းဆဲခံမသေဘဲ ဒီနန်းတော်ကိုမီးတိုက်ပြီးအသေခံလိုက်တာဘဲအကောင်းဆုံးဖြစ်ပါလိမ့်မယ်"ဟု တင်လျှောက်၏။

သေနကတင်လျှောက်သည်ကိုကြားလျှင် မင်းကြီးအလွန်စိတ်မချမ်းသာဖြစ်လျက်-

"ဟယ် သေနက...သင့်ကိုငါမေးတာဟာ မသေဘို့အကြံပေးဘို့သာမေးတယ်၊ သင်က သေစေဘို့လျှောက်ထားတယ်၊ သင်နဲ့သင့်မိသားစု မီးတိုက်သေကြ၊ ငါတို့မသေဘူး"ဟု မောင်းမဲပြီး ပက္ကုသအား—

"ပက္ကုသ .... ဒီရန်ဘေးကလွတ်အောင် ဘယ်လိုကြံမလဲ"ဟု မေး၏။

ပက္ကုသက-

"အရှင်မင်းကြီး...ရန်သူ့လက်ချက်နဲ့ မရှုမလှ သေရခြင်းထက် အဆိပ်သောက်သေတာကောင်းပါတယ်"ဟုတင်လျှောက်၏။

မင်းကြီးမကျေနပ်သဖြင့် ကာမိန္ဒကိုမေး၏။ ကာမိန္ဒကလည်း ရန်သူ့လက်ချက်နှင့်သေရခြင်းထက် လည်တွင်ကြိုးကွင်းစွပ်၍ ကြိုး

ဆဲ့ချသေရခြင်းက မြတ်ပါသည်ဟု လျှောက်၏။ မင်းကြီးသည် မကျေနပ်သဖြင့် ဒေဝိန္ဒကိုမေးမြန်း၏။

ဒေဝိန္ဒက-

"အရှင်မင်းကြီး....ကျွန်ုပ်တို့သုခမိန်လေးဦးထက် မဟောသဓာသုခမိန်စစ်သူကြီးသာ ကြံရည်ဖန်ရည်ဉာဏ်ပညာရှိပါတယ်၊ကျွန်ုပ်တို့လေးဦးအနေနဲ့ပြုမိမှားခဲ့တဲ့အပြစ်တွေကိုဝန်ခံပြီး မဟောသဓာသုခမိန်စစ်သူကြီးကိုတောင်းပန်ရင် ကျွန်ုပ်တို့အခုကြုံတွေ့နေရတဲ့ဘေးရန်က လွတ်မြောက်နိုင်ကြပါလိမ့်မယ်၊ မဟောသဓာမှမကြံနိုင်ဘူးဆိုရင်တော့ ဆရာသေနကလျှောက်တင်ခဲ့တဲ့အတိုင်း ရန်သူ့အညှင်းအသတ်မခံဘဲ နန်းတော်ကိုမီးတိုက်ပြီး သေကြခြင်းက မြတ်ပါလိမ့်မယ်"ဟု တင်လျှောက်၏။

မင်းကြီး မဟောသဓာကိုကြည့်၏။ မဟောသဓာသည် ရှုံ့ကြောက်ခြင်းကင်းသည့် ကေသရာဇာခြင်္သေ့မင်းကဲ့သို့ တည်ငြိမ်သောဣန္ဒြေနှင့်ရှိနေသည်။ ပဥ္စာလရာဇ်စစ်သည်တို့၏ အော်သံဟစ်သံများမှာ ပို၍နီးကပ်လာသည်၊ ပို၍ဆူညံလာသည်၊ စစ်စည် စစ်မောင်းသံများ၊ စစ်ဆင်စစ်မြင်းတို့၏အသံများ၊ စစ်ရထားဘီးလိမ့်သံများ၊ အော်သံဟစ်သံများကြောင့် နန်းတော်ပင်ပြိုတော့မလားထင်ရသည်။ မင်းကြီးသည် မဟောသဓာအားတောင်းပန်စကားပြောလိုသော်လည်း မပြောဝံ့သဖြင့်-

"ဩော်....ငါဟာ ငှက်ပျောလက်ပံပင်တွေမှာအနှစ်ရှိတယ်လို့ထင်မှားခဲ့သလို ငါ့သုခမိန်ငါးယောက်မှာ ပညာရှိတယ်အထင်နဲ့ ချီးမြှင့်မြှောက်စားခဲ့မိတယ်၊ အားကိုးခဲ့မိတယ်၊ ခုတော့ သူတို့ ငါးယောက်စလုံးဟာ သေဘေးကလွတ်အောင် မကြံမဆောင်နိုင်ကြ၊ ပညာမရှိတဲ့သူတွေကို ချီးမြှင့်မြှောက်စားယုံမှားမိတဲ့အတွက်

အခုငါဟာ သဲကန္တာရအလယ်မှာခရီးသွားရသလို ပူလောင်လှပြီ၊ ဘယ်ကိုဘဲကြည့်ကြည့် ငါ့အတွက် အားကိုးရာအရိပ်ကို မမြင်နိုင်တော့ပါကလား''ဟု ကြေကွဲနာကျင်စွာညည်းတွားရှာလေ၏။

မင်းကြီး ကြေကွဲနာကျင်စွာညည်းသည်ကိုကြားလျှင် မဟောသဓာသည် မင်းကြီးအား ငါပညာပြသည်မှာ တော်လောက်ပြီ၊ ထို့ထက်ပို၍ပညာပြလျှင် မင်းကြီးသေွးပျက်ပြီး ရူးသော်ရူးမည်၊ နှလုံးကွဲပြီး သေသော်သေမည်၊ မင်းနှင့်ဗိုလ်ပါတို့ စိတ်ချမ်းသာမှုပေးချိန်တန်ပြီဟုတွေးကာ-

''အရှင်မင်းကြီး....စူဠနီဗြဟ္မဒတ်မင်းက တဆယ့်ရှစ်ခေါဘိဏီ တပ်ကြီးနဲ့ဝိုင်းရံထားသော်လဲ စိုးရိမ်ကြောက်ရွံ့တော် မမူပါနဲ့၊ သားတော်က အရှင်မင်းကြီးကို ရာဟုသူရိန်ဖမ်းထားတဲ့လဝန်းကို အသူရိန်ထဲကနှုတ်ယူသလို၊ ညွှံမှာနစ်နေတဲ့ဆင်ကို ညွှံမှဆွဲတင်သလို၊ ပချုပ်ထဲရောက်နေတဲ့မြွေကို ပချုပ်ကဆွဲယူသလို၊ လှောင်အိမ်ထဲရောက်နေတဲ့ငှက်ကို လှောင်အိမ်မှဖွင့်ယူသလို၊ ဒီဘေးအန္တရာယ်ကထုတ်ယူပါမယ်၊ အရှင်မင်းကြီးသာမက များစွာသောမှူးမတ်ဗိုလ်ခြေတို့ကိုလဲ မှည့်တပေါက်မစွန်းရအောင် ကယ်တင်ပါမယ်။

''အရှင်မင်းကြီး.... ဒီမျှလောက် ဘေးရန်အန္တရာယ်ကို လွတ်အောင်မကြံဆောင်နိုင်ရင် သားတော်ဟာ ပညာရှိသုခမိန်မမည်ပါ၊ ဝိဒေဟရာဇ်နိုင်ငံတော်ရဲ့စစ်သူကြီးမမည်ပါ၊ သားတော်ဟာ ဒီလိုအရေးတွေကိုမြင်ထားပြီးမို့ ပဉ္စာလရာဇ်နိုင်ငံကို ကြိုတင်လာရောက်စီစဉ်နေတာဖြစ်ပါတယ်၊ ကြိုတင်စီစဉ်ရက်နဲ့ မင်းကြီးနဲ့တကွ စစ်သည်ဗိုလ်ခြေများ ရန်သူ့လက်မှာအသက်ဆုံးရှုံးရမယ်ဆိုရင် သားတော် ဘာအသုံးကျတော့မှာလဲ၊ အရှင်မင်းကြီး

မကြာမတင်မှာဘဲ ပဥ္စာလရာဇ်စစ်သည်တွေအားလုံး လေးမြှားနဲ့ ချောက်လှန့်ခံရတဲ့ ကျီးငှက်တွေလို ထွက်ပြေးကုန်ကြပါလိမ့်မယ်၊ အရှင်မင်းကြီးစိတ်နှလုံးချမ်းသာစွာစံနေတော်မူပါ”ဟု အားပေး လျှောက်တင်လေရာ မင်းကြီးမျက်နှာ ကြည်လင် ရွှင်လန်းလာ လေသည်။

ကေသရာဇာခြင်္သေ့မင်း၏ရဲရင့်ခြင်းဟန်မူရာ၊ အောင်မြင်ပြတ် သားသော မဟောသဓာစစ်သူကြီး၏စကားကိုကြားလျှင် မှူးမတ် ဗိုလ်ခြေအားလုံး ရွှင်လန်းဝမ်းသာကြ၏။

မဟောသဓာ၏စကားကိုကြားသော်လည်း သေနက သုခမိန် သည် ယုံကြည်ခြင်းမရှိသေး။ ဤမျှ ထူထပ်စွာ ဝိုင်းရံထားသော စစ်သည်များအား မည်သို့ထိုးဖေါက်လွတ်မြောက်နိုင်ပါမည်နည်း ဟုတွေးကာ—

“သုခမိန်....ကျွန်ုပ်တို့ ဘယ်လမ်းက ထွက်ကြမှာလဲ”ဟုမေး၏။

မဟောသဓာသည်ပြုံးလျက်—

“ကျွန်ုပ်တို့အားလုံး မြေလျှိုးပြီးသွားကြမယ်၊ သင်တို့ယူစရာ ငင်စရာကိုယူကြ၊ အခုဘဲသွားကြမယ်”ဟုဆို၏။

မဟောသဓာစကားကိုကြားလျှင် မှူးမတ်ဗိုလ်ခြေအားလုံးပြင် ဆင်ကြ၏။ သေနကသုခမိန်သည် မဟောသဓာအားမယုံမရဲနှင့် ကြည့်နေလေသည်။ မဟောသဓာသည် လုလင်သူရဲကောင်းများ အားခေါ်ယူကာ မင်းကြီးကြွချီတော်မူမည်ဖြစ်၍ ဥမင်ခရီးကို အဆင်သင့်ပြင်ဆင်ထားရန်မှာကြားစေလွှတ်လိုက်လေ၏။ မဟော သဓာသည် မင်းကြီးအား မှူးမတ်များခြံရံစေကာ အခမ်းအနား နှင့် နန်းတော်မှဆင်းသက်စေပြီး ဥမင်တံခါးဝသို့ ပင့်ဆောင်လာခဲ့ လေသည်။

ဥမင်အတွင်းရောက်သည်တွင် သေနကသည် အမေးအမြန်း ထူကာ အချိန်ကြာနေမည်စိုးသဖြင့် ၎င်း၏အခြံအရံများနှင့်အတူ ရှေ့မှသွားစေကာ မင်းကြီးအား အလည်ကထား၍ မင်းကြီး နောက်ပါးမှသူလိုက်၏။

မင်းကြီးသည် အဆန်းတကြယ်စီစဉ်ခင်းကျင်းထားသော ဥမင် ကို ငေးငေးမောမော ကြည့်ရှု၏။ ဗိုလ်ပါ အခြွေအရံများသည် စားဘွယ်သောက်ဖွယ်များကိုစားသောက်ကြ၏၊ ထိုသို့ဖြင့် ခရီး နှောင့်နှေးနေလေရာ မဟောသဓာက မင်းကြီးအား ကြွချိရန် မကြာခဏသတိပေးနေရလေ၏။ ဤသို့ဖြင့် ဥမင်အထွက်တံခါးဝ အနီးသို့ရောက်လေလျှင် အစောင့်သူရဲကောင်းတို့အား မင်းလေး ပါးကို လက်ထပ်တဲနန်းပြသာဒ်များသို့တင်ထားရန်စေခိုင်းလိုက်၏။ မင်းလေးပါးတို့တိုက်ခန်းမှထွက်လာကြသောအခါ မဟောသဓာ ကိုရင်း၊ ဝိဒေဟရာဇ်မင်းကြီးကိုရင်း တွေ့မြင်ကြရသဖြင့် ငါတို့ ရန်သူလက်တွင်းရောက်ပြီဟုသိကာ ငိုကြွေးကြလေ၏။

ဝိဒေဟရာဇ်မင်းကြီးသည် ဣန္ဒြေမဆောင်နိုင်ဘဲ ပဥ္စာလစန္ဒီ မင်းသမီးအား မြင်တွေ့ရသောအခါ တပ်မက်သော ချဉ်ခြင်း အာသာငင်းငင်းဖြင့် စူးစိုက်ရှုငေး၏။ ထိုအခါမဟောသဓာက—

"အရှင်မင်းကြီး ကျေနပ်တော် မူပါပြီလား၊ သားတော် မဟောသဓာဟာ ဘယ်ခါတခါမှမဖြစ်နိုင်တဲ့ စကားကို မပြောပါ၊ မကြံနိုင်တဲ့အကြံကိုမကြံပါ၊ အရှင်မင်းကြီးကို ကတိ ပေးခဲ့တဲ့ အတိုင်း ပဥ္စာလစန္ဒီမင်းသမီးကို သားတော် ပေးဆက်ပါမည်"ဟု လျှောက်ထား၏။

မင်းကြီးအလွန်ဝမ်းမြောက်ကြည်နူးလျက်—

"ဇမ္ဗူဒိပ်ကျွန်းမှာ အတုမရှိ ဉာဏ်ပညာ ကြီးမြတ်တဲ့ သားတော်၊ ခမည်းတော်မှာ ခမည်းတော်ရဲ့ မယ်တော် မွေးစဉ်က အသက်မရှိတော့၊ သားတော့်ရဲ့ အသက်သာရှိပါတော့တယ်၊ သားတော်ဟာ ခမည်းတော်ရဲ့ အကျိုး စီးပွားအတွက် အစဉ် အမြဲ ဆောင်ရွက်တယ်ဆိုတာကို အသက် ထက်ဆုံး ယုံကြည် မှတ်သားထားပါမယ်"ဟု မိန့်ဆိုလေ၏။

မဟောသဓာ၏ သူရဲကောင်း လုလင်များသည် မင်းလေးပါးအားလက်ထပ်ဘဲနန်း၏ ဘုံပြသာဒ်ဖျား အဆောင်၌ တင်ထားနှင့်ကြ၏။ မင်းလေးပါးသည် ဘုံပြသာဒ်ဖျား ရောက်သည့်တိုင်အင်မတိတ်နိုင်ဘဲပြင်းစွာဟစ်အော်ငိုကြွေးကြ၏။ထိုအချိန်၌ စူဠနီဗြဟ္မဒတ်မင်းသည် လက်ထပ်တဲနန်းနှင့် တဂါဝုတ်ခန့် အကွာတွင် ရောက်ရှိနေလေသည်။ ယခုအခါ ပဉ္စာလရာဇ် စစ်သည်များသည် နံနက်လင်းမှ ဥပကာရီမြို့ကို ဖျက်သိမ်း တိုက်ခိုက်မည် ဆိုသော မင်းကြီး၏အမိန့်တော်ကြောင့် အော်ဟစ် ဆူညံခြင်းမရှိဘဲတပ်ကို ချရပ်နားနေကြ၏။ သို့ကြောင့် ညဉ့်မှာ အလွန် တိတ်ဆိတ်နေသည်။

စူဠနီဗြဟ္မဒတ်မင်းသည် ရွက်ဖျဉ်တဲနန်းအတွင်း၌ လှဲလျောင်းနေစဉ် သူ၏နားတွင်းသို့ မိဖုရားကြီး နန္ဒာဒေဝီ၏ ငိုသံလိုလို၊ စလာကဒေဝီမယ်တော်၏ ငိုသံလိုလို၊ သားတော် ပဉ္စာလစန္ဒာမင်းသားလေး၏ငိုသံလိုလို၊သမီးတော် ပဉ္စာလစန္ဒီမင်းသမီး၏ငိုသံလိုလို အသံများကို မသဲမကွဲကြားနေရ၏။ မင်းကြီးသည် နန်းတော်တွင် ထားရစ်ခဲ့သော မင်းသားလေးပါးအတွက်စိတ်မချနိုင်ဘဲ သံသယဖြစ်နေသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ မှူးမတ်များအားခေါ်ယူမေးမြန်းရလျှင် ကောင်းမည်လားဟု စဉ်းစား၏။

သို့ရာတွင် နန်းတော်၌ အစောင့်အရှောက်လုံခြုံစွာ ထားပါလျက် မင်းကြီးစိတ်ပူရန်ကောဟု မှူးမတ်များက သရော်မည်ကို ရှက်သဖြင့် မမေးဘဲ နေလေသည်။

တခါတခါတွင် နန္ဒာဒေဝီမိဖုရားငိုသံသည် ဟူးဟူးရှရှ ပြတ်ပြတ်သားသားကြားရ၏။ ထိုအသံကြားလျှင် မင်းကြီး တကိုယ်လုံးပူရှိန်းသွားကာ လှဲလျောင်းရာမှ ထမိ၏။

'နန္ဒာဒေဝီ အသံဘဲ၊ အခု သူဘယ်ရောက်နေပါလိမ့်'ဟု တွေးပြီး စိတ်မအေးဘဲ ဖြစ်နေမိရှာလေသည်။

မဟောသဓာသည် မင်းလေးပါးတို့ရှေ့တွင် တည်ငြိမ်စွာရပ်လျက်—

"အသင်မင်းလေးပါးတို့....မငိုကြပါနဲ့၊ ကျွန်ုပ်တို့အနေနဲ့သင်တို့ကို သတ်ဖြတ်ဘို့ ခေါ်လာတာ မဟုတ်ပါဘူး၊ စူဠနီဗြဟ္မဒတ်မင်းကြီးဟာ ဒီဇမ္ဗူဒိပ်ကျွန်းမှာ ပဉ္စာလစန္ဒီမင်းသမီးနဲ့ ထိုက်တန်သူဆိုလို့ ကျွန်ုပ်အရှင် ဝိဒေဟရာဇ် မင်းကြီးတပါးသာ ရှိတယ်ဆိုပြီး နှစ်နိုင်ငံချစ်ကြည်သွေးစည်းရေးအတွက်သမီးကညာပေးဆက်ပါမယ်လို့ ကတိရှိခဲ့ပါတယ်၊ စူဠနီဗြဟ္မဒတ်မင်းကြီးပေးခဲ့တဲ့ကတိအတိုင်း အခု ဘွားတော်၊မယ်တော်၊ မောင်တော်စတဲ့ ဆွေမျိုးစုံရာရှေ့မှောက်မှာ ကျွန်ုပ်အရှင် ဝိဒေဟရာဇ်မင်းကြီးနဲ့ ပဉ္စာလစန္ဒီမင်းသမီးရဲ့ လက်ထပ်မင်္ဂလာပွဲကိုကျင်းပပါတော့မယ်"ဟု ဆိုကာ ပုရောဟိတ်ပုဏ္ဏားတို့အား မင်္ဂလာအခင်းအကျင်းကို ဆောင်နှင်းစေလေ၏။

ပုဏ္ဏားပုရောဟိတ်တို့သည် မင်္ဂလာ အခမ်းအနားကို ပြင်ဆင်ပြီးနောက်ပဉ္စာလစန္ဒီမင်းသမီးအားမိဖုရားကြီးအဖြစ်ဘိသိက်သွန်း

၍ ထိမ်းမြားလက်ထပ်ခြင်းအမှုကို ပြုလုပ်ဆောင်ရွက် ကြလေသည်။

ထိမ်းမြားမင်္ဂလာပွဲပြီးချိန်တွင် အာနန္ဒာအမတ်သည် မဟောသဓာ၏ ရှေ့တော်သို့ဝင်ရောက်လာပြီး လှေသုံးရာအသင့် စီစဉ်ထားကြောင်းတင်လျှောက်၏။

မဟောသဓာက—

"အရှင်မင်းကြီး....မိတ္ထိလာကိုကြွဘို့ အချိန်တန်ပါပြီ"ဟု တင်လျှောက်၏။

မဟောသဓာတင်လျှောက်လျှင် မင်းကြီးလည်း မဆိုင်းမတွပင် ကြွချီရန်ပြင်ဆင်၏။ မဟောသဓာသည် စလာကဒေဝီ၊ နန္ဒာဒေဝီ၊ ပဉ္စာလစန္ဒီတို့ကိုပါ များစွာသော အခြံအရံတို့နှင့် ခြံရံစေပြီး ရေဆိပ်သို့ခေါ်ဆောင်လာသည်။ ရေဆိပ်တွင် မင်းအတွက် အာနန္ဒာအမတ် အထူးစီရင်ထားသော လှေပေါ်သို့ ဝိဒေဟရာဇ်မင်းကြီးနှင့်အတူ မင်းလေးပါးကိုတက်စေ၏။

မင်းလေးပါးတို့မှာ ရန်သူ့နိုင်ငံသို့ လိုက်ပါရမည် ရှိသောအခါ ငိုယိုကြ၏။ ထိုအခါ မဟောသဓာသည် ကမ်းစပ်တွင် ရပ်လျက်—

"အရှင်မင်းကြီး....ပဉ္စာလစန္ဒီဒေဝီရဲ့ မောင်တော်ကို သင်မင်းကြီးရဲ့ယောက်ဖတော်ဖြစ်တဲ့အတွက် ယောက်ဖတော် အရာနဲ့ညီအောင် မြှောက်စားချီးမြှင့်တော်မူပါ၊ နန္ဒာဒေဝီ မိဖုရားကြီးကိုလဲ အမိအရာမှာထားပြီး အမိနဲ့ ထိုက်တန်အောင် မြှောက်စားတော်မူပါ၊ ပဉ္စာလစန္ဒီဒေဝီမိဖုရားကိုလဲ ကြင်နာ မြတ်နိုးစွာဖြင့် မိဖုရားအရာနဲ့ညီအောင် ချီးမြှင့် မြှောက်စားတော်မူပါ"ဟု မှာကြား လျှောက်ထားလေ၏။

မဟောသဓာဤသို့အမှာစကား လျှောက်ထားသည်မှာ သက်ဦးဆံပိုင်မင်းတို့ မည်သည့်စိတ်မချရ၊ မိမိနိုင်ငံရောက်လျှင် အကယ်၍ ပဉ္စာလစန္ဒာမင်းသားကလေးအား စိတ်အခန့်မသင့်လျှင် သတ်ဖြတ်ချင်က သတ်ဖြတ်မည်။ နန္ဒာဒေဝီမိဖုရားမှာလဲ အရွယ်အဆင်းတင့်တယ်၏၊ နီးစပ်လျှင် မင်းကြီး စိတ်ဖေါက်ပြားချင် ဖေါက်ပြားမည်၊ စိတ်ဖေါက်ပြားပြီး မဟားဒယား ကြံသော် မသင့်၊ ပဉ္စာလစန္ဒီအား မင်းကြီး ယခုအခါ အလွန် နှစ်သက်နေသော်လည်း နောင်အကြောင်းတစုံတရာကြောင့် စိတ်အခန့်မသင့်လျှင် စွန့်လွှတ်ချိုးနှိမ်မည်၊ အဘိသိက် သွန်းလောင်း လက်ထပ်ခဲ့သည့် မိဖုရားမို့ ပစ်ပယ်ချိုးနှိမ်ရန်မသင့်ဟု ရှေ့ရေးကို တွေးကာ စိုးရိမ်သဖြင့် မှာကြားလိုက်ခြင်းဖြစ်၏။ စလာကဒေဝီ မယ်တော်မူကား အရွယ်လွန်နေပြီဖြစ်၍ အထူးမှာကြားရန် မလိုတော့သဖြင့် သူ့အတွက် မမှာကြားတော့ပေ။

"အရှင်မင်းကြီး... အချိန်မရှိတော့ပါ၊ မြင်းတဖက်ကို ကူးပြီး မိတ္ထီလာပြည်ကို ကြွချီတော်မူသင့်ပါပြီ"

မဟောသဓာတင်လျှောက်လျှင် မင်းကြီးသည် မဟောသဓာအား စိတ်မချသဖြင့်—

"သားတော်နေခဲ့မလို့လား"ဟု အလောတကြီးမေး၏။

မဟောသဓာကနေခဲ့မည်ဖြစ်ကြောင်း ပြန်လည်လျှောက်ထားလေရာ မင်းကြီးမဟောသဓာအတွက် အလွန်စိုးရိမ်ပူပင်စွာဖြင့်—

"ချစ်သားမဟောသဓာ....သားတော် နေခဲ့လို့မဖြစ်ပါ၊ သားတော်ရဲ့စစ်သည်အင်အားဟာ ပဉ္စာလရာဇ် စစ်သည်အင်အားနဲ့စာရင်၊ အဆမတန်နဲပါးလှပါတယ်။ ပဉ္စာလရာဇ်ကိုခုခံမယ်ဆိုရင် မြင့်မိုရ်တောင်ကြီး လိမ့်လာတာကို လက်ဝါးနဲ့ ဆီးကာသလို

သာ ရှိလိမ့်မယ်၊ သားတော်ကို ပဉ္စာလရာဇ်လက်တွင်းမှာ အကျိုးမဲ့ ငါအဆုံးရှုံးမခံနိုင်ပါ”ဟု မိန့်တော်မူ၏။

မဟောသဓာသည် မင်းကြီးအား စိတ်အေးစေရန် တင်လျှောက်ပြန်၏။

“အရှင်မင်းကြီး....ပညာရှိတဲ့ စစ်သူကြီးဟာ စစ်သည် အသိန်းအသောင်းကို တယောက်ထဲနဲ့ အောင်နိုင်ပါတယ်၊ တယောက်ကောင်းရင် တသောင်းဗိုလ်ခြေ ညက်ညက်ကြေတယ်ဆိုတဲ့စကားကို အရှင်မင်းကြီး ယုံမှတ်တော်မူပါ၊ အရှင်မင်းကြီး အလှန်မဲမှောင်တဲ့ မြေအပြင်ဟာ နေဝန်း ထွက်လာတဲ့အခါ အမှောင်ထုပြယ်ပြီး အလင်းကိုရောက်စေပါတယ်၊ သားတော် မဟောသဓာဟာ အမှောင်ထုနဲ့ တူတဲ့ ပဉ္စာလရာဇ်စစ်သည်ထုကိုအမြင်အားဖြင့် သေးငယ်လှတဲ့ နေဝန်းရဲ့အလင်းရောင်နဲ့ ဖြန့်မိုး အုပ်စိုးသလို ဖယ်ရှင်းရပါမယ်၊ အရှင်မင်းကြီး.... သားတော်ဟာ တဆယ့်ခြောက်ကုဋေသော ဗိုလ်ခြေတို့ရဲ့ အကြီးအမှူး သေနာပတိဖြစ်ပါတယ်။ အဲဒီ ဗိုလ်ခြေဆင်မြင်းနွားလားရထားတို့ကို မသိမ်းမယူဘဲ ပဉ္စာလရာဇ်နိုင်ငံမှာ ပစ်ထားခဲ့လို့ မဖြစ်ပါ၊ ပစ်ထားခဲ့ရင် သားတော်ကို အမျိုပြုပြီး အားလုံး ဆုံးရှုံးခြင်းသို့ ရောက်ရပါလိမ့်မယ်၊ ဒါ့ကြောင့် အရှင်မင်းကြီး စိတ်အေး ချမ်းသာဖြင့် မိတ္ထိလာပြည်ကို ကြွချီတော်မူနှင့်ပါ”

မဟောသဓာ၏ လျှောက်တင်စကားကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် ငါ၏သားတော်ကား တာဝန် ကျေပွန်သော အာဇာနည်သူရဲကောင်းပေတည်းဟု အားရဝမ်းမြောက်တော်မူလျက် သေနကပုရောဟိတ်ဘက်လှည့်ပြီး—

"သေနကဆရာ....ငါ့သားတော်သုခမိန်စစ်သူကြီးဟာ ငါတို့ကို သာ ဘေးအန္တရာယ်ကလွတ်မြောက်စေတာမဟုတ်၊ များစွာသော စစ်သည်ဗိုလ်ပါတို့ကိုလဲ အန္တရာယ်ဘေးက ကယ်တင်ပေဦးမယ် လို့ ငါစိတ်ချယုံကြည်တော်မူပြီ၊ ပညာရှိသူတော်ကောင်းကိုရရှိတဲ့ အတွက် ငါနဲ့ ငါ့နိုင်ငံက စစ်သည်ဗိုလ်ပါအားလုံး အသက်ချမ်း သာရာရကြပေတော့မယ်"ဟု ဝမ်းသာအားရ မိန့်တော်မူ၏။

သေနကသုခမိန်ကလည်း—

"အရှင်မင်းကြီး....မဟောသဓာသုခမိန်ရဲ့ အကြံဉာဏ်ကြောင့် ကျွန်ုပ်တို့အန္တရာယ်အတွင်းက လွတ်မြောက်ခဲ့ရတာ အမှန်ဖြစ်ပါ တယ်၊ မကြာတင်မီမှာ ဗိုလ်ခြေအားလုံး လွတ်မြောက်ဘို့ရာလဲ သေချာပါတယ်၊ ဝိဒေဟရာဇ်နိုင်ငံမှာ မဟောသဓာသုခမိန် ရှိနေ တာဟာဖြင့်နေတဆူလတဆူရှိနေသလို ပြည်သူပြည်သားအားလုံး ချမ်းသာသုခရကြပါတယ်"ဟု မဟောသဓာ၏ ဂုဏ်ကျေးဇူးများ ကို ချီးကျူးလျှောက်ထားလေ၏။


"အရှင်မင်းကြီး....အချိန်လင့်၍မဖြစ်ပါ ကြွမြန်းတော်မူပါ"

မဟောသဓာလျှောက်တင်သောအခါ မင်းကြီးသည် လှေသုံး ရာနှင့်ရဲမက်များ ခြံရံလျက် ဂင်္ဂါမြစ်သို့ကူးဖြတ်တော်မူလေသည်။ မင်းကြီးလှေပေါ်တွင်ပါလာကြသော မင်းလေးပါးမှာ မိမိနိုင်ငံ၊ မိမိဆွေတော်မျိုးတော်တို့နှင့် ခွဲခွာကာ ရန်သူ့နယ်မြေသို့ လိုက်ပါ ရခြင်းကြောင့် ဖြေမဆည်နိုင်ဘဲ ငိုယိုမြည်တမ်းကြသတည်း။

မင်းကြီး ထွက်ခွာ သွားသောအခါ မဟောသဓာသည် မြစ် ဆိပ်မှတက်ခဲ့ပြီးရတနာကျောက်စီအိမ်ဖြင့်ဘယ်ဘက်ပုခုံးတွင်လွယ် ထားသော သံလျက်ကို ထုတ်ယူကာ ဥမင်တံခါးဝ သဲမြေ၌ မြှုပ်

၏။ ပြီးလျှင် ဥမင်ခရီးဖြင့် ဥပကာရီမြို့တော်သို့ဝင်ကာ အရသာရှိသော အစားအစာများကို စားသောက် သုံးဆောင်ပြီး စိတ်ချလက်ချအိပ်ရေးဝအောင် အိပ်စက်လေ၏။

နံနက်မိုးသောက်အခါ ပဉ္စာလရာဇ် စစ်သည်များမြို့ကို ချဉ်းကပ်လာသဖြင့်မဟောသဓာ၏မြို့စောင့်တပ်နှင့် တိုက်ပွဲတကြိမ်ဖြစ်ပြီး ငြိမ်သက်သွားပြန်လေသည်။



# ဂူဠနီဗြဟ္မဒတ်မင်း စစ်ရှုံးခြင်း

ပထမရှေ့ပြေးတပ်က ဥပကာရီမြို့ကို မထိုးဖေါက် မဖျက်ဆီးနိုင်ဘဲ နောက်ဆုတ်လန်လာလေရာ စူဠနီဗြဟ္မဒတ်မင်းသည် တိုက်ဆင်ပြောင်ကြီးကို စီးလျက် ဥပကာရီမြို့ရင်းသို့ ချဉ်းကပ်လာကာ စစ်သည်ရဲမက်များအား –

"ဟေ စစ်သည်တို့....မြို့ရိုးကို ဆင်နဲ့ဖြိုကြ၊ ဝိဒေဟရာဇ်နဲ့ မဟောသဓာကို မလွတ်စေနဲ့၊ အရှင်ဖမ်းပြီး ငါ့ကို ဆက်ကြ"ဟု အမိန့်ပေးကာ ရဲမက်စစ်သည်များကို ကွပ်ကဲလျက်ရှိ၏။ မင်းကြီးကိုယ်တိုင်ကြပ်မတ်ကွပ်ကဲလျက်ရှိလေရာ ဆင်စီးသူရဲတို့သည်လည်း ဆင်ကိုချွန်းဖွင့်၍ မြို့ရင်းသို့ကပ်ကြ၏။ မြင်းစီး သူရဲများလည်း မြင်းကို စိုင်းနှင်ကာ မြို့ရင်းသို့ကပ်၏။ ရထားစစ်သည်များလည်း ရထားကို အပြင်းနှင်ကြ၏။ ခြေလျင်စစ်သည်တို့လည်း အပြေးပင် ချီတက်ကြ၏။

"ဟော....စစ်သည်တို့....ဝိဒေဟရာဇ်မင်းနဲ့ မဟောသဓာ ဒီတခါ ငါတို့လက်က ဘယ်လိုကို ပြေးမလဲ၊ ငှက်လို ပျံပြေးမလား၊ တီကောင်လို မြေရှိုးပြေးမလား၊ ဘယ်လို ဘဲပြေးပြေး မလွတ်တော့ဘူး၊ ဝိုင်းကြဆီးကြ၊ တိုက်ကြ၊ ဖျက်ကြ"

စူဠနီ ဗြဟ္မဒတ်မင်းကြီးသည် ဆင်ပြောင်ပေါ်မှနေ ကာ ကျောက်စီအိမ်နှင့်သံလျက်ကို ဝင့်ကာဝင့်ကာအမိန့်ပေး၏။ ပဉ္စာလရာဇ်စစ်သည်တို့သည်လည်း အလွန့်စိတ်အားမာန်တက်ကြွစွာဖြင့် ဥပကာရီမြို့တွင်းသို့မြွားမျှားနှင့်ပစ်ခတ်ကြလေရာ မိုးရွာသည်နှင့်မခြားရှိချေ၏။

မဟောသဓာ၏သူလျှိုများသည် ဤတကြိမ်တွင် စူဠနီဗြဟ္မဒတ်မင်းသည် ငါတို့အရှင်အား ကျုံး၌မိသောဆင်ကိုဖမ်းသလို ဖမ်းနိုင်၏။ အကယ်၍ ငါတို့အရှင်အရေးမလှရှိလျှင် ကူညီနိုင်ရန်ဟုရည်ရွယ်ကာ သူလျှိုတရာတို့သည် ၎င်းတို့၏လက်အောက်တပ်သားများနှင့်အတူ စူဠနီဗြဟ္မဒတ်မင်းအနားမှမခွာဘဲ ပိုင်းရံထားကြလေ၏။

အပြင်မှ ပြင်းထန်သောအသံများကို အုတ်အုတ်ကျက်ကျက်ကြားနေရသော်လည်း မဟောသဓာသည် စိုးရွံ့ထိတ်လန့်ခြင်းမရှိဘဲ အိပ်ရာညောင်စောင်းမှ အသာအယာထကာ အေးချမ်းစွာ ကိုယ်လက်သုတ်သင်၍ အရသာရှိသောနံနက်စာကို စား၏။ ပြီးမှ အသပြာတသိန်းထိုက်သော ကာသိကရာဇ်တိုင်းဖြစ်ပုဆိုးနှင့် စစ်သေနာပတိဝတ်ရုံကို ဝတ်ဆင်ကာ ရတနာ ၇-ပါးတို့ဖြင့်စီချယ်အပ်သောကမ္ဗလာကို ပုခုံးပေါ်တင်လျက် ရွှေ-ငွေ-ပတ္တမြားတို့ဖြင့်စီချယ်ထားသည့် လှံလျင်ကိုစွဲကိုင်ကာ ရွှေခြေနင်းကိုစီးပြီးသော် အလွန်ချောမောလှပသော ကိုယ်လုပ်မိန်းမငယ်များအား စာမရီ

သားမြီးယပ်ဖြင့်ခတ်စေလျက်၊ အနီး၌နေစေကာ နန်းတော်စမုတ်ဆောင်လေသာပြတင်းကိုဖွင့်၍ စူဠနီဗြဟ္မဒတ်မင်းကြီးမြင်အောင်စကြံလျှောက်နေလေသည်။

စူဠနီဗြဟ္မဒတ်မင်းကြီးသည် ရဲရင့်တင့်တယ်စွာဖြင့် မိမိအားမခန့်ပြုလုပ်နေသော မဟောသဓာကိုမြင်လေလျှင် ဒေါသဖြစ်လျက် မဟောသဓာရှိရာတံခါးဝဆီသို့ စီးတော်ဆင်ကိုစိုင်း၍ ဝင်လာ၏။ မင်းကြီးအနီးသို့ရောက်သည်တွင် မဟောသဓာသည်စကြံလျှောက်ခြင်းကိုရပ်၍ လေသာပြတင်းဝမှနေကာ မင်းကြီးအားသူ၏ကျက်သရေရှိသောချက်နှာကိုပြုံးပြ၏။ ပြီးလျှင်—

"အရှင်မင်းကြီး....ဘယ်လိုအကြံနဲ့ ပင်ပန်းကြီးစွာ ဆင်ကိုစိုင်းနှင်လာပါသလဲ၊ ကျွန်ုပ်အရှင်မင်းကြီးကို အလွယ်တကူဖမ်းယူနိုင်ပြီထင်ကာ လာတော်မူတာလား၊ အဲဒီလိုအကြံနဲ့လာရင် အရှင်မင်းကြီး ပင်ပန်းရုံသာ ရှိပါမယ်၊ အရှင်မင်းကြီး ကြည့်ရတာအဘော်ပင်ပန်းနွမ်းနယ်နေပါတယ်၊ ဘာ့ကြောင့်အကျိုးမဲ့ အပင်ပန်းခံချင်တော်မူပါသလဲ၊ မြို့တော်ကိုပြန်ဝင်ပြီး အေးချမ်းစွာစံနေတော်မူပါ"ဟု သာယာချေငံသောစကားဖြင့် ပြက်ရယ်ပြု၏။

မင်းကြီးသည် ငါကဲ့သို့သော ကေရာဇ်ဘုရင်အား ဤမဟောသဓာသည် မလေးမစားပြက်ရယ်ပြုရကောင်းလားဟု ဒေါသပြင်းစွာဖြစ်လျက်—

"ဟယ်....မဟောသဓာ....သင် သေပန်း ပွင့်နေပြီ၊ သင်သည်အခုအလှအပဝတ်ဆင်ပြီး ရယ် ရွှင် ဘွယ် စကား ပြောနေတာဟာသေပန်းပွင့်ခြင်းသာဖြစ်တယ်၊ သေကာနီးလူများရဲ့ သွေးရူးသွေးတန်းလုပ်တတ်တဲ့အလေ့သာဖြစ်တယ်၊ အခုမကြာခင်မှာဘဲငါဟာ

သင့်ဦးခေါင်းကို သံလျက်နဲ့ ဖြတ်ယူတော်မူမယ်''ဟု ကြိမ်းဝါးလေ၏။

စူဠနီဗြဟ္မဒတ်မင်းနှင့်မဟောသဓာတို့ စကားပြောနေသည်ကို မြင်တွေ့ကြသောစစ်သည်တို့သည် ငါတို့အရှင်မင်းကြီးနှင့်မဟော သဓာ ဘာတွေပြောနေကြပါလိမ့်ဟုသိချင်သဖြင့် မင်းကြီးအနား ဝိုင်းရံလာကြပြီးလျှင် မဟောသဓာ၏ကြောက်ရွံ့ခြင်းကင်းပြီး ပြုံး ရွှင်ကြည်လင်ကာ ကျက်သရေရှိသောမျက်နှာကိုသာ ငေးမော ကြည့်ရှုနေကြလေသည်။

မဟောသဓာသည် အပြုံးမပျက်ရှိရာမှ—

''အရှင်မင်းကြီး .... ကေဝဋ္ဋပုရောဟိတ်လို ယုတ်ညံ့တဲ့အမျိုး မြင်းပေါင်ကျိုးကိုစီးတဲ့မင်းဟာ ကျွန်ုပ်ကဲ့သို့ ဝလာဟာကအမျိုး တန်ခိုးကြီးတဲ့ သိန္ဓောမြင်းပျံသခင်အရှင် ဝိဒေဟရာဇ်မင်းကြီးကို ဘယ်တော့မှလိုက်မမှီနိုင်ပါ၊ အရှင်မင်းကြီး .... အရှင်မင်းကြီးနဲ့ ကေဝဋ္ဋပုရောဟိတ်တို့ နန်းတော် ဘုံပြဿဒ် ထုပိကာအဖျားမှာ တိုင်ပင်ခဲ့ကြတဲ့စကားကို ဘယ်သူမှမသိဘူးလို့ထင်သလား၊ အရှင် မင်းကြီးတို့တိုင်ပင်ပြီးစကထဲက ကျွန်ုပ်ကြားသိခဲ့ပါတယ်၊ အခု အကြံအစည်ပျက်ပြီးမှ ရှက်ရမ်းရမ်းလို့လဲဘယ်လိုမှအကြောင်းထူး တော့မယ်မဟုတ်ပါ၊ အခုကျွန်ုပ်အရှင် ဝိဒေဟရာဇ်မင်းကြီးဟာ မိတ္ထိလာပြည်ကိုပြန်ကြွသွားတာ အရှင်မင်းကြီးသိလိုက်ပါသလား၊ မိတ္ထိလာပြည်ကိုပြန်ကြွရာမှာ မင်းကြီးတပါးထဲမဟုတ်ဘဲ မှူးမတ် ဗိုလ်ပါအခြွေအရံများစွာနဲ့ပြန်ကြွသွားတာဖြစ်ပါတယ်၊ အရှင် မင်းကြီး ကျွန်ုပ်လျှောက်ထားတာကို မယုံမကြည်ဖြစ်တော်မူပါ နဲ့၊ ကျွန်ုပ်တို့အရှင်မင်းကြီးဟာ တိတ်တဆိတ်ထွက်ပြေးသွားခြင်း

မဟုတ်ပါ၊ ဗိုလ်ပါအလုံးအရင်းနဲ့ ဂင်္ဂါမြစ်ကို ဖြတ်ကူးကြသွားပါတယ်။

"အရှင်မင်းကြီး....ကျွန်ုပ်တို့အရှင်မင်းကြီးရဲ့နောက်ကို ယောင်လို့မှလိုက်မတိုက်ပါလေနဲ့၊ ကျွန်ုပ်စကားကိုနားမထောင်ဘဲ အရှင်မင်းကြီးလိုက်တိုက်တော်မူမယ်ဆိုရင် ရွှေဟင်္သာအပေါင်း ခြံရံပျံသွားခဲ့လေပြီးသော ဟင်္သာမင်းနောက်ကိုလိုက်တဲ့ကျီးမိုက်နဲ့ မခြားအလဟဿအကျိုးမဲ့ ပင်ပန်းခြင်းသာဖြစ်ပါလိမ့်မယ်"

မဟောသဓာ၏စကား ကြားလျှင် စူဠနီ ဗြဟ္မဒတ်မင်းကြီး အလွန်ဒေါသဖြစ်လျက်—

"ဟယ် သူကြွယ့်သား....လူလေကြွား၊ အခု သင့်ကိုင်ါဖမ်းပြီး သတ်မယ်"ဟု ကြိမ်းဝါး၏။

မဟောသဓာ အပြုံးမပျက်ရှိရာမှ—

"အရှင်မင်းကြီး....ကျွန်ုပ်စကားကို နားထောင်တော်မူပါအုံး၊ အခုအရှင်မင်းကြီးတပ်တော်နဲ့ကျွန်ုပ်ရဲ့ဥပကာရီမြို့အား ဝိုင်းရံထားပုံကို ဥပမာတခုနှိုင်းပြီးတင်လျှောက်ပါရစေ၊ အရှင်မင်းကြီး....များစွာသောမြွေခွေးအပေါင်းဟာ ညအခါ လရောင်မှာမြင်ရတဲ့ ပေါက်ပွင့်ကိုသားတစ်ထင်ပြီး အချည်းနှီးအချိန်ကုန်ဆုံးရကြောင်း သိကာ ပေါက်ပင်ကိုစွန့်ခွာသွားကြသလို၊ အရှင်မင်းကြီးဟာလဲ ဥပကာရီမြို့မှာ ဝိဒေဟရာဇ်မင်းကြီးရှိမယ်အထင်နဲ့ ဝိုင်းရံထားတာ မဟုတ်ပါလား၊ အရှင်မင်းကြီး....ဝိဒေဟရာဇ်မင်းကြီးမရှိတော့ပါ၊ ဖမ်းယူဘို့ အားထုတ်တော်မူဘဲ မြေခွေးများ စွန့်ခွာသွားသလို ဥပကာရီမြို့ကိုစွန့်ခွာပြီး နန်းတော်ကိုသာ ပြန်ကြွတော်မူပါ"ဟု လျှောက်တင်၏။

မင်းကြီးသည် ဤမဟောသဓာသည် ငါ့ကဲ့သို့သော ကောရဗ္ဗ ဘုရင်ကိုပင် မကြောက်မရွံ့ မြေခွေးနှင့်နှိုင်း၍ လှောက်တင်ဝံ့ပေ သည်တကား၊ ထိုသူသည် အလွန်ပရိယာယ်ကြွယ်၍ဥာဏ်များ၏။ သူ့စကားကိုမယုံရ၍မဖြစ်၊ ယခင်ကလည်း ငါတို့ တဆယ့်ရှစ်ခေါ ဘိဏီတပ်ကြီးကို ခါးဝတ်ပုဆိုး ကျွတ်သည်ကိုမျှ မကောက်နိုင် အောင်ပြေးစေ၍ အရှက်ခွဲခဲ့ဘူးလေပြီ။ ယခုလည်း ငါ့လက်တွင်း ရောက်နေသောရန်သူကို လွတ်ထွက်စေပြန်ပြီ။ ထိုမဟောသဓာ သည် ငါ၏အကျိုးပျက်စီးရာပျက်စီးခြင်းကိုသာအစဉ်ကြံတတ်၏။ ငါ့အကျိုးပျက်စီးစေသူအား အမှုံ့ချေအံ့ဟုကြုံလျက် စစ်သည် တော်များဘက်သို့လှည့်ကာ—

"ဟေ ...စစ်သည်တော်တို့...မဟောသဓာ ငါ့ရန်သူဝိဒေဟရာဇ် မင်းကိုလွှတ်လိုက်ပြီ၊ မဟောသဓာကိုဖမ်းကြ၊ ဖမ်းပြီး လက်ခြေ နှာသီးဖျား နှုတ်ခမ်းဖျားတွေကိုဖြတ်ကြ၊ မဟောသဓာ့အသားကို တံစို့ထိုးပြီးမီးမှာကင်ကြ၊ မဟောသဓာ့အရေပြားကို ကားကြက် ကြ"ဟု ဒေါသတကြီးမိန့်တော်မူလေသည်။

"ဟား ဟား ဟား၊ အား ဟား ဟား"

မဟောသဓာ၏ကျယ်လောင်မြူးကြွသောရယ်သံကြောင့် ပဥ္စာ လရာဇ်စစ်သည်တို့မှာ ကျက်သီးမွေးညှင်းထသွားကြ၏။ မဟော သဓာသည် အားရပါးရရယ်ပြီးမှ—

"အရှင်မင်းကြီး....ကျွန်ုပ်မှာ ကိုယ့်အရှင့်အကျိုးကိုဆောင်ရွက် ပြီးပြီမို့ သေရမှာကို နဲနဲလေးမှမကြောက်ပါ၊ ကျွန်ုပ်ကိုမင်းကြီး ညှဉ်းသတ်သလို နန္ဒာဒေဝီ၊ ပဥ္စာလစန္ဒီ၊ ပဥ္စာလစန္ဒာတို့ခံရမှာမစိုး ရိမ်ဘူးလား။ ကျွန်ုပ်ခံရမှာက တယောက်ထဲပါ၊ အရှင်မင်းကြီး မယားနဲ့ သားသမီးများဟာ ကျွန်ုပ်ခံရသလို အမှန်ခံကြရပါလိမ့်

မယ်။ ကျွန်ုပ်ရဲ့ အရှင်မင်းကြီးဟာ အရှင်မင်းကြီးတို့က ကျွန်ုပ်ကို ဒီမှာစီရင်သလို နန္ဒာဒေဝီ၊ ပဥ္စာလစန္ဒီ၊ ပဥ္စာလစန္ဒာတို့ကိုလဲစီရင်မှာအမှန်ဖြစ်ပါတယ်”ဟု ရဲရင့်ပြတ်သားစွာလျှောက်ထား၏။

ထိုစကားကိုကြားလျှင် မင်းကြီးစဉ်းစား၏။ ငါ၏မိဖုရားနဲ့ သားတော်သမီးတော်တို့ကို နန်းတော်အထက် ကျက်သရေဆောင်မှာလုံခြုံအောင် အစောင့်အရှောက်တွေချထားတာကို သူဘယ်လိုယူဆောင်နိုင်မည်နည်း၊ အခုသူပြောသောစကားမှာ သူ့ကိုငါဖမ်းသတ်မှာကြောက်၍သာ လည်ဆယ်လှည့်ဖျားပြီး လိမ်လည်ပြောကြားခြင်းဖြစ်ပေမည်ဟုတွေးနေ၏။

ထိုစဉ် မဟောသဓာက ထပ်မံတင်လျှောက်ပြန်၏။

“အရှင်မင်းကြီး... ကျွန်ုပ်စကားကိုမယုံရင် နန်းတော်ကို အခုသွားကြည့်ပါ၊ အရှင်မင်းကြီးနန်းတော်ဟာ သုသာန်တစပြင်လိုခြောက်ကပ်နေပါပြီ၊ ကျွန်ုပ် မနေ့ညကဘဲ သူရဲကောင်းတွေကိုစေလွှတ်ပြီး အရှင်မင်းကြီးမယ်တော် စလာကဒေဝီ၊ မိဖုရား နန္ဒာဒေဝီ၊ သမီးတော်ပဥ္စာလစန္ဒီ၊ သားတော် ပဥ္စာလစန္ဒာစတဲ့ မင်းလေးပါးကို ဆောင်ယူစေတယ်၊ ပြီးတော့ ကျွန်ုပ်အရှင် ဝိဒေဟရာဇ်မင်းကြီးလက် ပေးအပ်လိုက်ပါတယ်၊ အခု မင်းလေးပါး မိတ္ထီလာပြည်မှာရောက်နေပါတယ်”

မဟောသဓာ၏စကားကို ကြားလျှင် စူဠနီဗြဟ္မဒတ်မင်းကြီး တုန်လှုပ်သွား၏။ ထိုသူသည် အလွန်လျင်၍ ဥာဏ်များ၏။အလွန်လည်းထက်မျက်၏။ သူရသတ္တိနှင့် ရဲရင့်ခြင်းလည်းရှိ၏။ သူပြောသောစကားကို မယုံမကြည်လစ်လျူရှု၍မဖြစ်၊ ညကလည်း ငါ့မိဖုရားငိုသံကို ထင်ထင်ရှားရှားငါကြားရသည်။ ယခုပင် ငါ့နန်း

တော်သို့စေလွှတ်ပြီးကြည့်စေခိုင်းမှဖြစ်မည်ဟုတွေးကာ စိတ်ချယုံကြည်ရသောအမတ်တယောက်ကိုခေါ်တော်မူပြီးလျှင်—

"အခု ငါ့နန်းတော်ကိုသွားကြည့်ချည်၊ မဟောသဓာပြောစကား မှန်·မမှန် ငါ့ကိုအမြန်ပြန်ပြီးလျှောက်တင်"ဟုလွှတ်လိုက်၏။

အမတ်ကြီး မြင်းကိုအပြင်းစိုင်းနှင်လျက် နန်းတော်သို့သွား၏။ နန်းတော်ရောက်သောအခါ တံခါးများပွင့်လျက် သုသာန်တစပြင်နှယ် ငြိမ်သက်တိတ်ဆိတ်နေသည်ကို မြင်တွေ့ရ၏။ လူသံသူသံလည်း မကြားရ၊ အမတ်သည် ဟိုဟိုသည်သည်ရှာဖွေကြည့်ရှုသောအခါ အတုံးအရုံးလဲပြိုကာ ပါးစပ်၌အဝတ်များဆို့ပိတ်နေသောအစောင့်များကိုမြင်တွေ့ရ၏။ အမတ်သည် လဲပြိုနေသူတို့လက်ခြေတွင် တုပ်နှောင်ထားသောကြိုးများကို ဖြတ်တောက်၍ ပါးစပ်မှာဆို့ပိတ်နေသော အဝတ်စများကိုဆွဲထုတ်ပြီး မေးမြန်းသောအခါ ရန်သူ၏လက်ချက်ကိုခံရကြောင်းပြောကြ၏။ထိုအခါ အမတ်လည်း နန်းတော်ဘုံပြာသဒ်ကိုပြေးတက်ပြီး ကြည့်ပြန်သည်။ ဘုံပြာသဒ်ဆောင်၌လည်း မင်းလေးပါးကိုမတွေ့ရတော့ချေ။

အမတ်သည် နန်းတော်မှအပြေးဆင်းကာ အသင့်ရှိနေသောသူ၏မြင်းပေါ်သို့လွှားတက်ပြီး မင်းကြီးရှိရာသို့ အပြင်းစိုင်းနှင်ခဲ့၏။ မင်းကြီးထံရောက်လျှင် ရှေ့တော်သို့ဝင်၍—

"အရှင်မင်းကြီး....စစ်သူကြီး မဟောသဓာ ဆိုခဲ့တဲ့အတိုင်းမှန်ပါတယ်၊ နန်းတော်မှာ လူသံတိတ်ဆိတ်ပြီး သုသာန် တစပြင်နဲ့မခြား ဖြစ်နေပါတယ်၊ စားဘွယ် သောက်ဘွယ်များ ပြန့်ကြဲပြီး ကျီးငှက်တွေပျော်ပါးရာသာဖြစ်နေပါတယ်၊ ရွှေတိုက်၊ငွေတိုက်တံခါးများလည်း ပွင့်နေပါတယ်။မင်းလေးပါးလည်း မရှိတော့ပါ" ဟု ခပ်လောလောလျှောက်တင်လေသည်။

အမတ်တင်လျှောက်သည်ကိုကြားလျှင် မင်းကြီးမှာ ချစ်သော မိဖုရားနှင့် သားသမီး၊ မယ်တော်တို့အတွက်ပူဆွေးသောကရောက် ရကာ တကိုယ်လုံး ပူလောင်ပြီး ချွေးသီး ချွေးပေါက်ကြီးများ နဖူးပြင်မှ စီးကျလာ၏။ ၉၉-ပါးသော ထီးဆောင်းမင်း၊ တဆယ့် ရှစ်ခေါဘိဏီတပ်မဟာနှင့် ဝိုင်းရံထားပါလျက် ဝိဒေဟရာဇ်မင်း ကြီးကို လွတ်မြောက်စေရုံသာမက မိမိ၏ မိဖုရား၊ သားတော်၊ သမီးတော်တို့ကိုပါ မိတ္ထိလာပြည်သို့ ယူဆောင် နိုင်အောင် စော် ကားသော မဟောသဓာအား နာကျည်းကာ အပြင်းအထန်ဒေါ ပွလာလျက်—

"ဟယ်....မဟောသဓာ....သင့် မြို့ကိုရော သင့်ကိုရောမှုံ့မှုံ့ ညက်ညက်ချေပစ်မယ်"ဟု ကြုံးဝါးလေ၏။

မဟောသဓာလည်း တုဘ်လုံတံနှင့်ထိခိုက်မိ၍ အမျက်ထွက် ကာ ပါးပြင်ထောင်နေသော မြွေဟောက်နှယ် ဒေါသမုန်တိုင်း ထန်နေသော စူဠနီဗြဟ္မဒတ်မင်းကြီးကို မြင်ရလျှင် ဤမင်းတွင် စစ်သည်အင်အားများစွာရှိ၏၊ ထိုမင်းကို အားချင်းပြိုင်၍ ငါမ နိုင်၊ ဝိဒေဟရာဇ်မင်းကြီးအမိန့်ရှိသလို မြင့်မိုရ်တောင်ကြီးလိမ့်လာ သည်ကို လက်ဖြင့်တွန်းသလိုသာ ရှိချေမည်။ သူ့အနေနှင့် ငါ့ မိဖုရား သားတော် သမီးတော်တွေ သေချင်သေ ဖြစ်လိုရာဖြစ်ဆို ပြီး ဇွတ်တရွတ်တိုက်ခိုက်လျှင် ငါခံရမည်။ ဤအခြေ မရောက်မီ ထိုမင်း စိတ်ပျော့ပြောင်း ညွတ်နူးလာအောင် ငါကြံမှ ဖြစ်မည်၊ ထိုမင်း၏ မိဖုရားနန္ဒာဒေဝီမှာ အလွန်နှစ်သက်စွဲလန်းဘွယ်ကောင်း သော ရုပ်အဆင်းရှိ၏၊ မင်းကြီးကိုယ်တိုင်လည်း နန္ဒာဒေဝီမိဖုရား ကို အလွန်နှစ်သက်တော်မူသည်ဟု ငါကြား၏၊ နန္ဒာဒေဝီ အ ကြောင်းကို ချီးကျူးပြောဆိုလျှင် ထိုမင်းဒေါသပြေငြိမ်းနိုင်တန်

ရာ၏။ မဟောသဓာသည်ဤသို့တွေးပြီးပုခုံးထက် တင်ထားသော ကမ္ဗလာနီကို လှမ်းခြုံလိုက်ကာ ဝါဝင်းသော လက်တဖက်ကို လေသာပြုတင်းအပြင်သို့ ထုတ်၍ နန္ဒာဒေဝီမိဖုရား ထွက်ခွာသွားရာအရပ်ကို လက်ညှိုးဖြင့် ညွှန်ပြပြီး—

"အရှင်မင်းကြီး....ဒီဇမ္ဗူဒိပ်ကျွန်းမှာနန္ဒာဒေဝီမိဖုရားလောက်ချောတဲ့လှတဲ့ စွဲမက်နှစ်သက်စရာကောင်းတဲ့ မိန်းမသားကို ကျွန်ုပ်မမြင်ဘူးသေးပါ၊ နန္ဒာဒေဝီဟာ ရုပ်အသွင်သာ လှပ ချောမောတာမဟုတ် အသံကလဲ ကရဝိတ် ငှက်အသံနှယ် သာယာလှပါတယ်၊ အခုဆိုရင် ကျွန်ုပ်ညွှန်ပြရာ ခရီးကနေပြီး မိတ္ထိလာပြည်ကို ထွက်ခွာသွားပါပြီ။

"အရှင်မင်းကြီး....နန္ဒာဒေဝီဟာ သားသမီးဖွားမြင်ပြီးတဲ့မိန်းမနဲ့မတူ၊ အပျိုစင်နဲ့မခြား တင်ရင်ဖွံ့ထွားပြီး ခါးကျဉ်ကာ ကိုယ်နေအချိုး ပြေပြစ်လှပါတယ်၊ မျက်နှာမှာ မသွယ်မဝိုင်း အနေတော်ဖြစ်ပြီး ကော့ပျံ့တဲ့ မျက်တောင် ညိုမှောင်တဲ့မျက်ဝန်း မထူလွန်း မပါးလွန်းပဲ နီစွေးစွေး နှုတ်ခမ်းအစုံ ပေါ်လွင်တဲ့ နှာတံ နက်မှောင်သွယ်တန်းတဲ့မျက်ခုံး မဲနက်ရှည်လျားတဲ့ဆံပင် ကြော့ရှင်းတဲ့လည်တိုင်မှာ အရစ်အရေးမရှိဘဲ ပွတ်စက်မှာတင်ပြီး စီရင်ထားသလို လုံးဝန်းပါတယ်၊ သွားကလေးတွေကလဲ အရည်ကောင်းလှတဲ့ ပုလဲသွယ်နှယ် ဖြူဖွေးတောက်ပနေပါတယ်၊ သွယ်လျတဲ့ လက်ချောင်းကလေးများ၊ နီရောင်ပြေးနေတဲ့လက်ဖဝါး၊ ပါးဖေါင်းဖေါင်းပေါ်မှာ ပန်းနုရောင်သွေးကြောလေးတွေယှက်သန်းနေတာမို့ နံ့သာမချယ်မသဘဲနဲ့တောင် ကြည့်လို့ လှနေပါတယ်၊ ဆင်နှာမောင်းနှယ်အရင်းတုတ်ပြီးအဖျားသွယ်တဲ့ပေါင်တံ၊ ကျိတ်ဆုံမကျွံ့ုင်လို လုံးချောပြီး ပြေပြေ သွယ်သွယ် ခြေသလုံး၊

ခုံးတယ်ပြားတယ်မဆိုသာဘဲ ဝါဝင်းနေတဲ့ ခြေဖမိုး၊ အဲဒီလိုအလှမျိုးစုံတွေကို စုပုံ ပိုင်ဆိုင်ထားတဲ့ နန္ဒာဒေဝီ မိဖုရားခေါင်ကို ကျွန်ုပ်အရှင်ဝိဒေဟရာဇ်မင်းကြီး ခေါ်ဆောင် သွားလေပြီ"ဟု တင်လျှောက်၏။

စူဠနီဗြဟ္မဒတ်မင်းကြီးသည် မဟောသဓာ၏စကားကို ကြားလျှင် မိဖုရားကြီး နန္ဒာဒေဝီ၏ရုပ်ပုံကို အထင်းသားမြင်နေမိကာ ငယ်စဉ်မှအစ တဦးကိုတဦး ချစ်ကြင်ယုယခဲ့ပုံများကို ပြန်သတိရပြီး နန္ဒာဒေဝီအား အလွန့်အလွန် နှမြောတမ်းတ နေမိလေတော့သည် စူဠနီဗြဟ္မဒတ်မင်းကြီးငိုင်နေစဉ် မဟောသဓာက—

"အရှင်မင်းကြီး....ဒီဇမ္ဗူဒိပ်ကျွန်းမှာ နှိုင်းယှဉ်ရမယ့် ချောမောလှပတဲ့ မိဖုရားကို မင်းကြီးအသေခံနိုင်ပါ့မလား၊ ကျွန်ုပ်ဟာလဲ ဇမ္ဗူဒိပ်ကျွန်းမှာ အတူမရှိတဲ့ သုခမိန် ဖြစ်တဲ့အတွက် အခုကျွန်ုပ်အရှင်ဝိဒေဟရာဇ်မင်းကြီးရဲ့အကျိုးကို ဆောင်လို့ပြီးမြောက်ပါပြီ၊ ကျွန်ုပ်အရှင်လဲ အသိုတော်ပြည့်ပေပြီ၊ အကယ်၍ ကျွန်ုပ်ကို အရှင်မင်းကြီး ဖမ်းယူသတ်ဖြတ်ပြီး အဆုံးစီရင်ခဲ့ရင်၊ ကျွန်ုပ်အရှင်ဝိဒေဟရာဇ်မင်းကြီးကလဲ နန္ဒာဒေဝီမိဖုရားကို သတ်ဖြတ်အဆုံးစီရင်ပါလိမ့်မယ်၊ အရှင်မင်းကြီး နန္ဒာဒေဝီလို မိန်းမမြတ်ကို အဆုံးရှုံးခံနိုင်ပါ့သလား။

"အရှင်မင်းကြီး.... ကျွန်ုပ်အနေနဲ့ ကိုယ့်အရှင်သခင်ရဲ့အကျိုးအတွက် ဆောင်ရွက်ခဲ့ပြီမို့ သေရသော်လဲမြတ်ပါတယ်၊ အရှင်မင်းကြီးမှာသာ အစားရှာမရနိုင်တဲ့မိဖုရားမြတ်ဆုံးရှုံးရမှာမို့ အမြဲမပြတ်စိတ်ဆင်းရဲပြီး ဘုရင်ဖြစ်နေရသော်လဲ ဘုရင့်စည်းစိမ်ကို ခံစားစံစားနိုင်တော့မယ်မဟုတ်ပါ"ဟု မင်းကြီးစိတ်နှလုံးညွတ်နူးလာအောင် စကားတန်းဆာဖြင့် တင်လျှောက်၏။

စူဠနီဗြဟ္မဒတ်မင်းကြီးသည် မဟောသဓာ၏စကားကိုနားစိုက်ထောင်နေရာမှ မင်းကြီး၏စိတ်အာရုံသည် နန္ဒာဒေဝီမိဖုရားထံသို့ သာလျှင်ရောက်ရှိနေကာ လှမ်းမောတမ်းတရင်း ဆင်ဦးကင်းပေါ်တွင်ငေးငိုင်နေ၏။ မဟောသဓာသည် မင်းကြီး မိမိစကားတွင် ညွှတ်ပြောင်းလာပြီကိုသိသောအခါ—

"အရှင်မင်းကြီး....နန္ဒာဒေဝီ မိဖုရားခေါင်ကြီး၊ သားတော်ပဉ္စာလစန္ဒာမင်းသားနဲ့ မယ်တော်စလာကဒေဝီတို့ကို ပဉ္စာလရာဇ်နိုင်ငံ ပြန်ရောက်လာအောင် စွမ်းဆောင်နိုင်သူမှာ ကျွန်ုပ်မှတပါး ဤဇမ္ဗူဒိပ်ကျွန်းမှာ မရှိတော့၊ ကျွန်ုပ်အသက်ရှင်လို့ မိတ္ထိလာကို သွားခွင့်ရရင် မင်းသုံးပါးကို ကျွန်ုပ် မင်းကြီးထံ ခေါ်ဆောင်ဆက်သပါ့မယ်"ဟု တင်လျှောက်၏။

မဟောသဓာတင်လျှောက်သည်ကိုကြားလျှင် မင်းကြီးသည် သူ တင်လျှောက်သည်မှာမှန်၏။ သူမှတပါး ငါ့မိဖုရားနှင့် သားတော်မယ်တော်တို့ကို ငါ့ထံပြန်ရောက်အောင် စွမ်းဆောင်နိုင်သူ မရှိ၊ သူ့ကိုအသက်ရှင်စေမှဖြစ်မည်ဟုတွေးကြံမိလေသည်။ ထိုသို့တွေးရင်းနှင့် တဆက်တည်းမှာပင် ငါသည် တဆယ့်ရှစ်ခေါဘိဏီသောတပ်မဟာနှင့် ဥပကာရီမြို့ငယ်ကိုအထပ်ထပ်ဝိုင်းရံပြီး ထောင်ချောက်တွင်ရောက်နေသော ကြွက်ငယ်ကို ဖမ်းယူ သတ်ဖြတ်သလို ဝိဒေဟရာဇ်မင်းနှင့်မဟောသဓာကိုသတ်ရန်ကြံခဲ့၏။ သည်ကြားမှနေပြီး ဝိဒေဟရာဇ်မင်းကြီးကိုလွတ်ထွက်သွားစေရုံမက ငါ့မိဖုရားသားတော် သမီးတော် မယ်တော်တို့ကိုပါ ပြည့်ကြပ်လုံခြုံသောအစောင့်များလက်တွင်းက ယူဆောင်ပြီး ဝိဒေဟရာဇ်မင်းကြီးနှင့်ထည့်လိုက်ချေသေးသည်။ ဝိဒေဟရာဇ်မင်းကြီးဟာ များစွာသော

ဗိုလ်ခြေအခြံအရံနှင့်ထွက်ခွာသွားသည်ကိုလည်း ငါ၏တပ်မဟာက တစုံတယောက်မျှမမြင်မသိလိုက်။

သို့ဆိုလျှင် မဟောသဓာသည် လူတို့မကြံနိုင်ဘဲ နတ်တို့သာ ကြံနိုင်သောတန်ခိုးဣဒ္ဓိပါဒ်ကိုရရှိနေ၍လော၊ ဝိဇ္ဇာထိုရ်အတတ်ကို တတ်ပွန်နေ၍လော၊ အင်းအိုင်ခလဲ့လက်ဖွဲ့မန္တယားစသော ဆန်းကြယ်သောပညာကိုတတ်၍လော၊ ပဥ္စလက် နဝလက်မျက်လှည့်၊ လက်လှည့်အတတ်ကိုတတ်၍လော၊လိုရာအောင်ကြောင်း ကောင်းမြတ်သောမန္တာန်ကိုရွတ်ဆိုနိုင်၍လော စသည်စသည်ဖြင့် အံ့ဩဘွယ်ရာများကိုတွေးပြီးလျှင်—

"အသင်သုခမိန်....သင့်တွင် ဘယ်ကဲ့သို့သောထူးထွေဆန်းပြားသောတန်ခိုးဣဒ္ဓိပါဒ်ရှိပါသလဲ၊ သင့်တွင် ဘယ်ကဲ့သို့သော လျို့ဝှက်ဆန်းကြယ်တဲ့ပညာတွေရှိနေပါသလဲ၊ သင်ဟာဝိဇ္ဇာထိုရ်လား၊ သင်ဘယ်သို့သောဂါထာမန္တာန်ကိုရွတ်ဆိုပြီး ဝိဒေဟရာဇ်မင်းနှင့်တကွ ငါ့မိဖုရား သားတော် သမီးတော် မယ်တော်တို့နဲ့အတူ များစွာသောဗိုလ်ပါအခြံအရံတို့ကို ဒီဥပကာရီမြို့က ဘယ်သူမှမသိရအောင် ထွက်သွားစေပါသလဲ"ဟု မေးတော်မူ၏။

မင်းကြီးမေးတော်မူလျှင် မဟောသဓာပြုံး၍—

"အရှင်မင်းကြီး....ကျွန်ုပ်ဟာ တန်ခိုးဣဒ္ဓိပါဒ်ရှင် နတ်ဒေဝါ မဟုတ်ပါ....၊ ကောင်းကင်တိမ်ကြား ပျံသွားနိုင်တဲ့ ဝိဇ္ဇာထိုရ် ယောကျ်ားလဲမဟုတ်ပါ၊ပဥ္စလက်စတဲ့ လောကီပညာရပ်ကိုလဲမသုံးပါ၊ ဂါထာမန္တာန်လဲ မရွတ်ပါ၊ အရှင်မင်းကြီး....အကြံဉာဏ်ရှိသူဟာ မိမိအကြံဉာဏ်ကိုသာအားကိုးပါတယ်၊ မိမိလုံ့လဝီရိယကိုသာအသုံးပြုပါတယ်၊ မိမိဇွဲသတ္တိနဲ့သာ အောင်မြင်မှုကိုရယူပါတယ်၊ ကျွန်ုပ် အခုဆောင်ရွက်ခဲ့တာဟာ အရှင်မင်းကြီးအပေါ်

အနိုင်ရဘို့ နိုင်လိုမင်းထက် ကျင့်လိုတဲ့ဆန္ဒနဲ့ မဟုတ်ပါ၊ နှစ်နိုင်ငံမင်းနှစ်ပါးတို့ အရှည်ချစ်ကြည်ရေး၊သွေးနှောစည်းရုံးရေးအတွက် ဆောင်ရွက်ခြင်းသာဖြစ်ပါတယ်၊ ကျွန်ုပ် လေးလကျော်ကြာမျှ မြို့နန်းတည်ဆောက်ခဲ့တာဟာ သာမန်မြို့ မဟုတ်ပါ၊ နန်းတော်လှေခါးကဆင်းပြီး ဂင်္ဂါမြစ်အထိသွားနိုင်တဲ့ ဥမင်မြို့ကိုလဲတည်တယ်၊ အရှင်မင်းကြီးနန်းတော်လှေခါးခုံအရောက် ဥမင်တွေကိုလဲ ဖေါက်လုပ်ခဲ့တယ်၊ အရှင်မင်းကြီးတို့က ကျွန်ုပ်တို့ကိုသာသဲမဲပြီး ဝိုင်းရံထားစဉ်မှာ ကျွန်ုပ်သူရဲကောင်းများကို အရှင်မင်းကြီးနန်းတော်ကိုစေလွှတ်ပြီး မင်းလေးပါးကို ဥမင်ကွေ့ခရီးက ခေါ်ဆောင်ခဲ့ပါတယ်။


"အရှင်မင်းကြီး....နှစ်နိုင်ငံ ချစ်ကြည် သွေးနှောရေး အတွက် ကျွန်ုပ်ဆောင်ရွက်ပါတယ်၊ မင်းလေးပါးကိုဥမင်ကွေ့ခရီးကခေါ် ဆောင်လာပြီးတဲ့နောက် လက်ထပ်တဲနန်းပေါ်တင်ပြီး သားတော် မယ်တော် မောင်တော်တို့ရှေ့မှာ ပဉ္စာလစန္ဒီမင်းသမီးကို ကျွန်ုပ် အရှင်မင်းကြီးနဲ့ လက်ထပ်မင်္ဂလာ ပြုဆောင်ပါတယ်၊ အဘိုးသိက် ခံယူပြီး မိဖုရားအရာ မြှောက်ပါတယ်၊ အခုဆိုရင် ပဉ္စာလစန္ဒီ သမီးတော်ဟာ မြှောက်နန်းမဒေဝီအဖြစ်ကို ရရှိနေပါပြီ"ဟု တင် လျှောက်၏။

မဟောသဓာ တင်လျှောက်လေလျှင် စူဠနီဗြဟ္မဒတ်မင်းကြီး ဥမင်ကိုစိတ်ဝင်စားဟန်၊ ကြည့်ရှုလိုဟန်အသွင် မျက်နှာတွင်ပေါ် လာ၏။ ထိုအချင်းအရာကို မြင်သောအခါ မဟောသဓာသည် မင်းကြီးစိတ်ညွတ်နူးသည်ကိုသိသဖြင့်—

"အရှင်မင်းကြီး....ကျွန်ုပ်တည်ဆောက်ဖေါက်လုပ်တဲ့ဥမင်ဟာ ဥမင်မည်ကာမတ္တမဟုတ်ပါ၊ ဥမင်မှာ တံခါးမရှစ်ဆယ်၊ ပြတင်း

တံခါးငယ်ခြောက်ဆယ့်လေးပေါက်၊ တရာမကတဲ့တိုက်ခန်းများ၊ တရာမကတဲ့ဆီမီးတိုင်များလဲထွန်းညှိထားပါတယ်၊ ရုပ်လုံးရုပ်ကြွ ပန်းချီပန်းပုအနုပညာလက်ရာများနဲ့လဲ တခမ်းတနားဆင်ပြင်ထားပါတယ်၊ စားသောက်ဖွယ်ရာ ချိုမြိန်အရသာနဲ့ပြည့်စုံတဲ့ စားသောက်ဖွယ်ရာများကိုလဲခင်းကျင်းထားပါတယ်၊ အရှင်မင်းကြီး ကျွန်ုပ်ဥမင်ကိုရှုစားလိုတာဖြင့် လက်နက်ကိုချပြီး ဥမင်တွင်းကိုကြွချီတော်မူပါ၊ ကျွန်ုပ်မြို့တံခါးကိုဖွင့်ပေးပါမယ်"ဟု တင်လျှောက်လေ၏။

မဟောသဓာတင်လျှောက်သည်ကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းကြီးသည် မဟောသဓာနှင့်သင့်မြတ်၍ အဆွေခင်ပွန်းဖွဲ့မှသာ ငါ့မိဖုရားနှင့် သားတော်မယ်တော်တို့ကို ပြန်ရနိုင်မည်ဟု တွေးကြံကာ ဆင်ဦးကင်းပေါ်မှဆင်း၍ လက်နက်များကိုချ၏။ မင်းကြီး လက်နက်ချလျှင် ၉၉-ဦးသော ထီးဆောင်းမင်းနှင့်နောက်လိုက်ဗိုလ်ခြေတို့လည်း လက်နက်ချကြလေသတည်း။



## မဟောသဓာပြည်တော်ပြန်ခြင်း

ဝိဒေဟရာဇ်မင်းကြီးသည် တယူဇနာလျှင် တကြိမ်ကျ မြင်း၊ အသစ်ရထားအသစ်တို့ကို လဲလှယ်လျက် မိထ္ထိလာနေပြည်တော်သို့ဝင်လေသည်။ မြို့သူမြို့သားများသည် မင်းကြီးဘေးမသီရန်မခ ပဉ္စာလစန္ဒီမင်းသမီးအားခေါ်ဆောင်လာသည့်သတင်းကို ကြားသိရသောကြောင့် ရွှင်မြူးအားရကြိုဆိုကြ၏။ မြို့တော်အတွင်း၌ ခြိမ့်ခြိမ့်သဲမျှ အောင်ပွဲသဘင်များကျင်းပကြ၏။ မှူးမတ် ဗိုလ်ခြေတို့လည်း ရွှင်မြူးကြ၏။

အမရာဒေဝီမှာလည်း မင်းကြီး ပဉ္စာလာစန္ဒီအား သိမ်းပိုက်ရယူပြီး ပြန်ရောက်လာသည့်တိုင် မောင်တော် မဟောသဓာပါမလာသဖြင့် သူများနည်းတူ မရွှင်မမြူးနိုင်ရှိနေရှာသည်။ အမရာအနေနှင့်၄လ-ကျော်မျှကွဲကွာနေရသောချစ်လင်ကို လွမ်းဆွတ်သည်တကြောင်း၊အင်အားကြီးမားသောရန်သူနယ်မြေတွင်အနည်းငယ်မျှသော အင်အားနှင့် ကျန်နေခဲ့သော ချစ်လင် စစ်သူကြီးအတွက်

စိတ်မချနိုင်သည့်တကြောင်း၊ကြောင့် ပူဆွေးသောက ရောက်နေခြင်းဖြစ်လေသည်။ အမရာဒေဝီမျက်နှာ မကြည်မရွှင်ပြီ ဆိုတော့လည်း အထိန်းတော်မနေသာပြန်—

"သခင်မ....မင်းကြီးအတွက်တမြို့လုံး အုံးအုံးကျက်ကျက်ဝမ်းသာရွှင်မြူးနေတဲ့အချိန်မှာ သခင်မမျက်နှာ ညှိုးငယ်နေတာ မင်းကြီးမြင်တော်မူရင် စိတ်အလိုမကျအမျက်တော် ရှပါလိမ့်မယ်။ မျက်နှာကို ရွှင်အောင်ပြင်ထားပါအုံး"ဟု တင်လျှောက်၏။

အမရာဒေဝီအထိန်းတော်ကိုအလိုမကျသလို လှည့်ကြည့်ပြီး—

"အထိန်းတော်....ကိုယ်ချင်းမစာစကားမပြောလာနဲ့၊ မောင်တော်နှင့်ငါ ကွဲကွာနေရတာ လေးလကျော်ငါးလတွင်း ရောက်ပြီ၊ ဘယ်မှာမလွမ်းဘဲ နေနိုင်မှာလဲ၊ ပြီး အင်အားချင်းမမျှတဲ့နိုင်ငံမှာ မောင်တော်ကျန်နေခဲ့တာမဟုတ်လား၊ ပဉ္စာလရာဇ်မင်းဟာသမီးတော်ကို အကြည်အသာနဲ့ မင်းကြီးကို ပေးအပ်လိုက်ဟန် မတူဘူး၊ ငါတို့မင်းကြီးကိုကြိုဆိုတဲ့နေ့က ပဉ္စာလရာဇ်နိုင်ငံကပါလာတဲ့ မင်းလေးပါးမျက်နှာဟာ ညှိုးနွမ်းကြေကွဲနေတာတွေ့ရတယ်၊ ပဉ္စာလစန္ဒီမင်းသမီးရဲ့ မျက်နှာတောင် ရွှင်ရွှင်ပြပြမရှိဘူး၊ အဲဒါကြောင့် မင်းကြီးဟာ ပဉ္စာလစန္ဒီမင်းသမီးကို အဓမ္မ သိမ်းယူလာတယ်လို့ငါထင်တယ်၊ သူ့သမီးတော်ကို အဓမ္မသိမ်းယူလာကြောင်း ပဉ္စာလရာဇ်မင်းကြီးသိရင် အမျက်ပြင်းစွာ ထွက်မယ်၊ ငါ့မောင်တော်ကို အညှိုးထားပြီး ရက်ရက်စက်စက် သတ်ဖြတ်မှာ စိုးရိမ်ရတယ်အထိန်းတော်"

"သခင်မပြောသလိုစဉ်းစားမယ်ဆိုရင် စဉ်းစားစရာပါဘဲ၊ ဒါပေမဲ့တနည်းစဉ်းစားစရာရှိတာက ပဉ္စာလစန္ဒီမင်းသမီးနဲ့ မင်းသမီးမယ်တော်၊ မောင်တော်၊ ဘွားတော်တို့ မင်းကြီးနဲ့ အတူပါ

လာတာဟာ အဓမ္မခေါ်လာတာဖြစ်ချင်မှဖြစ်မှာပါ၊ ပဉ္စာလစန္ဒီမင်းသမီးကိုလိုက်ပို့ရင်း နှစ်နိုင်ငံချစ်ကြည်စွာ အလည်အပတ်လာတာလဲဖြစ်နိုင်ပါတယ် သခင်မ”

အမရာဒေဝီသည် ခေါင်းကိုငြင်သာစွာ ရမ်းခါသည်။

“အကြည်အသာလိုက်လာကြတာ မဖြစ်နိုင်ဘူးအထိန်းတော်၊ အကြည်အသာ လိုက်လာကြတာဆိုရင် မင်းလေးပါးမျက်နှာဒီလို ညှိုးမနေဘူး၊ ပြီး–သူတို့နဲ့အတူ ပဉ္စာလစန္ဒီမင်းသမီးရဲ့အခြွေအရံတွေပါလာရမယ်၊ နို့ပြီး မင်းကြီးရော မောင်တော်ရော ဒီကသွားကြတဲ့တပ်တော်နဲ့ ဗိုလ်ခြေအားလုံးရုပ်သိမ်းပြီး ပြန်လာရမယ် ခု မောင်တော်နဲ့ ဗိုလ်ခြေအားလုံး ကျန်နေခဲ့တယ် ဆိုတော့ မပြေမလည်ရှိနေတယ်ဆိုတာ သေခြာတယ်၊ မောင်တော့်အတွက် ငါဘယ်မှာ သောကငြိမ်းနိုင်မှာလဲ”

အမရာဒေဝီပြောရင်း မျက်ဝန်းမှာ မျက်ရည် ဝိုင်းလာသည်။ အထိန်းတော်လည်း အမရာဒေဝီစိတ်သက်သာရာရအောင်မည်သို့ လျှောက်တင်ရမည်ကို မစဉ်းစားတတ်အောင် ရှိနေသည်။ မြို့သူမြို့သားများ၊ ရဲမက်များ၊ မှူးမတ်များ၊ မင်းလုလင်များ သီဆိုကခုန်တီးမှုတ်သံများကျွက်ကျွက်ညံနေသည်။ အထိန်းတော်သည် အမရာဒေဝီစိတ်ချမ်းသာမှုရအောင် ကြံစီ တင်လျှောက်ပြန်၏။

“သခင်မသိပ်ပြီး ပူတော်မမူပါနဲ့၊ မင်းလေးပါးကို ခေါ်ဆောင်လာနိုင်တာဟာ ကိုယ်တော်ဉာဏ်ကြောင့်သာ ဖြစ်ပါလိမ့်မယ်။ ဒီအကြံမျိုး ကိုယ်တော်မှတပါး အခြားသူ မကြံနိုင်ပါ၊ ကိုယ်တော်မင်းကြီးနဲ့ တပါထဲပြန်မလာတာကတော့ တပ်တော်ဗိုလ်ခြေများကိုရုပ်သိမ်းဘို့ ရှိနေလို့ဖြစ်ပါလိမ့်မယ်၊ ကိုယ်တော်နဲ့ ပတ်သက်ပြီး အကြောင်းစုံသိနိုင်အောင်အခွင့်သာတဲ့အခါ မင်

ကြီးရှေ့တော် သခင်မဝင်ရောက်ခစားပြီး လျှောက်ထား မေးမြန်းရင်သိနိုင်စရာရှိပါတယ်”

အထိန်းတော်လျှောက်တင်သော စကားကြောင့် အမရာဒေဝီ အနည်းငယ်စိတ်ချမ်းသာမှု ရရှိသွားလေသည်။

ဝိဒေဟရာဇ်မင်းကြီးသည် နန်းတော်သို့ပြန်ရောက်ရှိပြီးနောက် ပဥ္စာလစန္ဒီ ဒေဝီမင်းသမီးအား အဘိုသိက် သွန်းလောင်းကာ မြောက်နန်းစံမိဖုရား အဖြစ်ထားကာ စံစားလေ၏။ နန္ဒာဒေဝီ၊ ပဥ္စာလစန္ဒာ၊ စလာကဒေဝီတို့ကိုလည်း ထိုက်သင့်ရာ အဆောင် အယောင်များအပ်နှင်း၍ အခြွေအရံမြောက်များစွာနှင့် ထား၏။

မြောက်နန်းမတော် ပဥ္စာလစန္ဒီဒေဝီမှာ မိမိထက် အသက်ကြီးသောမင်း၏ မိဖုရားဖြစ်ရငြားလည်း မင်းကြီး၏ ချစ်မြတ်နိုးမှုကို ခံယူရသောအခါ စိတ်ဝယ်သာယာ ကြည်နူးခြင်း ရှိလေသည်။ စလာကဒေဝီမယ်တော်မှာလည်း အရွယ်ကြီး၍ စိတ်မာန်ကျနေသဖြင့် ဖြစ်သမျှအကြောင်းအကောင်းဟုသဘောထားကာ ဖြေသာနေသာရှိ၏။ ပဥ္စာလစန္ဒာ မင်းသားလည်း ငယ်ရွယ်သူ ဖြစ်သောကြောင့် ရောက်ရာဘဝတွင် ပျော်သလိုနေတတ်၏။ အမြဲတမ်းပူဆွေးစိတ်မအေးဖြစ်နေသူမှာ နန္ဒာဒေဝီဖြစ်သည်။

နန္ဒာဒေဝီသည် ဝိဒေဟရာဇ်မင်းကြီးက မည်မျှအရေးပေး၍ အခြွေအရံများစွာနှင့် ထားသော်လည်း ရွှင်မြနိုင်ခြင်းမရှိ၊ချစ်လင် စူဠနိဗြဟ္မဒတ်မင်းကြီးကိုရင်း၊ ပဥ္စာလရာဇ် နေပြည်တော်ကိုရင်း၊ အစဉ်တမ်းတ ပူဆွေးလျက်သာ ရှိနေသည်။ မိမိပူဆွေးရသည်နှင့် အမျှ မဟောသဓာအပေါ် အခဲမကြေ ဖြစ်နေသည်။

ငါ့လင်နဲ့ကွဲအောင်လုပ်တာ မဟောသဓာ၊ ငါ့နိုင်ငံနဲ့ကွဲအောင်

လုပ်တာ မဟောသဓာနှင့်တွေ့ပြီး စိတ်တွင်းမှ မဟောသဓာကို အမြဲကျိန်ဆဲနေလေသည်။

အမရာဒေဝီသည် အတိန်းတော်၏ စကားကြောင့် အနဲငယ် စိတ်သက်သာရာ ရသော်လည်း လုံးလုံး စိတ်အေး နိုင်ခြင်း မရှိ၊ မင်းကြီးရှေ့တော်သို့ ဝင်ရောက်လျှောက်ထား မေးမြန်းစုံစမ်းရန် အခါအခွင့်ကိုသာ စောင့်နေရရှာသည်။

× × ×

မဟောသဓာသည် စူဠနီဗြဟ္မဒတ်မင်းကြီးအား စကားပရိယာယ်ဖြင့် လက်နက်ချစေပြီးနောက် ဥပကာရီမြို့တံခါးကို ဖွင့်စေသည်။ စူဠနီဗြဟ္မဒတ်မင်းသည် ၉၉-ပါးသော ထီးဆောင်းမင်းများနှင့် အတူ ဥပကာရီမြို့အတွင်းသို့ဝင်လာရာ မဟောသဓာ နန်းတော်မှ ဆင်းပြီးလျှင် မင်းကြီးအား ကြိုဆိုလျက် ဥမင် အတွင်း သို့ ခေါ်ဆောင်ခဲ့လေ၏။

မင်းကြီးသည် မိမိတသက်တွင် တခါမျှ စိတ်ကူးမျှနှင့်ပင် မှန်းဆနိုင်ခြင်းမရှိသော ဥမင်၏အစီအရင် အဆန်းအကျယ်ကို မြင်တွေ့ရသောအခါ အလွန်အံ့ဩပြီး—

“မဟောသဓာသုခမိန်... သင့်လို ပညာရှိသုခမိန်ကို ရထားတဲ့ ဝိဒေဟရာဇ် တိုင်းသားများဟာ အလွန်ကံကောင်းကြပါတယ်”ဟု ချီးကျူးစကား မိန့်ကြားလေသည်။

မဟောသဓာသည် မင်းကြီးအား ရှေ့မှကြွချီစေကာ မင်းကြီး နောက်ပါးမှ ကပ်လိုက်ရင်း တရာ့တပါးသော မင်းများအတွက် စီရင်ထားသော တိုက်ခန်းများကို လက်ညှိုးညွှန်ပြကာ ဤနေရာ သည် ဘယ်မင်းအတွက်၊ ဤနေရာကား မည်သည့်မင်းနေရာဟူ ရှင်းပြ၏။ မင်းကြီးသည် ရုပ်လုံးရုပ်ကြွများကိုဎင်း၊ ဆေးရေး

ပန်းချီများကိုရှင်း တငေးတမော ရှုစားတော်မူ၏။ ၉၉-ပါးသော မင်းများလည်း တအံ့တသြငေးမောရင်း နောက်မှပါလာ၏။ ဗိုလ်ပါ အခြွေအရံ တို့သည် ခင်းကျင်း ထားသော စားဘွယ်သောက်ဘွယ်တို့ကို ယူငင်စားသောက်ကြရင်း ရှင်မြူးနေကြ၏။

ဤသို့သွားကြရင်းမှ စူဠနီဗြဟ္မဒတ်မင်းသည် ဥမင်တံခါးဝမှ ထွက်၏။ မဟောသဓာ မင်းကြီးနောက်မှထွက်ပြီး ခလုတ်တခုကို နင်းလိုက်ရာ တချက်နင်းရုံဖြင့် ဥမင်တံခါးအားလုံး ပိတ်သွားကာ မီးရှူးတိုင်ထွန်းထားသော တံခါးများလည်း ပိတ်ကုန်၏။

ဥမင်အတွင်းမဲမှောင်လျက် လေရှူပေါက် မရသောကြောင့် ၉၉-ပါးသောမင်းများနှင့် ဗိုလ်ခြေများမှာ အသက်ရှူမရဖြစ်နေကြသည်။ ဥမင်တွင်း ရောက်နေသူများအားလုံး ငါတို့လက်နက်နှင့်မသေပဲ မွန်းကြပ်သေရတော့မှာပါကလားဟုတွေးကာ သေဘေးမှလွတ်လိုလွတ်ငြား ဟိုပြေးသည်လွှား၊ တံခါးတွေတွန်းကြည့်၊ ဟိုဆွဲသည်ဆွဲ ရုတ်ရုတ်သဲသဲ သူ့ငါတိုး ငါ့သူတိုးဖြင့် လဲသူလဲ ပြိုသူပြိုဖြစ်နေကြသည်။ ကြောက်လန့်တကြား အော်သူများအသံမှာလည်း အဝီစိပွက်သည်တမျှရှိ၏။ ငိုသံ ယိုသံ များ လည်း ကျွက်ကျွက်ညံနေ၏။

မဟောသဓာသည် သဲမြေတွင်မြှုပ်ထားခဲ့သော သံလျက်ကို ဖော်ယူကာ မင်းကြီးလက်ကို ဆွဲကိုင်လိုက်ပြီး သံလျက်ဖြင့်မိုး၍—

"မင်းကြီး....ဤဇမ္ဗူဒိပ်ကျွန်းမှာရှိတဲ့ နိုင်ငံအားလုံးကိုဘယ်သူပိုင်သလဲ" ဟု မေး၏။

မင်းကြီးမှာ တပါးတည်းလည်းဖြစ်၊ လက်နက်လည်းမပါ၊ မဟောသဓာ၏ လက်ဦးမှုကိုလည်း ခံနေရသောကြောင့် သေဘေးကို ထိတ်လန့်ကာ—

"အရှင်သုခမိန်ရှိ နိုင်ငံများသာ ဖြစ်ပါတယ်၊ အရှင်သုခမိန် ကျွန်ုပ်အသက်ကို ချမ်းသာပေးပါ" ဟု အသံ တုန်ယင် စွာဖြင့် တောင်းပန်လေသည်။

မဟောသဓာသည် မြှောက်မိုးထားသော သံလျက်ကိုချ၍—

"အရှင်မင်းကြီး.... ကြောက်ရွံ့တော်မမူပါနဲ့၊ ကျွန်ုပ်အရှင် မင်းကြီးအသက်ကို မသတ်ရက်ပါ၊ သတ်နိုင်တဲ့ အခွင့်အရေး ရှိကြောင်းကိုသာ ပြတာဖြစ်ပါတယ်....အရှင်မင်းကြီးက သတ်လို ရင် ကျွန်ုပ်သေဝံ့ပါတယ်၊ ကျွန်ုပ်လက်က သံလျက်ကိုယူပြီး ကျွန်ုပ် ကိုသတ်ပါ" ဟု လျှောက်တင်ပြီး သံလျက်ကို မင်းကြီးအား ပေး၏။

မင်းကြီး မဟောသဓာ ကမ်းပေးသော သံလျက်ကိုမယူ။

"သုခမိန်....သင့်ကို ငါသတ်လိုစိတ်မရှိပါ၊ သင်ဟာ ငါ့ကို သတ်နိုင်တဲ့ အခွင့်အရေးရှိရက်နဲ့ မသတ်တာကိုဘဲ ကျေးဇူးတင်လှ ပါတယ်၊ သင့်လို သူတော်ကောင်းကို ငါသတ်ဘို့ အကြောင်းမရှိ ပါ" ဟု မိန့်တော်မူ၏။

"အရှင်မင်းကြီး.... အခုမသတ်လိုရင် နောင်အသက်ထက်ဆုံး ကျွန်ုပ်ကိုရန်မပြုဘို့ ကတိပေးတော်မူပါ"

"သုခမိန်....ငါ့အသက်နဲ့ တည်မြဲနေသမျှ သင့်ကိုရန်မပြုပါ ငါကတိပေးပါတယ်"

ယင်းသည့်နောက်တွင် မင်းကြီးနှင့် မဟောသဓာတို့ အသက် ထက်ဆုံး တဦးကိုတဦး ရန်မပြုကြပါဟု သစ္စာဆိုကြလေသည်။ သစ္စာဆိုကြပြီးနောက် မင်းကြီးက—

"သုခမိန်.... သင့်မှာ ထက်မျက်စူးရှပြီး သူမတူအောင် စွမ်း ဆောင်နိုင်တဲ့ ပညာစွမ်းတွေ ရှိနေပါရက်သားနဲ့ ဘာပြုလို့ ဒီဇမ္ဗူ

ဒိပ်ကျွန်းမှာရှိတဲ့ နိုင်ငံတွေကို သိမ်းယူပြီး ဧကရာဇ် မလုပ်သလဲ” ဟု မေးတော်မူ၏။

“အရှင်မင်းကြီး….ကျွန်ုပ်အနေနဲ့ ဧကရာဇ်ဘုရင်အဖြစ်ကို အလိုရှိရင် ဒီဇမ္ဗူဒိပ်ကျွန်းမှာရှိတဲ့ တရာသော ထီးဆောင်းမင်းများကို သတ်ပြီး ဘုရင်ဧကရာဇ်ဘွဲ့ကို ခံယူနိုင်စွမ်းရှိပါတယ်၊ ဒါပေမယ့် လို အဲလိုသူတပါးကို ညှဉ်းဆဲသတ်ဖြတ်ပြီး ကိုယ့် ချမ်းသာ မှု ယူတာကို ဘုရားအစရှိသော သူတော်ကောင်းတို့ မချီးမွမ်းပါ၊ မနှစ်သက်ပါ၊ ကျွန်ုပ်ဟာ သူတော်ကောင်းတို့ မချီးမွမ်းသော အကျင့်ကို မကျင့်လိုပါ” ဟု တင်လျှောက်၏။

မဟောသဓာတင်လျှောက်သည်ကိုကြားလျှင် မင်းကြီးလည်း မိမိလောဘရမက်ဇောပြင်းပြပြီးမှားယွင်းခဲ့သည်များကို ဆင်ခြင်မိ၏။ ငါ့ထက်အဆရာထောင် စွမ်းဆောင်နိုင်သူပင် ငါကဲ့သို့ လောဘဇောမသန်၊ သူတပါးကို မနှိပ်စက်ဘဲ ရောင့်ရဲသောစိတ်နှင့် သူတော်ကောင်းတရားကိုလက်ကိုင်ထားကာ နေနိုင်ပါပေတကားဟုတွေးကာ မိမိ အမှားများအတွက် ရှက်စိတ် ဝင်မိသည်၊ မဟောသဓာကိုလည်းအလွန်လေးစား ကြည်ညိုခြင်းဖြစ်မိ၏။

“သုခမိန်…ဥမင်အတွင်း ပိတ်လှောင် ခံနေရတဲ့ လူတွေဟာ အသက်ဘေးကိုကြောက်ပြီး ငိုကြွေးနေကြပါလိမ့်မယ်၊ သနားသဖြင့် သူတို့အသက်ကို ကယ်တင်ပါ”

“အရှင်မင်းကြီး….သူတို့ အသက်ကို သတ်လိုလို့ ကျွန်ုပ် ပိတ်လှောင်ထားတာမဟုတ်ပါ၊ ကျွန်ုပ်ပညာစွမ်းကိုသိရုံမျှ ပညာပြခြင်းဖြစ်ပါတယ်”

မဟောသဓာသည်မင်းကြီးအားဤသို့လျှောက်တင်ပြီးနောက် ခလုပ်တခုကိုနှင်းလိုက်ရာ ဥမင်တံခါးအားလုံးပွင့်၍ ဥမင်တွင်း၌

နေ့အခါနှင့်မခြား လင်းထိန်သွားလေသည်။ဥမင်တွင်းမှ မင်းမှူး မတ်ဗိုလ်ပါတို့လည်း ကျုံးမှလှတ်လိုက်သော ဆင်များနှယ်၊ ခြင်းမှလွှတ်လိုက်သောကြက်များနှယ် ဥမင်ဝဆီသို့ အတင်း တိုးဝှေ့ပြေးထွက်ကြလေသည်။

စူဠနီဗြဟ္မဒတ်မင်းကြီးနှင့် မဟောသဓာတို့သည် လက်ထပ်တဲ နန်း၏ စမုတ်ဆောင်ပေါ်သို့တက်ခဲ့ကြ၏။ ၉၉-ပါးသော ထီးဆောင်းမင်းများနှင့်မှူးမတ်ဗိုလ်ခြေများလည်း စမုတ်ဆောင်ပေါ်သို့ စုရုံးရောက်ရှိလာကြကာ အသက်ချမ်းသာရာရသဖြင့် မဟောသဓာအား ကျေးဇူးတင်ကြောင်း ပြောကြားကြ၏။

မဟောသဓာသည် ထီးဆောင်းမင်းတို့အား—

"အခုမှသာ မင်းကြီးတို့အသက်ကို ကျွန်ုပ်ကယ်ခဲ့တာ မဟုတ်ပါ၊ အရင်ကလဲ တကြိမ်ကယ်ခဲ့ပါသေးတယ်"ဟု ပြော၏။

"သုခမိန်ဘယ်တုန်းက ကယ်ခဲ့ဘူးပါသလဲ"

ထီးဆောင်းမင်းတပါးကမေး၏။ထိုအခါ မဟောသဓာသည် ကေဝဋ္ဋပုရောဟိတ်နှင့် စူဠနီဗြဟ္မဒတ်မင်းတို့ တိုင်ပင်ကြသည်မှအစ ဥယျာဉ်တော်တွင် အဆိပ်ပါသော သေရည်အိုးများထားပုံ၊ သေရည်အိုးများကို မိမိသူရဲကောင်းများအားစေလွှတ်၍ ရိုက်ခွဲစေပြီး အသက်ကယ်ခဲ့ရပုံများကို အသေးစိတ် ရှင်းလင်း ပြောပြ၏။

ထီးဆောင်းမင်းများလည်း မဟောသဓာ၏ စကားကို ကြားလျှင် ထိတ်လန့်တုန်လှုပ်ကုန်ကြ၏။ မင်းတပါးက မင်းကြီးအား—

"အရှင်မင်းကြီး....မဟောသဓာ သုခမိန်၏ စကား မှန်ပါသလား"ဟု မေးလျှောက်၏။

မင်းကြီးကလည်း—

"မင်းကြီးတို့...မဟောသဓာသုခမိန်ပြောစကား မှန်ပါတယ်၊ ဖြစ်ရတဲ့အကြောင်းအရင်းကတော့ ကေဝဋ္ဋပုရောဟိတ် စကားကို ယုံမှားမိတဲ့အတွက် ငါကြံမိတာဘဲ ဖြစ်ပါတယ်"ဟု ဝန်ခံတော်မူ၏။

ထိုအခါ မဟောသဓာသည်

"အရှင်မင်းကြီး....အရှင်မင်းကြီးအလိုနဲ့မကြံဘဲ ကေဝဋ္ဋပုရောဟိတ်ကြောင့် ကြံရပါတယ်ဆိုသော်လဲ အရှင်မင်းကြီး ကိုယ်တိုင်ပါဝင်နေတဲ့အတွက် အရှင်မင်းကြီးမှာ တာဝန်ရှိပါတယ်၊ ဒါကြောင့် ထီးဆောင်းမင်းများကို တောင်းပန်သင့်ပါတယ်"ဟု အကြံပေး လျှောက်တင်၏။

မင်းကြီးလည်း မဟောသဓာကို ကြည်ညို လေးစားသည် တကြောင်း၊ မိမိအကြံမကောင်းမှုအတွက် စိတ်မချမ်းသာ ဖြစ်နေသည်တကြောင်း၊ မာန်မာနများကျလျက် သူတော်ကောင်း စိတ်ထားရှိလာသည်တကြောင်းကြောင့်၊ ၉၉-ပါးသော ထီးဆောင်းမင်းများအား—

"မင်းကြီးတို့....ငါ့မှာ မကောင်းတဲ့ ကေဝဋ္ဋ ပုရောဟိတ်ကို ပေါင်းမိတဲ့အတွက် လောဘရမက်ကြီးကာ မကြံအပ်တဲ့အကြံအစီတို့ကို ကြံမိတာဖြစ်ပါတယ်၊ နောက်နောင်ဒီလို အကြံမျိုး မကြံတော့ဘူးလို့ ငါကတိပေးပြီး မင်းကြီးတို့ကိုတောင်းပန်ပါတယ်" ဟု မိန့်ဆိုလေလျှင် ထီးဆောင်းမင်းအများ ကြည်နူးဝမ်းသာဖြစ်ကြကာ မင်းကြီးအားရှိခိုးကန်တော့ကြ၏။

ပြီးလျှင် ထီးဆောင်းမင်းများသည် မိမိတို့တွင် ဝတ်ဆင်ထားသည့် လည်ဆွဲရတနာ၊ လက်ကောက်ဆွဲကြိုးစသော လက်ဝတ်ရတနာအမျိုးမျိုးတို့ကိုချွတ်၍ မဟောသဓာအားပူဇော်ကြသည်။

စူဠနိဗြဟ္မဒတ်မင်းကြီးသည် မှူးမတ်တို့အားမြို့တော်သို့ စေလွှတ်၍ စားဘွယ်သောက်ဖွယ် ပန်းနံ့သာစသည်တို့ကို ယူဆောင်စေပြီးလျှင် လက်ထပ်တဲနန်းတွင် ကပွဲပျော်ပွဲများစီစဉ်ကာ (၇) ရက်ကြာမျှ စံမြန်းနေတော်မူပြီးနောက် မဟောသဓာကိုပါဘိတ်ခေါ်ကာ နန်းတော်သို့ဝင်လေသည်။

နန်းတော်သို့ရောက်ရှိသောအခါ မင်းကြီးသည် မဟောသဓာအား ရွှေငွေစသော ရတနာများ၊ ဆင်မြင်းရတနာများကို ချီးမြှင့်လျက် ညွှတ်ဝတ်ပြုလေသည်။ မင်းကြီးသည် မဟောသဓာအား ကြည်ညိုမြတ်နိုးလွန်းသဖြင့်—

"သုခမိန်....မိတ္ထိလာပြည်မှာ ရရှိတဲ့ စည်းစိမ်ဥစ္စာ အဆောင်အယောင်တို့ထက် နှစ်ဆမကတဲ့ စည်းစိမ်ဥစ္စာအဆောင်အယောင်အခြံအရံကိုငါပေးပါမယ်၊ သင့်သားမယားကိုပါ ခေါ်ပြီး ငါ့နိုင်ငံကို ပြောင်းရွှေ့နေထိုင်ပါ"ဟု တောင်းပန်မိန့်ဆိုလေသည်။

"အရှင်မင်းကြီး....ပစ္စည်းဥစ္စာ ရတနာကို ခုံမင် မက်မောပြီး မိမိကျေးဇူးရှင်ကို ပစ်ပယ်ကာ သူတပါး ကဲ့ရဲ့စရာ ဖြစ်ရုံသာမဟုတ်၊ ကိုယ့်ကိုယ်လဲ ကဲ့ရဲ့စရာဖြစ်ရပါတယ်၊ ကျွန်ုပ်အရှင် ဝိဒေဟရာဇ်မင်းကြီးဟာ ကျွန်ုပ် ခုနစ်နှစ်သားအရွယ်ကစပြီး ကျေးဇူးပြုစုခဲ့တဲ့ ကျေးဇူးရှင်ဖြစ်ပါတယ်၊ ဒါ့ကြောင့်မင်းကြီးသက်တော်ထင်ရှားရှိနေသမျှ ကာလပတ်လုံးတခြားတပါးသောနိုင်ငံ တခြားတပါးသော မင်းထံမှာ ကျွန်ုပ်အမှုထမ်းခစားလို့ မဖြစ်ပါ၊ အရှင့်ကျေးဇူးကိုသာ ဆောင်ရွက်ရပါမယ်။ ကျွန်ုပ်အနေနဲ့ အရှင်မင်းကြီးအမှုတော် မထမ်းဆောင်ချင်လို့ ငြင်းပယ်နေတာ မဟုတ်ပါ၊ အရှင်မင်းကြီးချီးမြောက်တာကို မခံယူချင်လို့ မဟုတ်ပါ၊လူ့ကျင့်ဝတ်သိက္ခာအရသာ ငြင်းပယ်ရတာဖြစ်ပါတယ်"

"ကောင်းပြီသုခမိန်၊ သင့်ကျေးဇူးရှင် ဝိဒေဟရာဇ်မင်းကြီးကို မပစ်သာသေးရင်နေပေအုံး၊ အကယ်၍ နောင် ဝိဒေဟရာဇ်မင်းကြီးမရှိတဲ့အခါ ငါ့ထံကိုလာပါ၊ လာမယ်ဆိုတဲ့ကတိကိုလဲ ပေးထားခဲ့ပါ"

"အရှင်မင်းကြီး....ကျွန်ုပ်အရှင် မရှိတဲ့နောက် ကျွန်ုပ်အသက်ရှင်ရက်ရှိနေသေးပါက အရှင်မင်းကြီးထံလာပြီး အမှုတော်ထမ်းမယ်ဆိုတာ ကတိပြုခဲ့ပါတယ်"

မဟောသဓာတင်လျှောက်လျှင် မင်းကြီး ဝမ်းမြောက်ဝမ်းသာဖြစ်လျက် နန်းတော်တွင်ပွဲသဘင်များကျင်းပလျက် များစွာသောရတနာတို့ဖြင့် မဟောသဓာအား(၇)ရက်တိုင်တိုင် ပူဇော်ပွဲကျင်းပလေသည်။

ရှစ်ရက်မြောက်နေ့တွင် မဟောသဓာသည် မင်းကြီးရှေ့တော်သို့ဝင်၍ မိတ္ထိလာပြည်သို့ပြန်တော့မည်ဖြစ်ကြောင်း လျှောက်တင်လေလျှင် မင်းကြီးက—

"သုခမိန်....သင့်အား ရွှေစင်တထောင်၊ ကျွန်မိန်းမ လေးရာ၊ ခြေရင်းအလုပ်အကျွေးသတို့သမီးငယ် တရာ၊ ကာသိကရာဇ်တိုင်းမှ တနှစ်ကိုတရွာတရွာက စပါးအခွန်တသိန်းရတဲ့ မြို့ရွာရှစ်ဆယ်ကိုပေးတော်မူမယ်၊ အားလုံးကိုသိမ်းယူပြီး မိတ္ထိလာကိုပြန်လေ"ဟု မိန့်တော်မူလေသည်။

"အရှင်မင်းကြီး....ကျွန်ုပ်အရှင် ဝိဒေဟရာဇ်မင်းကြီး ပြန်လည်ကြွချီစဉ်က နန္ဒာဒေဝီကို အမိအရာမှာ ထားပါ၊ ပဉ္စာလစန္ဒာမင်းသားကို ညီအရာမှာထားပါလို့ မှာထားလိုက်ပါတယ်၊ သမီးတော်ပဉ္စာလစန္ဒီကိုလဲ မိဖုရားအရာထားပြီး မြှောက်စားပါလို့ မှာလိုက်ပါတယ်၊ အခု ကျွန်ုပ်မိတ္ထိလာကိုပြန်ရောက်ပြီးရင် နန္ဒာဒေဝီ

မိဖုရားနဲ့ သားတော်မယ်တော်တို့ကို အရှင်မင်းကြီးထံ အမြန်ပို့ပေးပါမယ်''

''သုခမိန်... ငါ့သမီးတော်အတွက် လက်ဖွဲ့ပစ္စည်းများပေးလိုက်ပါရစေ''

မင်းကြီးသည် ဤသို့ မိန့်တော်မူပြီးလျှင် ကျွန်မိန်းမ၊ ကျွန်ယောကျ်ား၊ အထိန်းတော်၊ ရွှေငွေရတနာ၊ ဆင်မြင်းရထားစသည့်များစွာကုန်သော လက်ဖွဲ့ပစ္စည်းများ ပေးအပ်၏။ ပြီးနောက်မဟောသဓာအား မိတ္ထိလာပြည်သို့လိုက်ပို့ပေးရန် ဆင်မြင်းရထားစစ်သည်ဗိုလ်ခြေတို့ကိုပါ စီစဉ်ပေးတော်မူ၏။ ပြီးလျှင် မဟောသဓာ၏စစ်သည်ဗိုလ်ခြေတို့ကိုလည်း ဆုလာဘ်များပေးကာ—

''သုခမိန်....ဘေးရန်ကင်းစွာဖြင့် မိတ္ထိလာကိုပြန်ပါလေ ...စစ်အင်္ဂါလေးပါးနဲ့တင့်တယ်ခမ်းနားစွာသင်ပြန်လာတာကိုသင့်အရှင်ဝိဒေဟရာဇ်မင်းကြီးမြင်ပါစေ''ဟု မိန့်ဆိုလေသည်။

မဟောသဓာ၏သူလျှိုများသည် မိတ္ထိလာသို့လိုက်လိုကြသောကြောင့် မဟောသဓာနှင့်အတူ လိုက်ပါရန် ပြင်ဆင်ကြသည်။ မဟောသဓာသည် မင်းကြီးအားရှိခိုး၍၎င်း၊ ထီးဆောင်းမင်းများအားပန်ကြား၍၎င်း နှုတ်ဆက်ပြီးလျှင် မိမိတပ်နှင့်ဗိုလ်ခြေများကိုရုပ်သိမ်းကာ မိတ္ထိလာပြည်ဖက်သို့ချီတက်လာ၏။

သေနကသုခမိန်သည် မိတ္ထိလာပြည်သို့ ဘေးမသီရန်မခ ပြန်ရောက်ခဲ့ငြားလည်း မဟောသဓာ၏ပညာစွမ်းကိုသိပ်မယုံ၊ မဟောသဓာသည် မင်းကြီးနှင့်တကွ မိမိတို့မှူးမတ်များအားလွတ်အောင်ကြံနိုင်စွမ်းရှိသော်လည်း အထပ်ထပ်ဝိုင်းရံထားသော ပဉ္စာလရာဇ်စစ်သည်တို့ရန်မှ သူကိုယ်တိုင်ရှောင်ထွက်နိုင်မည်မဟုတ်၊ ဥပကာရီမြို့လည်း ညက်ညက်ကျေအောင်ပျက်ပေမည်၊ မဟောသဓာလည်း

ရန်သူ့လက်သို့ရောက်ပေမည်။ ဤသို့ဖြစ်လျှင် စူဠနီဗြဟ္မဒတ်မင်းသည် မိတ္ထီလာကို မုချမသွေလာရောက်တိုက်ခိုက်ပေမည်ဟု တွေးကာ ပဥ္စာလရာဇ်မင်းစစ်ချီလာလျှင် ကြိုတင်သိနိုင်ရန် လမ်းခရီးအကြားတွင် သူလျှိုများလွှတ်ထား၏။

မဟောသဓာသည် ဗိုလ်ပါဆင်မြင်း ရထားအလုံးအရင်းနှင့်ချီလာ၍ မိတ္ထီလာမြို့နှင့်တယူဇနာခန့်အကွာသို့ရောက်လျှင် သေနကသုခမိန်၏သူလျှိုသည် သေနကထံပြေးသွားပြီး—

"အရှင်အမတ်ကြီး.... အခု မဟောသဓာဟာ များစွာသော စစ်သည်အလုံးအရင်းနဲ့ချီလာကာ မိတ္ထီလာမြို့နဲ့တယူဇနာအကွာကို ရောက်နေပါပြီ"ဟု အကြောင်းကြား၏။

သေနကသည် အထောက်သူလျှို၏စကားကြားလျှင်နန်းတော်သို့အလျင်အမြန်ဝင်လေ၏။

ဝိဒေဟရာဇ်မင်းကြီးသည် နန်းတော်ပြဿဒ်ဖျားမှနေ၍ လေသာပြတင်းကိုဖွင့်ကာငေးမျှော်ကြည့်ရှုနေစဉ် အဝေးဆီမှ အင်အားကြီးမားသောတပ်ကြီးချီလာသည်ကိုမြင်လျှင် မဟောသဓာစစ်ရှုံး၍ ပဥ္စာလရာဇ်မင်းသည် မိမိနိုင်ငံကိုသိမ်းယူရန်ချီတက်လာပြီအထင်နှင့် အလွန်ကြောက်ရွံ့တုန်လှုပ်လျက်ရှိနေလေ၏။ ထိုစဉ် သေနကအမတ်ကြီးဝင်လာသည်ကိုမြင်သဖြင့်—

"ဆရာသေနက....ဟိုမှာကြည့်စမ်းပါ၊ စစ်သည်ဗိုလ်ပါများစွာနဲ့တပ်ကြီးချီတက်လာနေတာကို ငါမြင်နေရတယ်၊ ဆရာသေနကအဲဒါကိုဘယ်လိုထင်သလဲ"ဟု ပျာပျာသလဲမေး၏။

သေနကသုခမိန်သည် ကြည်နူးစွာပြုံးလျက်—

"အရှင်မင်းကြီး....မစိုးရိမ်ပါနဲ့၊ အခုလာနေတာဟာ မဟောသဓာသုခမိန်ပြန်လာတာဖြစ်ပါတယ်"ဟု တင်လျှောက်၏။

"ဆရာသုခမိန်....ငါ့သားတော်ရဲ့တပ်ဟာ ဒီလောက်အင်အား မများဘူး၊ ခုငါမြင်ရတာ သားတော်ရဲ့တပ်ထက် သုံးဆမကများ နေတယ်၊ ဆရာသုခမိန့် အသေအချာကြည့်စမ်းပါ"

မင်းကြီး စိုးရိမ်စွာပင်မိန့်နေသည်။

"အရှင်မင်းကြီး....နှစ်နိုင်ငံ စစ်ပြေငြိမ်းတဲ့အတွက်တကြောင်း၊ စူဠနီဗြဟ္မဒတ်မင်းက အရှင်မင်းကြီးကို ချစ်ခင် မေတ္တာထားလို့ တကြောင်း၊ များစွာသောစစ်သည်ဗိုလ်ပါတို့ကို မဟောသဓာ သုခမိန်နဲ့ အတူပို့ ဆက်လိုက်တာဖြစ်ပါတယ်၊ ကျွန်ုပ်တင်လျှောက် တာကို အရှင်မင်းကြီးစိတ်ချယုံကြည်တော်မူပါ"

သေနကသုခမိန်တင်လျှောက်သည်ကို မင်းကြီးစိတ်ချယုံကြည် သွားကာ ဝမ်းမြောက်ဝမ်းသာဖြင့် မှူးမတ်များအား ညီလာခံ ခန်းမသို့ခေါ်စေပြီး—

"မှူးတော်မတ်တော်တို့....အခုငါ့သားတော် ပဥ္စာလရာဇ်နိုင်ငံ ကပြန်လာပြီ၊ မြို့တော်ကို လှပစွာ တန်းဆာဆင်ကြ၊ စားဘွယ် သောက်ဘွယ်များအသင့်ပြင်ကြ၊ လက်ဆောင်ပဏ္ဏာများနဲ့ ကြိုဆို ကြဘို့ မြို့သူမြို့သားတွေသိအောင် အရပ်ရပ်စည်မောင်းလည်စေ" ဟု မိန့်တော်မူလေသည်။

အမရာဒေဝီသည် မင်းကြီးရှေ့တော်သို့ ဝင်ရောက်မေးမြန်း လျှောက်ထားရန်လည်း အခွင့်မသာ မောင်တော် မဟောသဓာ ရောက်မလာသည့်ရက်ကလည်းကြာပြီမို့ စိတ်ပန်းလူနွမ်းဖြစ်ကာ လှဲလျောင်းနေစဉ်—

"တိုင်းသူပြည်သား လူအများတို့လေး....ဝိဒေဟရာဇ်မင်းကြီး အမိန့်တော်ရှိလိုက်သည်၊ ယခု မဟောသဓာစစ်သူကြီးသည် နိုင်

ငံတော်ကို ပြန်လည်ကြွချီလာပြီဖြစ်သဖြင့် အိမ်တိုင်း အိမ်တိုင်း တယောက်မကျန်ထွက်ပြီး လမ်းများကိုသန့်ရှင်းရမည်၊ မဟော သဓာစစ်သူကြီးကြွချီလာမည့်လမ်းမှာ သဲဖြူခင်း ရာဇမတ်ကာပြီး ငှက်ပျောပင်များစိုက်ထူရမည်၊ ပန်းများကြဲပက်ရမည်၊ တံခွန် ကုက္ကား မုလေးပွားများစိုက်ထောင်ရမည်၊ စားဘွယ်သောက်ဘွယ် လက်ဆောင်ပဏ္ဏာများနှင့်ကြိုဆိုကြရမည်”

စည်မောင်းလည်သံကိုကြားရသောအခါ အမရာဒေဝီအတိုင်း မသိ ဝမ်းသာသွားသည်။ လှဲလျောင်းရာမှလူးလဲထထိုင်သည်။

“ကဲ သခင်မ....အထိန်းတော်ပြောတာမမှန်ဘူးလား”

အထိန်းတော်က အမရာကိုပြုံးကြည့်ပြီး မေးသည်။ အမရာ ပြုံးရွှင်ကြည်လင်သောမျက်နှာဖြင့်—

“အို အထိန်းတော်ရယ်....ဘာမှ မေးမြန်းမနေစမ်းပါနဲ့၊ ငါ့ အတွက် နံ့သာလူးဘို့၊ အဝတ်လဲလှယ်ဘို့ အသင့်ဖြစ်အောင်စီစဉ် ချည်ပါ”ဟုဆိုကာ ရေချိုးဆောင်သို့ သုတ်သုတ်ဝင်သွားလေ၏။

မဟောသဓာနှင့်စစ်သည်ဗိုလ်ပါများ မြို့တံခါးဝသို့ ရောက် လာသည်။

“စစ်သူကြီးမဟောသဓာ သက်တော်ရာကျော်ရှည်ပါစေ”

“မဟောသဓာစစ်သူကြီး တိုးတက်အောင်မြင်ပါစေ”

“မဟောသဓာစစ်သူကြီး”

“ဒို့နိုင်ငံအကျိုးဆောင်ရှက်တဲ့စစ်သူကြီး”

“သက်တော်ရာကျော်ရှည်ပါစေ”

“တိုးတက်အောင်မြင်ပါစေ”

“မဟောသဓာစစ်သူကြီး”

“ဇမ္ဗူဒိပ်ကျွန်းမှာအတုမရှိတဲ့စစ်သူကြီး”

"ဒို့စစ်သူကြီး"
"သူရဲကောင်းစစ်သူကြီး"
"ပူဇော်ကြ"
"ကြိုဆိုကြ"
"ကန်တော့ကြ"

မြို့သူမြို့သားတို့၏ ကြွေးကြော်သံ၊ ကောင်းချီးသြဘာပေးသံ၊ မင်္ဂလာအသံများသည် တခဲနက်ပြန့်လွင့်နေသည်။ မဟောသဓာ ကြွချီလာမည့် လမ်းမကြီး၏ဝဲယာ၌ အဝတ်သစ်များဝတ်လျက် ပုတီးနားဒေါင်း လက်ကောက်တို့ဆင်လျက် တံခွန်ကုက္ကားများ ကိုင်ဆောင်လျက်၊ စားဘွယ်သောက်ဘွယ်များ၊ လက်ဆောင် ပဏ္ဏာများကိုင်ဆောင်လျက်၊ စောင့်ကြိုနေကြသော ပရိသတ်မှာ လူအချင်းချင်းထိစပ်ပြီး ကြက်တကောင်သော်မှ ပျံကျ၍မရ အောင် ကြပ်ညပ်နေလေသည်။

စောင်းညွှင်းပတ်သာ ဒူရိယာတို့ကိုတီးခတ်ပြီး ကခုန်မြူးထူး ကာ ကြိုဆိုသူတွေကလည်း အများအပြားရှိသည်။ မဟောသဓာ စစ်သူကြီးသည် ကကြိုးတန်ဆာ အစုံအသင် ဆင်မြန်းထားသော ဖေါင်းဝတ်ရောင် စီးတော် မြင်းကိုစီးလျက် မြို့တွင်းသို့ မင်္ဂလာ ရှိသော တံခါးမှကြွချီလာသည်။ ၎င်း၏နောက်မှ ဆင်တပ်၊ မြင်း တပ်၊ ရထားတပ်၊ ခြေလျင်တပ်များ အစဉ်တစိုက် လိုက်ပါချီတက် လာသည်။ ပရိသတ်ကြီးသည် တခဲနက်ကြွေးကြော်လျက် ကြိုဆို ကြသည်။ မဟောသဓာစစ်သူကြီးအား လက်အုပ်ချီ၍ ရှိခိုးကြ သည်။ ပဏ္ဏာလက်ဆောင်များနှင့် ပူဇော်ကြသည်။

အမရာဒေဝီသည် အခြွေအရံများနှင့်အတူ ကာသိကရာဇ်တိုင်း ဖြစ် အဘိုးတန်အဝတ်အထည်များကို ဝတ်ဆင်ကာ နန်းတော်

တံခါးဝမှ စောင့်ကြိုနေသည်။ မဟောသဓာအား ပြည်သူများက ချီးကျူးထောပနာပြုလျက် တခဲနက်ကြိုနေသည်ကို ကြားမြင်နေရသောကြောင့် အမရာ၏ရင်မှာ ဝမ်းသာခြင်းဖြင့် လှိုက်ဖိုနေသည်။

နန်းတော်တံခါးဝရောက်လျှင် စစ်သူကြီးမဟောသဓာ မြင်းပေါ်မှဆင်းသည်။ အမရာသည် မဟောသဓာ အနီးရောက်လာသောအခါ—

"မောင်တော်" ဟု လှမ်းခေါ်မိမလိုဖြစ်ပြီးမှ သတိနှင့်ချုပ်တည်းထားလိုက်ရသည်။

မဟောသဓာသည် အမရာဒေဝီကိုမြင်တွေ့သော်လည်း စောင်းငဲ့၍ပင်မကြည့်ဘဲ တည်ငြိမ်သော ဣန္ဒြေဖြင့် နန်းတော်အတွင်း ဝင်သွားသည်။ အမရာခမြာ ရင်မှာဟာနွမ်း ကျန်ခဲ့ရရှာ၏။

ဝိဒေဟရာဇ်မင်းကြီးသည် များစွာသော မှူးမတ်များခြံရံလျက် ရာဇပလ္လင်ထက်တွင်ထိုင်ကာ မဟောသဓာကို စောင့်ကြိုနေသည်။ မဟောသဓာသည် ရှေ့တော်သို့ဝင်ပြီး မင်းကြီးအား ရှိခိုးလျက်ရပ်နေ၏။ မင်းကြီးသည် ရာဇပလ္လင်မှဆင်းကာ မဟောသဓာ၏ ပုခုံးကိုဖက်တွဲ၍ ရာဇပလ္လင်ပေါ်သို့ ခေါ်လာကာ အတူယှဉ်ထိုင်သည်။ ပြီးနောက် မင်းကြီးမေးတော်မူ၏။

"သားတော်သုခမိန်....သင့်ကို ငါတို့ စွန့်ပစ် ထားခဲ့ကြတယ်၊ ဥပမာပြရရင် လူသေကောင်ကို သုသာန်တစပြင်မှာ ပစ်ထားသလို နောက်ဘယ်အခါမှ ပြန်လာတော့မှာမဟုတ်သလို ပစ်ထားခဲ့ပုံမျိုးနဲ့ ပစ်ထားခဲ့ကြတယ်၊ သားတော် စံမြန်းကျန်ရစ်ခဲ့တဲ့ ဥပကာရီမြို့ကို ပဉ္စာလရာဇ်စစ်သည်တွေဟာ အထပ်ထပ် ဝိုင်းရံထားရက်နဲ့ သားတော်မှာ ဘယ်သူ့အကူအညီရလို့၊ ဒါမှမဟုတ်

ဘယ်လိုအကြောင်းနဲ့ လွှတ်မြောက်လာခဲ့တယ်ဆိုတာ လျှောက်တင်စမ်းပါအုံး သားတော်"

မင်းကြီးမှာ ဝမ်းသာလွန်းသဖြင့် အသံတုန်ချင်သလို ရှိနေ၏။

"အရှင်မင်းကြီး....သူတပါးအကြံကို ကြိုတင်သိအောင် သားတော်ရဲ့ အကြံဉာဏ် ဝိရိယလုံ့လနဲ့ သိအောင် ကြံခဲ့ပါတယ်၊ သိပြီးတဲ့နောက် သူတပါးအကြံဉာဏ်ကို မိမိက ဝိုင်းရံ လွှမ်းမိုးနိုင်အောင်ကြံပြီး ဆောင်ရွက်ပါတယ်၊ ဥပမာ ဇမ္ဗူဒိပ်ကျွန်းကို မဟာသမုဒ္ဒရာကြီး ဝိုင်းထားသလို၊ မဟာပထဝီ မြေပြင်ကို မိုးကောင်းကင် ဖုံးအုပ်ထားသလို သူတပါး အကြံအစည်ကို သားတော် အကြံအစည်နဲ့ ဝိုင်းရံဖုံးအုပ်ပြီး ထမ်းဆောင်ခဲ့တဲ့အတွက် သားတော်နဲ့အတူ သားတော်ရဲ့တပ်တော်ဗိုလ်ခြေအားလုံး သွေးတစက်မကျ မှည့်တပေါက်မစွန်းဘဲ လွတ်မြောက်ခဲ့ပါတယ် ခမည်းတော်"ဟု လျှောက်တင်ပြီးနောက် မိမိဆောင်ရွက်ခဲ့သည်များကို ထပ်မံတင်လျှောက်လေ၏။

မဟောသဓာ တင်လျှောက်သည်ကိုကြားလျှင် မင်းကြီးသည် အလွန့်အလွန် ဝမ်းမြောက်တော်မူ၏။ မဟောသဓာက တင်လျှောက်ပြန်သည်။

"အရှင်မင်းကြီး....အခုအခါမှာ ပဉ္စာလရာဇ်နဲ့ ဝိဒေဟရာဇ်နှစ်နိုင်ငံဟာ ရွှေနှစ်ပြားကို ဂဟေမသားဘဲ ဆက်စပ်ထားသလို ချစ်ကြည်မှု ရရှိခဲ့ပါပြီ၊ စူဠနီဗြဟ္မဒတ်မင်းကြီးဟာလဲ သားတော်ရဲ့ အဆုံးအမကြောင့် လောဘရမက် ကုန်ခမ်းပါပြီ၊ သားတော်အား ချစ်ကြည်လေးစားတဲ့အတွက် ပဏ္ဏာလက်ဆောင်အဖြစ် ရွှေစင်တထောင်၊ တနှစ်မှာတရွာကို အခွန်တသိန်းရတဲ့ ကာသိကရာဇ်တိုင်းက ရွာပေါင်းရှစ်ဆယ်၊ ကျွန်မိန်းမ လေးရာ၊ အလုပ်

အကျွေး သတို့သမီးငယ်တရာတို့ကို ပေးအပ်လိုက်ပါတယ်။ပဉ္စာလ စန္ဒိမိဖုရားအတွက်လဲ လက်ဖွဲ့ပစ္စည်းများစွာကို ပေးအပ်ပါတယ်၊ သားတော် ပြည်တော်အပြန်မှာ များစွာသော စစ်သည်ဗိုလ်ပါ တို့ကိုလဲ ပို့စေပါတယ်၊ သားတော်ရဲ့ အဆောင်အရွက်ကြောင့် နောင်ဘယ်အခါမှ စစ်မဖြစ်စတမ်း ထာဝရငြိမ်းချမ်းရေးကို ရရှိခဲ့ပါပြီ”

မဟောသဓာ၏ လျှောက်တင်စကားကြားလျှင် မင်းကြီးအထူးတလည် ဝမ်းမြောက်တော်မူကာ—

“ဆရာ သေနက… ပညာရှိသုခမိန်နဲ့ အတူ နေရ ခြင်းဟာ အလွန်စိတ်ချမ်းသာ ရပါကလား၊ ငါ့သားတော် သုခမိန်ဟာ သာမန်ပညာရှိသာမဟုတ်၊ သာမန်စစ်သေနာပတိကြီးသာမဟုတ်၊ အလွန်မွန်မြတ်တဲ့ အဂ္ဂမဟာသေနာပတိ စစ်သူကြီးပါကလား၊ ငါ့သားတော်ဟာ ဘယ်တော့မှအတုယှဉ်ပြိုင် ပေါ်မလာနိုင်တဲ့ ပညာရှိပါကလား”

မင်းကြီးသည် လှိုက်လှဲစွာ ကြူးရင့်မိန့်ဆို၏။

သေနက သုခမိန်ကလည်း—

“အရှင်မင်းကြီး အမိန့်တော်ရှိတဲ့အတိုင်း မှန်ပါပေတယ်၊ ကြပ်တည်းခဲယဉ်းတဲ့ အရေးအရာပြဿနာကို တကဲ့ပညာရှိသုခမိန်သာ ရေမနောက်၊ ကြာမခြောက်၊ နှစ်ဦးနှစ်ဝ အနာတရမဖြစ်စေဘဲ နှစ်ဦးနှစ်ဝအကျိုးခံစားရအောင် ဆောင်ရွက်နိုင်ပါတယ်၊အခု မဟောသဓာစစ်သူကြီးရဲ့ ဆောင်ရွက်ချက်ဟာဖြင့် မင်းကြီးအလိုပြည့်၊ နှစ်နိုင်ငံချစ်ကြည်ရေးလဲ အရှည်တည်မှာမို့ စစ်သူကြီး မဟောသဓာကို အရှင်မင်းကြီး ပေးအပ်တဲ့ အဂ္ဂမဟာ သေနာ

ပတိအဖြစ်နဲ့ အထိုက်တန်ဆုံးသော ပုဂ္ဂိုလ် ဖြစ်တယ် ဆိုတာ ကျွန်ုပ် ယုံယုံကြည်ကြည်နဲ့ ထောက်ခံပါတယ်” ဟု ထောက်ခံ တင်လျှောက်လေသည်။

ဝိဒေဟရာဇ်မင်းကြီးသည်မဟောသဓာအားအစွမ်းကုန် ဂုဏ်ပြု လိုသဖြင့်—

“မှူးတော်မတ်တော်တို့....ငါ့နိုင်ငံတော် အတွင်း မှီတင်းနေ ထိုင်ကြတဲ့ တိုင်းသူပြည်သားအားလုံးယနေ့ကစပြီး ခုနစ်ရက်ပတ် လုံးအခြား အမှုကိစ္စကို မလုပ် မဆောင်ကြဘဲ ငါ့သားတော် မဟောသဓာကို ပူဇော်ချီးမြှောက်ကြပြီး ကြီးကျယ်ခမ်းနားတဲ့ ပွဲ သဘင်များကျင်းပကြရမယ်ဆိုတဲ့ အကြောင်း စည်မောင်းများ လည်စေရမယ်”ဟု အမိန့်တော်ရှိလေသည်။

ပြီးနောက်—

“သားတော်ခရီးပန်းလာတယ် စံအိမ်တော်မှာ ပြန်ပြီး အေး ချမ်းစွာ စံစေ”ဟု အမိန့်ရှိ လိုက်လေသတည်း။

စံအိမ်တော်သို့ပြန်ရောက်လျှင် မဟောသဓာသည် ဝတ်လဲ တော်ကိုပင် ချွတ်လဲခြင်းမပြုပဲ တံခါးဝမှစောင့်ကြိုနေသော အမ ရာဒေဝီအားဖက်တွဲကာ အဆောင်တော် ထဲသို့ ဝင်ခဲ့လေသည်။ သလွန်ပေါ်တွင် ထိုင်မိကြသောအခါ အမရာလည်း အလွန့် အ လွန်စိတ်ကြည်နူးခြင်းဖြစ်ရကာ မဟောသဓာ၏ ပုခုံးတွင် ခေါင်း တင်လျက် ကော့ရှန်းသော မျက်တောင်များကို ယှက်ကာ မှေး စင်းနေ၏။

“အမရာဒေဝီ”

မဟောသဓာက ညင်ညင်သာသာခေါ်သည်။

“မောင်တော်”

အမရာက မပွင့်တပွင့်ပြန်ထူးသည်။

"အမရာဘာများလျှောက်တင်စရာ ရှိသလဲ"

"မောင်တော် ပြန်ရောက်လာတာကို ဝမ်းသာလွန်းလို့ နှမတော်မှာ ဘာမှ လျှောက်တင်စရာစကား မရှိတော့ပါဘူး မောင်တော်"

အမရာ၏ကိုယ်လုံးကို ပွေ့ဖက်ထားသော မဟောသဓာ၏ လက်များပို၍တင်းကြပ်လာသည်။

"တိုင်းသူပြည်သားလူအများတို့လေး....ဝိဒေဟရာဇ် တိုင်းကြီးသခင်ဖြစ်တော်မူသော ဝိဒေဟရာဇ်မင်းကြီး အမိန့်တော် ရှိလိုက်သည်၊ ယနေ့မှစ၍ ခုနစ်ရက်တိုင်တိုင် မဟောသဓာစစ်သူကြီးသုခမိန်ကို ဂုဏ်ပြုသောအားဖြင့် ကြီးစွာသော ပွဲလမ်းသဘင်များ ဆင်ယင်ကျင်းပကြပြီး စစ်သူကြီး မဟောသဓာအား မိမိတို့နှင့် ဆိုက်ရာတန်ရာလက်ဆောင်ပဏ္ဏာများနှင့် ပူဇော် ချီးမြှောက်ကြရမည်၊ မင်းမှူးမတ် သူဌေးသူကြွယ် ကုန်သည်လယ်လုပ် တယောက်မကျန် စစ်သူကြီး မဟောသဓာကို ပူဇော်ချီးမြှောက် ကြရမည်"

စည်မောင်းလည်သံသည် မဟောသဓာနှင့် အမရာဒေဝီတို့နားသို့ ရိုက်ခတ်လာ၏။

"ဟော—မောင်တော့်အတွက် ခုနစ်ရက်တိုင်တိုင်တနိုင်ငံလုံး ပူဇော်ပွဲသဘင်ကြီး ကျင်းပရမယ်ဆိုပါလား"

အမရာက ခပ်သောသောမေးသည်။

"ဟုတ်တယ်နှမတော်....မင်းကြီးက မောင်တော် ကို အစွမ်းကုန် ချီးမြှောက်ဂုဏ်ပြုတာဘဲဖြစ်တယ်"

"နှမတော်လေ....မောင်တော့်ကိုအစွမ်းကုန် ချီးမြှောက်တဲ့အတွက်ဝမ်းသာပါတယ်၊ ဒါပေမယ်လို့ မောင်တော်နဲ့ လေးလ

ကျော် ငါးလနီးပါး ခွဲခွာနေရလို့ လွမ်းရတဲ့ဒုက္ခ၊ မောင်တော်အတွက် ပူပင်သောက ဖြစ်ရတဲ့ဒုက္ခနဲ့ စာကြည့်ရင် ဝမ်းသာရတာဟာ ဘာမှ မဖြစ်လောက်ပါဘူးမောင်တော်"

အမရာဒေဝီ လျှောက်တင်သည်ကို ကြားလျှင် မဟောသဓာ ပြုံး၏။


"ပူဇော်ချီးမြှောက်ဂုဏ်ပြုခံရတာကို ဝမ်းမသာချင်နေပါ နှမတော်။ လာဘော အလာဘော၊ နိန္ဒာ ပသံသာဆိုတဲ့ တရားသဘောနဲ့ ဆင်ခြင်ကြည့်ရင် လာဘ်ရတာဂုဏ်ပြု တာတွေဟာ မတည်မမြဲတဲ့ သင်္ခါရသဘောတွေပါ၊ ဒါကြောင့် ဒီအတွက် ဝမ်းသာစရာ မဟုတ်ပေမယ်လို့ မောင်တော့်ရဲ့ ဆောင်ရွက် ချက်ကြောင့် စစ်မြေပြင်မှာ သွေးတစက်မကျဘဲ သတ္တဝါတွေ ချမ်းသာစွာနဲ့ နှစ်နိုင်ငံချစ်ကြည်ပြီး အရှည်ငြိမ်းချမ်းရေးရခဲ့တာကိုတော့ ဝမ်းသာဂုဏ်ယူစေချင်တယ်ကွယ်"

မဟောသဓာမိန့်ဆိုစကားကြားလျှင် အမရာဒေဝီသည်မဟောသဓာ၏ ပုခုံးတွင် ခေါင်းမှီထားရာမှ အသာခွာလိုက်ပြီး မဟောသဓာ၏ မျက်နှာကိုပြုံးကြည့်လျက်

"နှမတော် သတိလစ်ပြီး ပြောမိတာကို ခွင့်လွှတ်ပါ မောင်တော်၊မောင်တော်ရဲ့အကြံဉာဏ်ပညာနဲ့ သတ္တဝါအများ ချမ်းသာမှုရခဲ့ပြီး၊ နောင်လဲ ချမ်းသာမှုအရှည်ရကြမှာကို နှမတော်ဝမ်းသာဂုဏ်ယူပါတယ်"ဟု တင်လျှောက်လေသည်။

မဟောသဓာကပြုံးလျက်—

"ကဲ နှမတော် မောင်တော့်အတွက် ဝတ်လဲတော်များ ပြင်ဆင်ပါ"ဟု မိန့်ဆိုသဖြင့် အမရာဒေဝီ မဟောသဓာ၏ အပါးမှ ထွက်ခွာသွားလေ၏။



## မဟောသဓာ ပဉ္စာလရာဇ်မင်းထံ အမှုထမ်းခြင်း

တိုင်းသူပြည်သားများသည် မဟောသဓာစစ်သူကြီး သုခမိန်ကား ယခင်က ပဉ္စာလရာဇ်စစ်သည် အလုံး အရင်းနှင့် ငါတို့နေပြည်တော်ကို လာရောက် ဝိုင်းရံ ထားစဉ်ကလည်း မင်းနှင့်တကွ တိုင်းသူပြည်သားတို့၏ အသက်ကို သူ၏ ပညာစွမ်းဖြင့် ကယ်ဘင်ခဲ့ဘူးပြီ။

ယခုလည်း ပဉ္စာလရာဇ်မင်း၏ နိုင်ငံသို့သွားကာများစွာသော စစ်သည်တို့ ဝိုင်းရံသည့်ကြားမှ မင်းကြီး၏အလိုကို ပြည့်စေခဲ့မက၊ ပဉ္စာလရာဇ်မင်းကို အနိုင်ရကာ၊ နှစ်နိုင်ငံ အမြန့်ရှည်စွာ ချစ်ကြည်ငြိမ်းချမ်းရေးကိုလည်းသူ၏ ပညာဉာဏ်စွမ်းဖြင့် ဆောင်ရွက်ခဲ့ပြန်သည်၊ သုခမိန်စစ်သူကြီး မဟောသဓာ၏ ကျေးဇူး တရားသည်ကြီးမားလှ၏ဟု နှလုံးသွင်းယုံကြည်ထားလေရာ စည်မောင်းလည်း သံကြားရသောအခါ ငါတို့ မဟောသဓာစစ်သူကြီးအား ပူဇော်ဂုဏ်ပြုခွင့်ရလေပြီဟု ဝမ်းမြောက်ကြလေ၏။

ဝိဒေဟရာဇ်နိုင်ငံအရပ်တိုင်းတွင် ကြီးကျယ်သောပွဲသဘင်များကို ၇ ရက်တိုင်တိုင် စီစဉ်ခင်းကျင်း၍ တိုင်းသူ ပြည်သားများ အပျော်ကြီးပျော်မြူးကြလေသည်။ မိဖုရားကြီး ဥဒုမ္ဗရဒေဝီမှအစ မင်း မှူးမတ် စစ်သည် သူဌေးသူကြွယ်ကုန်သည်လယ်လုပ်ပါမကျန် မဟောသဓာအား မိမိတို့ထိုက်သင့်ရာ ပဏ္ဏာလက်ဆောင်များဖြင့် ပူဇော်ချီးမြှောက်ကြသည်။

မဟောသဓာသည် ပူဇော်ပွဲသဘင်များအပြီး နောက်နေ့တွင် မင်းကြီးရှေ့တော်သို့ဝင်၍—

"အရှင်မင်းကြီး....စူဠနီဗြဟ္မဒတ်မင်းရဲ့မိဖုရား၊ သားတော်နဲ့ မယ်တော်စတဲ့ မင်းသုံးပါးကို ပဥ္စာလရာဇ်နိုင်ငံအမြန်ပြန်ပို့မှသင့်ပါမယ်"ဟု တင်လျှောက်၏။

မင်းကြီးကလည်း—

"သားတော် ပို့စေ"ဟု မိန့်တော်မူကာ မင်းသုံးပါးအတွက် များစွာသောပဏ္ဏာလက်ဆောင်တို့ကိုပေး၏။

မဟောသဓာသည် ပဥ္စာလရာဇ်နိုင်ငံမှပါလာသော စစ်သည်ဗိုလ်ပါများအပြင် မိမိတို့နိုင်ငံမှစစ်သည်ဗိုလ်ပါများပါ၊ မင်းသုံးပါးတို့ကိုခြံရံစေလျက် မင်းသုံးပါးတို့အား ပဥ္စာလရာဇ်နိုင်ငံသို့ ပြန်ပို့စေသည်။

မင်းသုံးပါးတို့လည်း ကြီးစွာသော စစ်သည်ဗိုလ်ပါအခမ်းအနားနှင့် မိမိနိုင်ငံသို့ပြန်ကြရသဖြင့် ရွှင်မြူးအားရကြသည်။နန်းတော်သို့ မင်းသုံးပါးပြန်လည်ဆိုက်ရောက်သောအခါ စူဠနီဗြဟ္မဒတ်မင်းကြီးသည် မယ်တော်စလာကာဒေဝီအား—

"မယ်တော်တို့ကို ဝိဒေဟရာဇ်မင်းကြီးက အရေးယူချီးမြှောက်ရဲ့လား"ဟု မေး၏။

စလာကဒေဝီက—

"သားတော်....ဝိဒေဟရာဇ်မင်းကြီးဟာ မယ်တော်ကိုလဲရိုသေလေးစားပြီး ကောင်းစွာချီးမြှောက်ပါတယ်၊ ချွေးမတော် နန္ဒာဒေဝီကိုလဲ မိခင်နေရာမှာထားပြီး အလေးအစားချီးမြှောက်ပါတယ်၊ မြေးတော်ပဉ္စာလစန္ဒာကိုလဲ ညီရင်းနဲ့မခြားချစ်ခင်ယုယချီးမြှောက်ပါတယ်၊ မြေးမတော်ပဉ္စာလစန္ဒီကိုလဲ မြောက်နန်းစံဖြစ်ပေတဲ့ တောင်နန်းစံဒေဝီမိဖုရားခေါင်ကြီးနဲ့မခြား ချစ်ခင်ကြင်နာစွာချီးမြှောက်ပါတယ်၊ ဝိဒေဟရာဇ်မင်းကြီးအပေါ် အပြစ်တစုံတရာဆိုဘွယ်မရှိ" ဟု ဖြေ၏။

မယ်တော် စလာကဒေဝီ၏အဖြေစကားကိုကြားလျှင် စူဠနီပြဟ္မဒတ်မင်းကြီးသည် မဟောသဓာသုခမိန်ပြောစကား မှန်ပေ၏ဟု ဝမ်းမြောက်တော်မူလျက် ဝိဒေဟရာဇ်နိုင်ငံမှလိုက်ပို့ကြသော စစ်သည်ဗိုလ်ပါတို့အား များစွာသော ဆုတော်လာဘ်တော်များကို ပေးလေသည်။ ပြီးနောက် စစ်သည်ဗိုလ်ပါများပြန်သောအခါ ဝိဒေဟရာဇ်မင်းကြီးအတွက် များစွာသောလက်ဆောင်ပဏ္ဏာများကို ပေးဆက်လိုက်လေ၏။

ယင်းအချိန်မှအစပြု၍ ပဉ္စာလရာဇ်နိုင်ငံနှင့် ဝိဒေဟရာဇ်နိုင်တို့သည် ပြေညီသော ရွှေစင်မြားနှယ် တသားတည်း ညီညွတ်ကြကာ တနိုင်ငံနှင့်တနိုင်ငံ ကူးသန်းရောင်းဝယ် ကုန်ချင်းဖလှယ်လျက် လူများလည်း နှစ်ပြည့်တပြည်နှယ် ကူးလူးလည်ပတ်နေကြလေသည်။

ဝိဒေဟရာဇ်မင်းကြီးသည် ပဉ္စာလစန္ဒီဒေဝီမိဖုရားအား ချစ်ခင်မြတ်နိုးတော် မူသည်ဖြစ်၍၊ ဥဒုမ္ဗရဒေဝီ မိဖုရားကြီးနှင့် မခြားကြင်နာယုယ မြှောက်စားထားလေသည်။ မင်းကြီးနှင့် ပဉ္စာလ

စန္ဒီတို့စံမြန်း၍ တနှစ်ခန့်ကြာသည်တွင် ပဉ္စာလစန္ဒီဒေဝီမိဖုရားတွင် ကိုယ်ဝန်ဆောင်ရ၏။ အချိန်စေ့ရောက်သောအခါ သားယောကျာ်းကလေး ဖွားမြင်သည်။

ထိုသတို့သားအား "ဒီဃာဝု" ဟု အမည်ပေး၏။

ဒီဃာဝုသတို့သားဆယ်နှစ်အရွယ်ရောက်သည်တွင် ဝိဒေဟရာဇ်မင်းကြီး နတ်ရွာစံကံတော်ကုန်လေ၏။

မဟောသဓာသည် ဒီဃာဝုမင်းသားအား ကြီးစွာသော ရာဇဘိသေက မင်္ဂလာကိုခံယူစေကာ ခမည်းတော်၏ အရိုက်အရာမင်းအဖြစ် အပ်နှင်းလေသည်။ ထိုသို့အပ်နှင်းပြီးနောက်—

"အရှင်မင်းမြတ်.... ကျွန်ုပ်ကိုခွင့်ပြုပါ၊ ကျွန်ုပ်အရှင့်ဘိုးတော် စူဠနီဗြဟ္မဒတ်မင်းကြီးထံသွားပြီး ခစား အမှုထမ်း ရပါမယ်" ဟု တင်လျှောက်၏။

မဟောသဓာ တင်လျှောက်သော စကားကြားလျှင် ဒီဃာဝုမင်းမှာ အားကိုးရာမဲ့သလို မျက်နှာ ညှိုးနွမ်း သွားလေသည်။ ပြီးလျှင် မဟောသဓာအား ညှိုးငယ်စွာကြည့်လျက်—

"သုခမိန် ... ကျွန်ုပ်ကိုပစ်ပြီး ထွက်ခွာမသွားပါနဲ့၊ ကျွန်ုပ်အသက်အရွယ်မှာ အလွန်ငယ်လှပါတယ်၊ သုခမိန်မရှိရင် ကျွန်ုပ်နိုင်ငံကို အုပ်ချုပ်မင်းလုပ်နိုင်စွမ်းမရှိပါ" ဟု တောင်းပန်သည်။

ထိုအခါ မဟောသဓာက—

"အရှင်မင်းမြတ်....မင်းမှာသစ္စာ လူမှာကတိဆိုတဲ့စကား ရှိပါတယ်၊ ကျွန်ုပ်ဟာ နှစ်နိုင်ငံ စစ်ပြေငြိမ်းစဉ် ကထဲက ဝိဒေဟရာဇ်မင်းကြီးမရှိတဲ့နောက် စူဠနီဗြဟ္မဒတ်မင်းထံ လာရောက်အမှုထမ်းပါမယ်လို့ ကတိထားရှိခဲ့တယ်၊ ဒီကတိမပျက်အောင် သွားရပါမယ်" ဟုဆို၏။

ဒီဃာဝုမင်းလည်း အလွန်စိတ်မချမ်းမြေ့သည့် မျက်နှာဖြင့်—

''သခမိန်....စူဠနီဗြဟ္မဒတ်မင်းဟာလဲ ကျွန်ုပ်အဖိုးဖြစ်ပါတယ်၊ ခမည်းတော်မင်းကြီး မရှိသည့်နောက် သခမိန် ပဉ္စာလရာဇ်နိုင်ငံ မလာမရောက် အမှုမထမ်းဘဲနေလို့လဲ အရေးယူမယ် မဟုတ်ပါ၊ ကျွန်ုပ် သခမိန်ကို ခမည်းတော်အရာမှာ ထားပါရစေ၊သခမိန်ရဲ့ ဆုံးမစကားကို နာယူပါရစေ၊ ပဉ္စာလရာဇ်နိုင်ငံကို မသွားပါနဲ့''

ဟု လျှောက်ထားပြန်၏

ပဉ္စာလစန္ဒီဒေဝီကလည်း—

''သခမိန်.... ကျွန်ုပ်တို့မှာ တပြည်တနိုင်ငံက ဖြစ်ပါတယ်၊ မင်းကြီးမရှိတဲ့နောက် ကျွန်ုပ်တို့မှာ အားကိုးစရာဆိုလို့ သင် သခမိန်မှတပါး အခြားမရှိပါ၊ ကျွန်ုပ်သားမှာလဲ မင်းအဖြစ်ရတဲ့ တိုင်အောင် အသက်အရွယ် အလွန်နုငယ်ပါသေးတယ်၊ တိုင်းရေး ပြည်ရေး မင်းရေးမင်းရာဆိုလို့ ဘာမှနားမလည်သေးတဲ့အရွယ်ပါ၊ ဒါကြောင့် သခမိန် ကျွန်ုပ်တို့ သားအမိကို ပစ်ပယ်မသွားပါနဲ့၊ ပစ်မထားခဲ့ပါနဲ့၊ သခမိန်မရှိရင် ကျွန်ုပ်တို့သားအမိ ကိုးကွယ် အားထားရာမရှိပါ'' ဟု လျှောက်ပန်၏။

မဟောသဓာက—

''အရှင်မိဖုရား....ဝိဒေဟရာဇ်နဲ့ ပဉ္စာလရာဇ်ဟာ တနိုင်ငံထဲနဲ့ မခြား၊ တသားထဲရှိနေပါတယ်၊ ဒါကြောင့် ကျွန်ုပ် ဝိဒေဟရာဇ် ပြည်မှာမရှိသော်လဲ ရှိတာနဲ့ဘာမှမထူးပါ၊ ပဉ္စာလရာဇ်ကနေ ပြီး ဝိဒေဟရာဇ်အရေးအခင်းဟူသမျှ စီမံ ခန့်ခွဲပေးပါမယ်၊ ဒီ ဇမ္ဗူဒိပ်ကျွန်းမှာ ကျွန်ုပ်သြဇာ ကျွန်ုပ် အကြံဉာဏ်ကို မနာခံတဲ့ မင်း၊ မနာခံတဲ့လူရယ်လို့မရှိဘဲ့အတွက် နီးသည်ဝေးသည်မှာ အ ကြောင်းမဟုတ်၊ ကျွန်ုပ်စီမံရာကိုသာ နာခံကြမှာ ဖြစ်ပါတယ်၊

ကျွန်ုပ်နှုတ်ကတိပျက်တဲ့အတွက် စူဠနီဗြဟ္မဒတ်မင်းကြီးက အရေးယူတော်မမူသော်လည်း ကိုယ့်ကတိကိုယ်ဖျက်ရာ မရောက်ချင်ပါ၊ ဒါ့ကြောင့် ပဉ္စာလရာဇ်နိုင်ငံမှာ သွားရောက် နေထိုင်ခွင့်ပြုပါ” ဟုပန်ကြားလေ၏။

ဒီဃာဝုမင်းနှင့် ပဉ္စာလစန္ဒီတို့မှာ မဟောသဓာအား မဘားသားသဖြင့် နှုတ်ဆိတ်၍သာနေကြရလေသည်။

မဟောသဓာသည် သားမယား အခြွေ အရံတို့ကိုပါ ခေါ်ဆောင်၍ ပဉ္စာလရာဇ်နိုင်ငံသို့သွားရာ ပြည်သူ ပြည်သား မှူးမတ် ဗိုလ်ခြေ မိဖုရားစသော တိုင်းသူပြည်သားများသည် မဟောသဓာအား လိုက်ပို့နှုတ်ဆက်ကြရင်း ပြင်းစွာငိုကြွေးကြလေ၏။

စူဠနီဗြဟ္မဒတ်မင်းကြီးသည် မဟောသဓာသခမိန် ပဉ္စာလရာဇ်နိုင်ငံသို့ကြွချီလာပြီဆိုသော သတင်းကိုကြားလျှင် များစွာသော ဗိုလ်ပါအခြံအရံများနှင့် မြို့တွင်းမှ ထွက်ကာ မဟောသဓာအား စောင့်ကြိုနေလေသည်။

မဟောသဓာ ဆိုက်ရောက်လာသောအခါ မြို့တွင်းသို့ ကြိုဆိုခေါ်ဆောင်သွားပြီး၊ ကြီးစွာသော စံအိမ်ကို ပေးအပ်၏။ ပြီးနောက် ယခင်ပေးအပ်ထားသောမြို့ရွာရှစ်ဆယ်အပြင် နောက်ထပ်မြို့ရွာ ခရိုင်များစွာကို ချီးမြှင့်မြှောက်စားပြန်၏။ မဟောသဓာသည် ပဉ္စာလရာဇ်နိုင်ငံသို့ရောက်ရှိပြီးနောက် နေ့စဉ် မပြတ်မင်းကြီး ရှေ့တော်သို့ဝင်ရောက်ခစား၏။

ပဉ္စာလရာဇ်ပြည်၌ ‘ဘေရီ’ အမည်ရှိသော ပရိဗိုဇ် ရဟန်းမသည်ရှိ၏။ ထိုပရိဗိုဇ်ရဟန်းမသည် ဉာဏ်ပညာအရာ၌အလွန်ထက်မြက်၏။ စကားပရိယာယ်အရာ၌လည်း လွန်စွာကျွမ်းကျင်၏။ ထိုဘေရီပရိဗိုဇ်ရဟန်းမသည် မင်းကြီးနန်းတော်တွင် နေ့စဉ်ဆွမ်းစား

၏။ မိတ္ထိလာပြည်မှ ဥာဏ်ပညာအရာ၌ အလွန် ထင်ရှား ကျော် ကြားသော မဟောသဓာသုခမိန် မင်းကြီးထံရောက်လာကြောင်း ပရိဗိုဇ်ရဟန်းမ ကြားသိထား၏။ နေ့စဉ်လည်း မင်းကြီးထံ ဝင် ရောက်ခစားသည်ဟု ကြား၏။ သို့သော်လည်း မဟောသဓာနှင့် တကြိမ်တခါမျှ မဆုံစည်းခဲ့သေးချေ။

မဟောသဓာသုခမိန်လည်း ဤပြည်တွင် ဥာဏ်ပညာအရာ၌ ကျော်ဇောထင်ရှားသော ဘေရီအမည်နှင့် ပရိဗိုဇ် ရဟန်းမတပါး ရှိသည်ဟုကြားသိထား၏။ နေ့စဉ်နေ့တိုင်း မင်းကြီး နန်းတော်သို့ ဆွမ်းစားကြွကြောင်းလည်းကြား၏။ သို့သော် တကြိမ်တခါမျှ ထို ပရိဗိုဇ်ရဟန်းမအား မမြင်မတွေ့ဘူးသေး။ မဟောသဓာ ပဥ္စာလ ရာဇ်နန်းတော်တွင် ဝင်ရောက်ခစားနေခြင်းနှင့်ပတ်သက်၍အခြား သူများ မည်သို့မျှထူးခြားခြင်းမရှိသော်လည်း နန္ဒာဒေဝီ မိဖုရား ခေါင်ကြီးမှာမူ—

မဟောသဓာသည် ငါ့ချစ်လင် ဘုရင်ကြီးကိုလည်း အကြိမ် ကြိမ်ဒုက္ခပေးခဲ့သည်၊ ငါ့သမီးပဥ္စာလစန္ဒီကိုလည်း သက်ကြားအို မင်းကြီးလက်ပေးအပ်သည်၊ ငါ့ကိုလည်း ချစ်လင် မင်းကြီးနှင့် ကွေကွင်းစေကာ စိတ်ဆင်းရဲခြင်းကို ရောက်စေသည်ဟု အမျက် ထားလျက် မဟောသဓာအပေါ် မလိုမုန်းထားစိတ် ရှိနေသည်။ မဟောသဓာ၏ မျက်နှာကိုလည်းမကြည့်ချင်၊ မြင်လည်းမမြင်ချင်၊ ယခု မင်းကြီးထံလာရောက်ခစားသည်ပင် ရိုးသားစွာ လာရောက် ခစားခြင်းမဟုတ်ပဲ မကောင်းကြံရန် လာခြင်းဟု အထင် ရှိနေ သည်။

မိဖုရားကြီးနန္ဒာဒေဝီသည် မင်းကြီး၏ ကိုယ်လုပ်မောင်းမငါး ရာတို့အား —

“သင်တို့ မဟောသဓာကိုစောင့်ကြည့်နေကြ၊ မဟောသဓာ ငါတို့နိုင်ငံလာရောက်ခြင်းဟာကောင်းသောလာခြင်းလို့ ငါမထင်၊ မဟောသဓာဟာအရင်ကလဲ ငါတို့မင်းကြီးကို အမျိုးမျိုးနှိပ်စက်ခဲ့ပြီးပြီ၊ အခုလဲ နှိပ်စက်မယ်အကြံနဲ့ ရောက်လာတာသာဖြစ်မယ်လို့ ငါထင်တယ်၊ ဒါကြောင့် သင်တို့ မဟောသဓာ အပြု အမူကို မပြတ်စောင့်ကြည့်ပြီး မသင်္ကာစရာ တစုံတခု တွေ့မြင်ရင် မင်းကြီးကို အမြန်တင်လျှောက်ကြ”ဟု မှာကြားထား၏။

မောင်းမငါးရာတို့လည်း မိဖုရားကြီးအမှာတော်ရှိသည့်အတိုင်း မဟောသဓာ၏အရိပ်အကဲအမူအရာကို မျက်ခြည် မပြတ် စောင့်ကြည့်နေကြသည်။

ထိုသို့ရှိစဉ် တနေ့သ၌—

ဘေရီပရိဗိုဇ်မသည် ထွမ်းစားပြီး အမြန် မင်းကြီးလဲ ခစားရန် ဝင်ရောက်လာသော မဟောသဓာနှင့် နန်းတော်တံခါးဝတွင်ဆုံမိကြလေ၏၊ ပရိဗိုဇ်မကိုမြင်လျှင် လက်အုပ်ချီလျက် မဟောသဓာ ရပ်နေ၏။

ပရိဗိုဇ်ရဟန်းမသည် မဟောသဓာ၏ ထူးခြားသော ကောင်းမြတ်သည့်ရုပ်သွင်၊ ယဉ်ကျေးယိမ်းမွေ့သော အမူအရာကို မြင်ရုံဖြင့် ဤသူကား ပညာအရာ၌ ကျော်ကြားသော မဟောသဓာ သုခမိန်ဖြစ်ရမည်ဟု အတတ်သိလျက်၊ ကျော်ကြားသည်နှင့်အမျှ ပညာရှိ မရှိ ငါစမ်းကြည့်မည်ဟုကြံကာ မဟောသဓာအား လက်ဝါးကိုဖြန့်ပြ၏။ ထိုအခါ မဟောသဓာက လက်သီးကိုဆုပ်ပြ၏။

တဖန် ပရိဗိုဇ်ရဟန်းမက—

ဦးခေါင်းကိုလက်နှင့်သပ်၍ပြ၏။ မဟောသဓာက ဝမ်းဗိုက်ကို လက်နှင့်သပ်၍ပြ၏၊

ထိုသို့အမေးအဖြေပြုပြီးလျှင် ပရိဗိုဇ်ရဟန်းမလည်းကျောင်းသို့ ကြသွား၏။ မဟောသဓာလည်း မင်းကြီးထံ အခစား ဝင်လေသည်။

မဟောသဓာနှင့် ပရိဗိုဇ်ရဟန်းမတို့ အမေးအဖြေပြုသည်ကို ကိုယ်လုပ်မောင်းမတို့ မြင်ကြလေရာ အချင်းချင်း တိုင်ပင်လျက် မဟောသဓာမင်းကြီးရှေ့တော်မှထွက်ခွာသွားသည်တွင် မင်းကြီး အပါးသို့ချဉ်းကပ်ပြီး ခေါင်းဆောင်မောင်းမက—

"အရှင်မင်းကြီး....မဟောသဓာကိုယုံတော်မူပြီး အတွင်းတော်သို့ဝင်ရောက်ခစားခွင့်မပြုသင့်ပါ၊ မဟောသဓာဟာ ဘေရီပရိဗိုဇ်မနဲ့ပေါင်းပြီး အရှင်မင်းကြီးကိုလုပ်ကြံပါလိမ့်မယ်"ဟု လျှောက်တင်၏။

ထိုမောင်းမ တင်လျှောက်သည်ကိုကြားလျှင် မင်းကြီးဒေါသဖြင့်—

"သယ်....ဒါ နင်တို့အရာလား သွားကြ"ဟု နှင်၏။

မောင်းမများသည် မိမိတို့ဖက်မှ အခိုင်အလုံအကြောင်းပြနိုင်သည်ဟု ယုံကြည်ထားကြသောကြောင့် မင်းကြီး ဒေါသနှင့်နှင်သည်ကိုပင်မသွားပဲ ခေါင်းဆောင်မောင်းမက—

"အရှင်မင်းကြီး....ကျွန်မတို့မှာ အရှင်မင်းကြီးရဲ့ဘုန်းရိပ်ကံရိပ်ကိုသာ ခိုလှုံနေကြရသူများ ဖြစ်ကြပါတယ်၊ အရှင်မင်းကြီးတစုံတရာဖြစ်မှာကိုစိုးရိမ်ပူပန်ပြီး အမြဲမပြတ် စောင့်ကြည့်နေကြပါတယ်၊ မဟောသဓာနဲ့ ပရိဗိုဇ်မအကြံကို ကောန်မသိဘဲနဲ့ မတင်လျှောက်ဝံ့ပါ"ဟု ထပ်မံတင်လျှောက်ပြန်လေ၏။

မင်းကြီးသည် အတန်ငယ်စဉ်းစားနေပြီးနောက်—

"သင်တို့ ဘယ်လိုမြင် ဘယ်လိုကြားလို့ ခုလိုဘင်လျှောက်တာလဲ"ဟု မေး၏။

မောင်းမက—

"အရှင်မင်းကြီး .. ကျွန်မတို့ အမြင်အကြားမရှိဘဲနဲ့ မတင်လျှောက်ပံ့ပါ၊ ကျွန်မတို့တပ်အပ်မြင်ပါတယ်၊ ဒီမနက် ဘေရိပရိဗိုဇ်မဆွမ်းစားပြီးအပြန် နန်းတော်ကိုဝင်လာတဲ့မဟောသဓာနဲ့ နန်းတော်တံခါးဝမှာ ဆုံကြပါတယ်၊ ဆုံတဲ့အခါ ပရိဗိုဇ်မက စူဠနီဗြဟ္မဒတ်မင်းမှာ ဉာဏ်ပညာလက်ဟဝါးခန့်သာရှိတယ်၊ သင်ရဲ့ကြီးမားတဲ့ဉာဏ်ပညာစွမ်းနဲ့ ဘာ့ကြောင့် ဒီတိုင်းပြည်ကိုမယူသလဲလို့မေးပါတယ်၊ မေးရာမှာ သူတပါးမကြားမသိရအောင်လက်ဝါးကိုဖြန့်ပြပြီး မေးပါတယ်။

"မဟောသဓာကလဲ မစိုးရိမ်နဲ့အရှင်မ၊ အခုရှိစေအုံး၊ မကြာခင်မှာ စူဠနီဗြဟ္မဒတ်မင်းကိုသံလျက်နဲ့ဖြတ်ပိုင်းမယ်ဆိုတဲ့အဓိပ္ပါယ်နဲ့ သံလျက်ရိုးကိုင်ဟန်လက်သီးဆုပ်ပြပါတယ်၊ ပရိဗိုဇ်မက သင်လည်ပင်းကို သံလျက်နဲ့ဖြတ်မှာလားဆိုပြီး ဦးခေါင်းကို လက်နဲ့သပ်ပြပါတယ်၊ မဟောသဓာက အရှင်မ လည်ပင်းမဟုတ်ပါ၊ စူဠနီဗြဟ္မဒတ်မင်းရဲ့ခါးကို နှစ်ပိုင်းပြတ်စေမယ်ဆိုတဲ့သဘောနဲ့ သူ့ဝမ်းဗိုက်ကို လက်နဲ့သပ်ပြပါတယ်၊ အရှင်မင်းကြီး....မဟောသဓာကို သတိထားပြီး ဆက်ဆံတော်မူပါ"ဟု လျှောက်တင်လေသည်။

မင်းကြီး နှုတ်ဆိတ် စဉ်းစားနေစဉ် နောက်ထပ် မောင်းမတယောက်က တင်လျှောက်ပြန်၏။

"အရှင်မင်းကြီး....မဟောသဓာကိုဒီနန်းတော်မှာထားတာဟာ မြွေဆိုးကို ခါးပိုက်ထောင်မှာထဲ့ထားတာနဲ့တူပါတယ်၊ အရှင်

မင်းကြီးအတွက် ဘေးအန္တရာယ်ကြီးလှပါတယ်၊ မဟောသဓာကို အမြန် သုတ်သင်ဖျောက်ဖျက်ပစ်မှသာ ချမ်းသာရာ ရနိုင်ပါလိမ့်မယ်"

မင်းကြီးသည် မောင်းမများတင်လျှောက်သည့်စကား ကြားသော်လည်း မဟောသဓာသည် ပစ္စုပ္ပန်သံသရာအကျိုးအပြစ်ကို မြင်မြော်တတ်သောပညာရှိဖြစ်၏။ သူတပါးအား အကြောင်းမဲ့ နှိပ်စက်ညှင်းဆဲလိုသော ဆန္ဒလည်း မရှိ၊ သူတပါးဥစ္စာပစ္စည်းကို လည်းလိုချင်သောရမ္မက်မရှိ၊ မင်းအာဏာကိုလည်းတပ်မက်ခုံမင်သူ မဟုတ်၊ သူအလိုရှိလျှင် သူ့ပညာစွမ်းဖြင့် ဇမ္ဗူဒိပ်ကျွန်းကို အစိုးရနိုင်၏။ သို့စဉ်လျက် မင်းအဖြစ်ကိုမကြံပဲ ငါ့အားပြစ်မှားကြံစည်မည်မဟုတ်၊ ငါ့ကိုလည်း ချစ်ခင်လေးစားပေသည်။ မောင်းမများ လျှောက်တင်သည့်ကိစ္စ မနက်ဖြန်မှပရိဗိုဇ်ရဟန်းမကိုမေးလျှောက်မည်ဟုကြံကာ နှုတ်ဆိတ်၍သာနေလေ၏။

မင်းကြီးနှုတ်ဆိတ်နေလေလျှင် ကိုယ်လုပ်မောင်းမများလည်း ရှေ့တော်မှထွက်ခွာသွားကြလေသည်။

နောက်တနေ့

ပရိဗိုဇ်ရဟန်းမ နန်းတော်သို့ဆွမ်းစားကြွလာသောအခါ မင်းကြီးက—

"မဟောသဓာသုခမိန်ကို အရှင်ရဟန်းမ တွေ့မြင်ဘူးပါပြီလား"ဟု မေးလျှောက်၏။

ပရိဗိုဇ်ရဟန်းမက—

"မင်းကြီး....ယမန်နေ့နံနက်ဆွမ်းစားပြီးအပြန် မဟောသဓာသုခမိန်ကိုငါတွေ့မြင်ဘူးတယ်"ဟု ဆို၏။

"အရှင်ရဟန်းမနဲ့ မဟောသဓာ စကားပြောလိုက်ရပါသေးသလား"

"မင်းကြီး... မဟောသဓာသုခမိန်နဲ့ ငါ နှုတ်အားဖြင့် စကားမပြောကြ၊ မဟောသဓာသုခမိန်ဟာ အလွန်ဉာဏ်ပညာကြီးလှတယ်လို့ကျော်ကြားတာမို့ အရိပ်ပြရင်အကောင်ထင်မထင် ပညာစမ်းချင်တဲ့အတွက် ငါလက်ဝါးဖြန့်ပြပြီး မေးမြန်းစုံစမ်းတယ်၊ ငါလက်ဝါးဖြန့်ပြတဲ့အဓိပ္ပါယ်က၊ သုခမိန် သင့်အားမင်းကြီးက ဖြန့်သောလက်ရှိပါရဲ့လား၊ မတွန့်မလိပ်တဲ့လက်ရှိပါရဲ့လား၊ယုံကြည်လေးမြတ်စွာနဲ့ ထိုက်တန်တဲ့ရာထူးပေးပြီးချီးမြှောက်ပါရဲ့လားလို့ မေးတာဖြစ်တယ်။

"မဟောသဓာဟာ ငါ့အမေးကို ပညာဉာဏ်နဲ့ တွေးပြီးနားလည်တယ်၊ ဒါကြောင့် သူကလက်သီးဆုပ်ပြီးပြန်ဖြေတယ်၊ သူ့အဖြေရဲ့ အဓိပ္ပါယ်ကို ငါနားလည်တယ်၊ သူဆိုလိုတာက အရှင်မမင်းကြီးဟာကျွန်ုပ်ကိုဒီမှာလာအမှုထမ်းဘို့ကတိတောင်းပြီးခေါ်ခဲ့သော်လဲ၊ဒီပြည်ကိုရောက်လာတဲ့အခါ ကျွန်ုပ်နဲ့ ထိုက်တန်တဲ့ရာထူးကိုမပေးသေးပါ၊ ဆုပ်သောလက်ကို မဖြန့်သေးပါလို့ ဆိုလိုခြင်းဖြစ်တယ်။

"ငါက သုခမိန်....မင်းကြီးကထိုက်တန်တဲ့ရာထူးနဲ့မချီးမြှောက်လို့စိတ်ပင်ပန်းတာဖြင့် ငါကဲ့သို့ခေါင်းတုံးရိပ်ပြီးရဟန်းပြုပါလားလို့မေးလိုတဲ့အတွက် ငါ့ခေါင်းကိုလက်နဲ့ သပ်ပြတော့ မဟောသဓာသုခမိန်က ငါမေးလိုတာကိုသိပြီး

"အရှင်မ၊ ကျွန်ုပ်မှာတကိုယ်တည်းမဟုတ်၊စောင့်ရှောက်ကျွေးမွေးရမယ့်ဝမ်းတွေများစွာရှိပါတယ်ဆိုတဲ့အကြောင်းသိစေလိုတာ

ကြောင့် သူ့ရဲ့ဝမ်းကိုလက်နဲ့သပ်ပြပါတယ်၊ ဒီနောက် ငါလဲ ကျောင်းကိုကြွသွားခဲ့တယ်”

စူဠနိပြဟ္မဒတ်မင်းကြီးက—

“အရှင်မ....မဟောသဓာပညာရှိပါရဲ့လား”ဟု မေး၏။

“မင်းကြီး....ဒီကမ္ဘာ့မြေပြင်မှာ မဟောသဓာထက်ပညာရှိသူ မရှိနိုင်ပါ၊သင်မင်းကြီးအနေနဲ့ မဟောသဓာသုခမိန်လိုပညာရှိကို ရခြင်းမှာ ကြီးစွာသောအကျိုးကျေးဇူးကို ဖြစ်စေပါတယ် ဟုဆို ကာ နန်းတော်မှကြွသွားလေသည်။

ပရိဗိုဇ်မကြွသွားပြီးမကြာခင်မှာဖင် မဟောသဓာ မင်းကြီး ရှေ့တော်သို့ဝင်ရောက်ခစား၏။ မင်းကြီးက မဟောသဓာအား အကဲခပ်ကြည့်ရှုပြီး—

“သုခမိန်....ငါ့ဆရာပရိဗိုဇ်ရဟန်းမကိုတွေ့ဘူးသလား”ဟု မေး တော်မူ၏။

ထိုအမေးကိုကြားလျှင် မဟောသဓာက—

“အရှင်မင်းကြီး .... ပရိဗိုဇ်ရဟန်းမ နန်းတော်ကဆွမ်းစားပြီး အပြန် ကျွန်ုပ်ကလဲ မင်းကြီးရှေ့တော် ဝင်ရောက်ခစားရအောင် အလာ နန်းတော်တံခါးဝမှာဆုံလို့ မြင်ဘူးပါတယ်”ဟု လျှောက် ၏။

“သင်နဲ့စကားပြောလိုက်ရပါသလား”

“အရှင်မင်းကြီး....နှုတ်ဖြင့်စကားမပြောကြပါ”ဟုအစချီကာ မဟောသဓာသည် ပရိဗိုဇ်ရဟန်းမ မိန့်ဆိုသည့်စကားနှင့် တထပ် တည်းလျှောက်ထားဖြေဆို၏။

မဟောသဓာ၏ အဖြေစကားကို ကြားလျှင် မင်းကြီးသည် မဟောသဓာအား အလွန်ယုံကြည်မြတ်နိုးခြင်းရှိတော်မူသဖြင့် ထို

နေ့ညီလာခံသဘင်မှာပင် မဟောသဓာအား စစ်သူကြီးရာထူးကို ပေးအပ်ခန့်ထားပြီးလျှင် ပြည်ထဲရေးကိစ္စအဝဝကို ကိုင်တွယ်စီရင်ရန်တာဝန်ပေးလေသည်။ မဟောသဓာ၏အခွင့်အာဏာ စည်းစိမ်ချမ်းသာမှာ မင်းကြီးနှင့်မခြားရှိချေသည်။

ထိုအခါ မဟောသဓာသည် မင်းကြီးကား သူ၏ယိုးနန်းစည်းစိမ်ကိုသာချန်၍ အလုံးစုံသောပြည်ထဲရေးကိစ္စအဝဝနှင့် တိုင်းနိုင်ငံ၏အရေးအရာမှန်သမျှ ငါ့ကိုတနေ့ထဲအကုန်ထိုးအပ်သည်။ထိုသို့အပ်နှင်းခြင်းမှာ ငါ့အား သဘောရိုးနှင့်အပ်ခြင်းလား၊ ဥပါယ်တမျဉ်ဥာဏ်ဆင်၍ အပြစ်ရှာရန်အပ်ခြင်းလား မသိနိုင်၊ မင်းတို့မည်သည် ပရိယာယ်များ၏၊ သတ်လိုသောအကြံနှင့် အပြစ်ရှာရန်ချီးမြှောက်ခြင်းလည်းရှိသည်။ သို့ကြောင့် မင်းကြီးသဘောထားဘယ်သို့ရှိသည်ကိုသိအောင် ငါစုံစမ်းမှဖြစ်မည်ဟုတွေးကြံ၏။

မင်းကြီးသဘောထားသိအောင်စုံစမ်းရာတွင် တပါးသောသူကိုချဉ်းကပ်စုံစမ်းစေခြင်းထက်၊ ဘေရိပရိဗိုဇ်ရဟန်းမကို ချဉ်းကပ်စုံစမ်းခိုင်းမှသာ သင့်တော်မည်၊ဘေရိပရိဗိုဇ်မသည် အမြော်အမြင်ဥာဏ်ပညာနှင့်လည်းပြည့်စုံ၏၊ ပရိယာယ် ဥပါယ်တမျဉ်မှာလည်းကျွမ်းကျင်၏၊ ယင်းကြောင့် ဘေရိပရိဗိုဇ်မသာလျှင်စုံစမ်းနိုင်စွမ်းရှိချေမည်။

မဟောသဓာသည် ဤသို့တွေးကြံပြီးနောက် လှူဘွယ်ဝတ္ထုများကိုယူဆောင်ကာ ဘေရိပရိဗိုဇ်မ၏ကျောင်းသို့သွား၏။ ပရိဗိုဇ်ရဟန်းမအား လှူဘွယ်ဝတ္ထုများလှူပြီးနောက် ဤသို့လျှောက်ထား၏။


"အရှင်မ....မင်းကြီးဟာ ကျွန်ုပ်ကိုအံ့သြဘွယ်ကောင်းလောက်အောင် အခွင့်အာဏာရာထူးကို တနေ့ထဲနဲ့ ချီးမြှောက်တော်မူ

ပါတယ်၊ ကျွန်ုပ်မှာ အခု ပြည်ထဲရေးနဲ့ နိုင်ငံတာဝန်အလုံးစုံကို တာဝန်ယူရတဲ့ စစ်သူကြီးအဖြစ် ရာထူးခန့်ထားခြင်း ခံရပါတယ်။ ဒါပေမယ်လို့ မင်းဆိုတာ အလွန်ပရိယာယ်များတတ်တာမို့ အခု ကျွန်ုပ်ကိုချီးမြှောက်တာဟာ တကယ်မြတ်နိုးပြီး စိတ်သဘောရိုးနဲ့ ချီးမြှောက်တာလား၊ ဒါမှမဟုတ် ပရိယာယ်ထောင်ချောက်ဆင် တာလားဆိုတာ ခွဲခြားမသိနိုင်ပါ၊ ဒီကိစ္စမှာ အမှန်သိရအောင် စုံစမ်းနိုင်သူဆိုလို့ အရှင်မတပါးထဲသာရှိပါတယ်၊ အရှင်မ ကျွန်ုပ် ကိုသနားသဖြင့် ဒီကိစ္စအမှန်သိရအောင် စုံစမ်းပေးတော်မူပါ”

မဟောသဓာ လျှောက်ထားတောင်းပန်သော် စကားကြား လျှင် ပရိဗိုဇ်မလည်း စဉ်းစား၏။ မင်းကြီးသည် မဟောသဓာနှင့် ပတ်သက်၍ ယမန်နေ့က ငါ့ထံစုံစမ်းသည်၊ မဟောသဓာက ထိုက် သင့်သောရာထူးကို မခန့်ထားသေး၊ ဆုပ်သောလက်ကိုမဖြန့်သေး ပြောသည်ဟု ငါပြောခဲ့သည်၊ ထိုစကားကြောင့် မင်းကြီးသည် မဟောသဓာအား စေတနာရိုးနှင့် ယခုနှယ်ကြီးကျယ်သော စည်း စိမ်ချမ်းသာနှင့် ရာထူးကြီးကို ပေးအပ်ခြင်းလော၊ သို့မဟုတ် မဟောသဓာ သံသယရှိသလို ပရိယာယ်ထောင်ချောက် ဆင်ခြင်း လောမသိနိုင်၊ ထိုအကြောင်း ငါစုံစမ်းမည်ဟုကြံလျက်—

“သုခမိန်.... ဒီကိစ္စအမှန်သိရအောင် ငါစုံစမ်းပေးမယ်” ဟု တာဝန်ယူလေသည်။

မဟောသဓာသည် ပရိဗိုဇ်ရဟန်းမအား ရှိခိုးနှုတ်ဆက်ပြီးလျှင် မိမိအိမ်တော်သို့ ပြန်လာခဲ့လေ၏။



# ရေစောင့်ဘီလူးဥပမာဖြင့် စိတ်အလိုစမ်းခြင်း

နံနက်မိုးသောက်ချိန်တွင် ပရိဗိုဇ်ရဟန်းမသည် နန်းတော်သို့ ဆွမ်းစားကြွ၏၊ ဆွမ်းစားပြီးလျှင် မင်းကြီးကို အနီးသို့ခေါ်၍—

"မင်းကြီး....သင့်အား နှစ်ကိုယ်ကြား မေးစရာစကားရှိတယ်" ဟု မိန့်ဆို၏။

မင်းကြီးလည်း

"ကောင်းပါပြီ အရှင်မ"ဟု ဆိုကာ အခြံအရံများအားလုံးကို အခန်းထဲမှ ထွက်ခွာသွားစေ၏။

ထိုအခါ ပရိဗိုဇ်ရဟန်းမသည် မင်းကြီးအား ဤသို့မေး၏။

"မင်းကြီး....ဥပမာစကားတခု ငါဆိုမယ်၊ မင်းကြီးမယ်တော် စလာကဒေဝီ၊ မိဖုရားကြီးနန္ဒာဒေဝီ၊ ညီတော် တိခိဏမန္တီမင်းသား၊ မင်းကြီးရဲ့ ငယ်ပေါင်းရောင်းရင်းဖြစ်တဲ့ စားတော်ကဲသား ဓနုသေခ၊ ကေဝဋ္ဋပုရောဟိတ် မဟောသဓာတွေ့ ခြောက်ယောက်နဲ့ အတူ မင်းကြီးဟာ အပြောကျယ်စွာသော မဟာသမုဒ္ဒရာမှာ

လှေဘစင်းနဲ့ မျောပါသွားကြဘယ်ဆိုပါစို့၊ မဟာသမုဒ္ဒရာ ထဲမှာ လူသားတွေကိုစားဘို့ ရှာကြံနေတဲ့ ရေစောင့်ဘီလူးဟာ မင်းကြီးတို့ ခုနစ်ယောက် လှေနဲ့မျောလာတာကို မြင်တဲ့အခါ ရေအောက်ကပေါ်လာပြီး မင်းကြီးတို့လှေနံကိုကိုင်ကာ--

"သင့်လူခြောက်ယောက် ငါ့ကို အစဉ်အတိုင်းပေး၊ ငါဆိုတဲ့ အတိုင်းပေးရင် သင့်ကို အသက်ဘေးက လွတ်မယ်ဆိုလာရင် မင်းကြီးဘယ်သူ့ကို အရင်ပေးမလဲ"

ဘေရိပရိဗိုဇ်မမေးလျှင် မင်းကြီးဤသို့ဖြေ၏။

"အရှင်မ....ရေစောင့်ဘီလူးက တယောက်စီ အစဉ်လိုက်ပေးရ မယ်ဆိုပြီး တောင်းလာရင် ပထမ မယ်တော်ကိုပေးမယ်၊ ပြီး နန္ဒာ ဒေဝီမိဖုရားကြီးကိုပေးမယ်၊ ပြီး ညီတော် တိခိဏမန္တီမင်းသားကို ပေးမယ်၊ ပြီး ရောင်းရင်းဘက် ဓနုသေခကိုပေးမယ်၊ ပြီး ကေဝဋ္ဋ ပုရောဟိတ်ဆရာကိုပေးမယ်၊ ခြောက်ယောက်မြောက် ပေးရမယ့် အလှည့်ရောက်တဲ့အခါမှာ ကျွန်ုပ်ကိုယ်တိုင် ခါးတောင်းမြောင် အောင်ကျိုက်ပြီး ရေစောင့်ဘီလူးခံတွင်းကို ခုန်ဆင်းလိုက်ပါမယ်။ ကျွန်ုပ်အသက်ရှင်စေပြီး မဟောသဓာသုခမိန်ကို ရေစောင့်ဘီလူး လက်မပေးနိုင်ပါ"

မင်းကြီးအဖြေစကားကြားလျှင် ဤမင်းသည် မဟောသဓာ အား သဘောရိုးနှင့်မြတ်နိုးချီးမြောက်ခြင်းသာဖြစ်ပေသည်ဟု ပရိ ဗိုဇ်မ ယုံကြည်၏။ သို့သော်လည်း ဤကိစ္စနှစ်ကိုယ်ချင်း ကြားသိ ရသည်ထက် မင်းမှူးမတ် ဗိုလ်ပုံအလယ်မှာ ကြားသိရခြင်းက ပို၍ သင့်တော်မည်၊ အကယ်၍ မင်းကြီးသည် ငါနှင့်နှစ်ကိုယ်ထည်းမို့ သာ ထိုစကားပြောခြင်းဖြစ်ပြီး အတွင်းစိတ်ထား တမျိုးရှိနေလျှင် လည်း ဗိုလ်ပုံအလယ်တွင် သက်သေထူထားခြင်းကြောင့် •နောင်

အပြောင်းအလဲလုပ်ရန် မလွယ်ရှိစေအံ့၊ အကယ်၍ မင်းကြီး သဘောရိုးနှင့် ပြောသည်မှန်လျှင်လည်း မင်းကြီးစကားကို မင်းမှူး မတ် ဗိုလ်ခြေတို့ကြားသဖြင့် မဟောသဓာသုခမိန် ဂုဏ်တက်စေအံ့ ဟုကြံလျက်—

"မင်းကြီး....အခုစကားကို ဗိုလ်ပုံအလယ်မှာ ငါမေးလိုတယ်၊ မင်းမှူးမတ် ပရိသတ်များကို အခုဒီခန်းမထဲကို စုရုံးခေါ်ယူပါ" ဟု မိန့်ဆို၏။

မင်းကြီးလည်း ပရိဗိုဇ်မ အမိန့်ရှိသည့်အတိုင်း၊ မင်းမှူးမတ် မောင်းမမိဿံ အခြွေအရံအားလုံးကို ခန်းမထဲတွင်စုဝေးစေ၏။ ထိုအခါ ပရိဗိုဇ်မက စောစောက အမေးစကားအတိုင်း ပရိသတ် ကြားအောင်မေးသည်၊ မင်းကြီးလည်း ယခင်အတိုင်း အပြောင်း အလဲမရှိ ဖြေကြားသည်၊ မင်းကြီးအဖြေစကားကြားလျှင် ပရိ သတ်မှာ အံ့သြနားမလည် ဖြစ်နေကြလေသည်။

ထိုအခါ ပရိဗိုဇ်မက ဤသို့ဆို၏။

"မင်းကြီး ... မိခင်မှာ အနန္တကျေးဇူးရှင်ဖြစ်တယ်၊ သားတို့ မည်သည် အမိကိုကျေးဇူးပြုရမြဲဖြစ်တယ်၊ မင်းကြီးဟာ အမိကို ကျေးဇူးမပြုရုံမက ရေစောင့်ဘီလူးကို မိခင်အား အရင်ဆုံးပေး မယ်လို့ဆိုတယ်၊ သင့်မိခင်ဟာ သင့်အပေါ်မှာ မိခင်ဝတ္တရား ကျေပွန်တဲ့ မိခင်သာမဟုတ်၊ သင်၏အသက်ကိုပင် ကယ်တင်ခဲ့လို့ အခု မင်းအဖြစ်ကို ရနေတယ်မဟုတ်ပါလား၊ ဘာကြောင့် မိခင်ကို ပစ်မှားချင်တာလဲ"

ပရိဗိုဇ်မစကားသည်မှန်၏။ မယ်တော်စလာကဒေဝီသည် မင်း ကြီးအား မိခင်တို့ဝတ္တရားအရ ပြုစုယုယခဲ့ရုံသာ မဟုတ် အသက် ကိုပင်ကယ်တင်ခဲ့သည်။

ကယ်တင်ပုံမှာ—

ယခု စူဠနိဗြဟ္မဒတ်မင်းကြီး၏ ခမည်းတော်သည် မဟာစူဠနိဗြဟ္မဒတ်မင်းဖြစ်၏။ မယ်တော်စလာကဒေဝီသည် စူဠနိဗြဟ္မဒတ်မင်းသား ငယ်ရွယ်စဉ်တွင် ဆမ္ဘ ိ အမည် ရှိသော ပုဏ္ဏားနှင့် မင်းကြီးမသိအောင် မှားယွင်း ဖေါက်ပြန်ကြ၏။ စလာကဒေဝီသည် တနေ့တွင် မင်းကြီးအား ပွဲတော်အုပ်တွင် အဆိပ်ခတ်၍ သတ်ပြီး ဆမ္ဘ ိ ပုဏ္ဏားကိုနန်းတင်ကာ မိဖုရားခေါင်ကြီး ခြဖြစ်နှင့် စံမြန်း၏။

တနေ့တွင် စူဠနိဗြဟ္မဒတ်မင်းသားငယ်သည် မိခင်ထံမှ သကာထန်းလျက်ကို တောင်း၍စား၏။ သကာ ထန်းလျက် စားနေစဉ်အချို့ နံ့ ရသောကြောင့် ယင်ကောင်များ သူ့လက်ကို ဝိုင်းအုံလာ၏၊ မင်းသားငယ်သည် ကြမ်းပြင်၌ သကာ ထန်းလျက်များ အနည်းငယ်စီ အနံ့ ရှောက်ပုံပြီး လက်မှာလာနားသော ယင်ကောင်များကို ချောက်လှတ်၏။ ထိုအခါ ယင်ကောင်များ သူ့ လက်တွင် လာမအုံတော့ဘဲ ကြမ်းပြင်၌ ပုံထားသောသကာများကိုသာ အုံ၍ စားသောက်ကြ၏။ မင်းသားငယ်သည် သကာများ စား၍ ကုန်လျှင်လက်ဆေး၍ ထွက်ခွာသွားလေ၏။

ဆမ္ဘ ိ ပုဏ္ဏားသည် မင်းသားငယ်၏ အပြုအမူကို မြင်တွေ့လေရာ ဤမင်းသားသည် ယခု အရွယ်ငယ်ရွယ်စဉ်ကပင် လက်၌ ယင်ကောင်မအုံသည်ကိုမခံ၊ အကြံဉာဏ်ရှိသည်။ နောင် အရွယ်ရောက်လာလျှင် ငါ၏ထီးနန်းစည်းစိမ်ကို လုယူမှာအမှန်တကယ်ဖြစ်သည်ဟုတွေးပြီး ဤမင်းသားငယ်ကို ယခုကပင် ဖျောက်ဖျက်ပစ်မှသင့်မည်ဟုဆုံးဖြတ်ကာ၊ စလာကဒေဝီမိဖုရားအား ထိုအကြောင်းကို တိုင်ပင်၏။ ထိုအခါ စလာကဒေဝီမိဖုရားက—

"အရှင်မင်းကြီး . သားပင်ဖြစ်ပေမယ်လို့၊ ချစ်စွာသော လင်အတွက် အန္တရာယ်ရှိမယ်ဆိုရင် မင်းသားငယ်ကိုကြာရှည်ထားလို့ မဖြစ်ပါ၊ အခုဘဲ သားငယ်ကို ကျွန်ုပ် ဖျောက်ဖျက်ပါမယ်"ဟု လျှောက်တင်ကာ ပုဏ္ဏားအားနှစ်သိမ့်စေ၏။

ပုဏ္ဏားလည်း မိဖုရားစကားကို ယုံကြည်သဖြင့်—

"ကောင်းပြီမိဖုရားကြီး အမြန် ဖျောက်ဖျက်လေ"ဟု အပ်နှင်း၏။

စလာကဒေဝီသည် အကြံဥာဏ်ထက်မြက်သော မိဖုရားဖြစ်၍ ပုဏ္ဏားကို လှည့်စားရန် အကြံနှင့် စားတော်ကဲအား ခေါ်ပြီးလျှင်—

"အမောင်စားတော်ကဲ၊ သင့်ကိုငါတာဝန်တခု ပေးပါရစေ၊ သင်သစ္စာရှိစွာနဲ့ ဆောင်ရွက်ပါ၊ သင့်သားဓနုသေခနဲ့ ငါ့သားတော် စူဠနီဗြဟ္မဒတ်မင်းသားဟာ ဖွားဘက်လဲဖြစ်တယ်၊ တဦးကိုတဦးလဲအလွန် ချစ်ခင်ကြင်နာကြတယ်၊ အခု ငါ့သားတော်ကို ဆမ္ဘုပုဏ္ဏားဟာ ရပ်ညှိုးထားပြီး သတ်စေအမိန့် ငါ့ကိုအပ်နှင်းထားတယ်၊ အမောင်စားတော်ကဲ ငါ့သားကိုခေါ်ပြီး စဖိုအိမ်မှာ သုံးလေးရက်တန်သည် အမျှားမြင်လောက်အောင် သိပ်ထားပါ၊ ပြီးဆိတ်ရိုးနွားရိုးတို့ကိုရှာပြီး စဖိုအိမ်မှာထားပါ၊ အဲဒီနောက်အခါ အခွင့်ကိုကြည့်ပြီး စဖိုအိမ်ကိုမီးတိုက်ကာ ဒီနိုင်ငံကထွက်ပြေးသွားပါ၊တခြားနိုင်ငံရောက်တဲ့အခါမှာလဲ သင့်သားနဲ့မခြား ငါ့သားကို စောင့်ရှောက်ထားပါ၊ ငါ့သားကို မင်းသားဖြစ်တယ်လို့ ဘယ်သူ့ကိုမှ မပြောဘဲနှုတ်လုံပါ"ဟုတိုင်ပင်၏။

စားတော်ကဲလည်း စူဠနီဗြဟ္မဒတ်မင်းသားအား မိမိသားနှင့်မခြား တသားတည်း ချစ်ခင်မြတ်နိုးဖြစ်သောကြောင့်—

"အရှင်သခင်မအဲစီအစဉ်အတိုင်း ကျွန်ုပ် ကြံဆောင်ပါမယ်" ဟုကတိပေး၏။

စလာကဒေဝီမိဖုရားသည် စားတော်ကဲအား များစွာသော ရွှေငွေရတနာတို့ကိုပေး၏။ စားတော်ကဲလည်း စူဠနိဗြဟ္မဒတ် မင်းသားအား လူအများမြင်စေအောင် မိမိအိမ်၌ ခေါ်ထား၏။ မိမိသား ခနဲ့သေခနင့်အတူအိပ်စေ၏၊ ထိုသို့ဖြင့် သူ့အစီအစဉ်များပြီးသည်တွင် တည၌ စဖိုအိမ်ကိုမီးတိုက်၍ ခလေး ၂-ယောက်ကို ခေါ်ယူကာ တိုင်းတပါးသို့ထွက်ပြေးသွားလေ၏။

စားတော်ကဲ၏ စဖိုအိမ်ကို မီးလောင်သော အခါ လူအများ ဝိုင်းဝန်းငြိမ်းသတ်သော်လည်း တော်တော်နှင့်မငြိမ်းပဲ တအိမ်လုံး လောင်ကျွမ်းသွား၏။ မီးငြိမ်းပြီးနောက် ပြာပုံတွင်းမှ အရိုးအစအနများကို မြင်တွေ့ကြရသောအခါ စားတော်ကဲ သားအဖနှင့်အတူ စူဠနိဗြဟ္မဒတ်မင်းသားကလေးပါ မီးလောင်ရာ၌ပါသွားပြီ ဟု ယုံကြည်စွာ ပြောဆိုကြလေသည်။

စလာကဒေဝီမိဖုရားသည် မီးကျွမ်းသောအရိုးများကို ကောက်ယူကာ ဆမ္ဗုပ္ပဏ္ဏားအားပြ၍—

"သားတော်ဟာ ကျွန်ုပ်မဖျောက်ဖျက်ရဘဲနဲ့ စားတော်ကဲ အိမ်မီးလောင်ရာမှာ ပါသွားပါပြီ"ဟု ယုတ္တိရှိအောင် ကြေကွဲဟန်မျက်နှာကို ပြ၍တင်လျှောက်လေလျှင် ဆမ္ဗုမင်း ယုံကြည်လေ၏။

စားတော်ကဲသည် ခလေး ၂-ယောက်ကိုခေါ်ယူကာ မဒ္ဒရာဇ်တိုင်း သာဂလပြည်သို့သွား၏။ သာဂလမင်းထံ ဝင်ရောက်ခစားပြီး၊ စားတော်ကဲအဖြစ်၌ အထူးကျွမ်းကျင်ကြောင်း လျှောက်

ထားကာ စားတော်ကဲရာထူးကို ပေးသနားရန် တောင်းဆိုလေရာ သာဂလမင်းလည်း ယုံကြည်မြတ်နိုးသဖြင့် စားတော်ကဲအရာ၌ခန့်ထားလေသည်။

ပရိဗိုဇ်ရဟန်းမသည် မင်းကြီး၏အသက်ကို စလာကဒေဝီကယ်ခဲ့ပုံကို အတိတ်ဆောင်ကာပြန်ပြောပြပြီး၊

"မင်းကြီး ဒီမျှကျေးဇူးကြီးမားလှတဲ့ မိခင်ကို ဘာ့ကြောင့်ရေစေ့ာ်ဘီလူးကိုဦးဦးဖျားဖျား ပေးမယ်ကြံသလဲ"ဟုမေး၏။

ထိုအခါ မင်းကြီးက—

"အရှင်မ....ကျွန်ုပ်မယ်တော်ဟာ အရှင်မ မိန့်ဆိုခဲ့တဲ့အတိုင်း ကျေးဇူးကြီးလှပါတယ်၊ ဒါပေမယ့်လို့ ကျွန်ုပ် မယ်တော်ဟာ ကျွန်ုပ်စိတ်မချမ်းသာစရာတွေကိုလဲ များစွာ ပြုလုပ်ခဲ့ပါတယ်"ဟုဆို၏။

"မယ်တော်က သင်မင်းကြီးကို စိတ်မချမ်းသာစရာ ဘယ်လိုများ လုပ်ခဲ့ပါသလဲ"

"မယ်တော်ဟာ အရွယ်လွန်နေတဲ့တိုင်အောင် အလွန်စိတ်နုပါတယ်၊ ဝတ်စားဆင်ယင်တာကအစ ကိုယ့်အသက်သိက္ခာနဲ့ မလိုက်ဘဲအပျိုအရွယ်လေးတွေ ရှုံးလောက်အောင် ဝတ်ဆင်ချယ်သပါတယ်၊ ပြီးတော့ကျွန်ုပ်ခမည်းတော်ရှိကထဲက အခုကျွန်ုပ်လက်ထက်တိုင်အောင်ရှိနေကြတဲ့ သက်တော်ရှည်အမတ်ကြီးများ အနားမှာ တရစ်သီသီလုပ်ပြီး ကိုယ်ဟန်ပြပါတယ်၊ ပြီးတော့ ကိုယ့်ဂုဏ်ကိုယ့်သိက္ခာကို မစောင့်စည်းဘဲ ဆင်စီးသူရဲ မြင်းစီး သူရဲစတဲ့ လူငယ်လူပျိုများနဲ့လဲ အချိန်အခါမဟုတ် သွားချင်ရာ သွားပြီးပေါ့ပျက်တဲ့ စကားတွေ ပြောကြတယ်၊ ပြီး ဣန္ဒြေမဲ့ ရယ်မောရွှင်မြူးတယ်"

"ဒါတွင်မကသေးဘူး၊ တခြားတနိုင်ငံကထီးဆောင်းမင်းများကိုလဲ ကျွန်ုပ်ကခွင့်ပြုတယ်၊ မယ်တော်ကိုအလိုရှိရင် ပဏ္ဏာလက်ဆောင်နဲ့ လာပြီး ခေါ်ဆောင်ပါ ဆိုတဲ့စာနဲ့ ကျွန်ုပ်မသိစေပဲ အောင်တမန်စေပြီး ဘိတ်ခေါ်တယ်၊ အဲဒီလိုအောင်တမန်စေတဲ့အခါ တခြားမင်းတွေက ကျွန်ုပ်ကို လေးစားရိုသေကြခလတော့ အရှင်မိဖုရား ကျွန်ုပ်တို့ဟာ စူဠနိဗြဟ္မဒတ်မင်းကြီးကို အခွန်ဆက်သွင်းနေရတဲ့ လက်အောက်ခံမင်းသာဖြစ်ပါတယ်၊ အရှင်မင်းကြီးမယ်တော်နဲ့မထိုက်တန်ပါ၊ နောင် ဤသို့တမန်မစေပါနဲ့ဆိုတဲ့စာနဲ့ တမန်စေလွှတ်ကြတဲ့အခါ၊ အဲဒီစေလွှတ်လိုက်တဲ့တမန်များက မှူးမတ်ပိုလ်ပုံအလယ်မှာစာကိုဖတ်ပြပါတယ်၊ အဲဒီအခါမှာ ကျွန်ုပ်ဦးခေါင်းတဆယ့်ခြောက်စိပ်ကွဲတော့မတတ်အရှက်ရပြီး စိတ်ဆင်းရဲခြင်းဖြစ်ရပါတယ်၊ ဒါကြောင့် မြင့်မိုရ်တောင်ဦးမကကျေးဇူးကြီးလှတဲ့မိခင်ဖြစ်သော်လဲ ရေစောင့်ဘီလူးကိုပထမဦးဆုံးပေးမယ်လို့ကျွန်ုပ်ဆိုပါတယ်"

ထိုအခါ ဘေရီပရိဗိုဇ်ရဟန်းမက—

"ကောင်းပြီ၊ ကျေးဇူးကြီးလှတဲ့မယ်တော်ဖြစ်ပေမဲ့ အရွယ်နဲ့မျှ လော်လီဖေါက်ပြားတဲ့အတွက် မင်းကြီးမှာအရှက်ရလို့ ရေစောင့်ဘီလူးကိုပေးမယ်ဆိုပေးပါ၊ မိဖုရားကြီးနန္ဒာဒေဝီကို ဘာပြုလို့ရေစောင့်ဘီလူးပေးမှာလဲ၊ နန္ဒာဒေဝီဟာ မင်းကြီးအပေါ်မှာကျေးဇူးများစွာပြုဘူးပါတယ်"ဟုဆိုကာ အတိတ်ကိုပြန်၍ပြောပြသည်။

စားတော်ကဲသည် သာဂလမင်းကြီးထံအခစားဝင်သောအခါ မိမိသား မနုသေခနှင့် စူဠနိဗြဟ္မဒတ်မင်းသားအား နန်းတော်သို့

ခေါ်သွား၏။ လူငယ်နှစ်ယောက်ကို သာဂလမင်းကြီးမြင်လေလျှင် စားတော်ကဲအား—

"ဒီသူငယ်နှစ်ယောက်က ဘယ်သူ့သားလဲ"ဟု မေးတော်မူ၏။

ထိုအခါ စားတော်ကဲက—

"ကျွန်ုပ်သားများဖြစ်ပါတယ်"ဟု တင်လျှောက်၏။

မင်းကြီးသည်လူငယ်နှစ်ယောက်အားအကဲခပ်ကြည့်ပြီးနောက်

"သင်သားချည့်ဖြစ်ရင် ဘာ့ကြောင့်ရုပ်သွင်မတူသလဲ"ဟုမေးတော်မူပြန်၏။

စားတော်ကဲက—

"မိခင်တယောက်စီဖြစ်တဲ့အတွက် အသွင်မတူတာပါ"ဟုတင်လျှောက်၏။

မင်းကြီးလည်း စားတော်ကဲစကားကို ယုံကြည်တော်မူသဖြင့်-

"သင့်သားနှစ်ယောက်ကို ငါ့နန်းတော်ထဲမှာနေ့စဉ်ကစားစေ" ဟု မိန့်ဆိုလေသည်။

လူငယ် ၂-ယောက် နန်းတော်၌ နေ့စဉ်ဝင်၍ကစားကြရင်းမှ မင်းကြီး၏သမီးတော် နန္ဒာမင်းသမီးလေးနှင့် ခင်မင်ရင်းနှီးလာကြသည်။ ပွင့်ဦးစပန်းနှယ် ဖွံ့ထွားစပြုလာသော နန္ဒာမင်းသမီးနှင့် အရွယ်ရောက်စ စူဠနီဗြဟ္မဒတ်မင်းသားတို့ အတူကစားရင်းမှ ရင်ဝယ်လှုပ်ရှားသောဝေဒနာများကို အသီးသီးခံစားလာကြရသည်။

စူဠနီဗြဟ္မဒတ်မင်းသားသည် လူငယ်ဖော် ခနဲ့သေခနှင့် ဂျင်ပေါက်ကစားလေတိုင်း နန်းတော်အဆောက်အဦအောက် ဂျင်ဝင်လျှင် သူကိုယ်တိုင်မကောက်ပဲ နန္ဒာမင်းသမီးလေးကိုသာကောက်ခိုင်း၏။ ကျည်းသားကစား၍ ကျည်းသားတုတ်နန်းတော်အောက်ဝင်လျှင်လည်း နန္ဒာမင်းသမီးကလေးကိုသာ ကောက်ခိုင်း၏။နန္ဒာ

မင်းသမီးကလေးက ကောက်မပေးပဲငြင်းလျှင် စူဠနီဗြဟ္မဒတ်မင်းသားက မင်းသမီးကလေးထိပ်ကိုလက်နှင့်ပုတ်ပြီး အတင်းကောက်ခိုင်း၏။ နန္ဒာမင်းသမီး ငိုယိုပြီး ကောက်ပေးရသည်။

မင်းသမီးလေးငို၍ အထိန်းတော်များကမေးလျှင် မင်းသမီးလေးသည် မင်းသားလေးအားအပြစ်ရောက်မည်စိုးသဖြင့် ထိပ်ကိုပုတ်ကြောင်းဖွင့်မပြောပဲ

"ငါ့ဖါသာ ခလုတ်တိုက်မိလို့ငိုတာပါ၊ တိုင်နဲ့ဆောင်မိလို့ငိုတာပါ"ဟု လိမ်ညာပြော၏။

တနေ့ စူဠနီဗြဟ္မဒတ်မင်းသား ဂျင်ပေါက်ကစားရင်း ဂျင်နန်းတော်အောက်သို့လိမ့်ဝင်သွား၏။ ထိုအခါ မင်းသားကအနီး၌ရှိသောမင်းသမီးလေးအား

"နန္ဒာ ငါ့ဂျင်ကောက်ပေး"ဟု ခိုင်း၏။

မင်းသမီးလည်း ခဏခဏကောက်ပေးနေရသောကြောင့် စိတ်မရှည်သဖြင့်

"ကောက်မပေးနိုင်ပေါင်၊ ကိုယ့်ဖါသာဝင်ကောက်ပါလား" ဟု ပြန်ပြော၏။

ထိုအခါ မင်းသားလေးက—

"အံမာ သာဂလမင်းနန်းတော်အောက်ကို ငါဘယ်တုန်းကဝင်ဘူးလို့လဲ၊ သင်ကောက်ပေးရမယ်"ဟုဆို၏။

မင်းသမီးလေးလည်း ကောက်မပေးပဲ ပေကပ်နေ၏။ မင်းသားလေးက

"သွား ခုသွားကောက်ပေး"ဟုဆိုကာ နန္ဒာမင်းသမီးလေးထိပ်ကိုလက်နှင့်ပုတ်၍ခိုင်း၏။

မင်းသမီးလေးငိုယိုလျက် နန်းတော်အောက်မှဂျင်ကို သွား ကောက်ပေးရှာလေသည်။

ထိုအချင်းအရာကို သာဂလမင်းကြီး မြင်ကြားရသောအခါ ဤသူငယ်သည် စားတော်ကဲသား ဘယ်နည်းနှင့်မှမဖြစ်နိုင်၊ စား တော်ကဲသားနှင့်လုံးဝမတူ၊ ရုပ်ရည်လည်း ပြေပြစ်တင့်တယ်သည်၊ အကြောက်အရွံ့မရှိ ရဲရင့်သည်၊ ငါ၏နန်းတော်အောက်ကိုပင် မဝင်လိုဟုဆိုသည်။ ကေန္တ မြင့်မြတ်သောအမျိုးမှဖြစ်ရမည်ဟု တွေးကာ စူဠနီဗြဟ္မဒတ်မင်းသားအကဲကိုစောင့်ကြည့်နေသည်။

တနေ့တွင်၊ မင်းသမီးအထိန်းတော်များက မင်းသမီးလေးအား မုန့်ပေး၏။ မင်းသမီးလေးက ကစားဖော်များကိုမုန့်ဝေပေးရာ ကစားဖော်များသည် ဒူးတုပ်၍ လက်ဝါးဖြန့်ခံယူကြ၏။ စူဠနီ ဗြဟ္မဒတ်မင်းသားလေးသည် မင်းသမီးနှင့်ယှဉ်ရပ်ပြီး မင်းသမီး လက်မှမုန့်ကိုလုစား၏။ ထိုအချင်းအရာကို မင်းကြီးမြင်သော်လည်း မမြင်ယောင်ပြု၍နေ၏။

စူဠနီဗြဟ္မဒတ်မင်းသားသည် ဂျင်ပေါက်ကစားရင်းနှင့် မင်း ကြီးအိပ်ရာအဆောင်အောက်သို့ဂျင်လိမ့်ဝင်သွားသည်။ ထိုအခါန် ၌ နန္ဒာမင်းသမီးလေး သူ့အနား၌ မရှိ၊ မင်းသားလေးသည် အဆောင်အောက်သို့ဝင်မကောက်ပဲ တုတ်တချောင်း ပြေးရှာယူ လာကာ တုတ်နှင့်ဂျင်ကိုယက်၍ယူ၏။ ဤအချင်းအရာကိုမင်းကြီး မြင်တော်မူလျှင် ထိုသူငယ်ကား စားတော်ကဲသားမဟုတ်သည်မှာ သေချာပြီဟုဆုံးဖြတ်ချက်ချလိုက်လေ၏။

မင်းကြီးသည် စားတော်ကဲအား ရှေ့တော်သို့ခေါ်ယူလျက်–

"စားတော်ကဲ....ရုပ်ချောချောသူငယ်ဟာ ဘယ်သူ့သားလဲ" ဟု မေး၏။

စားတော်ကဲက

"အရှင်မင်းကြီး ကျွန်ုပ်သားဖြစ်ပါတယ်"ဟု တင်လျှောက်၏။

မင်းကြီးသည် ခေါင်းကိုညင်သာစွာရမ်းခါလျက်—

"စားတော်ကဲ....ငါ့ကိုဘာလို့လိမ်နေတာလဲ၊ ဒီသူငယ်ရဲ့အမူအကျင့်ရုပ်လက္ခဏာမြင်ရုံနဲ့ သင့်သားမဟုတ်မှန်းငါသိတယ်၊ သင်မှန်ရာကိုလျှောက်တင်၊ မမှန်ရာကိုလျှောက်တင်ရင် သင့်ခေါင်းကိုဟောဒီသံလျက်နဲ့ဖြတ်မယ်"ဟု သံလျက်ကိုပြပြီး ခြိမ်းချောက်၏။

စားတော်ကဲလည်း သေဘေးကိုကြောက်သဖြင့် ဟုတ်တိုင်းမှန်ရာတင်လျှောက်လေ၏။ထိုအခါ မင်းကြီးဝမ်းမြောက်ဝမ်းသာဖြစ်လျက် စူဠနိဗြဟ္မဒတ်မင်းသားလေးအားနန်းတော်သို့ခေါ်ယူကျွေးမွေးစောင့်ရှောက်ထားပြီး တဆယ့်ခြောက်နှစ်အရွယ် ရောက်သည်တွင် သမီးတော်နန္ဒာမင်းသမီးနှင့် ထိမ်းမြားလက်ထပ်ပေးလေ၏။

ဘေရိပရိဗိုဇ်မသည် အတိတ်ကိုပြန်ဖော်ပြောပြီးနောက်—

"မင်းကြီး....နန္ဒာဒေဝီမိဖုရားဟာ မိန်းမတကာတို့ထက်ရုပ်အဆင်းလဲလှတယ်၊ အကျင့်သီလလဲ ကောင်းတယ်၊ မာန်မာနလဲနဲတယ်၊ မင်းကြီးအပေါ်မှာလဲ အလွန်ချစ်ခင်ရှိသေပြီး ငယ်စဉ်ကထဲက မင်းကြီးအလိုလိုက်ခဲ့တယ်၊ ဒီလိုမိဖုရားမြတ်ကို မင်းကြီးဘာ့ကြောင့်ရေစောင့်ဘီလူးပေးမယ်ဆိုရက်သလဲ"ဟု မေး၏။

ထိုအခါ မင်းကြီးက—

"အရှင်မ....နန္ဒာဒေဝီမိဖုရားဟာအရှင်မဆိုတိုင်းကျွန်ုပ်အပေါ်ချစ်ခင်ကြင်နာပါတယ်၊ ဘယ်အခါမှ ကျွန်ုပ်အပေါ် စိတ်ဖေါက်ပြားခြင်းမရှိဘဲ သစ္စာတရားကိုစောင့်ထိန်းတာလဲမှန်တယ်၊ တခြားသောမိန်းမများထက်ရုပ်အဆင်းချောမောလှပတာလဲမှန်တယ်၊ ဒါပေမယ်လို့ နန္ဒာဒေဝီဟာ ကျွန်ုပ်စိတ်မချမ်းသာအောင် များစွာ

လုပ်ပါတယ်၊ ကျွန်ုပ်ဟာ ပုထုဇဉ်သားဖြစ်တဲ့အတွက် သူ့အပြင် တခြားမိဖုရားငယ်များနဲ့ လဲချစ်ခင်ကြင်နာမှုနဲ့ ပျော်ပါးပါတယ်၊ မိဖုရားငယ်များကိုချစ်ခင်ကြင်နာတဲ့အလျောက် အဝတ်တန်းဆာ ဥစ္စာရွှေငွေတို့ကိုပေးကမ်းပါတယ်၊ ချီးမြှောက်ပါတယ်၊ အဲဒီလို အခါမျိုးမှာ နန္ဒာဒေဝီဟာ ကြည်ဖြူလိုက်လျောမှုမပြုဘဲ ပိတ်ပင် တားဆီးပါတယ်၊ ဝန်တိုမစ္ဆရိယစကားနဲ့ ဟန့်တားပါတယ်။

"ပြီး၊ မိဖုရားငယ်များက မွေးတဲ့သားသမီး ကလေးများကို ကျွန်ုပ် ချစ်ခင်မြတ်နိုးတဲ့ အတွက်ကြောင့် အဝတ်တန်ဆာ ပုတီး လက်ကောက်များ ဝတ်ဆင်ပေးပါတယ်၊ ဒီအခါမျိုးမှာလဲ နန္ဒာ ဒေဝီ မကြည်ဖြူပါဘူး၊ ကျွန်ုပ်ကွယ်ရာမှာ ကျွန်ုပ် ဝတ်ဆင်ပေး ထားသမျှအားလုံး ချွတ်ယူသိမ်းဆည်းပါတယ်၊ ကလေးငယ်များ ကျွန်ုပ်ထံငိုယိုလာတဲ့အခါ ကျွန်ုပ်များစွာ စိတ်ဆင်းရဲခြင်းဖြစ်ရပါ တယ်၊ ဒါကြောင့် နန္ဒာဒေဝီမိဖုရားကို ဒုတိယလူအဲဖြစ် ရေစောင့် ဘီလူးကို ပေးမှာဖြစ်ပါတယ်"ဟု ဖြေကြား၏။

"ကောင်းပြီ၊ မင်းကြီး နန္ဒာဒေဝီမိဖုရားတာဝန်ကို မစ္ဆရိယ စိတ်ထားနဲ့ မင်းကြီးကို စိတ်ဆင်းရဲအောင် လုပ်ပေါင်းများလို့ ရေစောင့်ဘီလူးကို ပေးမယ်ဆိုရင်လဲပေးပါ၊ ညီတော် တိခိဏမန္တီ မင်းသားကို ဘာကြောင့် ရေစောင့်ဘီလူးပေးမှာလဲ၊ ညီတော်ဟာ မင်းကြီးအပေါ်မှာ များစွာကျေးဇူးပြုခဲ့ပါတယ် တိခိဏမန္တီ မင်းသားဟာ ထက်မျက်တဲ့အကြံနဲ့ သူရသတ္တိလဲရှိတယ်၊ မင်းကြီးကို အကိုအရာထားပြီး နန်းရပ်ထီးဖြူကိုလဲ ပေးအပ်ခဲ့တယ် မဟုတ် လား"ဟု ဆိုကာ အတိတ်ကို ပြန်ပြောပြန်၏။

မယ်တော်စလာကဒေဝီသည် မဲဟာစူဠနီဗြဟ္မဒတ်မင်းကြီးအား အဆိပ်ခပ်သတ်ပြီး ဆမ္ဘိပုဏ္ဏားမင်းနှင့် စံမြန်းနေစဉ် တိခိဏမန္တီ

မင်းသားမှာ မိခင်၏ ဝမ်းပိုက်၌သာ ရှိသေး၏။ တိခိဏမန္တီ မင်းသား မွေးဖွားလာသောအခါ ဆမ္ဘိပုဏ္ဏားသည် မင်းသားအား မိမိသားရင်းအမှတ်နှင့် ချစ်ခင်ယုယ၏။ မင်းသားလည်း ဆမ္ဘိ ပုဏ္ဏားကို အဖအရင်းဟုပင်မှတ်ယူ၏။ မင်းသား အရွယ်ရောက် သောအခါ ဆမ္ဘိပုဏ္ဏားသည် သံလျက်ကိုပေးအပ်၍ ရှေ့တော် ၌မပြတ်ခစားစေ၏၊ မင်းသားလည်း နေ့စဉ်မပြတ်ခစား၏။ တနေ့ တွင် မင်းသားရိုသေချစ်ခင်သော အမတ်တယောက်က မင်းသား အား—

"အရှင်မင်းသား....ဒီမင်းဟာ မင်းရိုးစဉ်ဆက် မဟုတ်ပါ၊ပုဏ္ဏား မျိုးသာဖြစ်ပါတယ်၊ အရှင့်သား မယ်တော် ဝမ်းမှာ ပဋိသန္ဓေ ရှိစဉ်၊ အရှင့်ခမည်းတော် မဟာစူဠနီဗြဟ္မဒတ်မင်းကြီးကို လုပ်ကြံ သတ်ဖြတ်ပြီး ထီးနန်းနဲ့မယ်တော်ကိုပါ ပုဏ္ဏားကသိမ်းယူထားတာ ဖြစ်ပါတယ်၊ အရှင့်သားဟာ မင်းမျိုး မဟာ နွယ်ဘွား ဖြစ်ပါ တယ်"ဟု တင်လျှောက်၏။

ထိုအခါ မင်းသားသည် ပုဏ္ဏားအပေါ် အမျက်ထားကာ သုတ်သင်ရန် အစဉ်အမြဲကြံစီနေ၏။ တနေ့တွင် မိမိအခြံအရံ လုလင်နှစ်ယောက်အားခေါ်၍ တယောက်အား သူ၏လက်စွဲတော် သံလျက်ကို ပေးပြီးလျှင်—

"နန်းတော်ကို ဝင်တဲ့အခါ သင်တို့နှစ်ယောက် တံခါးဝမှာ နေပြီး၊ သင်က သူ့လက်ထဲကသံလျက်ကို ငါ့သံလျက်ဆိုပြီး လုယူ ရမယ်"ဟုဆိုကာ မင်းသားနန်းတော်သို့ဝင်၏။

လုလင်နှစ်ယောက်လည်း မင်းသားမှာကြားထားသည့်အတိုင်း နန်းတော်တံခါးဝတွင် သူ့သံလျက် ငါ့သံလျက်ဟု ငြင်းခုန်ကြ၏။ ဆမ္ဘိပုဏ္ဏားကြားသော် ငြင်းခုန်နေသူ နှစ်ဦးအား မင်းချင်း

တယောက်ကိုလွှတ်၍ ကြည့်စေ၏။ မင်းချင်းလည်း သွားကြည့်ပြီး—

"အရှင်မင်းကြီး....လုလင်နှစ်ယောက် သံလျက်ကို သူ့သံလျက် ငါ့သံလျက်နဲ့ အငြင်းပွားပြီး ရန်ဖြစ်နေကြပါတယ်" ဟု တင်လျှောက်၏။

ဆမ္ဗုပုဏ္ဏားက—

"အခု အငြင်းပွားနေတဲ့ သံလျက်ဟာ ဘယ်မင်းသားရဲ့ သံလျက်လဲ" ဟု မေး၏။ တိခိဏမန္တီမင်းသားသည် ရှေ့တိုးခစားပြီး—

"ခမည်းတော်....အခုအငြင်းပွားနေတာ သားတော်ရဲ့သံလျက်ဖြစ်ပါတယ်၊သားတော် ခမည်းတော်ထံ ဝင်ရောက်ခစားကာနီးမှာ သားတော်ရဲ့ ကိုယ်ရံတော်ကို ပေး ထား ခဲ့ ပါ တယ်၊ တခြားမင်းသားတယောက်ရဲ့ ကိုယ်ရံတော်က သားတော်ရဲ့သံလျက်ကို သူ့အရှင်ရဲ့ သံလျက်ဖြစ်ပါတယ်လို့ စွပ်စွဲပြီး ငြင်းခုန်နေတာဖြစ်ပါလိမ့်မယ်"ဟု တင်လျှောက်၏။

ဆမ္ဗုပုဏ္ဏားက—

"သားတော်....အဲဒီသံလျက်သွားယူပြီး ငါ့ကိုပြ၊သားတော်ကို ငါပေးထားတဲ့ သံလျက် ဟုတ်-မဟုတ် ငါကြည့်မယ်" ဟု မိန့်ဆို၏။

မင်းသားသည် လုလင်ထံမှ သံလျက်ကိုယူလာပြီး သံလျက်အိမ်မှထုတ်၍--

"ခမည်းတော် ဟုတ်မဟုတ် ရှုစားတော်မူပါ" ဟု သံလျက်ကို ပြယောင်ပြုပြီး ဆမ္ဗုပုဏ္ဏား၏ဇက်ကို ပိုင်းဖြတ်လိုက်ရာ ပုဏ္ဏားဦးခေါင်း မင်းသားခြေရင်း၌ ကျလေ၏။

ပုဏ္ဏားအား ဖယ်ရှင်းသုတ်သင်ပြီးနောက် တိခိဏမန္တိမင်းသား သည်၊ နန်းတော်ကိုဆေးကြောစေ၍၊ မြို့ကိုတန်ဆာဆင်ပြီးလျှင် ရာဇာဘိသိက်ကို ဆောင်လျက် ထီးနန်းကို သိမ်းမြန်းမည် ပြု၏။ ထိုအခါ မယ်တော် စလာကဒေဝီက—

"သားတော်....သင့်နောင်တော် စူဠနီဗြဟ္မဒတ်မင်းသား ဆမ္ဘိ ပုဏ္ဏားရန်ပြုတဲ့အတွက် ငယ်စဉ်အထဲက သာဂလပြည်ကိုထွက်ပြေး ပုန်းခိုနေရတယ်၊ သင့်ထက်အကြီး နောင်တော်ရှိသေးတယ်" ဟု ပြော၏။

တိခိဏမန္တိ မင်းသားလည်း—

"မယ်တော်....ကျွန်ုပ်မှာ နောင်တော်ရှိသေးတယ်ဆိုရင် ကျွန်ုပ် ထီးနန်းကိုမယူလိုပါ နောင်တော်ကိုအပ်နှင်းပါမယ်"ဆိုပြီး နောင် တော်အား သွားရောက်ခေါ်ဆောင်ရန် ပြင်ဆင်လေသည်။

တိခိဏမန္တိမင်းသားသည် စစ်သည်အခြံအရံ ဆင်မြင်းရထား များစွာဖြင့် သာဂလပြည်ကိုသွားပြီး နောင်တော် စူဠနီဗြဟ္မဒတ် မင်းသားနှင့် နန္ဒာဒေဝီတို့အား ခေါ်ဆောင်လာကာ ပဉ္စာလရာဇ် ထီးနန်းကိုအပ်နှင်း၍ မင်းပြုစေသည်။

ဘေရိပရိဗိုဇ်ရဟန်းမသည် အတိတ်ကကျေးဇူးကို ပြန်ပြော ပြပြီး—

"မင်းကြီး... တိခိဏမန္တိမင်းသားဟာ မင်းကြီးရဲ့ရန်သူကိုလဲ ဖယ်ရှင်းတယ်၊ သူကိုယ်တိုင် မင်းအဖြစ်ကို ရယူနိုင်ရက်နဲ့မယူဘဲ အကိုကြီးအဖရာထားပြီး မင်းကြီးထီးနန်းရိုက်ရာကို ပေးအပ်တယ် ဒီမျှမင်းကြီးအပေါ် ကျေးဇူးသစ္စာ ကြီးမားလှတဲ့ ညီတော်ကို တတိယလူအဖြစ် ဘာဖြစ်လို့ ရွေးစောင့်ဘီလူး ပေးမှာလဲ"

ထိုအခါ မင်းကြီးက—

"အရှင်မ....ကျွန်ုပ်ညီတော်ဟာ အရှင်မပြောတဲ့အတိုင်း ကျွန်ုပ်အပေါ်မှာ ကျေးဇူးသစ္စာ ကြီးမားပါတယ်၊ ဆင်စီး မြင်းစီး ဓားခုတ်လှံထိုး အမျိုးမျိုးသော အဋ္ဌာရသအတတ်ကိုလဲ တဖက်ကမ်းခတ်အောင် ကျွမ်းကျင်တတ်မြောက်ပါတယ်၊ ရဲရင့်ပြတ်သားခြင်းလဲရှိပါတယ်၊ ညီတော်ရဲ့အရှိန်အဝါ ရဲစွမ်းသတ္တိကြောင့် တခြားထီးဆောင်းမင်းတွေက ကျွန်ုပ်ကိုရှိကြောက်ပြီး အခွန်ဆက်သပြီး အောက်ဝင်လာပါတယ်၊ ဒီလိုကျေးဇူးတရားတွေကြောင့် ညီတော်ကို ကျွန်ုပ်က မြင့်တဲ့ရာထူးနေရာမှာ ခန့်ထားပါတယ်၊ ကျွန်ုပ်ကလွဲရင် ဒီနိုင်ငံမှာ ညီတော်ဟာ အကြီးအကဲအာဏာကို ရရှိထားပါတယ်၊ ဒါပေမယ့်လို့ ညီတော်ဟာ ကျွန်ုပ်ကိုမင်းအဖြစ်နဲ့ အလေးအစားမပြုပါ၊ သူ့ကျေးဇူးပြုခဲ့ဘူးတာကို အကြောင်းပြုလို့ဖြစ်စေ၊ သူ့အတတ်ပညာ မာန်ယစ်၍ဖြစ်စေ၊ ကျွန်ုပ်ကို မလေးမစား မထေမဲ့မြင်ပြုပါတယ်၊ အခုလဲ ကျွန်ုပ်ရှေ့တော်ကို ဝင်ရောက်ခစားမလာတာကြာပြီ၊ဒါကြောင့် ညီတော်တိခ္ခဏမန္တီမင်းသားကို တတိယလူအဖြစ် ရေစောင့်ဘီလူးကို ပေးရပါမယ်"

မင်းကြီးအဖြေစကားကြားလျှင် ဘောရိပရိဗိုဇ်ရဟန်းမက—

"ကောင်းပြီ....ညီတော်ဟာ မင်းကြီးကို မခန့် မညား မလေးစားတဲ့အတွက် ရေစောင့်ဘီလူးကို ပေးလိုရင်ပေးပါ၊ ဖွားဖက်တော်ခနုသေခကို ဘာ့ကြောင့် ရေစောင့်ဘီလူး ပေးမှာလဲ၊ ခနုသေခဟာ မင်းကြီးနဲ့ ဆင်းရဲဖေါ်ဆင်းရဲဖက် ငယ်စဉ်ကထဲကချစ်ကျွမ်းဝင်ခဲ့ကြတာမဟုတ်လား၊ မင်းကြီးစေရာခိုင်းရာကို အနွံအတာခံပြီး လုပ်ကိုင်ပေးခဲ့တယ်မဟုတ်လား၊ ခုအချိန်ထိလဲမင်းကြီးအပေါ်မှာ သစ္စာရှိစွာနဲ့ ခစ်မင်နေတာဘဲမဟုတ်လား"ဟုမေး၏။

ထိုအခါ မင်းကြီးသည်ပြုံးလျက်—

"အရှင်မ....ခနုသောခဟာ ကျွန်ုပ်နဲ့တညတဲ တခါိန်ထဲ ဖွားခဲ့တဲ့ ဖွားဖက်တော်မှန်တယ်၊ ခနုသောခရဲ့ အဖဟာလဲ ကျွန်ုပ်ရဲ့ကျေးဇူးရှင်ဖြစ်ပါတယ်၊ အရှင်မမိန့်ကြားသလို ခနုသောခဟာ ကျွန်ုပ်အနွံ့ အဘာလဲခံပါတယ်၊ ဒါပေမယ်လို့သူဟာ အချိန်အခါနဲ့ အခြေအနေ၊ နေရာကိုမသိတတ်ပါ၊ သူနဲ့ကျွန်ုပ်ဟာ လည်ပင်းဖက်ကြီးပြီး တပန်းကန်ထဲမှာ လက်ဆုံစားခဲ့ကြပေမယ်လို့ ကျွန်ုပ်မင်းဖြစ်လာတဲ့အခါမှာ မင်းနေရာမှာထားပြီး ဆက်ဆံသင့်ပါတယ်၊ခနုသောခဟာ ဒီလိုမဟုတ်ပါ၊ ကျွန်ုပ်ကိုနေရာမထားပါ၊ညီလာခံမှာတောင်မှ ကျွန်ုပ်ကိုလှောင်ပြောင်သရော်စကား ပြောပြီး ရယ်မောပါတယ်၊ ဒါတွင်မဟုတ်သေးပါ၊ ကျွန်ုပ်သူ့ကို ဘေးမဲ့ပေးထားတဲ့ အခွင့်အရေးကိုလဲ အလွဲ သုံးပါတယ်၊ နန္ဒာဒေဝီ မိဖုရားကြီးနဲ့ ကျွန်ုပ်အဆောင်တော်ထဲမှာ နှစ်ယောက်ထဲ ချစ်ကြည်စယ်နေတဲ့အခါမျိုးမှာ အလိုက်မသိအားမနာ အရှက်မဲ့စွာနဲ့ဝင်လာပြီး အနှောက်အယှက်ပေးပါတယ်၊ ဒီလိုမသိတတ်မှု၊ အခွင့်အရေး အလွဲသုံးမှုကြောင့် သူ့အတွက် ကျွန်ုပ် စိတ်ဆင်းရဲဖြစ်ရပါတယ်၊ ဒါကြောင့် ခနုသောခကို စတုတ္ထလူအဖြစ် ရေစောင့်ဘီလူး ပေးမှာဖြစ်ပါတယ်"

မင်းကြီးစကား ကြားလျှင် ဘေရိပရိဗိုဇ်မသည် ခေါင်းညိတ်လျက်—

"ကောင်းပြီမင်းကြီး၊ ဖွားဖက် ခနုသောခဟာ အလိုက်မသိ၊ မင်းကြီးကိုမလေးမစားရှိတဲ့အတွက် ရေစောင့်ဘီလူးကိုပေးလိုက ပေးပါ၊ ကေဝဋ္ဋပုရောဟိတ်ဟာ တကဲ့ ပညာရှိတယောက်လဲ ဖြစ်တယ်၊ မင်းကြီးကောင်းကျိုးကိုလဲ အမြဲ ကြံစီ ဆောင်ရွက်တဲ့

ပုဂ္ဂိုလ်ကြီးလဲဖြစ်တယ်၊ ဘာကြောင့် ရေစောင့် ဘီလူးကို ပေးမှာလဲ”ဟု မေး၏။

ထိုအခါ မင်းကြီးက—

“အရှင်မ....ကေဝဋ္ဋပုရောဟိတ်အမတ်ကြီးဟာ အရှင်မ မိန့်ဆိုသလို ပုရောဟိတ်အင်္ဂါနဲ့လဲပြည့်စုံပါတယ်၊ကျွန်ုပ်အကျိုးကိုလည်း လိုလားဆောင်ရွက်ပါတယ်၊ ဒါပေမယ်လို့ ကျွန်ုပ် ရှေ့တော်မှာ ခစားလေတိုင်းမျက်မှောင်ကိုချိုးပြီးမခစားပဲမျက်လှာပင့်ပြီးမျက်လုံးပြူးကြီးနဲ့ ကျွန်ုပ်ကိုကြည့်ပြီး ခစားတာကို မနှစ်သက်ပါ၊ ဒါကြောင့် ကေဝဋ္ဋပုရောဟိတ်ဆရာကို ပဉ္စမလူအဖြစ် ရေစောင့်ဘီလူးပေးမှာဖြစ်ပါတယ်”ဟုဆို၏။

မင်းကြီးစကားကြားလျှင် ဘေရီပရိဗိုဇ်မသည် စိတ်တွင် ကျေနပ်ခြင်းရှိသော်လည်း မဟောသဓာ အပေါ် မင်းကြီး သဘောထားကိုသိလိုသဖြင့်—

“မင်းကြီး....မယ်တော်၊ မိဖုရား၊ ညီတော်၊ ဖွားဖက်တော် ပုရောဟိတ်တို့ကို ရေစောင့်ဘီလူးပေးတာပေးပါ၊ မင်းကြီး ကိုယ်တိုင် ထီးနန်းစည်းစိမ်ကို စွန့်ပြီးဘာ့ကြောင့် ရေစောင့်ဘီလူးအာခံတွင်း ခုန်ဆင်းရမလဲ၊ မဟောသဓာကျန်သေးတယ် မဟုတ်လား၊ သူ့ကိုဘယ်လိုအကျိုးကျေးဇူးမြင်လို့ ရေစောင့်ဘီလူး မပေးတာလဲ”ဟု မေး၏။

မင်းကြီးသည် ပရိဗိုဇ်မ အမေးစကားကြားလျှင်—

“အရှင်မ... မဟောသဓာသုခမိန်ဟာ ကျွန်ုပ်တို့နိုင်ငံကို ရောက်တဲ့နေ့ကစပြီး ယနေ့အထိ ကျွန်ုပ်ကို မြှုမှုံ့ခန့်မျှ ပြစ်မှားတာမရှိပါ၊ ကိုယ်အမှု အရှေ့နှုတ်အမှု အရာနဲ့လဲ မစော်ကားပါ၊ ပြီး မဟောသဓာသုခမိန်ဟာအတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်စတဲ့ ကာ

လသုံးပါးစလုံးအတွက် အကျိုးများရာကိုလဲ သိမြင် နိုင်စွမ်းတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ ဒါကြောင့် မဟောသဓာမသေမီ ကျွန်ုပ်သေရသော်လဲ ကျွန်ုပ်ရဲ့သားစဉ်မြေးဆက်နဲ့ တိုင်းနိုင်ငံမှာ ရှိကြတဲ့ တိုင်းသူပြည်သားများကို ပဲ့ပြင်သွန်သင် ဆုံးမပြီး အကျိုးပြုနိုင်မှာ ဖြစ်တဲ့အတွက် ကျွန်ုပ်စိတ်ချယုံကြည်စွာ အသေဖြောင့်ရမှာမို့ ကျွန်ုပ်ကိုယ်ကိုအသေခံပြီး မဟောသဓာ သုခမိန်ကို အသေမခံဘဲ ချန်ထားခဲ့မှာဖြစ်ပါတယ်''ဟုဖြေ၏။

မင်းကြီးအဖြေစကားကြားလျှင် ပရိဗိုဇ်မကာည် နှစ်သက်အားရခြင်းဖြစ်၏။ သို့သော်လည်း မင်းကြီး ဆန္ဒ သဘောထားနှင့် မဟောသဓာ၏ဂုဏ်ကျေးဇူးများကို ဤမင်း ပရိသတ်သာသာမကာ ပြည်သူပြည်သားများပါ ကြားသိစေလိုသဖြင့်—

''မင်းကြီး....ပြည်သူ အများကို ယင်ပြင်မှာ စုဝေး စေပါ၊ မင်းကြီးရဲ့မှန်ကန်တဲ့ဆန္ဒစေတနာနဲ့ မဟောသဓာရဲ့ ဂုဏ်ကျေးဇူးကို ပြည်သူအမ်ျားသိရအောင် ဆောင်ရွက် သင့်တယ်လို့ ငါယုံကြည်တယ်၊ ဒါကြောင့် ပြည်သူတို့ရှေ့မှာ မင်းကြီးနဲ့ငါ အမေးအဖြေ ပြုလုပ်ကြအုံးစို့''ဟု ဆို၏။

မင်းကြီးလည်း ဘေရီပရိဗိုဇ်မှအကြံပေးသည်ကိုနှစ်သက်လက်ခံ၍ နန်းယင်ပြင်၌ ပြည်သူအများကို စုဝေးစေကာ ပရိဗိုဇ်မ၏ အမေးကို ပြည်သူအများ ကြားသိအောင် ဖြေဆိုလေသတည်း။

မင်းကြီးနှင့် အမေးအဖြေ ပြုလုပ်ပြီးနောက် ပရိဗိုဇ်ရဟန်းမသည် ပြည်သူ ပြည်သား အပေါင်းတို့အား ဤသို့ မိန့်ဆိုဟောပြော၏။

''ပဉ္စာလရာဇ်ပြည်သူပြည်သားအပေါင်းတို့.... အခုမင်းကြီးအဖြေစကားကို သင်တို့ကြားကြရဲ့မဟုတ်လား၊ မင်းကြီးဟာ မယ်

တော်၊ မိဖုရား၊ ညီတော်၊ ဖွားဖက်တော်၊ ပုရောဟိတ် တို့ကိုသာ မက မိမိကိုယ်ကိုပါ အဆုံးခံသော်လဲ မဟောသဓာ သုခမိန့်ကို အဆုံးမခံဆိုတာဟာဖြင့် မဟောသဓာရဲ့ဉာဏ်ပညာကြီးမားတာကို ကြည်ညိုလေးစားတဲ့အတွက်ဘဲဖြစ်တယ်၊ လောကမှာ ဉာဏ်ပညာကြီးမားသူတိုင်းဟာ လူတို့ရဲ့ ပူဇော် အထူးကို ခံယူကြရတယ်၊ အမြော်အမြင်ဉာဏ်ပညာနဲ့ပြီး ကိုယ်ကျင့်တရားမကောင်းတဲ့လူဟာ ဆင်းရဲဒုက္ခရောက်ကြရပြီး၊ ဉာဏ်ပညာ အမြော်အမြင်ရှိပြီး ကိုယ်ကျင့်တရားကောင်းတဲ့ ပုဂ္ဂိုလ်ဟာ အတိုင်းအဆမရှိအောင် ကြီးပွားချမ်းသာနိုင်တယ် ဆိုတာ စွဲမြဲစွာ မှတ်သားကြလေ....''

ပရိဗိုဇ်ရဟန်းမသည် ဤနှယ်ပြောဟောပြီးနောက် ကျောင်းသို့ကြွသွားလေသည်။

ရေစောင့်ဘီလူးဥပမာနှင့် ပြဿနာ ဖြေဆို ပြီး သည့်နောက် မဟောသဓာသုခမိန်သည် စူဠနီဗြဟ္မဒတ် ဘု ရင် မင်း မြတ်မှ အပ ဇမ္ဗူဒိပ်ကျွန်းတွင် စည်းစိမ်ချမ်းသာအကြွယ်ဝဆုံးဖြစ်လျက်၊တရားသပါးသောထီးဆောင်းမင်းတို့၏စစ်သည်များ၊ ပြည်သူများကိုစီမံအုပ်ချုပ်ရသော အဂ္ဂမဟာသေနာပတိစစ်သူကြီးအဖြစ်ကိုရရှိလေသတည်း။

# နောက်ဆက်တွဲ

ဘုရားအလောင်းတော်မဟောသဓာသည် ဂေါတမဗုဒ္ဓဘုရားအဖြစ်သို့ရရှိသောအခါ ဤသို့ အတိတ်ကိုဆောင်၏။

မဟောသဓာဖြစ်စဉ်ဘဝက ခမည်းတော်ဖြစ်ခဲ့ဘူးသော သီရိဝဍ္ဎနသူဌေးကြီးသည် နောင်တွင် ဘုရားအလောင်းသိဒ္ဓတ္ထကုမ္မာရမင်းသား၏ခမည်းတော် ကပ္ပိလဝတ်ပြည့်ရှင်ဘုရင်သုဒ္ဓေါဒနမင်း ဖြစ်လာ၏။ မဟောသဓာဖြစ်စဉ်ဘဝက မယ်တော်ဖြစ်ခဲ့ဘူးသော သီရိဝဍ္ဎနသူဌေးကတော် သုမနဒေဝီသည် နောင်တွင် ဘုရား၏ မယ်တော် မဟာမာယာဒေဝီ ဖြစ်လာ၏။ ယခင်က အမရာဒေဝီသည် နောင်၌ ယသောဓယာဒေဝီ ဖြစ်လာ၏။ ယခင်က သေနကအမတ်ကြီးသည် နောင်၌ ရှင်မဟာကဿပရဟန်း ဖြစ်လာ၏။ ပက္ကုသသုခမိန်သည် နောင်တွင် အမ္ဗဋ္ဌလုလင် ဖြစ်လာ၏။ ကာမိန္ဒသုခမိန်သည် နောင်တွင် ဘူဋ္ဌဒန္တပုဏ္ဏားသူကြွယ် ဖြစ်လာ၏။ ဒေဝိန္ဒသုခမိန်မှာ နောင်တွင် ဝိလောဘိကလုလင် ဖြစ်လာ၏။ သူလျှိုကျေးသားသည် နောင်တွင် ညီတော်အာနန္ဒာ ဖြစ်လာ၏။ စူဠနီဗြဟ္မဒတ်မင်းကြီးသည် နောင်တွင် ဘုရား၏လက်ျာရံ အရှင်သာရိပုတ္တရာ မထေရ် ဖြစ်လာ၏။

ကေဝဋ္ဋပုရောဟိတ်သည် နောင်တွင် ဘုရားအားအတိုက်အခံပြုသော ဒေဝဒတ် ဖြစ်လာ၏။ ပဉ္စာလစန္ဒီမိဖုရားမှာ နောင်တွင် တိတ္ထိတို့ သတ်ဖြတ်ခြင်းခံရသော သုန္ဒရီအမျိုးသမီး ဖြစ်လာ၏။ စူဠနီဗြဟ္မဒတ်မင်းကြီး၏ အိပ်ရာစောင့် သာလိကာမသည် နောင်

တွင် စစ်သူကြီးမဟာဗန္ဓုလ၏ဇနီး မလ္လိကာသမျိုးသမီး ဖြစ်လာ၏။ ဝိဒေဟရာဇ်မင်းကြီးသည် နောင်တွင် ဘုရားကိုယ်တော်တိုင် ဆိုဆုံးမရန်ခက်ခဲသော ကာဠုဒါယီမထေရ် ဖြစ်လာ၏။

ဤနောက်ဆက်တွဲကို အတိုချုံး၍ဖော်ပြရခြင်းမှာ ဗုဒ္ဓဘုရားရှင်သည် ဘုရားအဖြစ်ကိုရရှိသောအခါ မိမိပတ်ဝန်းကျင်၌ရှိသော ပုဂ္ဂိုလ်သတ္တဝါတို့၏အတိတ်ကိုဆောင်ကာ ဟောပြောတတ်သည် ဖြစ်သောကြောင့် စာဖတ်သူများ ဗဟုသုတဖြစ်စေခြင်းငှာ ဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။

ဦးဆန်းမောင်

